ဂု ရက် သတင်းဂျာနယ်
7 DAY NEWS JOURNAL
http://www.7daynewsjournal.com
MEN'S AND LADIES' WEARS
အတွဲ(၁၀)၊ အမှတ်(၃၃) ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် ၁၃၇၃ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈ ရက် ၊ ကြာသပတေး၊ (နိုဝင်ဘာ ၃ ၊ ၂၀၁၁)

# အင်န်အယ်လ်ဒီပါတီ မှတ်ပုံတင် မတင် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပေါ်တွင်မူတည်

အားမာန်၊ အောင်သူရ

ရန်ကုန်၊

အောက်တိုဘာ - ၃၀

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပြန်လည်မှတ်ပုံတင်ခြင်း၊ မတင်ခြင်းမှာ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပေါ်တွင် မူတည်ကြောင်း ပါတီအထွေထွေ အတွင်းရေးမှူး ဒေါ်အောင်ဆန်း စုကြည်ကပြောကြားသည်။

"အင်န်အယ်လ်ဒီပါတီ ပြန်ပြီးတော့ မှတ်ပုံတင်ရေးကိစ္စဟာ ဥပဒေပေါ်မှာ မူတည်ပါတယ်။ ဒီဥပဒေအတည်ပြုပြီးတော့ ထွက်လာတဲ့အထိ ကျွန်မတို့စောင့်ပြီးမှ ပြောနိုင်မယ့်ကိစ္စ ဖြစ်ပါတယ်။ ကျွန်မတို့က ဒီဥပဒေထွက်လာပြီဆိုလို့ရှိရင် အစည်းအဝေးခေါ်ရမှာပေါ့။ ဒါက ကျွန်မတို့ပါတီစည်းမျဉ်းစည်းကမ်းအရအစည်းအဝေးခေါ်ပြီးမှ ဆုံးဖြတ်ချက်ကိုချပါလိမ့်မယ်"ဟု ဒေါ်အောင်ဆန်းစုကြည်က အောက်တိုဘာ ၃၀ ရက် မွန်း



ဓာတ်ပုံ - အေပီ

လွဲ ၂ နာရီဝန်းကျင်တွင် ပြုလုပ်သောသတင်းစာရှင်းလင်းပွဲ၌ ရိုက်တာသတင်းဌာနမှ ဦးအောင်လှထွန်း၏ အင်န်အယ်လ်ဒီပါတီမှတ်ပုံတင်ခြင်းကိစ္စနှင့်ပတ်သက်၍ မေးမြန်းမှုအပေါ် ပြန်လည်ဖြေကြားခဲ့သည်။

အဆိုပါသတင်းစာရှင်းလင်းပွဲကို ဒေါ်အောင်ဆန်းစုကြည်နှင့် အစိုးရဆက်ဆံရေးအရာရှိပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်တို့ အစိုးရသစ်လက်ထက်တွင် စတုတ္ထအကြိမ်မြောက်၅၅ မိနစ်ကြာ တွေ့ဆုံမှုပြီးနောက်ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

စာ(၁၂)သို့



ဓာတ်ပုံ - ကိုသက်(မုံရွာ)

ပခုက္ကူမြို့နယ် မြစ်ဖျားကျေးရွာတွင် ယောချောင်းစံချိန်တင်ရေလျှံပြီး လှိုင်းလုံးပုတ်ခဲ့သဖြင့် အိမ်တစ်လုံး လွင့်စဉ်ကာ အခြားအိမ်တစ်လုံးပေါ်တွင် တင်နေသည်ကို တွေ့ရစဉ်

## မြို့တော်ခန်းမအတွင်းတွေ့သောဗုံး အောင်မြင်စွာဖျက်ဆီး

သတင်း - အချုပ်ပို(A)သို့

## အမျိုးသမီးတစ်ဦးက မိတ်ဆွေ လုပ်ငန်းရှင်များထံမှ ကျပ်သိန်းနှစ်သောင်းကျော် လိမ်လည် တိမ်းရှောင်နေ

နေလင်းထွန်း

ရန်ကုန်၊ အောက်တိုဘာ- ၃၁

တောင်ဒဂုံစက်မှုဇုန် (၂)တွင် နေထိုင်သော အသက် ၄၀ ကျော် အမျိုးသမီးတစ်ဦးသည် မိတ်ဆွေများထံမှ ခင်မင်ရင်းနှီးမှုကို အကြောင်းပြု၍ ငွေကျပ်သိန်းနှစ်သောင်းကျော်ချေးယူပြီးနောက် ထွက်ပြေးတိမ်းရှောင်နေသဖြင့် ငွေကြေးဆုံးရှုံးသူ ကိုးဦးက သက်ဆိုင်ရာ ရဲစခန်းအသီးသီးတွင် အမှုဖွင့်တိုင်ကြားထားကြကြောင်း သတင်းရရှိသည်။

ခင်မင်သူများထံမှ ငွေကြေးရယူပြီးနောက် သတ်မှတ်ကာလအသီးသီးတွင် ပြန်လည်ပေးအပ်မည်ဟု

စာ(၁၂)သို့



မုပွလင်စစ်ဆေးရေးဂိတ်မှ ဖမ်းဆီးထားသော ယာဉ်များ


## နယ်စပ်မှဝင်ရောက်လာသော လိုင်စင်မဲ့ယာဉ် ၂၄ စီးအား ဖမ်းဆီး

မင်းနွေဦး


မုပွလင်၊ အောက်တိုဘာ- ၂၅

ထိုင်းနိုင်ငံမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာသော ယာဉ်၂၄စီးကို မုပွလင်စစ်ဆေးရေးဂိတ်တွင် ဖမ်းဆီးထားကြောင်း သတင်းရရှိသည်။ နယ်စပ်မှ တရားမဝင်တင်သွင်းလာသော ယာဉ်များသည် မြဝတီ၊ ဘားအံကုန်းလမ်းမှတစ်ဆင့် စစ်တောင်းတံတားမှ ဖြတ်သန်းဝင်ရောက်နေသည်မှာ အချိန်ကာလကြာမြင့်ခဲ့ပြီဖြစ်သည်။

စာ(၁၂)သို့




CNC
JACKET
men's wear
ENVIRONMENT FRIENDLY
www.cncmenwear.com


D II 2
100% Cotton


K&M
777
775

7 DAY NEWS JOURNAL
Vol.10, No.33 · NOVEMBER 3, 2011

**နိုင်ငံရေး ဦးတည်ချက်(၄)ရပ်**

- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး၊
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး၊
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး၊

**စီးပွားရေး ဦးတည်ချက်(၄)ရပ်**

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွား ရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော် နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

**လူမှုရေး ဦးတည်ချက်(၄)ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုး သားရေးလက္ခဏာများ မပျောက် ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး၊
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် ဆုချီးမြှင့်မည့် လွတ်လပ်ခြင်းအနုပညာရုပ်ရှင်ပွဲတော် ကျင်းပမည်

**အေးသူစံ**

**ရန်ကုန်၊**
**အောက်တိုဘာ ၃၁**

ဒေါ်အောင်ဆန်းစုကြည်၏ အကြံ ပေးမှုဖြင့် ဒါရိုက်တာမောင်သူရ (ခ)ဇာဂနာနှင့် ဒါရိုက်တာမင်းထင် ကိုကိုကြီးတို့စီစဉ်သော လွတ်လပ် ခြင်းအနုပညာ ရုပ်ရှင်ပွဲတော်(The Art of Freedom Film Festival) ကို ၂၀၁၂ ခုနှစ်ဇန်နဝါရီ၁ ရက်မှ၄ ရက်အထိ ရန်ကုန်မြို့တွင် ကျင်းပ မည်ဖြစ်ကြောင်း ပြိုင်ပွဲကျင်းပ ရေးကော်မတီမှ ဒါရိုက်တာ မောင် သူရ(ခ)ဇာဂနာက ပြောသည်။




ဒေါ်အောင်ဆန်းစုကြည် သည် ပြည်ထောင်စုဝန်ကြီးဦး အောင်ကြည်နှင့် အောက်တို ဘာလ ၃၀ ရက်မွန်းလွဲပိုင်းက လေး ကြိမ်မြောက်တွေ့ဆုံခဲ့ရာ အဆိုပါ ပြိုင်ပွဲနှင့်ပတ်သက်၍ ပြောကြား ခဲ့ကြောင်း ဇာဂနာကတစ်ဆင့်ပြန် ပြောသည်။

"ဒီပွဲကျင်းပခွင့်ရဖို့ အန်တီ (ဒေါ်အောင်ဆန်းစုကြည်) ကိုယ် တိုင် ခွင့်တောင်းထားတယ်။ ဦး အောင်ကြည်နဲ့မနေ့ကတွေ့တုန်း ကလည်း ပြောပြခဲ့ပါတယ်" ဟု ဇာဂနာကပြောသည်။

ယခုပြိုင်ပွဲအတွက် ပြိုင်ပွဲ ဝင်ဇာတ်ကားများကို ဒီဇင်ဘာလ ၂၀ ရက်နောက်ဆုံးထားပေးပို့ရ မည်ဖြစ်ပြီး ပြည်ပရောက်မြန်မာ များပေးပို့လာသည့်ဇာတ်ကားများ ကိုလည်းပြိုင်ပွဲအတွင်း ထည့်သွင်း စဉ်းစားမည်ဟု သိရသည်။

လွတ်လပ်ခြင်းအနုပညာ ရုပ် ရှင်ပွဲတော်သည် လွတ်လပ်ခြင်း အပေါ် ဖွင့်ဆိုမှုကို အခြေခံ၍ ရိုက် ကူးဖန်တီးထားသည့် ရုပ်ရှင်ဇာတ် ကားများမှတစ်ဆင့် မြန်မာပြည် သူများအကြား လွတ်လပ်ခြင်း၏ အနှစ်သာရနှင့် အတွေးအခေါ် အယူအဆများ ပျံ့နှံ့စေရန် ရည် ရွယ်ကျင်းပခြင်းဖြစ်သည်။ ရိုက် ကူးသူတစ်ဦးချင်း၏ လွတ်လပ် ခြင်းအနှစ်သာရအပေါ် ဖွင့်ဆို မှုကို အခြေခံ၍ ရုပ်ရှင်ဇာတ်ကား များကိုရွေးချယ်သွားမည်ဖြစ်ပြီး အကဲဖြတ်အဖွဲ့ဝင်များမှာ ဒေါ် အောင်ဆန်းစုကြည်ဦးဆောင်၍ ဒါရိုက်တာမောင်သူရ(ခ)ဇာဂနာ နှင့် ဒါရိုက်တာမင်းထင်ကိုကိုကြီး တို့ဖြစ်သည်။

ယင်းပြိုင်ပွဲသို့ ပြည်တွင်း ပြည်ပမှမည်သည့်အသက်အရွယ် အပိုင်းအခြားမဆို ယှဉ်ပြိုင်နိုင်ပြီး အတိုဆုံး နှစ်မိနစ်မှ အရှည်ဆုံး မိနစ်သုံးဆယ်ကြာ ရုပ်ရှင်ဇာတ် လမ်းတိုနှင့် မှတ်တမ်းရုပ်ရှင်များ ကို ဒီဗီဒီဗားရှင်းဖြင့် နှစ်ခွေပေးပို့ နိုင်ပြီး ရွှေအမြုတေမဂ္ဂဇင်းနှင့် အလင်းတန်းဂျာနယ်တိုက်သို့ပေး ပို့ရမည်ဖြစ်သည်။ ဆုများကို ဒေါ်အောင်ဆန်းစုကြည်ကိုယ် တိုင် ချီးမြှင့်မည်ဖြစ်ပြီး ဆုရသူများ ကိုအမေရိကန်နိုင်ငံနယူးယောက် ရှိ Newyork Institute ၏ ကမ်း လှမ်းချက်အရ အဆိုပါတက္ကသိုလ် တွင် ရုပ်ရှင်သင်တန်းသုံးလ ဆည်း ပူးခွင့်ရမည်ဖြစ်သည်။

ယခုပြိုင်ပွဲအတွက် အသေး စိတ်အချက်အလက်ကို Zaganar .2011@gmail.com နှင့် minhtin kokogyi@gmail.com သို့ ဆက် သွယ်မေးမြန်းနိုင်ပြီး ရုပ်ရှင်ပွဲ တော်ကို ဒီဇင်ဘာလ ၃၁ ရက်တွင် ဖွင့်ပွဲကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲ ကာလ လေးရက်အတွင်း ဇာတ် ကားများကို တော်ဝင်စင်တာရှိရုပ် ရှင်ရုံနှစ်ရုံတွင် ပြသရန်စီစဉ် ထား ကြောင်း ဇာဂနာကပြောသည်။





7 DAY NEWS JOURNAL
Vol.10, No.33 · NOVEMBER 3, 2011

## CRIME CORNER

### ကလေးငယ်ဆယ်ဦးကျော်အား ရောင်းစားခဲ့သော အိုင်အင်န်ဂျီအိုဝန်ထမ်း နိုင်ငံခြားသားကို အရေးယူခဲ့ဟုဆို

နေလင်းအောင်

ရန်ကုန်၊ အောက်တိုဘာ-၁၅

မြန်မာနိုင်ငံ အခြေစိုက် ကလေးသူငယ်စောင့်ရှောက်ရေးလှုပ်ရှားမှုရေး အဖွဲ့အစည်းတစ်ခုမှ နိုင်ငံခြားသားဝန်ထမ်းတစ်ဦးက ရှမ်းပြည်နယ်မှကလေးငယ် ၁၆ဦးခန့်အား တစ်ဖက်နိုင်ငံသို့ရောင်းစားခဲ့သော လူကုန်ကူးမှုအား အရေးယူနိုင်ခဲ့ကြောင်း မြန်မာနိုင်ငံ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအဖွဲ့မှတာဝန်ရှိသူတစ်ဦးက 7 Day News သို့ပြောကြားသည်။

၂၀၀၉ ခုနှစ်အတွင်းက မြန်မာနိုင်ငံအခြေစိုက် Save the Children NGO အဖွဲ့မှ နိုင်ငံခြားသားဝန်ထမ်းတစ်ဦးသည် ၎င်းတို့အင်န်ဂျီအိုအဖွဲ့ တာဝန်ကျသည့် ရှမ်းပြည်နယ် နမ့်ခမ်းမြို့နှင့် အနီးတစ်ဝိုက်မှ လူငယ် ၁၆ဦးခန့်အား မူဆယ်မြို့မှတစ်ဆင့် တစ်ဖက်နိုင်ငံသို့ ရောင်းချခဲ့ခြင်းဖြစ်ပြီး လူငယ်အများစုမှာ အသက်၁၈ နှစ်အောက်များသာဖြစ်ကြောင်း သတင်းရရှိသည်။

ထိုကြောင့် ယင်းပြစ်မှုမှ တရားခံ သြစတြေးလျနိုင်ငံသားဝန်ထမ်းအား လူကုန်ကူးမှုဥပဒေပုဒ်မ (၂)ခုဖြင့် အရေးယူဆောင်ရွက်ခဲ့ပြီး ၎င်း၏နိုင်ငံသို့ ၂၀၁၀ပြည့်နှစ်အတွင်းက လွှဲပြောင်းပေးအပ်လိုက်ပြီးဖြစ်ကြောင်း မြန်မာနိုင်ငံလူကုန်ကူးမှုတားဆီးနှိမ်နင်း ရေးအဖွဲ့မှ ရဲမှူးကြီးညွှန့်လှိုင်ကပြောသည်။

### အမျိုးသမီးတစ်ဦး ပိုးသတ်ဆေးသောက် မိမိကိုယ်ကို သတ်သေ

အိဖြူလွင်

ရန်ကုန်၊ အောက်တိုဘာ- ၂၉

ဟင်းသီးဟင်းရွက်များကို ဖျန်းသော ပိုးသတ်ဆေး သောက်၍ အမျိုးသမီးတစ်ဦး မိမိကိုယ်ကို သတ်သေခဲ့သော ဖြစ်ရပ်တစ်ခု သဃ်္ဃန်းကျွန်းမြို့နယ်တွင် ဖြစ်ပွားခဲ့ကြောင်း ရန်ကုန်တိုင်းရဲတပ်ဖွဲ့ရုံးမှ သတင်းရရှိသည်။

သေဆုံးသူအမျိုးသမီးသည် အသက် ၂၉ နှစ်အရွယ်သာရှိသေးပြီး လေးဘက်နာရောဂါ၊ နှလုံးရောဂါများကိုခံစားနေရ၍ နေ့စဉ်ဆေးကုသနေရကာ စိတ်ညစ်သောကြောင့်ထိုသို့ သတ်သေဖွယ်ရာရှိကြောင်းသိရသည်။

အဆိုပါဖြစ်ရပ်သည် ယခုလ ၂၃ရက်က ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး သေဆုံးသူသောက်ခဲ့သော ပိုးသတ်ဆေးဘူးတွင် တံဆိပ်မပါရှိဘဲ ဟင်းသီးဟင်းရွက်များကိုဖျန်းသော ပိုးသတ်ဆေးဖြစ်ကြောင်း သိရသည်။

သေဆုံးသူသည် ဆေးသောက်ပြီးချိန်တွင် ပါးစပ်မှ အမြှုပ်များထွက်လာ၍ ဆေးရုံသို့တင်ပို့ရာမှ သေဆုံးသွားရာ သဃ်္ဃန်းကျွန်းဆေးရုံကြီးက ပီအာ ၅၅ ဖြင့် လက်ခံထားရှိပြီး သဃ်္ဃန်းကျွန်းမြို့နယ် ရဲစခန်းတွင် သေမှုသေခင်း ၂၀/ ၂၀၁၁ ဖြင့်အမှုဖွင့်ဆောင်ရွက်နေကြောင်းသိရသည်။

ထို့ပြင် ယခုနောက်ပိုင်းနှစ်များတွင် စိုက်ပျိုးရေးသုံး ပိုးသတ်ဆေးများကိုအလွယ်တကူသောက်၍ မိမိကိုယ်ကိုသေကြောင်းကြံစည်မှုများမကြာခဏဖြစ်ပွားလေ့ရှိကြောင်း သိရသည်။

၂၀၀၉ ခုနှစ်တစ်နှစ်အတွင်း မှာပင် စိတ်ညစ်၍၊ စိတ်မူမမှန်၍၊ စိတ်ဆိုး၍ မိမိကိုယ်ကို ပိုးသတ်ဆေးသောက်၍ သေကြောင်းကြံစည်သူ ၂၀၁ဦးရှိခဲ့ကြောင်း ရန်ကုန်အထွေထွေရောဂါကုဆေးရုံကြီး၊ အဆိပ်သင့်ကုလဌာနမှ ဒေါက်တာရဲမြင့်က ပြည်သူ့ခေတ်ဂျာနယ်နှင့် အင်တာဗျူးတွင် ဖြေဆိုထားသည်။

## ရေလွှမ်းမိုးမှုများကြောင့် မိုးစပါးအထွက်နှုန်း တင်းတစ်သန်းကျော် လျော့ကျနိုင်

ပြည်သိမ်း

ရန်ကုန်၊ အောက်တိုဘာ - ၂၇



ပဲခူးတိုင်းဒေသကြီးရှိ ရေလွှမ်းမိုးနေသော စပါးခင်းအချို့ကို ယခုနှစ် မိုးဦးကာလက တွေ့ရစဉ် ဓာတ်ပုံ-အောင်သူရ

ဆန်စပါး အဓိကစိုက်ပျိုးသည့် ဒေသကြီးများတွင် စံချိန်တင် မိုးရွာသွန်းမှုကြောင့် မိုးစပါးအထွက်နှုန်းမှာ တင်းပေါင်း ၁ ဒသမ ၇ သန်းခန့် လျော့နည်းနိုင်ကြောင်း အောက်တိုဘာ ၂၃ရက်ထုတ်နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြထားသည်။

ယခုနှစ်မိုးစပါးစိုက်ပျိုးရာသီတွင် မိုးများခဲ့သဖြင့် ဧရာဝတီနှင့် ပဲခူးတိုင်းဒေသကြီးများနှင့် ရခိုင်ပြည်နယ်တွင် လယ်ယာမြေများ ရေမြုပ်ပြီး ပျက်စီးမှုများရှိခဲ့သည်။ ရေမြုပ်ပျက်စီးမှုများမှာ ပဲခူးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့ရှိဒေသအချို့၌ သုံးကြိမ်အထိရှိခဲ့သဖြင့် အချို့မှာ စပါးပြန်လည်စိုက်ပျိုးနိုင်ခြင်းပင်မရှိတော့ကြောင်းလည်း လယ်သမားများကပြောသည်။

“ပထမအကြိမ်တော့ ပြန်စိုက်နိုင်တယ်။ ဒုတိယအကြိမ်ဖြစ်တော့ မျိုးစပါးဖိုးမရှိတော့လို့ထက်ဝက်ပဲပြန်စိုက်နိုင်တော့တယ်”ဟု ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်မှ လယ်သမားတစ်ဦးကပြောသည်။

မြန်မာနိုင်ငံ၌ မိုးစပါးအထွက်နှုန်းသည် ၂၀၁၀-၁၁ ဘဏ္ဍာနှစ်က စိုက်ဧက ၁၆ သန်းကျော်ရှိခဲ့ပြီး အထွက်နှုန်းမှာ တင်းသန်းပေါင်း ၁,၀၀၀ ကျော်ထွက်ရှိခဲ့သည်။ ဧရာဝတီနှင့် ပဲခူးတိုင်းဒေသကြီးအရှေ့၊ အနောက်သည် စိုက်ဧကအများဆုံးဖြစ်ပြီး ဧရာဝတီတိုင်းဒေသကြီးတွင် စိုက်ဧက ၃၇ သိန်းကျော်မှ စပါးတင်းသန်းပေါင်း ၂၁၄ သန်းကျော်ထွက်ရှိသည်။ ပဲခူးအရှေ့နှင့်အနောက်တွင် စိုက်ဧက သိန်း ၃၀ ကျော်ရှိပြီး အထွက်နှုန်းမှာတင်းသန်း ပေါင်း ၉၇၆ သန်းကျော်ရှိကြောင်း မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်း၏ စာရင်းဇယားများအရ သိရသည်။ ယခုနှစ်တွင် ထိုင်းနိုင်ငံ၌လည်း ရေကြီးမှုကြောင့် ဆန်စပါးအထွက်နှုန်းတန်ချိန်ခုနစ်သန်းခန့် လျော့ကျမည်ဖြစ်သည်။ ထို့အတူ ဗီယက်နမ်နိုင်ငံတွင်လည်း စပါးအထွက်နှုန်းလျော့ကျမည်ဟု သိရသည်။ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့သည် ကမ္ဘာပေါ်တွင် ဆန်တင်ပို့မှုအများဆုံးနိုင်ငံများဖြစ်ပြီး နှစ်စဉ် ထိုင်းနိုင်ငံမှ ဆန်တန်ချိန် ၁၀ သန်းနှင့် ဗီယက်နမ်နိုင်ငံမှ ဆန်တန်ချိန်ခုနစ်သန်းခန့် တင်ပို့နေကြသည်။

လက်ရှိကမ္ဘာ့ဈေးကွက်တွင် မြန်မာ့ဆန်ဈေးသည် တစ်တန်လျှင် ဒေါ်လာ ၃၉၀ ဝန်းကျင်ထိ ဈေးကျလာသည်။ ယင်းမှာ အိန္ဒိယမှ ဆန်တန်ချိန်နှစ်သန်း ထုတ်လုပ်ရောင်းချရန် ကြေညာပြီးနောက်ပိုင်း ယင်းသို့ ဈေးကျလာခြင်းဖြစ်သည်။

## မလေးရှားလုပ်သားဗီဇာ ကန့်သတ်ချက်အသစ်ကြောင့် မြန်မာအမျိုးသမီးများ မလေးရှားသွားရန် အခက်တွေ့

အောင်သူရ

ရန်ကုန်၊ အောက်တိုဘာ - ၂၈

မလေးရှားလုပ်သားဗီဇာလျှောက်ထားရာတွင် အလုပ်သမားမှတ်ပုံတင်ကတ် တင်ပြရန်ဟု သတ်မှတ်ချက်ကြောင့် မြန်မာနိုင်ငံမှ အမျိုးသမီးများ မလေးရှားနိုင်ငံသို့သွားရောက်၍မရတော့ကြောင်းသတင်းရရှိသည်။

“အမျိုးသမီးတွေကို နိုင်ငံခြား သွားရောက်အလုပ်လုပ်ခွင့်မပြုထားတော့ အလုပ်သမားကတ်လုပ်လို့မရဘူး”ဟု အေဂျင်စီမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။ သို့သော် မလေးရှားနိုင်ငံမှ အလုပ်သမားခေါ်စာများတွင် အမျိုးသမီးအများစုပါဝင်ပြီး ထိုအလုပ်အကိုင်များအတွက် အမျိုးသမီးများ စေလွှတ်၍မရဖြစ်နေသည်။

ဗီယက်နမ်နိုင်ငံ ဖွံ့ဖြိုးလာပြီးနောက် ဗီယက်နမ်နိုင်ငံသူများ အများဆုံးလုပ်ကိုင်ခဲ့သောစက်ရုံများတွင် ပြီးခဲ့သည့်နှစ်ကစ၍ မြန်မာ အမျိုးသမီးလုပ်သားများအား အစားထိုးလာကြသည်။ သို့သော် တစ်နေရာတည်းတွင် လုပ်သားလေးရာ၊ ငါးရာခန့်လုပ်ရသော အလုပ်မျိုး၌ အမျိုးသမီးများသွားရောက်အလုပ်လုပ်ခွင့်အား သက်ဆိုင်ရာသို့တင်ပြပေးသွားရန်အစီအစဉ်ရှိကြောင်း အလုပ်သမားဦးစီးဌာန ညွှန်ကြား ရေးမှူးချုပ် ဦးချစ်ရှိန်ကပြောကြားသည်။

အောက်တိုဘာလ ၂၄ ရက် မှစ၍ မလေးရှားနိုင်ငံသို့ သွား ရောက်အလုပ်လုပ်မည့်သူများအား အလုပ်သမားမှတ်ပုံတင်ကတ်ပါမှသာ ပြည်ဝင်ခွင့်လျှောက်ထားနိုင်ကြောင်း မလေးရှားသံရုံးက သတ်မှတ်ခဲ့သည်။



7 DAY NEWS JOURNAL
Vol.10, No.33 · NOVEMBER 3, 2011

## နှစ်ထပ်တိုက်အပေါ်ထပ်မှ ရေချိုးခန်းပြိုကျ အမျိုးသားတစ်ဦးသေဆုံး

**အိဖြူလွင်**

**ရန်ကုန်၊ အောက်တိုဘာ- ၃၁**

မင်္ဂလာတောင်ညွန့်မြို့နယ်၊ ၉၆လမ်းတွင် နှစ်ထပ်တိုက်၏ နောက်ပိုင်းမှ အပေါ်ထပ်ရေချိုးခန်းပြိုကျခဲ့သောကြောင့် အမျိုးသားတစ်ဦးသေဆုံးပြီး အမျိုးသမီးတစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း ရန်ကုန်တိုင်း မီးသတ်ဦးစီးဌာနမှ သတင်းရရှိသည်။

ပြိုကျခဲ့သော တိုက်သည် အကျယ်ပေ ၃၀×၄၀ရှိ ၂ခန်းတွဲ ၂ထပ်အုတ်တိုက်ဖြစ်ပြီး ယခုလ ၂၉ရက်ည ၉ နာရီခွဲတွင် ပထမထပ် ဘယ်ဘက်ခြမ်းရှိ နောက်ဖေးရေချိုးခန်းပြိုကျခဲ့ခြင်းဖြစ်သည်။

ပြိုကျသော တိုက်အောက်ထပ်ရှိ နေအိမ်ပိုင်ရှင်၏ ယောက်ဖတော်စပ်သူ အသက် ၄၉ နှစ်အရွယ် အမျိုးသားသည် အုတ်များပိ၍ သေဆုံးသွားခဲ့ပြီး ဖြစ်ပွားချိန်၏ ၂ နာရီ ၄၅မိနစ်အကြာတွင်မှ အလောင်းကို ဖော်ယူနိုင် ခဲ့သည်။

ပြိုကျသည့် နေအိမ်အပေါ် ထပ်တွင် နေထိုင်သူ အမျိုးသမီး မှာမူ အုတ်ပုံပေါ် သို့ လွင့်စဉ်ကျခဲ့သောကြောင့် ဒဏ်ရာသာ ရရှိခဲ့ သည်။

အဆိုပါတိုက်ပြိုကျမှုရာသို့ သန္တေမီးသတ်တပ်ဖွဲ့ဝင် ၉၁ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၄၀နှင့် ကြက်ခြေနီ အဖွဲ့ဝင် ၁၀ဦးတို့ ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်ခဲ့ကြောင်းသိရသည်။ အဆိုပါတိုက်သက်တမ်းမှာ နှစ်ငါးဆယ်ဝန်းကျင်ရှိပြီဖြစ်ကြောင်း သတင်းရရှိသည်။

လူသေဆုံးမှုကို မင်္ဂလာတောင်ညွန့်မြို့နယ် ရဲစခန်းတွင် သေမှုသေခင်းအမှတ်စဉ် ၂၁/ ၂၀၁၁ ဖြင့်အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

၂၀၀၃ ခုနှစ်က မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ တိုက်တစ်လုံး ပြိုကျ၍ အမျိုးသမီးငယ်တစ်ဦးသေဆုံးပြီး ဒဏ်ရာရရှိသူ အချို့ရှိခဲ့သည်။ ၂၀၁၀ခုနှစ်ကလည်း လမ်း၃၀ရှိအန္တရာယ်ရှိအဆောက်အအုံဟု သတ်မှတ်ခံထားသော အဆောက်အအုံဟောင်းတစ်ခုပြိုကျ၍ အမျိုးသမီးငယ်တစ်ဦးသေဆုံးခဲ့သည်။

ကြယ်လေးပွင့်အဆင့် သတ်မှတ်ခံထားရသော ပုဂံမြို့မှ ထူးကုမ္ပဏီပိုင် အော်ရီရန်ပဲလေ့စ်ဟိုတယ်

## နေပြည်တော်၊ ပုဂံ၊ တောင်ကြီးရှိ ဟိုတယ်များတွင် ကြယ်ငါးပွင့်အဆင့် တစ်လုံးမှမရှိ



**အောင်သူရ**

**ရန်ကုန်၊ အောက်တိုဘာ- ၂၅**

ဟိုတယ်ကြယ်ပွင့်အဆင့် သတ်မှတ်ရန် စစ်ဆေးခဲ့သော နေပြည်တော်၊ ပုဂံနှင့် တောင်ကြီး ဟိုတယ်ဇုန်တို့တွင် ကြယ်ငါးပွင့်အဆင့် ဟိုတယ်တစ်လုံးမှမရှိကြောင်း ဟိုတယ်နှင့်ခရီးသွားရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဇော်ဝင်းကပြောသည်။

“တောင်ကြီးနဲ့ ပုဂံဇုန်မှာတော့ ကြယ်လေးပွင့်အဆင့်ရနိုင်တဲ့ ဟိုတယ်နှစ်လုံးရှိတယ်”ဟု ဦးအောင်ဇော်ဝင်းကပြောသည်။

ထို့အပြင် နေပြည်တော်ဟိုတယ်ဇုန်တွင် ကြယ်လေးပွင့်အဆင့် ဟိုတယ်တစ်လုံးမှ မရှိသော်လည်း လက်ရှိဟိုတယ်များထဲမှ တစ်လုံးမှာ ထပ်မံအဆင့်မြှင့်ရန်ရှိသဖြင့် ကြယ်လေးပွင့်အဆင့် ရရှိနိုင်ကြောင်း သုံးသပ်ကြသည်။

သို့သော် ခရီးသွားလုပ်ငန်းတွင် နာမည်ကြီးသော Trip Advisor ဝက်ဘ်ဆိုက်ကမူ ပုဂံဒေသရှိ ရွှေနန်းတော်ဟိုတယ်အား ကြယ်ငါးပွင့်အဆင့် သတ်မှတ်ပေးထားသည်။

အစိုးရသစ်တက်လာပြီးနောက် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဟိုတယ်များအား ကြယ်ပွင့်သတ်မှတ်ရန် ဆောင်ရွက်ခဲ့ပြီး နေပြည်တော်ဟိုတယ်ဇုန်မှ စတင်စစ်ဆေးခဲ့သည်။

ထိုကဲ့သို့ ဟိုတယ်ကြယ်အဆင့် သတ်မှတ်ခြင်းအား ခြောက်လတစ်ကြိမ်ပြုလုပ်သွားမည်ဖြစ်ပြီး စစ်ဆေးချက်များပေါ် မူတည်၍ ကြယ်အဆင့်မှာလည်း ပြောင်းလဲသွားမည်ဖြစ်ကြောင်း သိရသည်။



7 DAY NEWS JOURNAL
Vol.10, No.33 · NOVEMBER 3, 2011

## ယာဉ်အိုယာဉ်ဟောင်းဖျက်သိမ်းရေး ဆွေးနွေးပွဲ စနစ်သစ်ကျင့်သုံး

**အောင်သူရ**

**ရန်ကုန်၊ အောက်တိုဘာ - ၂၆**

ကားဟောင်းအပ်နှံ၍ ကားသစ်တင်သွင်းခြင်းနှင့်ပတ်သက်သော အစည်းအဝေးများပြုလုပ်ရာတွင် အစည်းအဝေးမတက်ရောက်သူသည် ထိုအစည်းအဝေးမှ ဆုံးဖြတ်ချက်များအား သဘောတူသည်ဟု ယူဆသည်ဟု သတ်မှတ်ထားကြောင်း ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက သတင်းထောက်များအားပြောသည်။

ထို အစည်းအဝေးများသို့ သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ပြည်ထောင်စုဝန်ကြီးများ အစုံတက်ရောက်ရန် ခက်ခဲနေသည့်အတွက် ထိုသို့ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ ထိုကဲ့သို့ဆုံးဖြတ်ပြီး နေပြည်တော်တွင် မီဒီယာများနှင့်တွေ့ဆုံခဲ့သော အောက်တိုဘာ ၂၆ ရက်၌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးပွင့်ဆန်း တက်ရောက်ခဲ့သည်။

ထို့အပြင် မကြာသေးမီက မော်တော်ယာဉ်တင်သွင်းခွင့်ဆိုင်ရာ ကြီးကြပ်ရေးကော်မတီအား ဖွဲ့စည်းခဲ့ပြီး အဆိုပါကော်မတီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဝင်းမြင့်ကဥက္ကဋ္ဌ၊ ဒုဝန်ကြီး ဒေါက်တာပွင့်ဆန်းက အတွင်းရေးမှူးအဖြစ်ပါဝင်သည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ လဲလှယ်သော ယာဉ်ဟောင်းများအတွက်ကားအစီးရေ ၁၁,၀၀၀ ကျော်အား စလစ်ထုတ်ပေးခဲ့ပြီး စီးပွား/ကူးသန်းဝန်ကြီးဌာနမှလည်း ကားတင်သွင်းခွင့် ပါမစ် ၄၉၃၇စီး ခွင့်ပြုပေးခဲ့သည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ ပို့ကုန်၊ သွင်းကုန်ကုမ္ပဏီများနှင့် ခရီးသွားကုမ္ပဏီများ၏ ငွေစာရင်းတွင် ဒေါ်လာတစ်သိန်းအထက်ရှိပါက ကားတစ်စီးစီ တင်သွင်းခွင့်နှင့် ပြည်ပနိုင်ငံတွင် 



**ပြည်ထောင်စုဝန်ကြီးများဖြစ်သော ဦးအောင်မင်းနှင့် ဦးစိုးသိန်း**

အလုပ်လုပ်နေသူများ၏ ငွေစာရင်းတွင် ဒေါ်လာသုံးသောင်းရှိပါက ကားတစ်စီးတင်သွင်းခွင့်ပြုထားပြီးဖြစ်သော်လည်း စီးပွား/ကူးသန်းဝန်ကြီးဌာနမှ ထိုကိစ္စမှာ ဆောင်ရွက်ဆဲသာဖြစ်ကြောင်း သတင်းထောက်များအား ရှင်းပြခဲ့သည်။

## ကွန်ပျူတာနှင့် ဖုန်းပစ္စည်းများကို အိမ်တိုင်ရာရောက် လိမ်လည်ရောင်းသူများရှိနေ

**ယုဇနကိုကို**

**ရန်ကုန်၊အောက်တိုဘာ-၂၁**

မန္တလေးမြို့တွင်း လှည့်လည်ကာ ကွန်ပျူတာနှင့် မိုဘိုင်းဟန်းဆက်များကို လိုက်၍လိမ်ရောင်းချနေခြင်းမျိုး ရန်ကုန်မြို့သို့ စတင်ရောက်ရှိလာပြီဖြစ်ကြောင်း သတင်းရရှိသည်။

ထိုကဲ့သို့ ကွန်ပျူတာလက်ပ်တော့နှင့် မိုဘိုင်းဟန်းဆက်ကဲ့သို့ နည်းပညာပစ္စည်းများကို အာရှနွယ်ဖွားနိုင်ငံခြားသားများက ရန်ကုန်မြို့တွင်းရှိလမ်းသွားလမ်းလာများ၊ နေအိမ်များသို့ လှည့်လည်ကာ ၎င်းတို့တွင်ပါလာသည့် ပစ္စည်းများကိုပြန်လည်ရောင်းချခြင်းများဖြစ်ကြောင်း ကိုယ်တွေ့ကြုံသူအချို့က ပြောသည်။

"နိုင်ငံခြားသားတစ်ယောက် အိမ်ထဲဝင်လာတယ်။ ဝင်လာပြီးတော့ သူ့လက်ထဲမှာကိုင်လာတဲ့ပစ္စည်းတစ်ခုကိုမိုဘိုင်း၊ မိုဘိုင်းဆိုပြီးပြောတယ်။ ပြီးတော့ ကျပ်တစ်သိန်းခွဲပဲပေးပါ။ ပိုက်ဆံပြတ်သွားလို့ပါလို့ပြောတယ်။ ကျွန်တော်တို့ကတော့ ကိုယ့်မှာလည်း မလိုအပ်တာနဲ့ မဝယ်လိုက်ပါဘူး" ဟု ရန်ကုန်မြို့၊ ဒဂုံမြို့နယ် ယောမင်းကြီးလမ်း၌ နေထိုင်သူ ၃၅ နှစ်ဝန်းကျင် အမျိုးသားတစ်ဦးကပြောသည်။

အဆိုပါအဖြစ်အပျက်သည် မန္တလေးမြို့တွင်ဦးစွာဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ထိုကဲ့သို့နိုင်ငံခြားသားများထံမှ အမှန်တကယ် လိမ်လည်ခံ လိုက်ရသူများလည်း ရှိနေကြောင်း မန္တလေးမြို့ခံများထံမှစုံစမ်းသိရှိရသည်။

ရန်ကုန်မြို့တွင်လည်း နေအိမ်များတွင်းသို့ဝင်ရောက်ကာ ထိုကဲ့သို့ပြုလုပ်နေကြခြင်းအပြင် လမ်းသွားလမ်းလာများကိုပါ လိုက်လံရောင်းချမှုများပြုလုပ်နေခြင်းဖြစ်ပြီး ယခုရက်ပိုင်းအတွင်း ထိုကဲ့သို့သော ပုံစံတူများကိုပိုမိုတွေ့မြင်လာကြကြောင်း သိရသည်။

"ကျွန်တော်က အလံပြဘုရားလမ်းပေါ် မှာအလုပ်ကိုသွားနေတာ။ အဲ့ဒီအချိန် နိုင်ငံခြား သားလို့ထင်ရတဲ့သူတစ်ယောက်က သူ့လက်ထဲကပစ္စည်းတစ်ခုကိုလာပြတယ်။ ဟန်းဆက်ဖြစ်နေတယ်။ သူက ရောင်းဖို့ပြောလာတာနဲ့ ကျွန်တော်ကလည်း မန္တလေးမှာ ဒီလိုအဖြစ်တွေဖြစ်နေတာကိုသိတော့မဝယ်ဘူးဆိုပြီး အပြတ်ပြောလိုက်တယ်" ဟု အသက် ၂၇နှစ်အရွယ် ကုမ္ပဏီဝန်ထမ်း အမျိုးသားတစ်ဦးကပြောသည်။

ထိုသူများသည်၎င်းတို့ရောင်းချသည့် ကွန်ပျူတာ(သို့မဟုတ်) မိုဘိုင်းပစ္စည်းများကို အဆင့်မြင့်ဆုံး နောက်ဆုံးပေါ် နည်းပညာမြင့်ပစ္စည်းများဟုပြောဆိုကာ ရောင်းချကြသော်လည်းအမှန်တကယ်တွင်မူ ထိုပစ္စည်းများသည် အရည်အသွေးနိမ့်ပါးပြီး ဈေးနှုန်းပေါလွန်းသည့် ပစ္စည်းများသာဖြစ်ကြောင်း ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်း အရောင်းဆိုင်များ၊ မိုဘိုင်းဖုန်းဝန်ဆောင်မှုဆိုင်များတို့မှစုံစမ်းသိရှိရ သည်။

ထိုကဲ့သို့ မိမိနှင့်မသိကျွမ်းသူများက နည်းပညာဆိုင်ရာ ပစ္စည်းအပါအဝင် အခြားသောပစ္စည်းများကို လာရောက်ရောင်းချခြင်းများပြုလုပ်လာပါက နိုင်ငံခြားသားပင်ဖြစ်စေကာမူ မဝယ်ယူသင့်ကြောင်း ရန်ကုန်မြို့တွင်း ဖွင့်လှစ်ထားသည့် ကွန်ပျူတာနှင့် မိုဘိုင်းအရောင်းဆိုင်များက တာဝန်ရှိသူများက အကြံပြုပြောကြားသည်။

## နယ်စပ်ပြည်နယ်လေးခုမှ အိန္ဒိယနိုင်ငံသားများကို ဗီဇာ၊ ပတ်စ်ပို့မလိုဘဲ ဧရိယာကန့်သတ်၍ပြည်တွင်း၌ သွားလာခွင့်ပြုမည်

**မေဝင်းမွန်**

**ရန်ကုန်၊ အောက်တိုဘာ - ၂၅**

မြန်မာနိုင်ငံအရှေ့မြောက်ပိုင်းနှင့် နယ်နိမိတ်ချင်းထိစပ်နေသော မြန်မာ-အိန္ဒိယနယ်စပ်ပြည်နယ်လေးခုမှ အိန္ဒိယနိုင်ငံသားများကို နိုင်ငံကူးလက်မှတ်နှင့် ဗီဇာမလိုဘဲ မြန်မာနိုင်ငံအတွင်း ၁၆ကီလိုမီတာ အကွာအဝေးကို မြန်မာနိုင်ငံအစိုးရက သွားလာခွင့်ပြုလိုက်ပြီဖြစ်ကြောင်း သတင်းရရှိသည်။

ပြီးခဲ့သည့် သီတင်းပတ်က ချင်းပြည်နယ်ဖလမ်းမြို့တွင်နှစ်နိုင်ငံတာဝန်ရှိသူများ ဆွေးနွေးညှိနှိုင်းခဲ့ခြင်းဖြစ်သည်ဟုသိရသည်။

အိန္ဒိယသမ္မတနိုင်ငံမှလည်း ယခုနှစ်အစောပိုင်းက မီဇိုရမ်၊ မဏိပူရ်၊ နာဂဒေသနှင့် အာရမ်နာချယ်ပရာဒက်ရှ်တို့တွင် ၁၆ ကီလိုမီတာအကွာအဝေးအတွင်း နိုင်ငံကူးလက်မှတ်မလိုဘဲ မြန်မာနိုင်ငံသားများကိုသွားလာခွင့်ပြုခဲ့ပြီးဖြစ်သည်ဟုသိရသည်။

အဆိုပါနယ်စပ်ဒေသများသို့ သွားလာသည့် မြန်မာ၊ အိန္ဒိယ နှစ်နိုင်ငံသားများသည် နိုင်ငံကူးလက်မှတ်သို့မဟုတ်ဗီဇာမလိုဘဲ သတ်မှတ်အကွာအဝေးအတွင်း အ များဆုံးတစ်ပတ်ကြာနေထိုင်ခွင့်ရှိသည်ဟုဆိုသည်။ အဆိုပါနယ်စပ်ပြည်နယ်များမှတစ်ဆင့် ရှားပါးသစ်ခွမျိုးစိတ်များ၊ တိရစ္ဆာန်ကိုယ်အင်္ဂါအစိတ်အပိုင်းများနှင့် သားရေများ၊ မူးယစ်ဆေးဝါးများနှင့် စန္ဒကူးနံ့သာများ တရားမဝင်သယ်ယူပို့ဆောင်မှုများကို နှစ်နိုင်ငံပူးပေါင်းကာ ကာကွယ်ထိန်းချုပ်နိုင်ရေးဆောင်ရွက်သွားမည်ဟုလည်း သိရသည်။

နာဂဒေသ၊ မဏိပူရ်၊ မီဇိုရမ်နှင့်အာရမ်နာချယ်ပရာဒက်ရှ်နယ်စပ်ပြည်နယ်များသည်မြန်မာနိုင်ငံနှင့် ၁,၆၄၀ ကီလိုမီတာနယ်နိမိတ်ချင်း ထိစပ်လျက်ရှိသည်။

*—Ref: Times of Assam*

## ကမာအေးဘုရားအနီးရှိ ရေစင်ပြိုကျ ကလေးငယ်တစ်ဦးသေ၊ တစ်ဦးဒဏ်ရာရ

**ကျော်သီဟ**

**ရန်ကုန်၊ အောက်တိုဘာ - ၂၇**

ကမ္ဘာအေးဘုရား အရှေ့ဘက်မုခ်ဦး လိုဏ်ဂူသွားရာလမ်းတွင် အောက်တိုဘာ ၂၆ ရက် နံနက်ခင်း၌ အများသုံးအိမ်သာရေစင်ပြိုကျ၍ ကလေးငယ်တစ်ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရရှိခဲ့သည်။

အောက်တိုဘာ ၂၆ရက် နံနက် ၇နာရီ ၁၅မိနစ်ဝန်းကျင်တွင် ယင်းအများသုံးအိမ်သာ၌ ကလေးငယ်နှစ်ဦး ရေချိုးနေစဉ် အုတ်ရေစင်မှာ ရုတ်တရက် ပြိုကျပြီး အများသုံးအိမ်သာအဆောက်အအုံခေါင်မိုးမှတစ်ဆင့် ထပ်မံ၍ ပြိုကျခဲ့ရာ အတွင်း၌ ရေချိုးနေသောကိုးလသားအရွယ် ကလေး၏ခေါင်းအား ဖိမိ၍ ပွဲချင်းပြီးသေဆုံးခဲ့ကာ ယင်းကလေးငယ်အား ရေချိုးပေးနေသော ၁၃ နှစ်



**ရေစင်ပြိုကျအပြီး တွေ့ရစဉ်** ဓာတ်ပုံ-ကျော်သီဟ

ဝန်းကျင်အရွယ် ကလေးငယ်တစ်ဦးပါ အပြင်းအထန် ထိခိုက်ဒဏ်ရာရခဲ့သည်။

"ကလေးအလောင်းကို ရဲက မနက်၈နာရီကျော်လောက်ကောက်တယ်။ ကလေးက ပြည့်ရှမ်းစားသောက်ဆိုင်က အလုပ်သမလေးရဲ့သားပါ။ နောက် ၁၃နှစ်ဝန်းကျင်ကလေးက စားပွဲထိုးလေးပါ။ အဲဒီကလေးက မသေဘဲ ခြေထောက်နဲ့လက်ဖျံတွေမှာ ဒဏ်ရာအတော်ရသွားတယ်" ဟု အခင်းဖြစ်ပွားစဉ်ရှိခဲ့သော ကိုသိန်းဖြိုးက 7Day News သို့ပြောသည်။

ယင်းကဲ့သို့ ပြိုကျမှုဖြစ်ပွားရခြင်းကို အနီးဝန်းကျင်မှ နေထိုင်သူများက ရေစင်ဆောက်လုပ်ရာတွင် ဘိလပ်မြေသံချောင်းအနည်းငယ်သာ အသုံးပြုပြီး ပြုလုပ်ထားခြင်းကြောင့်ဖြစ်သည်ဟု ကောက်ချက်ချကြသည်။

## စင်ကာပူပညာရေးကျွမ်းကျင်သူလက်မှတ် ဆက်လက်အသုံးမပြုရန် တားမြစ်

**ရန်ကုန်၊ အောက်တိုဘာ - ၂၈**

စင်ကာပူပညာရေးကျွမ်းကျင်သူ (Singapore Education Specialist) အဖြစ် အသိအမှတ်ပြုခံထားရသော ပြည်တွင်းရှိစင်ကာပူပညာရေးဝန်ဆောင်မှုလုပ်ငန်းများ အနေဖြင့် ယင်းအမည်ကို ဆက်လက်အသုံးမပြုရန် စင်ကာပူပုဂ္ဂလိကပညာရေးကောင်စီက တားမြစ်လိုက်ကြောင်း သတင်းရရှိသည်။

မြန်မာကျောင်းသားများအား စင်ကာပူနိုင်ငံတွင် ပညာသင်ကြားနိုင်ရန် ဝန်ဆောင်မှုပေးနေသောပညာရေး အေဂျင်စီငါးခုအား စင်ကာပူခရီးသွားလုပ်ငန်းအဖွဲ့အစည်း(STB)က အဆိုပါ အသိအမှတ်ပြု လက်မှတ်များ ထုတ်ပေးထားခြင်းဖြစ်သည်။

ယခုအခါ စင်ကာပူနိုင်ငံသည် ပညာရေးဝန်ကြီးဌာနလက်အောက်တွင် စတင်ဖွဲ့စည်းလိုက်သော ပုဂ္ဂလိကပညာရေးကောင်စီမှ ပုဂ္ဂလိကပညာရေးလုပ်ငန်းများအား စီမံစိစစ်လျက်ရှိခြင်းကြောင့် ယင်းနိုင်ငံရှိပုဂ္ဂလိကကျောင်းများနှင့်ပတ်သက်၍ မူဝါဒအပြောင်းအလဲများပြုလုပ်နေသလို ပညာရေးဝန်ဆောင်မှုအေဂျင်စီများအတွက်လည်း စည်းမျဉ်းစည်းကမ်းများ ထုတ်ပြန်ထားသည်။

"စင်ကာပူပညာရေးကျွမ်းကျင်သူလက်မှတ်ကို ဆက်သုံးလို့မရတော့ဘူး။ အဲ့ဒီနာမည်သုံးပြီး ကျောင်းသားကို ဆွဲဆောင်လို့မရတော့ဘူးပေါ့။ ပုဂ္ဂလိကျောင်းတွေ STB လက်အောက်မှာ ရှိတုန်းက ပေးထားတဲ့လက်မှတ်တွေပါ" ဟု စင်ကာပူပညာရေးလုပ်ငန်းတစ်ခု၏ မန်နေဂျင်းဒါရိုက်တာက ပြောသည်။ စင်ကာပူနိုင်ငံရှိ ပုဂ္ဂလိကကျောင်းများသည် မြန်မာကျောင်းသားအများစု သွားရောက် ပညာသင်ယူနေကြသောနေရာ များဖြစ်ပြီး ပြည်တွင်း၌လည်း ပညာရေးအေဂျင်စီများအကြား ကျောင်းသားဈေးကွက်ရရှိရန်ပြိုင်ဆိုင်မှုပြင်းထန်လျက်ရှိသည်။ **နေလင်းထွန်း**

# မလေးရှားဝန်ကြီးချုပ်ဟောင်း ဒေါက်တာမဟာသီယာဟောပြောမည့် စီးပွားရေးဆိုင်ရာဆွေးနွေးပွဲ ရန်ကုန်တွင် ပြုလုပ်မည်

**အေးမြကျော်**


**ရန်ကုန်၊အောက်တိုဘာ-၃၁**

မလေးရှားနိုင်ငံ၏ဝန်ကြီးချုပ်အဖြစ်နှစ်ပေါင်း ၂၂ နှစ်ကြာမြင့်အောင် တာဝန်ထမ်းဆောင်ခဲ့သော ဝန်ကြီးချုပ်ဟောင်း ဒေါက်တာမဟာသီယာမိုဟာမက်သည် စီးပွားရေး ဆိုင်ရာ ဟောပြောမှုတစ်ခုကို လာမည့် နိုဝင်ဘာလ ၂ရက်တွင် ကုန်သည်ကြီးများဟိုတယ်၌ ပြုလုပ်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ မလေးရှားသံရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဒေါက်တာမဟာသီယာသည် နိုဝင်ဘာလ ၃ ရက်တွင် နေပြည်တော်၌ သမ္မတဦးသိန်းစိန်နှင့်လည်း သွားရောက်တွေ့ဆုံရန် အစီအစဉ်ရှိကြောင်း သံရုံးမှတာဝန်ရှိသူတစ်ဦးကပြောကြားသည်။

ဒေါက်တာမဟာသီယာမိုဟာမက်သည် မြန်မာနိုင်ငံသို့လွန်ခဲ့သော၇နှစ်က၎င်းဝန်ကြီးချုပ်အဖြစ်ထမ်းဆောင်စဉ် နောက်ဆုံးလာရောက်ခဲ့ဖူးပြီး ယခုအကြိမ်တွင်ဝန်ကြီးချုပ်ဟောင်းအဖြစ် စီးပွားရေးဆိုင်ရာ နည်းဗျူဟာများ၊ မြန်မာနိုင်ငံ၏ လက်ရှိပြုပြင်ပြောင်းလဲရေးနှင့် စီးပွားရေးအခြေအနေများကို အလေးပေးဆွေးနွေးပေးသွားရန်ရှိကြောင်း မြန်မာနိုင်ငံဆိုင်ရာ မလေးရှားသံရုံးမှ တာဝန်ရှိသူတစ်ဦးက အောက်တိုဘာ ၃၁ ရက်တွင် သတင်းထောက်များနှင့်တွေ့ဆုံစဉ် ပြောကြားသွားခဲ့သည်။

ဒေါက်တာမဟာသီယာမိုဟာမက်သည် ၁၉၈၁ ခုနှစ်မှ ၂၀၀၃ ခုနှစ်အထိ မလေးရှားနိုင်ငံ ၏ ၄ ယောက်မြောက် ဝန်ကြီးချုပ်အဖြစ် နှစ်ပေါင်း ၂၂နှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ပြီး ယင်း၏လက်ထက်တွင် မလေးရှားနိုင်ငံတွင် စီးပွားရေးပြုပြင်ပြောင်းလဲမှုများစွာပြုလုပ်ကာ တိုင်းပြည်၏ စီးပွားရေးအခြေအနေကို တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်နိုင်ခဲ့သူတစ်ဦးဖြစ်သည်။



*ဒေါက်တာမဟာသီယာမိုဟာမက်*


ဓာတ်ပုံ - စိုင်းသာအောင်

မန္တလေးကျောက်စိမ်းဈေးတန်းအား တွေ့ရစဉ်

# ကျောက်စိမ်း အချောထည်များ တရားဝင် သယ်ခွင့်ရတော့မည်

**မင်းဒင်**

**မန္တလေး၊ အောက်တိုဘာ-၂၉**

မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း (မန္တလေးရုံးခွဲ) တွင်နိုဝင်ဘာလဆန်းမှစတင်၍ ကျောက်စိမ်းအချောထည်များ တရားဝင်သယ်ယူခွင့်အတွက် One Stop Service ပုံစံဖြင့် သတ်မှတ်နှုန်းထားများ ပေးဆောင်ကာ တရားဝင်သယ်ယူခွင့် ရယူနိုင်တော့ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါ One Stop Service လုပ်ဆောင်မှုအတွက် ဌာန ၆ ခုမှ တာဝန်ရှိသူများ၏ ကြီးကြပ်မှုဖြင့် သယ်ယူမည့် ပစ္စည်းများအား ချိတ်ပိတ်စည်းနှောင်ကာ သယ်ယူခွင့်ရမည်ဖြစ်ကြောင်း အဆိုပါအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ယခုကဲ့သို့တရားဝင်သယ်ယူခွင့်ကြောင့် ဈေးကွက်စီးဆင်းမှုပိုမိုကောင်းမွန်ကာ မန္တလေးအချောထည်ဈေးကွက်တွင် ယခင်ထက်ပိုကောင်းလာမည်ဟု ခန့်မှန်းကြောင်း ၎င်းကဆက်လက်ပြောကြားသည်။


ထို့အပြင် ကုန်ချောထွက်ရှိမှုတိုးကာ ယခင်တရားမဝင် သယ်ယူမှုများကြောင့် ဖမ်းဆီးခံရပြီး ဆုံးရှုံးခြင်းများ ရှိတော့မည်မဟုတ်ဟု ၎င်းကဆိုသည်။ အချောထည်သယ်ယူခွင့်အတွက် ပေးဆောင်ရမည့် နှုန်းထားများအနေဖြင့် လက်ကောက်တစ်ကွင်း ၃၀၀ ကျပ်၊ လွှာချပ် (ရိုးရိုး) တစ်ကီလိုဂရမ် ၂,၀၀၀၊ ကျပ် လွှာချပ်(ပန်း စပါ) တစ်ကီလိုဂရမ် ၅,၀၀၀ ကျပ်၊ ပုတီးတစ်ကီလိုဂရမ် ၂,၀၀၀ ကျပ်တို့ဖြစ်သည်။




Life
7DAY NEWS JOURNAL
Vol.10, No.33 · NOVEMBER 3, 2011

# အင်းသားတို့ဆုံစည်းတဲ့နေ့

ယုဇနကိုကို၊ သိမ့်သိမ့်စိုး



အင်းသားများဆုံစည်းရာနေ့ကို ကျင်းပနေစဉ်

အချိန်က နံနက် ၇ နာရီဝန်းကျင်၊ ရှမ်းပြည်နယ်တောင်ပိုင်း ညောင်ရွှေမြို့၏ ရာသီဥတုက သာသာယာယာကြည်ကြည်လင်လင်။ ကောင်းကင်ယံ တိမ်ဖြူဖြူတွေကြားက ထိုးထွက်နေသော နံနက်ခင်းနေရောင်ခြည်အချို့က ပတ်ပတ်လည် အလျားဆယ့်တစ်မိုင်ရှိ သည့် အင်းလေးကန်ရေပြင်ပေါ် သို့ ဖြာကျနေသည်။

ထိုအချိန်တွင် ခရီးသည်များ တင်လာသောစက်လှေများနှင့် အင်းရိုးရာခြေလှော်လှေများမှာ ကန်ရေပြင်၏ နေရာတော်တော်များများ၌တွေ့ရသည်။

ခရီးသွားများပါသော စက်လှေများနှင့် လှေတစ်စီးလျှင် လူဦးရေ တစ်ရာစီ တင်ဆောင်ထားသောခြေလှော်လှေများ၏ဦးတည်ရာမှာ နေရာတစ်ခုတည်းသို့ဖြစ်သည်။

ထိုနေရာမှာ အင်းလေးရေလယ်တွင်ရှိသော'ဗိုလ်တဲ'ဟူသည့် အဆောက်အအုံတစ်ခုသို့ ဖြစ်သည်။

ညောင်ရွှေမြို့ စက်လှေဆိပ်မှ မိနစ် ၃၀ နီးပါး မောင်းနှင်လျှင် ရောက်ရှိနိုင်သည့်ဗိုလ်တဲဆိုသည်မှာ ရှမ်းစော်ဘွားများ နောက်ပိုင်းကာလများတွင် အစိုးရပိုင်းမှ တာဝန်ရှိအရေးကြီးပုဂ္ဂိုလ်များသာ သွားရောက်အပန်းဖြေကြသည့် သီးသန့်အဆောက်အအုံ တစ်ခု ဖြစ်ခဲ့သည်။

ရှေးဆန် သော ဒီဇိုင်းဖြင့် ဆောက်လုပ်ထားသည့်အဆောက်အအုံငယ်မှာ နေအိမ်ပုံသဏ္ဌာန်နှင့် အနည်းငယ်တူသည်။

ထိုဗိုလ်တဲ၏ အမိုးမပါသော အပြင်ဆောင်လေးဘက်လေးတန်တွင် ခင်းကျင်းထားသောကြမ်းခင်းများမှာ ဆွေးမြေ့စပြုနေပြီဖြစ်သည်။

ဝင်ပေါက် လေးမျက်နှာရှိသော ဗိုလ်တဲ၏ ပတ်ဝန်းကျင်တွင် စက်လှေနှင့် ခြေလှော်များ တဖြည်းဖြည်း များပြားလာသည်။

စက်လှေမောင်းနှင်သူများ ခြေလှော်လှေမောင်းနှင်သူများနှင့် ဗိုလ်တဲရောက်လာသော ဒေသခံများအားလုံးမှာ ၎င်းတို့၏ရိုးရာ ရှမ်းဘောင်းဘီနှင့် ရှမ်းအင်္ကျီများကိုဆင်တူဝတ်ဆင်ထားကြသည်။ အမျိုးသမီးများမှာမူ ပုံစံမတူသည့် အင်းလေးဖြစ် ရိုးရာအင်္ကျီများကို ဝတ်ဆင်ထားကြသည်။

ဗိုလ်တဲအတွင်းရှိရိုးရာအင်္ကျီဆင်တူဝတ် အရွယ်စုံဒေသခံများက ဝင်လာသူအားလုံးကို ပဲဖြင့်ပေါင်းထားသည့် အင်းရိုးရာကောက်ညှင်းပေါင်း၊ ပဲကြော်နှင့် ရေနွေးကြမ်းများကို စားသောက်ရန် အတင်းဆွဲကာ ဧည့်ခံနေကြသည်။နံနက် ၈ နာရီဝန်းကျင်တွင် အင်းလယ် ဗိုလ်တဲ အတွင်းနှင့် အပြင် ရေလယ်ခေါင်၌ ရှိနေသည့် လူဦးရေအရေအတွက်မှာ သောင်းချီ၍ရှိလာသည်။ အင်းလေးကန်ရေပြင်မှာလည်း ပင်နီရောင်လွှမ်းနေသည်။

ဒေသခံများ၏ မျက်နှာများပေါ်တွင် အပြုံးများကိုတွေ့ရသည်။ အသက်အရွယ်စုံ ဒေသခံများ ယခုကဲ့သို့ ၎င်းတို့၏ ကမ္ဘာကျော်အင်းလေးကန်အလယ်ဗိုလ်တဲတွင် စုဝေးတည်ရှိနေကြသည့် အကြောင်းရင်းမှာ ပထမဆုံးအကြိမ် ကျင်းပခွင့်ရခဲ့ကြသည့် **အင်းသားဆုံစည်းရာနေ့**ဟူသည့် အင်းသားများ၏ ပွဲတော်ကြီးကြောင့် ဖြစ်သည်။

စာ(၄၀)သို့




ဒီလိုလေး

## ချက်ကြရအောင်

ဝိုက်ဖီ

### ငါးကြင်းအရိုးပျောက်ပေါင်း



ဒီတစ်ပတ်မှာတော့ ဝိုက်ဖို့ဆီကို ဖုန်းဆက်ပြီး ငါးကြင်းအရိုးပျောက်ပေါင်းချက်ပေးဖို့တောင်းဆိုလာတဲ့ပရိသတ်တစ်ဦးရဲ့ ဆန္ဒကိုဖြည့်ဆည်းပေးလိုက်ပါတယ်။ ငါးကို အရိုးကြောက်လို့ မစားကြသူတွေအတွက် ငါးကြင်းအရိုးပျောက်ပေါင်းက အဆင်ပြေစေပါလိမ့်မယ်။

လိုအပ်တာတွေကတော့ ငါးကြင်းအကောင်ကြီး ခုတ်သား ၃၀ ကျပ်သား၊ စပါးလင်၊ ချင်း၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီနဲ့ ရှောက်သီးတို့ပဲဖြစ်ပါတယ်။

ငါးကြင်းအကောင်ကြီးသားကို အကွင်းလိုက်လေးတွေအနေတော်လှီးပြီး ဆား၊ နနွင်း၊ ဟင်းခတ်မှုန့်နဲ့အတူ ရှောက်သီးတစ်စိတ်အရည်ညှစ်ထည့်ပြီး နယ်ပါမယ်။ ကြက်သွန်ဖြူနီ၊ ငရုတ်သီးအနီပွတောင့်နဲ့စပါးလင်တို့ကိုလည်းတစ်ခါတည်းထောင်းထည့်ပါ။ အရောင်အတွက် ပဲငံပြာရည်အနောက် (ကြာညို့)ကိုပါ ထည့်နယ်ပြီး ဟင်းပေါင်းအိုးထဲကို ငါးမြုပ်အောင်ရေထည့် ဆီအနည်းငယ်ထည့်ပြီး မီးဖိုပေါ်မှာတည်လိုက်ရုံပါပဲ။

ဟင်းပေါင်းအိုးနဲ့ တစ်ရေခန်းခါနီးမှာ ကြက်သွန်နီအလုံးအသေးလေးတွေကိုမစိတ်တော့ဘဲအလုံးလိုက်အပေါ်ယံကနေထည့်ပါမယ်။ အချိုဓာတ်အတွက် နဲ့ အနှစ်ရဖို့အတွက်ပါ။ နောက် ၅မိနစ်လောက်နေရင် ရေလည်းခန်း၊ ဆီလည်းပြန်၊ ကြက်သွန်လည်း နူးသွားပြီမို့ အရိုးပျောက်ပေါင်းတဲ့ ငါးကြင်းပေါင်းရပြီပေါ့။

တကယ်လို့ ငါးကြင်းမဟုတ်ဘဲ ဈေးနည်းနည်း သက်သာတဲ့ ငါးမြစ်ချင်းကို ပေါင်းချင်တယ်ဆိုရင်လည်း ပေါင်းလို့ရပါတယ်။

## ဈေးဝယ်ထွက်မယ် အမျိုးသားဝတ် အင်္ကျီဒီဇိုင်းစုံရနိုင်တဲ့ နေရာ

**အိဖြူလွင်**

အမျိုးသမီးတွေအတွက်ပဲ ဈေးဝယ်လမ်းညွှန်တွေများနေလို့ ဒီတစ်ပတ်ရဲ့ ဈေးဝယ်လမ်းညွှန်ကို အမျိုးသားတွေအတွက် ရည်ရွယ်ဖော်ပြပေးလိုက်ပါတယ်။

ဆောင်းရာသီထဲကို တဖြည်းဖြည်းဝင်လာပေမယ့်ရာသီဥတုက နေရောင်ပြင်းပြင်းအောက်မှာ ရှိနေတဲ့အတွက် အဝတ်အစားရွေးချယ်တဲ့အခါမှာ အပူဒဏ်ကိုရော လေဒဏ်ကိုပါ ကာကွယ်နိုင်တဲ့ အဝတ်အစားမျိုးတွေ ရွေးချယ်ဖို့လိုလာပါပြီ။

ခုလိုရာသီအကူးအပြောင်းကာလမှာအမျိုးသားတွေ ပေါ့ပေါ့ပါးပါးနဲ့ ဝတ်လို့ရမယ့် ဖက်ရှင်လည်းကျစေမယ့် အဝတ်အစားတွေကိုရွေးချယ်ဝယ်ယူကြရအောင်ပါ။

ထိုင်းနိုင်ငံက တင်သွင်းတဲ့ တီရှပ်၊ စပို့ရှပ်



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

အရောင်စုံတွေကို ဒီဇိုင်းအသစ်တွေနဲ့ အသက်အရွယ်မရွေးဝယ်လို့ရတဲ့ အရောင်၊ ဒီဇိုင်းစုံတဲ့ အမျိုးသားဝတ်အင်္ကျီတွေကို ဒီဆိုင်မှာ ရနိုင်တယ်လို့ သိရပါတယ်။

ချည်သားလို အပူအအေးမျှပြီး ကျန်းမာရေးအတွက်ကောင်းတဲ့ အင်္ကျီတွေကို တီရှပ်၊ စပို့ရှပ်တွေတင်မဟုတ်ဘဲ ရှပ်အင်္ကျီလက်တိုလက်ရှည်တွေပါရနိုင်တာပါ။

ဈေးနှုန်းတွေကတော့ ပိတ်သားပေါ်မူတည်လို့ တီရှပ်တစ်ထည်ကို ၆,၅၀၀ ကျပ်လောက်ကနေ ၁၅,၀၀၀ကျပ်လောက်ထိရှိပြီး၊ စတေကာပုံ(သို့မဟုတ်)ဒီဇိုင်းနဲ့ အင်္ကျီတွေကိုရွေးချယ်ဝယ်ယူနိုင်ပါတယ်။


ရှပ်အင်္ကျီတွေကတော့ ချည်သားအစစ်ဆိုရင် ဈေးပိုများမှာဖြစ်ပြီး ပေးရတဲ့ဈေးနှုန်းနဲ့ ထိုက်တန်တဲ့ အေးမြနူးညံ့စေမှုကိုတော့ ခံစားရမှာ အသေအချာပါ။

ရှပ်အင်္ကျီလက်ရှည်တစ်ထည်ရဲ့ ဈေးနှုန်းအနေနဲ့တော့ ၂၀,၀၀၀ ကျပ်ဝန်းကျင်ခန့်ရှိပြီး အရောင်ဖျော့ဖျော့ မှိုင်းမှိုင်းလေးတွေနဲ့တည်ငြိမ်နေတဲ့ ပုံစံတွေကို ရှာဖွေနိုင်မှာပါ။

ဆောင်းအကူးရာသီမှာ အဝတ်အစားအသစ်ဝယ်ချင်သူ အမျိုးသားတွေအတွက် ဒီဆိုင်ရဲ့ လိပ်စာက ဒဂုံမြို့နယ်၊ အလံပြဘုရားလမ်းပေါ်က လပြည့်ဝန်း ပလာဇာ ၃ လွှာမှာရှိတဲ့ Super Action Fashion ဆိုင်ပဲဖြစ်ပါတယ်လို့ လမ်းညွှန်ပေးလိုက်ပါတယ်။

7 DAY NEWS JOURNAL
Vol.10, No.33 · NOVEMBER 3, 2011



## ယမကာများ
# ဈေးချိုလွန်းခြင်း၏ နောက်...

▪ထွန်းစန်း

(က)

သူ့ပုံစံကို ကြည့်ရသည်မှာ အလွန်ပင်ပန်းနွမ်းနယ်နေဟန် ရှိသည်။ မျက်တွင်းဟောက်ပက်ထဲမှ မျက်လုံးတစ်စုံမှာလည်း အဝါရောင်သမ်းနေ၏။ ဘယ်ဘက်မျက်ခုံးမှာ အနည်းငယ်ကွဲ၍ မျက်နှာတစ်ခုလုံးမှာလည်း ဖူးရောင်နေသည်။ ကိုယ်ပေါ်တွင် ဝတ်ဆင်ထားသည့် အင်္ကျီနှင့်ပုဆိုးမှာ ဟောင်းနွမ်းစုတ်ပြဲလို့နေသည်။ လက်မှာ တဆတ်ဆတ်တုန်နေသဖြင့် လက်ဖက်ရည်ခွက်အား လှမ်းကိုင်ယူနိုင်ရန်ကိုပင် အတော်လေးကြိုးစားနေရသည်။ အသက်လေးဆယ်ကျော်ခန့်သာ ရှိသေးသော်လည်း သူ့ရုပ်ရည်မှာ အရက်ဒဏ်ကြောင့် ရင့်ရော်လျက်ရှိ၏။ စားပွဲ နံဘေးတွင် ထောင်ထားသော ပလတ်စတစ်အိတ်ဟောင်းကြီးထဲတွင် သူ့ရေးလက်စ ဗလာစာအုပ်နှင့် အထည်ဟောင်းတချို့။

သူသည် စာရေးကောင်းသူဟု(သူ့စာဖတ်ဖူးသူ)တချို့က ပြောသည်။ ဇာတိမှာ အထက်ဒေသဘက်မှဟုသိရသည်။ သူရေးသော စာတစ်ပုဒ်တလေမျှ ကျွန်တော် မဖတ်ဖူးဘူး။ တစ်ပတ်တစ်ခါဆုံရပ်ဖြစ်သော ကျွန်တော်တို့ စာပေဝိုင်းလေးသို့ သူမှန်မှန်ရောက်လာလေ့ရှိသဖြင့်သာ မျက်မှန်းတမ်းမိနေခြင်းဖြစ်၏။

ရန်ကုန်သို့ စာပေရေးသားခြင်းဖြင့် ရပ်တည်ရန်ရောက်လာသောသူ့အား စာပေသမားများက ဝိုင်းဝန်းအကူအညီပေးကြသည်။ တစ်နည်းအားဖြင့် စာပေသမားကောင်းတစ်ယောက် ဖြစ်ထွန်းလာစေရန် ပံ့ပိုးပေးကြခြင်းဖြစ်၏။ သူ့စာများကို အယ်ဒီတာတချို့က ရွေးချယ်ဖော်ပြပေးသည်။ စာဖတ် ပရိသတ်များများစားစား မရသေးသော်လည်း စာရေးသူအချင်းချင်းက သူရေးသော စာကို အသိအမှတ်ပြုကြသည်။

ရန်ကုန်ရောက်သည်မှာ အခါလည်ပင် မပြည့်သေး။ သူ့အားထုတ်မှုက စာရေးသားခြင်းထက် ယမကာသောက်သုံးခြင်းဘက်၌ ပို၍အောင်မြင်နေသည်။ သူ့ကိုချစ်ခင်သော မိတ်ဆွေများက အရက်ဖြတ်ရန် ဝိုင်းဝန်းတိုက်တွန်းကြသည့်အခါတိုင်း "အင်းပါ" ဟုသာ ပြန်ဖြေလေ့ရှိ၏။ သို့သော် သောက်နှုန်းကတော့ လျော့မသွား။ ကြာလာတော့ သူ့ကို ချစ်ခင်သူတွေ၊ ကူညီသူတွေက ကြဲလာတော့သည်။ သူကတော့ သောက်မြဲသောက်လျက်။


(ခ)

"ရဲရဲသာသောက် လိုက်စမ်းပါကွာ . . . ငါလည်း စသောက်တုန်းက မင်းလိုပဲ ဖြစ်နေတာ. . သောက်ပြီးတော့လည်း ပျော်ရွှင်မှုတွေ တွေ့ရှိသွားတာ. ."

"ဒီကောင်ပြောတာ ဟုတ်တယ် . . . ဟိုနံရံပေါ်မှာ ကပ်ထားတဲ့ကြော်ငြာမှာ ဖတ်ကြည့်၊ ပျော်ရွှင်မှုက သင့်လက်တစ်ကမ်းမှာတဲ့ . ."

ဝီစကီထည့်ထားသည့် ဖန်ခွက်ကိုကိုင်၍ ချီတုံချတုံဖြစ်နေသော လူငယ်၏ အသက်မှာ (၁၆)နှစ် ဝန်းကျင်မျှသာ ရှိလိမ့်ဦးမည်။ လူငယ်သည် ယခုမှ ပထမဦးဆုံးအကြိမ် အရက်ကို စမ်းသောက်ကြည့်ဖို့ ကြိုးစားနေခြင်းဖြစ်ဟန်တူ၏။

စာ(၁၁)သို့



7DAY NEWS JOURNAL
Vol.10, No.33 • NOVEMBER 3, 2011

## စာ-၁၀၊ ယမကာများ ဈေးချိုလွန်းခြင်း၏နောက် မှ



ထို့ကြောင့်လည်း ရဲရဲဝံ့ဝံ့ မသောက်ရဲခြင်းပင်။

အရက်သောက်ရန် ဝိုင်းဝန်းတိုက်တွန်းနေသည့် လူငယ်များ၏ အရွယ်မှာလည်း ၁၆ နှစ်ဝန်းကျင်များသာဖြစ်၏။ သို့သော် ထိုလူငယ်များမှာ အရက်နှင့်အတော်လေးယဉ်ပါးနေဟန်ရှိသည်။ ထို့ကြောင့်လည်း အရက်ဆိုင်ထဲသို့ မကြောက်မရွံ့ဝင်လာပြီး ရဲတင်းစွာ အရက်မှာသောက်ရဲခြင်းဖြစ်သည်။

"ဟေ့ကောင်. . ငါတို့သောက်တာ နှစ်ခွက်ရှိသွားပြီ . . ခုထိ ဒီတစ်ခွက်ကို မင်းမသောက်ရသေးဘူး. ."

"ဟုတ်တယ်လေကွာ . . . မင်းယောကျ်ား မဟုတ်ဘူးလား . . သွေးမရှိဘဲနဲ့ ငါတို့နဲ့ လာပေါင်းမနေနဲ့. . . "

အရက်နှစ်ခွက်ဝင်သွားပြီဖြစ်သော လူငယ်များ၏ စကားသံမှာအာလေးလျှာလေးသံပေါက်လာ၏။ အရက်မသောက်သေးသော လူငယ်အားလည်း ရိသဲ့သဲ့ စကားလုံးများဖြင့် ဝိုင်းဝန်းထိုးနှက်ကြတော့သည်။ မခံချင်စိတ်ကြောင့်လား။ မထူးဇာတ်ခင်းလိုက်သည်လားမသိ။ အူရိုင်းလေး လူငယ်သည် မျက်စိစုံမှိတ်၍ အသက်ကို အောင့်ကာ ဖန်ခွက်ထဲရှိဝီစကီကို တစ်ရှိန်ထိုးမော့ချလိုက်၏။

"ဒါမှ ပေါ့ကွ . . . မင်းယောကျ်ားပီသသွားပြီ . . "

"ဟုတ်တယ် . . ဒီကောင်ငါတို့အဖွဲ့ဝင်ဖြစ်တဲ့ အထိမ်းအမှတ်နဲ့ နောက်တစ်ခွက် . . "

ဆယ်ကျော်သက်အရွယ် ဤလူငယ်လေးများ အရက်ဘယ်နှခွက်သောက်သွားကြသလဲ။ ကျွန်တော်မသိ။ ဘာရည်ရွယ်ချက်နှင့် အရက်လာသောက်ကြသလဲ။ ကျွန်တော်မသိ။ အရက်သောက်ပြီးနောက် သူတို့လိုချင်သော ပျော်ရွှင်မှုကို တကယ်ရသွားကြသလား။ ကျွန်တော်မသိ။ ကျွန်တော်သိသည်ကား "အရက်သောက်ခြင်းသည် ဘဝပျက်စေနိုင်ပါသည်"ဆိုသော သတိပေးစာတန်းမျိုး အရက်ကြော်ငြာများတွင် ထည့်သွင်းပေးခြင်းမျိုးပင်။

(ဂ)

"ဒီတစ်ခွက်သောက်နိုင်တဲ့သူက ဒီဝိုင်းထဲမှာ သူရဲကောင်းပဲ"

"ငါ . . . ငါ. . တော့ မနိုင်တော့ဘူး. . "

"ဟ မနိုင်ရင် နှစ်ခေါက်ခွဲသယ်ပေါ့"

"ဟား ဟား ဟား ဟား ဟား "

"သူရဲကောင်းဆိုသည်မှာ တခြားသူများထက် ငါးမိနစ်ပို၍ သတ္တိရှိခြင်းဖြစ်သည်"နှင့် ဂျက်ဝဲလ်၏"အတွေးအကြံအယူအဆ အသစ်ရှိသူကို သူရဲကောင်းဟုခေါ်သည်"ဆိုသော သူရဲကောင်းနှင့် ပတ်သက်သည့် အဓိပ္ပာယ်ဖွင့်ဆိုချက်များသည် ဤအရက်ဝိုင်းထဲမှ သူရဲကောင်းနှင့် လားလားမျှမဆိုင်ပေ။ သူတို့အရက်ဝိုင်းတွင် အားလုံးထက်ပိုသောက်နိုင်သူကိုသာ သူရဲကောင်းဟု သတ်မှတ်ထားကြသည်။ ဒါကလည်း သဘာဝကျသည်။ အရက်သမားတစ်ယောက်အတွက် အရက်ပိုသောက်နိုင်ခြင်းသည် ဂုဏ်ယူစရာဖြစ်၏။ တခြားဘဝတူ အရက်သမားများအတွက် စံပြပုဂ္ဂိုလ်ဖြစ်၏။ အရက်ဆိုင်ရှင်၏ အရေးတယူညှော့ဝတ်ပြုခြင်းခံရသူဖြစ်၏။ စီးပွားရေးလောက စကားနှင့်ဆိုလျှင် Big Customer ဖြစ်၏။ ဒါကြောင့်လည်း အရက်ဆိုင်ထဲတွင် အရက်အသောက်နိုင်ဆုံးသူက သူရဲကောင်းဖြစ်ရသည်မှာ မဆန်းပေ။ သို့သော် အရက်သမားသူရဲကောင်းသည် အရက်၏ နောက်ဆက်တွဲပြဿနာကြောင့် စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး နယ်ပယ်တို့၌ ဗုန်းဗုန်းလဲရမည်မှာ မြေကြီးလက်ခတ်မလွဲပေ။ ထို့ကြောင့် ဆင်ခြင်တုံတရားရှိသူတို့ အဖို့ ဘယ်နယ်ပယ်မျိုးမှာ သူရဲကောင်းဖြစ်အောင် အားထုတ်ရမည်ကို အထူးတလည်ရှင်းပြစရာလိုမည် မဟုတ်သော်လည်း အသိဉာဏ်နုနယ်သေးသော သူများအတွက်မူ လမ်းကြောင်းမမှားစေရန် ထိန်းမတ်ပဲ့ပြင်ပေးရမည်ဖြစ်သည်။

(ဃ)

ကျွန်တော်တို့သည် ပစ္စည်းတစ်ခုဝယ်မည်ဆိုလျှင် ပစ္စည်းအရည်အသွေးကောင်း၊ မကောင်းထက် အထူးလျှော့ဈေးဖြင့် ရောင်းသောဆိုင်၊ ကံစမ်းမဲထည့်ပေးသော ဆိုင်များဘက်သို့ ခြေဦးလှည့်တတ်ကြသည်။ ဤအတွက်လည်း မကြာခဏ မိအေးနှစ်ခါနာသော အဖြစ်မျိုးနှင့် ကြုံကြရသည်။ စီးပွားရေးကျင့်ဝတ်မရှိသော စီးပွားရေးသမားများ၏ လှည့်ကွက်ထဲသို့ သက်ဆင်းကြရသည်။ ထိုအထဲတွင် အရက်ကြော်ငြာများကား အဆိုးဆုံးပင်။ တစ်ပြည်လုံးရှိ လူစည်ကားရာ အရပ်မှန်သမျှတွင် အရက်ကြော်ငြာများက နေရာအပြည့်ယူထား၏။ မလုံ့တလုံ ဝတ်ဆင်ထားသည့် နိုင်ငံကျော် ရုပ်ရှင်မင်းသမီးများ၊ မော်ဒယ်များနှင့် အရက်ပုလင်းတွဲ၍လည်းကောင်း၊ ရောင်းအားကောင်းသော အရက်ဆိုင်များရှေ့တွင် မိန်းမငယ်လေးများအား အရက်ပရိမိုးရှင်း လုပ်ခိုင်း၍လည်းကောင်း နည်းမျိုးစုံဖြင့် ဈေးကွက်ထဲသို့ သိက္ခာမဲ့စွာ အတင်းတိုးဝင်ကြသည်။ ကံစမ်းမဲကလည်း ကြောက်ခမန်းလိလိ၊ သောက်ပြီးတော့ပေါက်၊ ပေါက်ပြီးတော့ သောက်နှင့် "သောက်ပေါက်"သံသရာထဲက မထွက်နိုင်ကြတော့။ ဤသည်ကိုပင် "ဆုလာဘ်များစွာ ဘဝအရသာ"ဟု မီးလောင်ရာလေပင့်ပေးလိုက်သေးသည်။

အရက်တွေကလည်းအမယ်စုံလွန်းလှသည်။ အရောင်စုံလွန်းလှသည်။ အရသာစုံလွန်းလှသည်။ ပုလင်းဆိုဒ်တွေ စုံလွန်းလှသည်။ ဈေးနှုန်းချိုလွန်းလှသည်။ ဤခေတ်လောက် အရက်သမားဖြစ်လွယ်သော ခေတ်ရှိလိမ့်မည်မထင်။ "ဘယ်သူမပြု မိမိမှု"ဟုဆိုသော်လည်း နေရာအနှံ့အပြားဖြားယောင်းနေသော အရက်ကြော်ငြာများ၊ ကံစမ်းမဲများက ဆင်ခြင်တုံတရား အားနည်းသူများနှင့် လူငယ်ခြေတက်လေးများအတွက် လမ်းလွဲသွားစေနိုင်သည်။



## ခန္ဓာက ပြနေတဲ့တရားကို ကြည့်မိဖို့လိုတယ်. . .

ဓမ္မ

အသိတစ်လုံး အမြတ်ဆုံး တစ်လုံးသိ အကျိုးရှိ၏

အိုခြင်း၊ နာခြင်း၊ သေခြင်းဆိုတဲ့ဒုက္ခတွေဟာ ခန္ဓာထဲမှာပဲရှိတယ်။ ဒီဆင်းရဲဒုက္ခတွေကို သိမြင်တဲ့ပုဂ္ဂိုလ်တွေသာ သံဝေဂဝင်ပါတယ်။ တရားရကြပါတယ်။ သံဝေဂဆိုတာ ဒုက္ခကိုမြင်လို့ ဒုက္ခကိုကြောက်စိတ်ပါ။ ဒုက္ခဆင်းရဲတွေကို ဉာဏ်နဲ့ယှဉ်ပြီး ကြောက်လန့်တာမျိုးကို သံဝေဂဉာဏ်လို့ခေါ်ပါတယ်။ တရားဓမ္မအားထုတ်တဲ့အခါ သံဝေဂဉာဏ်မပါဘဲ တရားအားထုတ်နေရင် တရားနဲ့ဝေးနေပါလိမ့်မယ်။ သံဝေဂဉာဏ်နဲ့ကြည့်ပြီး ဒုက္ခပေးတဲ့ခန္ဓာ၊ အိုတဲ့ခန္ဓာ၊ နာတဲ့ခန္ဓာ၊ သေတဲ့ခန္ဓာလို့မြင်နေမှ တရားရပါလိမ့်မယ်။ ခန္ဓာကိုယ်ကြီးဟာ ကုန်ခန်းပျက်စီးခြင်းသဘောသာရှိတဲ့ ခန္ဓာပါ။ နဂိုမူလတုန်းက အင်အားတွေ အခုအချိန်မှာ ကုန်လာပါပြီ။ တစ်စတစ်စနဲ့ အသိဉာဏ်ပညာတွေ တဖြည်းဖြည်းနွေးကွေးလာခဲ့ပါပြီ။

အကြားအမြင်၊ အထိအတွေ့ အာရုံတွေလည်း တဖြည်းဖြည်းဆုတ်ယုတ်လာနေပါပြီ။ အပျက်ဆီကိုဦးတည်နေတာပါ။ ပျက်တော့မယ်လို့ပြနေတာပါ။ ဒီခန္ဓာကြီးနဲ့ တစ်ရက်လည်းမဟုတ်၊ တစ်လလည်းမဟုတ်၊ တစ်နှစ်လည်းမဟုတ်၊ နှစ်ပေါင်းများစွာ အတူနေလာကြတာတောင် ခန္ဓာကြီးက ပြတဲ့တရားကို မမြင်ကြတာ မကြည့်ကြလို့ပဲဖြစ်တယ်။ တရားမမြင်ကြတဲ့သူတွေကတော့ ဒီခန္ဓာကြီးကို အကြောင်းပြုပြီး လောဘတွေထွက်၊ ဒေါသတွေထွက်၊ မောဟတွေ ဖုံးလွှမ်းပြီး အကုသိုလ်တွေသာ တိုးပွား လာကြပါတယ်။ ကိုယ့်ကိုယ်ကိုယ် ချမ်းသာရာချမ်းသာကြောင်း ရှာဖွေရင်းနဲ့ပဲ ဒုက္ခရောက်ကြောင်းတွေ၊ လောဘ၊ ဒေါသ၊ မောဟတွေနဲ့ နေကြမယ်ဆိုရင် တရားနဲ့ဝေးကွာကြလိမ့်မယ်။

ရည်ညွှန်း-'ဓမ္မလမ်းပေါ်မှာ' ဓမ္မဒူတဒေါက်တာအရှင်ပညိဿရ

## PSAက အောင်ဇေယျာမင်း မိဘမဲ့ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းသို့ ငွေလှူ

သီဟ

ရန်ကုန်၊အောက်တိုဘာ - ၂၈

စင်ကာပူနိုင်ငံ ဆိပ်ကမ်းအာဏာပိုင်တွင် အလုပ်လုပ်လျက်ရှိကြသော PSA မြန်မာမိသားစုက ယခုလအတွက် အလှူငွေအား လှိုင်သာယာမြို့နယ် အလယ်ကြီးကျေးရွာရှိအောင်ဇေယျာမင်း မိဘမဲ့ပရဟိတ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းသို့ အလှူငွေကျပ်တစ်ဆယ့်ခြောက်သိန်းကို ဆဲဗင်းဒေးဂျာနယ်မှတစ်ဆင့် ပေးပို့လှူဒါန်းခဲ့သည်။

အဆိုပါ မိဘမဲ့ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းသည် သက်တမ်း ၅ နှစ်ပတ်ဝန်းကျင်ခန့်ရှိပြီဖြစ်ပြီး လက်ရှိတွင် ကျောင်းအိပ်ကျောင်းစား ကလေးငယ်ပေါင်း ၅၀၀ ကျော်ရှိကာ နေ့စဉ် ကျောင်းတက်လျက်ရှိသည့် ကျောင်းသား ၁၅၀၀ ကျော်ရှိကြောင်း သိရသည်။ ကျောင်းတွင် ဆရာ/မ ၃၂ ဦးရှိပြီး လက်ရှိတွင် ပဓာန နာယက ဆရာတော် ဘဒ္ဒန္တဇေယျာနန္ဒကဦးဆောင်အုပ်ချုပ်လျက်ရှိသည်။

## တရုတ်မသန်စွမ်းအနုပညာအဖွဲ့ လာရောက်ဖျော်ဖြေမည်

သီဟ


ရန်ကုန်၊အောက်တိုဘာ - ၂၅

အဖွဲ့ဝင်ပေါင်း ၃၉ ဦးပါဝင်သည့် တရုတ်နိုင်ငံမှ မသန်စွမ်း အနုပညာသည်အဖွဲ့ မြန်မာနိုင်ငံသို့ လာမည့် နိုဝင်ဘာ ၃နှင့် ၄ ရက်နေ့များတွင် ရန်ကုန်မြို့ အမျိုးသားကဇာတ်ရုံ၌ လာရောက်ဖျော်ဖြေမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါအဖွဲ့သည် လာရောက်ဖျော်ဖြေစဉ် ရရှိသည့် အကျိုးအမြတ်များအား မြန်မာနိုင်ငံရှိ မသန်စွမ်းအဖွဲ့အစည်းများသို့ ပြန်လည်လှူဒါန်းသွားမည်ဟု သိရသည်။

ကွမ်ရင်မယ်တော် လက်တစ်ထောင်အကဖြင့် အောင်မြင်မှုရရှိခဲ့သည့် အဆိုပါအဖွဲ့သည် ကမ္ဘာတစ်ဝန်းရှိ နိုင်ငံပေါင်း ၇၂ နိုင်ငံသို့ လှည့်လည်ဖျော်ဖြေခဲ့ပြီးဖြစ်ပြီး အဖွဲ့အား အလှတရား၏ တမန်တော်ဟု အမည်ပေးထားကြောင်းသိရသည်။

ယင်းအဖွဲ့သည် ယခုလ ၃၀ တွင် ရောက်ရှိမည်ဖြစ်ပြီး နိုဝင်ဘာ ၁ ရက်တွင် နေပြည်တော်၌ ဖျော်ဖြေမည်ဖြစ်သည်။ ရန်ကုန်တွင် ကျင်းပပြုလုပ်မည့် ဖျော်ဖြေပွဲများအတွက် လက်မှတ်တစ်စောင်လျှင် ကျပ်ငါးထောင်နှုန်းဖြင့် ရောင်းချမည်ဖြစ်ပြီး လက်မှတ်များအား စီးတီးမတ်ဆိုင်ခွဲများနှင့် အိုးရှင်းဆိုင်ခွဲများတွင် ဝယ်ယူရရှိနိုင်ကြောင်းသိရသည်။



အလှတရား၏ တမန်တော်အဖွဲ့ ဖျော်ဖြေစဉ်

## ထိုင်းရိုးရာမီးမျှောပွဲနှင့် မြန်မာ့ရိုးရာ တန်ဆောင်တိုင်ပွဲကျင်းပမည်

ယုဇနကိုကို

ရန်ကုန်၊ အောက်တိုဘာ - ၂၈

ထိုင်းရိုးရာ မီးမျှောပွဲနှင့် မြန်မာ့ရိုးရာ တန်ဆောင်တိုင်ပွဲတော်ကို လာမည့် နိုဝင်ဘာ ၁၀ရက် (တန်ဆောင်မုန်းလပြည့်) ညနေပိုင်းတွင် ရန်ကုန်မြို့၌ ကျင်းပသွားမည်ဖြစ်ကြောင်းသတင်းရရှိသည်။

ထိုပွဲတော်တွင် ထိုင်းရိုးရာဝတ်စားဆင်ယင်မှုများနှင့်ယှဉ်ပြိုင်ရမည့် ထိုင်းအလှမယ်ပြိုင်ပွဲ Miss Loy Krathong (ထိုင်းရိုးရာတန်ဆောင်တိုင်မယ်)၊ Krathong ထိုင်းပန်းလှေအလှဆင်ပြိုင်ပွဲတို့ကိုပါ ကျင်းပသွားမည်ဟုသိရသည်။

နှစ်စဉ်ကျင်းပမည့် အဆိုပါ ထိုင်းရိုးရာ မီးမျှောပွဲနှင့် မြန်မာ့ရိုးရာ တန်ဆောင်တိုင်ပွဲတော်ပြိုင်ပွဲများကို ရန်ကုန်မြို့၊ ချက်ထရီယမ်ဟိုတယ်တွင် အဆိုပါနေ့ ညနေ ၆ နာရီခွဲမှ ည ၉ နာရီခွဲအထိ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါပွဲကိုကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ ယဉ်ကျေးမှုချင်းနီးစပ်တူညီသည့် မြန်မာနှင့် ထိုင်းနှစ်နိုင်ငံတို့၏ ပွဲတော်များ၊ ဝတ်စားဆင်ယင်မှုများနှင့် အစားအသောက်များကို ယှဉ်တွဲဖော်ထုတ်ပြသလိုခြင်းကြောင့်ဟု ချက်ထရီယမ်ဟိုတယ်မှ သတင်းထုတ်ပြန်သည်။

Chatrium Loy Krathong & Ta Soung Daing Festival 2011 အမည်ရ အဆိုပါပွဲကို တက်ရောက်လိုသူများအနေဖြင့်ထိုဟိုတယ်၏ ညစာစားပွဲလက်မှတ်များကို ဝယ်ယူရမည်ဖြစ်ကြောင်းသတင်းရရှိသည်။

7 DAY NEWS JOURNAL
Vol.10, No.33 • NOVEMBER 3, 2011

## မျက်နှာဖုံး-အင်န်အယ်လ်ဒီပါတီ မှတ်ပုံတင် မတင် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပေါ်တွင်မူတည်မှ

၂၀၁၀ ရွေးကောက်ပွဲမတိုင် ခင်မတ်လက ပြဋ္ဌာန်းခဲ့သော နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေကို ပြန်လည်ပြင်ဆင်ဖြည့်စွက်သည့် ‘နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း’ကိုလက်ရှိကျင်းပနေသော လွှတ်တော်အစည်းအဝေးများတွင် လွှတ်တော်နှစ်ရပ်က ပြီးခဲ့သည့် အပတ်က သဘောတူအတည်ပြုပြီးဖြစ်သည်။ ထို့ကြောင့် နောက်ဆုံးအဆင့် နိုင်ငံတော်သမ္မတက သဘောတူပါက ထိုဥပဒေကြမ်းမှာ အသက်ဝင်လာတော့မည်ဖြစ်သည်။

“ဥပဒေကိုမကြည့်ရသေးလို့ မမြင်ရသေးလို့ မပြောသေးတာပါ”ဟု ဒေါ်အောင်ဆန်းစုကြည်က ပါတီမှတ်ပုံတင်၊ မတင်နှင့် ပတ်သက်၍ သတင်းထောက်များ၏ မေးမြန်းမှုကို ဆက်လက်ဖြေကြားခဲ့သည်။

အထက်ပါဥပဒေကြမ်းတွင် ပါဝင်သောအဓိကအချက်များတွင် ယခင်ဥပဒေဟောင်း၌ပါရှိခဲ့သောနိုင်ငံရေးပါတီဝင်များသည် ထောင်ဒဏ်ကျခံနေရသူများမဟုတ်ရဟူသောအချက်ကိုပယ်ဖျက်ခြင်း၊ ပါတီတစ်ခုသည် ရွေးကောက်ပွဲတွင် အနည်းဆုံး သုံးနေရာဝင်ပြိုင်ရမည်ဟူသော ကန့်သတ်ချက်ကို ရွေးကောက်ပွဲအပြီး တည်ထောင်သော ပါတီသစ်များနှင့် သက်ဆိုင်ခြင်းမရှိစေရဟု ပြင်ဆင်ခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ‘ထိန်းသိမ်းစောင့်ရှောက်ရမည်’ ဟူသော စကားရပ်အစား ‘လေးစားလိုက်နာရမည်’ဟူသော အချက်များပါဝင်သည်။

အောက်တိုဘာ ၂၉ရက်မှစ၍ အင်န်အယ်လ်ဒီပါတီ ပြန်လည်မှတ်ပုံတင်တော့မည်ဟု သတင်းများထွက်ပေါ်နေသည်။

ထို့အပြင် နေပြည်တော်တွင် ပထမဆုံး ကျင်းပမည့် Green Economy & Green Growth ဆွေးနွေးပွဲသို့ ဒေါ်အောင်ဆန်းစုကြည်တက်ရောက်မည်ဟုသတင်းထွက်ပေါ်နေသည်။ အဆိုပါအစည်းအဝေးသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်လည်း တက်ရောက်မည်ဟုသတင်းရရှိသည်။ ထိုဆွေးနွေးပွဲသို့ ဒေါ်အောင်ဆန်းစုကြည်ကို ဖိတ်ကြားထားပြီး တက်ရောက်ရန်များကြောင်းလည်း ထိုဆွေးနွေးပွဲဖြစ်မြောက်ရေးအတွက် ဆောင်ရွက်နေသူများထဲမှတစ်ဦးကပြောသည်။ဒေါ်အောင်ဆန်းစုကြည်မှာ နေပြည်တော်သို့ သွားရောက်ဖြစ်ပါက ဦးသိန်းစိန်နှင့် ဒုတိယအကြိမ်မြောက် တွေ့ဆုံမှုမှာဖြစ်မြောက်လာနိုင်ကြောင်း နိုင်ငံရေးလေ့လာသူများက သုံးသပ်နေကြသည်။

အစိုးရသစ်လက်ထက် ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးအောင်ကြည်တို့ စတုတ္ထအကြိမ်မြောက် တွေ့ဆုံဆွေးနွေးမှုအပြီး၊ ဦးအောင်ကြည်ကအောက်ပါအတိုင်းသတင်းထုတ်ပြန်ချက်ကို ဖတ်ကြားသည်။

“ယခင်ဆွေးနွေးမှုများအပေါ် နိုင်ငံတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးနေသည့် အခြေအနေ၊ တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် လွတ်လပ်စွာကုန်သွယ်ခွင့်၊ ကူးသန်းရောင်းဝယ်ခွင့်ရရှိရေးနှင့် လွတ်လပ်စွာ ငွေကြေးလည်ပတ်သုံးစွဲခွင့်ရရှိရေးတို့၏ အရေးကြီးမှုနှင့် ပတ်သက်၍ အမြင်ချင်း ဖလှယ်ဆွေးနွေးခဲ့ကြပါသည်။ ထို့အပြင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း များနှင့် ထာဝရငြိမ်းချမ်းရေးရရှိရန် နိုင်ငံတော်ကဆောင်ရွက်နေမှုများ၊ တိုးတက်ဖြစ်ထွန်းမှုအခြေအနေများနှင့် လွတ်ငြိမ်းချမ်းသာခွင့်ပေးသင့်သူများကိစ္စ တို့ကိုလည်း ဆွေးနွေးခဲ့ကြပါသည်”

ထိုသတင်းထုတ်ပြန်ချက်အရ တွေ့ဆုံဆွေးနွေးမှုတွင် ယခင်အကြိမ်များက မပါဝင်ခဲ့သော ငွေကြေးနှင့် ကုန်သွယ်ရေး စသည့် စီးပွားရေးဆိုင်ရာကိစ္စရပ်များကိုပါ ထည့်သွင်းဆွေးနွေးခဲ့ခြင်းဖြစ်သည်။ ဦးသိန်းစိန်အစိုးရလက်ထက်တွင် ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးအောင်ကြည်တို့မှာ ယခုနှစ် ဇူလိုင် ၂၅ရက်တွင် စတင်တွေ့ဆုံပြီး ဩဂုတ်လ ၁၂ရက်တွင်တစ်ကြိမ်၊ စက်တင်ဘာ ၃၀ ရက်တွင်တစ်ကြိမ်၊ ယနေ့တွင် တစ်ကြိမ်တွေ့ဆုံခြင်းဖြစ်သည်။ ထို့ကြောင့် ရက် ၁၀၀ အတွင်း လေးကြိမ်မြောက် တွေ့ဆုံခဲ့ခြင်းဖြစ်သည်။

ယုံကြည်ချက်ကြောင့်အကျဉ်းကျခံနေရသူများကို ထပ်မံလွှတ်ပေးရန်ရှိ၊ မရှိအမေးကို ဦးအောင်ကြည်က အောက်ပါအတိုင်းဖြေကြားသည်။

“ကျွန်တော်တို့က လုပ်ငန်းစဉ်တစ်ရပ်ကိုလုပ်တဲ့အခါမှာတစ်လှမ်းပြီးတစ်လှမ်း ဆောင်ရွက်တတ်တဲ့သဘာဝရှိပါတယ်။ အားလုံးသိတဲ့အတိုင်းပဲ ကျွန်တော်တို့ကစုံလည်း မခုန်ပါဘူး။ ရပ်လည်း မနေပါဘူး”

ဝမ်းနည်းကြေကွဲခြင်း
Senior Reporter
ဦးခင်ဇော်
အသက်(၅၂)နှစ် သည်
Inforithm-Maze

PATENT CAUTION
DIPTECH PTE. Limited, a company incorporated in SINGAPORE at 137, Cecil Street, #06-01, Singapore 069537, SINGAPORE change to DIPTECH PTE. Limited, a company incorporated in SINGAPORE at 143 Cecil Street, #08-01/02, GB Building, Singapore 069542, SINGAPORE is the Owner and Sole Proprietor of the following the title and description of the Patent :-

Production of Elastomeric Films

Reg: No.4/3805 /2010
Reg: No.4/10491/2011

In respect of : "The full description and detail mechanism of the Patent."
Fraudulent imitation or unauthorized use of the said Patent shall be dealt with according to law.
U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
www.mipadvocate.com
Ph : 371990 3.Nov.2011

(၁) Sale Supervisor
(၂) Sale Staff
Sales & Marketing
Monument Books & Toys

DYNAMIC ACADEMIC CENTRE
Foreign Banking
Professional English for Banking & Finance
Banking Products & Services, Bank Transactions, Investment
Foreign Customer
(Certificate of Accomplishment)
09 731 462 66, 09 509 3634, 09 430 208 10

## မျက်နှာဖုံး-အမျိုးသမီးတစ်ဦးက မိတ်ဆွေလုပ်ငန်းရှင်များထံမှ ကျပ်သိန်းနှစ်သောင်းကျော် လိမ်လည်တိမ်းရှောင်နေ မှ

ကတိကဝတ်စာချုပ်ချုပ် ဆိုထားသော်လည်း သတ်မှတ်ချိန်ကျော်လွန်သည့်တိုင် ပြန်လည်ပေးဆပ်ခြင်းမရှိဘဲ အကြောင်းအမျိုးမျိုးပြ၍ တိမ်းရှောင်နေခဲ့ကြောင်း ငွေချေးထားသော လုပ်ငန်းရှင်များထံမှ သိရသည်။

အောက်တိုဘာ ၃ရက်၌ အဆိုပါအမျိုးသမီး၏ မိခင်နှင့် ခင်ပွန်းဖြစ်သူက သူမသည် ကျန်းမာရေးအခြေအနေဆိုးရွားနေ၍ ဒဂုံမြို့သစ်ရှိပုဂ္ဂလိကဆေးရုံကြီးတစ်ခုတွင် တက်ရောက်နေသဖြင့် ဆေးရုံမှဆင်းလာသည့်အခါ ပြေလည်အောင် ရှင်းလင်းဆောင်ရွက်ပေးပါမည်ဖြစ်ကြောင်း ပြောကြားခဲ့ခြင်းကြောင့် ငွေကြေးဆုံးရှုံးသူများက စောင့်ဆိုင်းနေခဲ့ကြသည်ဆိုသည်။

သို့သော် အောက်တိုဘာ ၅ရက်တွင် ဆေးရုံမှ တိတ်တဆိတ်ဆင်း၍ ထွက်ပြေးတိမ်းရှောင်သွားပြီး ၎င်းတို့၏ နေအိမ်၊ စက်ရုံ၊ ရုံးခန်းနှင့် ၎င်းတို့ရှိနိုင်မည့် နေရာများသို့ လိုက်လံစုံစမ်းရှာဖွေကြသော်လည်း ဇနီးမောင်နှံနှစ်ဦးအား လုံးဝမတွေ့ရှိရသည့်အတွက် ငွေသိန်းပေါင်းများစွာ နစ်နာဆုံးရှုံးနေကြောင်း တစ်ဦးတည်းကျပ်သိန်း ၁,၉၀၀ ငွေချေးပေးထားသော လုပ်ငန်းရှင်တစ်ဦးကပြောသည်။

“အစ်ကိုနဲ့ သိတာ နှစ် ၂၀ကျော်ပြီ။ အခုမှပေးမိတာပါ။ စက်တင်ဘာလထဲမှာ ငွေချေးလိုက်တဲ့သူအများစုပါသွားတာပေ့ါ။ ရဲစခန်းမတိုင်တဲ့သူတွေလည်းရှိတယ်။ အစ်ကို့အသိထဲမှာ ကျပ်သိန်းငါးရာပါသွားတဲ့ နှစ်ယောက်နဲ့ ကျပ်သိန်းရှစ်ရာပါသွားတဲ့ တစ်ယောက်က မတိုင်ထားဘူး။ ကလေးနှစ်ယောက် ကျန်ခဲ့တယ်။ အခုပြည်တွင်းမှာပဲ ရှိနေတုန်းပဲ။ လေဆိပ်တွေဘာတွေလည်းပိတ်ထားတယ်။ သမ္မတဆီလည်းစာတင်ထားတယ်။ အခု ကားလုပ်ငန်းတွေအတွက်သုံးမယ်ပြောပြီးယူတာ”ဟုအထက်ပါပုဂ္ဂိုလ်ကပြောသည်။

ငွေချေးပေးသူများတွင် ရွှေလုပ်ငန်းလုပ်ကိုင်သူ၊ ဗေဒင်ဆရာတစ်ဦး၏ဇနီး၊ ပညာရေးဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်သူတို့ပါဝင်ခဲ့ပြီး သက်ဆိုင်ရာ မြို့နယ်ရဲစခန်းများတွင် တိုင်ကြားထားသူများ၏ စုစုပေါင်း ငွေကြေးမှာ ကျပ်သိန်း ၂၃,၆၇၀အထိရှိသည်။ အလိမ်ခံရသူတစ်ဦးလျှင် ကျပ်သိန်း ၈၀၀ မှ ကျပ်သိန်း ၇,၆၂၀ ထိ ဆုံးရှုံးခဲ့သူများရှိကြောင်းသိရသည်။

“အစ်မအမျိုးသားနဲ့ ငယ်ငယ်ကတည်းကသူတို့ရင်းနှီးနေကြတာပါ။ အဲလိုလုပ်လိုက်မယ်လို့ လုံးဝမထင်ထားဘူး။ အိမ်ပေါင်ပြီး ပေးထားတာပါ”ဟု ကျပ်သိန်း ၄,၂၅၀ ဆုံးရှုံးထားသော အမျိုးသမီးတစ်ဦးက ပြောသည်။

ငွေကြေးကျပ်သိန်းနှစ်သောင်းကျော်ရယူပြီး တိမ်းရှောင်နေသော အမျိုးသမီးနှင့် စီးပွားရေးအရသော်လည်းကောင်း၊ လူမှုရေးအရသော်လည်းကောင်း ပတ်သက်ဆက်နွှယ်နေသူများသည် တရားဥပဒေနှင့်အညီသာ ဖြေရှင်းကြရန်၊ မိဘများအား ဥပဒေမဲ့ တောင်းဆိုခြင်းမပြုရန်၊ မည်သူမဆို သူမအား အကြောင်းပြု၍ မိဘများ၏ စီးပွားရေး၊ လူမှုရေးဂုဏ်သတင်းအပါအဝင် ကိုယ်စိတ်နှစ်ပါး ထိခိုက်နစ်နာစေရန် ပြုလုပ်ခဲ့ပါက တရားမကြောင်း ပြစ်မှုကြောင်းများအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သမီးအဖြစ်မှလည်း အမွေပြတ်စွန့်လွှတ်ပြီးဖြစ်ကြောင်းနှင့် မိဘများနှင့် သက်ဆိုင်မှုမရှိကြောင်း ထိုအမျိုးသမီး၏ မိဘများက အများသိစေရန် ကြေညာချက်ကို အောက်တိုဘာ ၁၇ထုတ်ကြေးမုံသတင်းစာတွင် ဖော်ပြထားသည်။

## မျက်နှာဖုံး – နယ်စပ်မှဝင်ရောက်လာသော လိုင်စင်မဲ့ယာဉ် ၂၄ စီးအားဖမ်းဆီးထားမှ

ဩဂုတ် ၃၀ရက်မှစ၍ ကျိုက်ထိုမြို့နယ် မုပ္ပလင်ကျေးရွာ၌ မွန်ပြည်နယ်ရဲတပ်ဖွဲ့သည် မှုခင်းတပ်ဖွဲ့၊ သတင်းတပ်ဖွဲ့၊ အထူးစုံစမ်းရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူးရုံး ကျေးရွာအုပ်ချုပ်ရေးအဖွဲ့နှင့်အရန်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းပါဝင်သောအဖွဲ့သည် စစ်ဆေးရေးဂိတ်ဖွင့်လှစ်၍ အရေးယူမှုများ ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂၁ ရက်အထိ ပိုင်ရှင်မဲ့ယာဉ်ငါးစီးအပါအဝင် လိုင်စင်မဲ့ယာဉ် ၂၄ စီးအား ဖမ်းဆီးအရေးယူခဲ့ကြောင်းသိရသည်။

“ဖမ်းဆီးထားတဲ့ယာဉ်တွေထဲမှာပါတဲ့ပိုင်ရှင်မဲ့ဆိုတာက သတင်းရလို့ ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူးကိုယ်တိုင်နယ်မြေထဲမှာ ဖမ်းဆီးရမိတာပါ။ ဂိတ်တွေကိုဖြတ်လို့မရတော့ ကားတွေကို တောထဲမှာဝှက်ပြီး လူက ရှောင်သွားကြတယ်။ ကျန်တဲ့ကားတွေကတော့ ယာဉ်ပိုင်ရှင်နဲ့ ယာဉ်မောင်းကိုသွင်းကုန်ထုတ်ကုန်(ယာယီ)အက်ဥပဒေပုဒ်မ ၅(၁)/၅(၃)နဲ့ သိမ်ဇရပ်ရဲစခန်းမှာ အမှုဖွင့်ထားပါတယ်။ ဟိုရက်တွေတုန်းကဂိတ်ရှိမှန်းမသိလို့ လိုင်စင်မဲ့ ကားတွေ အလာများပေမယ့် ခုနောက်ပိုင်းတော့ အလာအတော် ကျဲသွားပါတယ်”ဟု မုပ္ပလင်စစ်ဆေးရေးဂိတ်မှ တာဝန်ရှိသူတစ်ဦးကရှင်းပြသည်။

# Health

7 DAY NEWS JOURNAL

Vol.10, No.33 • NOVEMBER 3, 2011



## ပူပြင်းသည့်ရာသီဥတုနှင့် ကလေးငယ်များ၏ ကျန်းမာရေး

သီဟ

ယခုရက်ပိုင်းအတွင်း ပြင်းပြင်းထန်ထန်ပူပြင်းသည့် ရာသီဥတုနှင့် လူအများရင်ဆိုင်လျက်ရှိကြရာ ကလေးငယ်များသည် လူကြီးများလို မဟုတ်ဘဲ ရာသီဥတုဒဏ်ခံနိုင်ရည် နည်းပါးလေ့ရှိကြသဖြင့် ယခု ကဲ့သို့ အပူချိန်ပြင်းထန်သည့် ရာသီတွင် ကလေးငယ်များအား ပြင်ပရာသီဥတုကြောင့် ဘေးဥပါဒ်မဖြစ်စေရန် သတိထားစောင့်ရှောက်သင့်ကြောင်း ကျန်းမာရေးပညာရှင်များကပြောသည်။

ကလေးငယ်များတွင် ယခုရက်ပိုင်းအတွင်း ပြင်ပအပူချိန်ကြောင့် ကိုယ်အပူချိန်မြင့်တက်နိုင်သလို ဖျားနာခြင်းကြောင့် ကိုယ်အပူချိန်မြင့်တက်ခြင်းလည်း ဖြစ်ပွားနိုင်ပြီး ပြင်ပအပူချိန်ကြောင့် ကိုယ်အပူချိန်မြင့်တက်ခြင်း ပိုမိုဖြစ်ပွားနိုင်ကြောင်း သိရသည်။

ထို့အပြင် ယခုရက်ပိုင်းအတွင်း၌ပင် ချောင်းဆိုး၊နှာစေးနှင့် ဖျားနာခြင်းတို့လည်း တစ်ဖန်ပြန်လည်ဖြစ်ပွားမှု များလာသဖြင့် မိဘများအနေဖြင့် ပြင်ပအပူချိန်ကြောင့် ကိုယ်အပူချိန်မြင့်တက်ခြင်းနှင့်မှားယွင်းနိုင်ကြောင်းလည်း သိရသည်။

ထို့ကြောင့် မည်ကဲ့သို့သော အကြောင်းကြောင့်ဖြစ်စေ ကလေးငယ်များတွင် ကိုယ်အပူချိန် မြင့်တက်လာပါက ကိုယ်အပူချိန် ၁၀၂ ဒီဂရီစင်တီဂရိတ်နှင့်အထက်ဖြစ်မည် ဖျားနာသည့် ပထမနေ့ဖြစ်မည်ဆိုပါက ကလေးငယ်များတွင် တက်သည့်အန္တရာယ်နှင့် ရင်ဆိုင်ရဖွယ်ရှိကြောင်း ကလေး အထူးကုဆရာဝန်ကြီး တွဲဖက်ပါမောက္ခဒေါက်တာယုဇနစောမြင့်က ပြောသည်။

ထို့ကြောင့် အသက်ခြောက်လမှ ငါးနှစ်ကြားကလေးငယ်များ ကိုယ်အပူချိန်မြင့်တက်လာပါက ယခင်ကကဲ့သို့ ထွေးထုတ်ထားခြင်း၊ အခန်းအတွင်း၌ တံခါးအလုံပိတ်ထားခြင်းများ မပြုလုပ်သင့်ဘဲ ချောင်ချောင်လည်လည် ပွပွရွရွ အဝတ်အစားများဝတ်ပေးခြင်းတို့ ပြုလုပ်ရမည်ဖြစ်ကြောင်း သိရသည်။

စာ(၁၄)သို့

## ကော်ဖီသောက်ခြင်းကြောင့် အရေပြားကင်ဆာ ဖြစ်နိုင်ခြေနည်းဟုဆို

**ဘော့စတွန်၊ အောက်တိုဘာ - ၂၆**

ကော်ဖီသောက်သုံးမှုများပြားသော လူများသည် အရေပြားကင်ဆာရောဂါဖြစ်နိုင်ခြေ ပိုမိုနည်းပါးကြောင်း အမေရိကန် လေ့လာမှု တစ်ခုက ဖော်ပြလိုက်သည်။

ဘော်စတွန်မှ ဟားဗတ်ဆေးပညာကျောင်းနှင့် အမေရိကန် အမျိုးသမီးဆေးရုံတို့မှ ပညာရှင်များ၏ ပူးပေါင်းလေ့လာမှုတွင် "ကော်ဖီသောက်သုံးမှုဟာ အခြေခံကင်ဆာဆဲလ်အကျိတ်တွေ တားဆီးဟန့်တားရေးကို အကူအညီပေးကောင်းပေးနိုင်မှာပါ" ဟုသုတေသနကို ဦးဆောင်သည့်ပညာရှင် ဖန်ဂျူဆောင်းက ပြောသည်။

Basal Cell Carcinoma (BCC) ဟုခေါ်သည့် ယင်းအခြေခံ ကင်ဆာဆဲလ်များသည် ဖြစ်ပွားသမျှ အရေပြားကင်ဆာရောဂါများ၏ ၇၅ ရာခိုင်နှုန်းတွင်ပါဝင်နေသော ကြီးထွားမှုနှုန်းနှေးသည့် အရေပြားကင်ဆာတစ်မျိုးဖြစ်သည်။ သုတေသီများက တစ်နေ့ ကော်ဖီ သုံးခွက်သောက်သုံးလေ့ရှိသော အမျိုးသမီးများသည် BCC ဖြစ်ပွားနိုင်ခြေ ၂၀ ရာခိုင်နှုန်းလျော့နည်းကြောင်း၊ ယင်းပမာဏအတိုင်းသောက်သည့် အမျိုးသားများတွင်မူ ရောဂါဖြစ်နိုင်ခြေ ကိုးရာခိုင်နှုန်း လျော့နည်းကြောင်းဆိုသည်။

ယခုသုတေသနကိုအမေရိကန်ကင်ဆာသုတေသနအသင်း နိုင်ငံတကာညီလာခံ၌ ဖော်ပြခဲ့ပြီးပညာရပ်ဂျာနယ်များတွင် ပုံနှိပ်ရခြင်း မရှိသေးကြောင်း သိရသည်။ —Ref: Xinhua

## အလှပျက်စေတဲ့ အဆီပုံများ



ဝတ်ရည်

အမျိုးသမီးများသည် လူအများကြားတွင်အလှအပနှင့် ယုံကြည်မှုရှိစွာရပ်တည်နိုင်ရန် အများအားဖြင့် မိမိ မျက်နှာပြင်အား တတ်နိုင်သည့် နည်းအမျိုးမျိုးဖြင့် လှပကြည့်ကောင်းစေရန် ကြိုးစားကြလေ့ရှိသည်။

သို့သော် အလှအပဟူသည် မျက်နှာပြင်တစ်ခုတည်း လှပနေစေရန်မဟုတ်ဘဲ ကျန်းမာသော ခန္ဓာကိုယ်တစ်ခုပါ ပိုင်ဆိုင်လျှင် ပိုမိုပြီးပြည့်စုံသော အလှတစ်ခုအားပိုင်ဆိုင်နိုင်မည်ဖြစ်သည်။

လူတစ်ဦးသည် တဖြည်းဖြည်း ပြည့်လာသောခန္ဓာကိုယ်နှင့်အတူ အများအားဖြင့် အဆီစုလာသောဝမ်းဗိုက်ကြောင့်စိတ်ရှုပ်ထွေးလေ့ရှိကြသော်လည်း ထိုကဲ့သို့အဆီစုပြီး ဗိုက်ပူခြင်းမရှိစေရန် ကြိုတင်ကာကွယ်နိုင်သည့် အကြောင်းများကိုမူ လိုက်နာမှုနည်းပါးလေ့ရှိကြသည်။

အဆီဆိုသည်မှာ အရေပြားအောက်တွင်ဖြစ်ပေါ်စုသောအဆီနှင့် ဝမ်းတွင်းတွင်စုသော အဆီဟူ၍ရှိပြီး အရေပြားအောက်တွင် စုသော အဆီသည် ကိုယ်ခန္ဓာအချိုးအဆလှပမှုကို ဖြစ်ပေါ်စေနိုင်ကြောင်း ဒေါက်တာလှိုင်စိုးဝယ်က ပြော သည်။

"အဆီရှိရမယ့်နေရာတွေမှာ အဆီမရှိရင်လည်း မလှပနိုင်သလို အဆီတွေများလာရင်လည်း လက်မောင်းတွေ၊ ပေါင်တွေကြီးလာမယ်။ မျက်နှာတွေပြဲလာမယ့်အပြင် အဆိုးဆုံးကတော့ ဗိုက်အရေပြားမှာ အဆီစုပြီး ကြည့်မကောင်းဖြစ်လာတာပါပဲ"ဟု အဆိုပါ ဆရာဝန်ကပြောကြားသည်။

ဝမ်းတွင်းတွင် များပြားလာသောအဆီများကြောင့်လည်းဗိုက်ပူလာစေပြီး ထိုကဲ့သို့ဗိုက်ပူခြင်းသည် အပေါ်ယံမြင်ရသည့် လက္ခဏာဖြစ်၍ ခန္ဓာကိုယ်အတွင်းပိုင်းရှိ ကလီစာများပတ်လည်တွင် အဆီများလာခြင်းကြောင့် သွေးတိုးနှလုံးရောဂါ၊ လေဖြတ်ရောဂါ၊

စာ(၃၀)သို့



7DAY NEWS JOURNAL
Vol.10, No.33 · NOVEMBER 3, 2011

# ဂီရိမုန်တိုင်းသင့်ဒေသများအတွက် သောက်သုံးရေသန့်ရရှိရေး ပြန်လည်စတင်ရန်စီစဉ်

မြတ်စုမွန်

ရန်ကုန်၊ အောက်တိုဘာ- ၂၆

မုန်တိုင်းတိုက်ခတ်ခဲ့သည်မှာ တစ်နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည့် ဂီရိမုန်တိုင်းဒဏ်သင့်ဒေသများတွင် သောက်သုံးရေသန့်ရရှိရေးစီမံချက်များအားလာမည့် ၂၀၁၂ခုနှစ်ဆန်းပိုင်းတွင်ပြန်လည်စတင်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ပြည်တွင်း အင်န်ဂျီအိုတစ်ခုဖြစ်သည့် လူမှုဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ ဥက္ကဋ္ဌ ဒေါက်တာခင်မောင်ဝင်းကပြောသည်။

“လာမယ့်မိုးမကျခင်ကာလမှ ၁ ဆက်လုပ်ဖို့လျာထားပါတယ်။ ကျွန်တော်တို့ပြန်လည်ထူထောင်ရေးလုပ်ခဲ့တဲ့ မြို့နယ်တွေကိုပြန် သွားပြီး ရေလိုအပ်မှု ဆန်းစစ်မှုတွေကို လုပ်သွားမှာပါ။ အလှူရှင်အဖွဲ့အစည်းတွေကိုလည်း အကူအညီတောင်းခံထားတယ်”ဟု ဒေါက်တာဦးခင်မောင်ဝင်းကပြောသည်။

အဆိုပါ သောက်သုံးရေသန့်ရရှိရေး စီမံချက်ကို ကျောက်ဖြူ၊ မြေပုံနှင့် စစ်တွေမြို့များတွင် အဓိက ပြုလုပ်သွားမည်ဖြစ်ပြီး၊ ရေလိုအပ်ချက်များ ရှိနေသေးကြောင်း၊ ဒေသအုပ်ချုပ်ရေးမှူးများ၏ ထောက်ပြအကူအညီ တောင်းခံမှုများရှိသည့် အခြားသော ဒေသများတွင်လည်း စီမံချက်ပြုလုပ်သွားရန် အစီအစဉ်ရှိကြောင်း အထက်ပါပုဂ္ဂိုလ်ကပြောသည်။

ရခိုင်ကမ်းရိုးတမ်းဒေသ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့မှ ဒုတိယဥက္ကဋ္ဌဦးမောင်မောင်သိမ်းဖေက “ပြည်တွင်းပြည်ပအင်န်ဂျီအိုတွေကို အကြံပြုချင်တာက စီမံချက်ရေးဆွဲကို ရွေးမယ်ဆိုရင် ရခိုင်ဒေသခံတွေက ရခိုင်ပြည်အကြောင်းကို အသိဆုံးဖြစ်တဲ့အတွက် ဒေသခံတွေကို အကူအညီတောင်းပါ။ အစိုးရဌာနတွေကရတဲ့ စာရင်းဇယားတွေကိုချည်း မယူပါနဲ့။ ဒေသခံတွေရဲ့အသံကို နားထောင်ပြီးအလုပ်လုပ် သင့်ပါတယ်။ ဘာ ကိစ္စကိုပဲ လုပ်လုပ်ဒေသခံတွေကိုခေါ်ပြီး စနစ်တကျ သင်တန်းပေးပြီး တွဲလုပ်သင့်ပါတယ်”ဟု အကြံပြုပြောကြားသည်။

ထို့ပြင် ရခိုင်ပြည်နယ်သည် နှစ်စဉ် သဘာဝဘေးအန္တရာယ်ကျရောက်တတ်သော ကမ်းရိုးတန်းဒေသတစ်ခုဖြစ်သည့်အတွက် သဘာဝဘေးဒဏ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ကြိုတင်လုပ်ဆောင်ထားရန် လိုအပ်နေသောဒေသတစ်ခုဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

“ဂီရိမုန်တိုင်းတိုက်ခတ်ပြီးတဲ့ နောက်ပိုင်းမှာ လူမှုရေးအဖွဲ့အစည်းတော်တော်များများ ဝင်လိုက်တော့ ဒေသခံတွေက ရနိုးရနိုးနဲ့ မျှော်ကြတယ်။ ဒါပေမဲ့ ထင်သလောက်အကူအညီတွေ မရတဲ့အခါ ဒီအတိုင်း ငုတ်တုတ်ထိုင်နေလို့မရတော့ ကိုယ့်ဘာသာကိုယ်ပြန်ထကြရတယ်။ တချို့ အဖွဲ့အစည်းတွေက ဒုက္ခသည်တွေကို ကူညီဖို့ထက် ကိုယ့်အဖွဲ့အစည်းရပ်တည်နိုင်ဖို့အတွက် လုပ်နေကြတယ်လို့မြင်မိတယ်။ ဒါကဒေသခံတွေရဲ့ မူလရှိနေတဲ့စိတ်ဓာတ်ကိုပျက်သွားစေတယ်”ဟုဦးမောင်မောင်သိမ်းဖေက ဂီရိမုန်တိုင်းတိုက်ခတ်ပြီးနောက် ကြုံတွေ့ခဲ့ရသည့် အချို့လူမှုရေးအဖွဲ့များနှင့်ပတ်သက်သည့် သင်ခန်းစာယူစရာများအကြောင်းကို ဆက်လက်ပြောကြားသည်။

# နေ့စဉ် ဆေးလိပ်သောက်ခြင်းနှင့် စိတ်ကျရောဂါ ဆက်စပ်နေ

အိုတာဝါ၊

အောက်တိုဘာ - ၂၅

ယခင်က စိတ်ကျရောဂါဖြစ်ဖူးခြင်း၊ ဆေးလိပ်သောက်ခြင်းနှင့် မိမိဘဝကို ထိန်းချုပ်နိုင်မှုနည်းပါးခြင်းတို့ကြောင့် နောက်ထပ်စိတ်ကျဝေဒနာဖြစ်နိုင်ခြေအတွက် အန္တရာယ်ရှိကြောင်း ကနေဒါသုတေသီများက ပြောသည်။

အိုတာဝါတက္ကသိုလ်မှ ဒေါက်တာအီယန်ကိုးလ်မင်းနှင့် အဖွဲ့က ရေရှည်တွင် စိတ်ကျရောဂါဖြစ်နိုင်သည့် အကြောင်းအရာများကိုဖော်ထုတ်ခဲ့ခြင်းဖြစ်သည်။

၂၀၀၀- ၂၀၀၁ ခုနှစ်ကာလအတွင်း စိတ်ကျရောဂါခံစားရသူပေါင်း ၅၈၅ ဦး၏ အချက်အလက်များကို ခွဲခြမ်းစိတ်ဖြာလေ့လာခဲ့ရာတွင် လူနာထက်ဝက်ကျော်သည် ခြောက်နှစ်အတွင်း စိတ်ကျရောဂါ ခံစားခဲ့ရကြောင်း တွေ့ရှိခဲ့သည်။ ၎င်းလူနာများမှာ ပျမ်းမျှအသက် ၃၈ ဒသမ ၅ နှစ်ရှိ၍ အလယ်အလတ်နှင့် ဝင်ငွေကောင်းသူ ၈၂ ရာခိုင်နှုန်းပါဝင်သည်။

အသက်၊ ဝင်ငွေနှင့် ကျား၊ မလိင်ကွဲပြားမှုများမှာ အနာဂတ် စိတ်ကျရောဂါ အခြေအနေများနှင့်ဆက်စပ်မှု မရှိဘဲ ဆေးလိပ်နေ့စဉ်သောက်ခြင်းနှင့် မိမိဘဝကို ထိန်းချုပ်နိုင်မှုနည်းပါးခြင်းတို့ကသာ ရေရှည်တွင် စိတ်ကျရောဂါခံစားရမှုနှင့် ဆက်စပ်ကြောင်း သုတေသီများက တွေ့ရှိခဲ့သည်။ မိမိဘဝကို ထိန်းချုပ်နိုင်သော အခြေအနေပိုများလာပါက နောက်ထပ်စိတ်ကျရောဂါဝေဒနာ မဖြစ်စေရန်ကာကွယ်ပေးနိုင်ကြောင်းလည်း သုတေသီများက တွေ့ရှိခဲ့သည်။ ယခုတွေ့ရှိချက်များကို ကနေဒါဆေးပညာ အစည်းအရုံး ဂျာနယ်တွင် ဖော်ပြထားသည်။

—Ref: UPI

## စာ-၁၃၊ ပူပြင်းသည့်ရာသီဥတုနှင့် ကလေးငယ်များ၏ ကျန်းမာရေး မှ

ထို့အပြင် ကလေးငယ်အားရေပတ်ရွဲရွဲတိုက်ပေးခြင်းနှင့်ကလေး၏အခန်းအား လေဝင်လေထွက် ကောင်းစေရန်ပြုလုပ်ပေးခြင်း၊ လေအေးပေးစက်တပ်ဆင်ထားသည့်အခန်းဖြစ်ပါက လေအေးပေးစက်အား အနေတော်ဖွင့်ထားပေးခြင်းမျိုး ပြုလုပ်ထားပေးသင့်ကြောင်း သိရသည်။

အပူချိန်သည် များရာမှနည်းရာသို့ စီးဆင်းတတ်သည့် အလေ့အထရှိသည့်အတွက် အခန်းအပူချိန်သည် ကလေးအပူချိန်ထက် လျော့နည်းနေစေရန် လိုအပ်ကြောင်းဒေါက်တာယုဇနစောမြင့်ကပြောသည်။

ကလေးငယ်များအား နေပြင်းသည့်အချိန်တွင်ပြင်ပသို့ခေါ်ဆောင်သွားလိုသည့် ကိစ္စများရှိပါက ချည်ထည်ပွပွများကိုသာဝတ်ဆင်ပေးသင့်ပြီး အသားအရေနှင့်မတည့်သည့် အထည်သားများ၊ အသားကပ်အထည်များ ဝတ်ဆင်ပေးခြင်းကို မပြုလုပ်သင့်ကြောင်း သိရသည်။

“အပြင်ပဲထွက်ထွက်၊ အိမ်မှာ ပဲနေနေ ကလေးသက်သောင့်သက်သာဖြစ်တဲ့အဝတ်အစားမျိုးကို ဝတ်ပေးသင့်တယ်။ အဓိကက ချည်သားလည်းဖြစ်ရမယ် ပွပွနဲ့ ချောင်ချောင်လည်းဖြစ်ရမယ် အဲဒါဆို ကလေးအတွက် ကိုယ်အပူချိန်ကျဖို့ရော ရာသီဥတုပူတာကို သက်သာဖို့ရောအသုံးဝင်ပါတယ်” ဟု ဒေါက်တာယုဇနစောမြင့်က ပြောသည်။

ရာသီဥတုပူပြင်းချိန်တွင် ကလေးငယ်များအတွက် အရည်ဓာတ်သည် သာမန်အချိန်များထက် ပိုလိုအပ်သဖြင့် ထိုအချိန်များတွင် ကလေးငယ်များအား ရေတိုက်ခြင်း၊ စွပ်ပြုတ်တိုက်ခြင်း၊ နွားနို့တိုက်ခြင်း၊ လတ်ဆတ်သည့် သစ်သီးဖျော်ရည်များတိုက်ကျွေးခြင်းတို့ ပြုလုပ်သင့်ကြောင်း သိရသည်။

ထို့အပြင် ကလေးငယ်တွင် ချွေးအထွက်များသည်ကို တွေ့ရှိရပါက ဓာတ်ဆားရည်ကိုပါ တိုက်ကျွေးသင့်ကြောင်း သိရသည်။

အလားတူ ရာသီဥတုပူပြင်းချိန်တွင် အခြားသတိပြုရမည့် အချက်တစ်ခုမှာ ကလေးငယ်များအား Diaper အသုံးပြုပေးခြင်းပင်ဖြစ်သည်။

ယခုရာသီဥတုမှာ ဝမ်းပျက်အဖြစ်များသည့် ရာသီဥတုလည်းဖြစ်သဖြင့် ကလေးငယ်များအား အပြင်ခေါ်သွားချိန်တွင် Diaper ဝတ်ပေးထားခြင်းသည် ပြဿနာမရှိသော်လည်း အချိန်တိုင်းတွင်Diaper ဝတ်ပေးထားခြင်းသည် မသင့်တော်ကြောင်း သိရသည်။

ရာသီဥတု ပူပြင်းချိန်တွင် Diaper အချိန်ပြည့်ဝတ်ဆင်ပေးထားပါက ကလေးငယ်၏အောက်ပိုင်းလှောင်ပိတ်နေကာ ချွေးပေါက်များပိတ်၍ အနာများဖြစ်လာနိုင်ကြောင်း သိရသည်။

အလားတူ Diaper ကြောင့် အနာဖြစ်စေသည့် နောက်တစ်မျိုးမှာ အချို့ကလေးငယ်များသည့် Diaper ကြောင့်အလာဂျီဖြစ်ကာ ယားယံလာပြီး Diaper ချွတ်ပေးလိုက်ချိန်တွင် ကုတ်သည့်ဒဏ်ရာများကြောင့်လည်း အနာများဖြစ်ပွားတတ်ကြောင်း သိရသည်။

ထို့အပြင် အသုံးပြုသည့် Diaper သည်လည်းစုပ်အားကောင်းသည့် အမျိုးအစားဖြစ်သင့် ပြီး အချိန်မှန်လဲလှယ်ပေးရန်လည်း လိုအပ်ကြောင်း သိရသည်။

ကလေးငယ်များအား ပြင်ပသို့ခေါ်ဆောင်သွားရာတွင်လည်း မွေးကင်းစမှနှစ်လအတွင်းကလေးငယ်များအား တတ်နိုင်ပါကမည်သည့်နေရာကိုမှ ခေါ်သွားရန် မသင့်ကြောင်း ဒေါက်တာယုဇနစောမြင့်ကပြောသည်။

မလွှဲမရှောင်သာ၍ ပြင်ပသို့ခေါ်ဆောင်သွားရမည်ဆိုပါကလည်း ပြင်ပမှ လေနှင့်နေရောင်ခြည်မထိစေရန်ဖုံးဖိသွားရန် လိုအပ်ကြောင်း သိရသည်။


နှစ်လထက်ကျော်လွန်သည့် ကလေးငယ်များအားပြင်ပသို့ခေါ်ဆောင်သွားမည်ဆိုပါကလည်း ဦးထုပ်မဖြစ်မနေ ဆောင်းပေးရန် လိုအပ်ပြီး နေရောင်ခြည်မထိစေရန်အတွက် အကျီလက်ရှည်၊ ဘောင်းဘီရှည်များဝတ်ပေးထားရန် လိုအပ်ကြောင်း သိရသည်။ ထို့အပြင် ကလေးအသားအရေနှင့် သင့်တော်မည့် Baby Lotion လည်း လိမ်းပေးရန် လိုအပ်ကြောင်း သိရသည်။

ဆော့ကစားတတ်သည့် အရွယ်သို့ရောက်လာပါကလည်း ကလေးငယ်ဆော့ကစားနေသောနေရာသည် နေရောင်နှင့် တိုက်ရိုက် ထိတွေ့နေသည့် နေရာမျိုးမဖြစ်မနေစေရန် ဂရုပြုစောင့်ကြည့်ရန်လိုအပ်သည်ဟု သိရသည်။

ကလေးကြီးပြင်းလာသည်နှင့်အမျှ ရာသီဥတုဒဏ်ကို ခံနိုင်ရည် ပိုမိုရရှိလာမည်ဖြစ်သော်လည်း ငါးနှစ်အောက်ကလေးများတွင် ရာသီဥတုဒဏ်ကို ခံနိုင်ရည်နည်းပါးသည့်အတွက် ဂရုစိုက်ရန်လိုအပ်ပြီး ထို့ထက်ပို၍ တစ်နှစ်အောက်ကလေးများသည်ပို၍ဂရုစိုက်ရန်လိုအပ်ကြောင်း ဒေါက်တာယုဇနစောမြင့်ကပြောသည်။

ထို့ကြောင့် မိမိတို့၏ ကလေးငယ်များအား ရာသီဥတုနှင့် လိုက်ဖက်ညီသည့် အဝတ်အစား၊ အနေအထိုင်များမှန်ကန်စေရန်အတွက် မိဘများအနေဖြင့် ဂရုပြုစောင့်ရှောက်ရန် အထူးလိုအပ်ကြောင်း ပညာရှင်များကပြောသည်။



Regional

7 DAY NEWS JOURNAL

Vol.10, No.33 • NOVEMBER 3, 2011

# ရွှေချောင်းတွင် မျောပါပျောက်ဆုံးနေသူများအတွက် ကူညီထောက်ပံ့သည့်ပစ္စည်းများဖြင့် ပြန်လှူသူများပြား

မျိုးမင်းဦး

မုံရွာ၊
အောက်တိုဘာ- ၂၉

ပခုက္ကူမြို့ရွှေချောင်းရေဖြင့်အောက်တိုဘာလ ၂၀ ရက် နံနက်ပိုင်းတွင် မျောပါပျောက်ဆုံးနေသူများအတွက် ရည် စူး၍ ကယ်ဆယ်ရေးစခန်းများမှ ပေးဝေသည့် ကူညီထောက်ပံ့ ပစ္စည်းများဖြင့် ပြန်လည်အလှူဒါနပြုသူ ပိုမိုများပြားကြောင်း ပခုက္ကူမြို့ ရေဘေးကယ်ဆယ်ရေးစခန်းမှ ဒုက္ခသည်များက ပြောကြားသည်။


တိလောကရာမကျောင်းတွင် ယာယီဖွင့်ထားသော ကယ်ဆယ်ရေးစခန်းတစ်ခု ဓာတ်ပုံ-မျိုးမင်းဦး

"ဒီနေ့ပျောက်ဆုံးသွားတာ ၅ ရက်ရှိပြီ။ မိသားစုတစ်စုလုံးမှာ တစ်ယောက်တည်းကျန်ခဲ့တာ ဆိုတော့ ပျောက်ဆုံးသူတို့အတွက် ရည်စူးပြီး ၅ ရက်လည်ဆွမ်းသွတ်အမျှပေးဝေခဲ့တယ်။ ရေထဲမှာ ကိုယ်လွတ်ရုန်းခဲ့ရတာဆိုတော့လှူစရာပစ္စည်းဘယ်ရှိမှာလဲ။ ကယ်ဆယ်ရေးစခန်းကကူညီထောက်ပံ့တဲ့ပစ္စည်းတွေနဲ့ ရက်လည်ဆွမ်းသွတ်အလှူဆိုပြီးလှူခဲ့တာပါ။အိမ်တွေ၊ပစ္စည်းတွေက ဆုံးရှုံးသွားပေမယ့်ပြန်ရှာလို့ရတယ်။ပျောက်ဆုံးနေတဲ့ သားတွေ၊ သမီးတွေနဲ့ ဇနီးကတော့ ဒီဘဝပြန်တွေ့ဖို့ မလွယ်တော့ဘူး" ဟု ပခုက္ကူမြို့၊တိလောကရာမကျောင်းတိုက် ရေဘေးကယ်ဆယ်ရေးစခန်းမှ ကလေးငယ်နှစ်ဦးနှင့် ဇနီးသည် ပျောက်ဆုံးခဲ့သူ အသက် ၃၀ အရွယ် ကိုထွန်းထွန်းနိုင်က အောက်တိုဘာလ ၂၄ရက်တွင်ပြောကြားခဲ့သည်။

ကိုထွန်းထွန်းနိုင်သည်အောက်တိုဘာလ(၂၀)ရက်တွင်ရွှေချောင်းရေတိုက်စားမှုကြောင့် ဇနီးဖြစ်သူ မအေးအေးခိုင်အသက်(၃၂)နှစ်၊ သမီးဖြစ်သူ မစုစုအသက်(၁၀)နှစ်နှင့်မဝေဝေ(၈)နှစ်တို့ ချောင်းရေ၌ မျောပါပျောက်ဆုံးခဲ့ကြောင်း သိရှိရသည်။

သမီးဖြစ်သူနှစ်ဦးချောင်းရေဖြင့် မျောပါသွားသဖြင့် ဖခင်ဖြစ်သူပီပီ ချောင်းရေတွင် နှစ်နာရီ ကျော်ရှာဖွေခဲ့ပြီး ရွှေချောင်းတံတားအနီး သစ်ပင်တွင် တွယ်ငြိခဲ့သဖြင့် ရွှေချောင်းတံတားအထက် တွယ်တက်ခဲ့သည်။ ရွှေချောင်းတံတားပေါ် အရောက် ချောင်းရေကြောင့် တံတားမှာကျိုးပဲ့သွားချိန်ဖြစ်ပြီး ချောင်းအတွင်းသစ်ပင်များ၊ ဝါးငုတ်များကြောင့် ရေ၌ မျောပါ အသက်ရှင်သူအားလုံး ဒဏ်ရာပြင်းထန်စွာ ခံစားခဲ့ရကြောင်းချောင်းရေအန္တရာယ်မှ အသက်ရှင်ကျန်ခဲ့သူများက ပြောသည်။

"ဘဝမှာအလိုအပ်ဆုံး အတမ်းတဆုံးက မိဘနှစ်ပါးပါ။ရွှေချောင်းရေနဲ့အတူ ဖေဖေ၊မေမေနဲ့ညီမလေးမျောပါသွားတယ်။ညီမလေးရဲ့ ရုပ်အလောင်းကိုတော့ ပြန်တွေ့တယ်။ရုပ်အလောင်းပိုင်ရှင်တစ်ယောက်အနေနဲ့သွားကြည့်လို့ရတယ်။ကိုယ်တိုင်သင်္ဂြိုဟ်ခွင့်ပြုတယ်။ စေတနာရှိသလောက်ပဲ သင်္ဂြိုဟ်စားရိတ် လှူရတယ်။ မလှူလည်းရတယ်လို့ပြောတယ်။ ပျောက်ဆုံးသွားသူတွေအတွက် အလှူရှင်တွေထောက်ပံ့ပေးကမ်းလို့ရတဲ့ငွေလေးနဲ့ ရက်လည်ဆွမ်းသွတ်လှူဒါန်းခဲ့တာ" ဟု ပခုက္ကူမြို့အမှတ်(၃)ရပ်ကွက် နေထိုင်ပြီး ချောင်းရေကြောင့်မိသားစုလေးဦးအနက်တစ်ဦးတည်းရှင်သန်၍ ရေဘေးဒုက္ခခံစားခဲ့ရသူ အသက် ၁၄ နှစ်အရွယ် မစုလှိုင်ကပြောကြားခဲ့သည်။

ပခုက္ကူမြို့ရေဘေးဒုက္ခခံစားခဲ့ရသူများအား သက်ဆိုင်ရာမှတာဝန်ယူစောင့်ရှောက်လျက်ရှိပြီး ရေဘေးဒုက္ခသည်များ ပြန်လည်နေရာချထားရေးအတွက် ပခုက္ကူမြို့နှင့် ၃မိုင်ခန့်အကွာ ချောက်ကန်ကျေးရွာအနီးတွင် ရွာသစ်တည်ထောင်၍ နေအိမ်များပြန်လည်ချထားပေးမည်ဖြစ်ကြောင်း သိရသည်။

## ကားအရောင်းစင်တာ ဖွင့်လှစ်လိုသူများကြောင့် မန္တလေးမြို့လယ် မြေဈေးတက်

စိုင်းသာအောင်

မန္တလေး၊အောက်တိုဘာ- ၂၉

မန္တလေးမြို့လယ်ဧရိယာတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုခွင့်ပြုခြင်းနှင့် မော်တော်ယာဉ် အရောင်းစင်တာများ ဖွင့်လှစ်လာမည့်အစီအစဉ်များကြောင့် ၈၄လမ်း ၂၆×၃၅ လမ်းကြား၊ ၈၃ လမ်း ၂၆×၃၅ လမ်းကြား၊ ၈၂လမ်း ၂၆×၃၅လမ်းကြား၊ ၈၁လမ်း ၂၆×၃၅လမ်းကြား၊လမ်း ၈၀ ၂၆×၃၅ လမ်းကြားတို့တွင် မြေအရှေ့အကျယ် တစ်ပေမှာ ကျပ်သိန်း ၄၀၀ မှ ကျပ်သိန်း ၆၀၀ အထိ ဈေးမြင့်သွားကြောင်း မန္တလေးမြို့ မြေဈေးကွက်မှ စုံစမ်းသိရသည်။

မန္တလေးမြို့၊ မြို့လယ်ဗဟိုဧရိယာတွင် မြေဈေးမြင့်တက်လာမှုနှင့် ပတ်သက်၍ ဝါရင့်မြေပွဲစားတစ်ဦးက "ဈေးချိုတော်နား ၈၄ လမ်း၊ ၂၈× ၂၉ လမ်းကြားက မြေက ရှေ့အကျယ်ပေ ၄၀၊ နောက်အရှည်ပေ ၇၀ လောက်ရှိပါတယ်။ ပြီးခဲ့တဲ့ နှစ်လောက်က ရှေ့တစ်ပေကျပ်သိန်း ၄၀၀ လောက်နေရာကနေ ဒီနှစ်ဩဂုတ်လပိုင်းက ရှေ့အကျယ် တစ်ပေကျပ်သိန်း ၆၀၀ စုစု ပေါင်း ကျပ်သိန်းပေါင်း ၂၄, ၀၀၀(နှစ်သောင်းလေးထောင်)နဲ့ဈေးတည့်သွားတာပါ။ ဝယ်တဲ့ပုဂ္ဂိုလ်က မန္တလေးကထိပ်တန်းရွှေလုပ်ငန်းရှင်တစ်ဦးကဝယ်သွားတာပါ"ဟု ပြောကြားသည်။

မန္တလေး-ရန်ကုန်လမ်း၊ ကွဲဆည်ကန်ကားကြီးဝင်းအနီး ကွဲဆည်ကန် ၅ လမ်း နှင့် ၇ လမ်းကြားရှေ့ပေ ၁၀၀၊ နောက် ၁၂၀ ပေခန့်ရှိသည့် မြေကွက်ကို ကားအရောင်းပြခန်း ဖွင့်လှစ်ရန် ကျပ်သိန်း ၁၈,၀၀၀ (တစ်သောင်းရှစ်ထောင်)နဲ့ အရောင်းအဝယ်ဖြစ်ရန် ဈေးဆိုင်နေကြောင်း မြေအရောင်းအဝယ်လောကမှ သိရသည်။

မန္တလေးမြို့ ၇၈ လမ်း၊ ၂၆ လမ်းနှင့် ချမ်းမြဝတီခုံးကျော်တံတားအတွင်းမြေကွက်များ နေအိမ်များကို ကားအရောင်းပြခန်းလုပ်ရန်အတွက် လုပ်ငန်းရှင်ကြီးများစိတ်ဝင်စားသော်လည်း ၇၈ လမ်းသည် ၂၆ လမ်းမှ ပြင်ဦးလွင် မီးရထားသံလမ်းအထိ ဖြူနီကြား (ယာဉ်မရပ်ရကန့်သတ်နယ်မြေ) သတ်မှတ်ထားသည့်အတွက် ဝယ်လက်များနေရာ ကြိုက်သော်လည်း အရောင်းအဝယ်မဖြစ်ကြောင်းသိရသည်။

မန္တလေးမြို့နန်းရှေ့ ၆၆ လမ်း၊ ၂၃ လမ်းမှ ၂၅ လမ်းအတွင်းရှိပုဂ္ဂလိက လုပ်ငန်းရှင်ကြီးတစ်ဦး၏ လက်ဝယ်ရောက်ရှိသွားသော အင်းဝဟိုတယ်နေရာကိုလည်း နိုင်ငံခြားမှ ရင်းနှီးမြှုပ်နှံလိုသူများနှင့် ကားအရောင်းစင်တာဖွင့်လိုသူ စီးပွားရေးလုပ်ငန်းရှင်ကြီးများ စိတ်ဝင်စားကြောင်း သိရသည်။

## သက်တမ်း နှစ် ၈၀ ကျော် လှိုင်းဘွဲချောင်းကူးတံတားကျိုး

စိုးနိုင်

လှိုင်းဘွဲ၊ အောက်တိုဘာ- ၂၅

ကရင်ပြည်နယ်၊ လှိုင်းဘွဲမြို့ရှိ သက်တမ်း နှစ် ၈၀ ကျော်လှိုင်းဘွဲချောင်းကူးတံတားသည် အောက်တိုဘာ ၂၄ ရက်ညပိုင်းတွင် ကျိုးကျခဲ့သည်။

အောက်တိုဘာ ၂၄ ရက် ည ၉ နာရီဝန်းကျင်တွင် ပေ ၁၉၀ရှိပြီး သံပေါင်ဘေလီအမျိုးအစားတံတား၏ရေလယ်တိုင်များမှာ သူ့အလိုလိုပြိုကျရာမှတံတားပြိုကျခဲ့ခြင်းဖြစ်သည်။ "သူ့ဟာသူ ပြိုကျသွားတာ၊ ည ၉ နာရီလောက်ပြိုကျတော့ လူမရှိတော့ သေတာ၊ ဒဏ်ရာရတာတော့မရှိဘူး" ဟု မြို့ခံတစ်ဦးကပြောသည်။ ထို့ကြောင့်ယာယီတံတားတစ်စင်းကိုတည်ဆောက်နေပြီး ချောင်းကိုဖြတ်၍သွားသူများမှာ ကူးတို့လှေများဖြင့် သွားနေကြကာ သူတို့က တစ်ဦးလျှင် ၁၀၀ ကျပ်ပေးရသည်။ လှိုင်းဘွဲချောင်းမှာ ဂျိုင်းမြစ်အတွင်းသို့စီးဝင်ပြီး၊ ထိုမှတစ်ဆင့် မုတ္တမကွေ့အတွင်းသို့ စီးဆင်းသည်။ လှိုင်းဘွဲချောင်းကူးတံတားကို ၁၉၂၁ ခုနှစ်ကတည်းက ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။


လှိုင်းဘွဲ့ချောင်းကူးတံတားကျိုးပြီးနောက် တွေ့ရစဉ်



7DAY NEWS JOURNAL
Vol.10, No.33 · NOVEMBER 3, 2011

# ဆန်တစ်မျိုးတည်းသာ ရထားတင်နိုင်၍ ကုန်တင်လုပ်ငန်းများအရှုံးပေါ်

**စိုင်းလှမင်း**

**ကောလင်း၊အောက်တိုဘာ- ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းနှင့် ကချင်ပြည်နယ်၊ မြစ်ကြီးနားပြေးဆွဲနေသော အမှတ်(၉၃၉-၉၄၀)ရထားကုန်ပေါ်တွဲများတွင် ဆန်တစ်မျိုးတည်းသာတင်ဆောင်ခွင့်ပြုသောကြောင့် ဆန်ကုန်သည်များနှင့် ကုန်တွဲစပေါ်တင်ပြီး ကုန်တင်လုပ်ငန်းလုပ်ကိုင်နေသူများ အရှုံးပေါ်နေကြောင်း ဆန်စပါးလုပ်ငန်းအသင်းမှ ကုန်သည်အချို့က ပြောသည်။

ယခင်က အဆိုပါရထားတွဲများပေါ်တွင် ဆန်အပြင် ဒေသထွက်ပစ္စည်းကုန်အမျိုးအစားများကိုပါ တင်ဆောင်မှုပြုခဲ့သည်။ ယခုအခါ ဒေသထွက်ကုန်ပစ္စည်းများ တင်ခွင့်မပြုတော့ခြင်းဖြစ်သည်။

“ကျွန်တော်တို့ကုန်သည်တွေအနေနဲ့ ၂၀၀၉ ခုနှစ်မှာ ကုန်သည်ခြောက်ဦးကမြန်မာ့မီးရထား ဌာနSEE2 သို့စပေါ်ငွေ၇၈၀သိန်း၊ ၂၀၁၀ခုနှစ်မှာကုန်သည်၇၇ဦးက စပေါ်ငွေ ၂,၇၀၀ သိန်း၊ ၂၀၁၁ ခုနှစ်မှာ ကုန်သည် ၈ ဦးကစပေါ်ငွေ ၅,၄၀၀ သိန်းပေးသွင်းပြီး ကုန်သည်များအနေဖြင့် အလှည့်ကျတင်ဆောင်ရပါတယ်။ ကုန်သည်တစ်ဦးချင်းအနေနဲ့တစ်လမှာကုန်တင်တွဲတစ်တွဲ သုံးစွဲရန်အတွက် ငွေကျပ်သိန်း ၁၂၀ စပေါ်ပေးသွင်းရပါတယ်။ မြန်မာ့မီးရထားရဲ့ ပြုပြင်ပြောင်းလဲလာတဲ့ အခြေအနေအရ မူလအသွားအပြန် ကုန်တန်ဆာခနှစ်ဆနှုန်းအစား ကုန်တန်ဆာခသုံးဆကောက်ခံတာကိုလည်း အားလုံး အကြေပေးဆောင်နေကြပါတယ်။ အချို့ကုန်သည်များက မိမိပိုင်ငွေနဲ့ စပေါ်တင်နိုင်သော်လည်း အချို့ကုန်သည်များက အခြားအကူအညီယူပြီး စပေါ်တင်ကြခြင်းဖြစ်တယ်” ဟု ကောလင်းမြို့နယ် ဆန်စပါးလုပ်ငန်းခွဲအသင်းဥက္ကဋ္ဌဦးစန်းဦးကသုံးသပ်ပြောဆိုသည်။


“အရောင်းအဝယ်ဈေးကွက်ကောင်းမလာသေးတာ တစ်လခွဲလောက်ရှိပြီ။ ကျွန်တော်တို့ကောလင်းကနေ ပို့လိုက်တဲ့ဆန်တွေကလည်း မြစ်ကြီးနားရောက်လို့ ပွဲရုံတွေ၊ ကုန်သည်တွေက ရောင်းမကောင်းလို့လက်မခံတဲ့အခါမြစ်ကြီးနားမှာ ဂိုဒေါင်ငှားပြီးထားရတယ်။ ကျွန်တော်တို့သိသလောက်တော့ မြစ်ကြီးနားမှာရှိတဲ့ ဂိုဒေါင်တွေမှာလည်း ဆန်တွေပြည့်နေပြီး အဝယ်လည်း နောက်ထပ်လိုက်မလာတော့ အချိန်အတော်ကြာအောင်ထားရင်း ဆန်ရဲ့ အရည်အသွေးလည်းကျ၊ ငွေလည်း မပေါ်တော့ အမှတ် ၉၄၀ ရထားနဲ့ ကောလင်းကိုပြန်တင်ရတယ်။ ကျွန်တော်တို့ ကောလင်းကနေ တစ်ဆင့် ရွာထောင်ပြန်ပို့ပြီး ရွာထောင်ကနေ မန္တလေးဈေးကွက်ကို ပို့ပြီးရောင်းရတော့တယ်။ ဒါမှလည်း ငွေကပြန်ပေါ်မယ်။ အဲဒီမှာ အတင်အချ အလုပ်သမားခနဲ့ ရထားတွဲတန်ဆာခလည်း အရှုံးခံပေါ့။ ကောလင်းကနေမြစ်ကြီးနားကို တစ်ပတ်ကို ရထားတွဲ ဆိုင်း တစ်ဆိုင်းဝင်တယ်။ တစ်ဆိုင်းကို တွဲကိုးတွဲလောက်ပါတယ်။ မြစ်ကြီးနားမှာ ဆန်တွေဘယ်လောက်ပုံနေမလဲဆိုတာတွက်လို့ရတယ်” ဟု ဆန်ကုန်သည်ဦးဇော်ဝမ်းက သုံးသပ်ပြောဆိုသည်။

“အဲဒီရက်ထွက်မယ့်တွဲဆိုင်းမှာ ကျွန်တော့်ဆန်အိတ် ကိုးရာလောက်ပါတယ်။ မြစ်ကြီးနားဈေးကွက်မှာ အဆင်မပြေရင် မန္တလေးဈေးကွက်ကိုပြန်တင်လာပြီး အရှုံးနဲ့ ရောင်းရတာပါ။ ဈေးကွက်မှာဝယ်လိုအား မရှိပေမယ့် မတင်ပြန်ရင်လည်း တန်ဆာခရှုံး။ တင်ပြန်ရင်လည်း ကုန်ကျရှုံး၊ ကုန်မျိုးစုံကလည်း တင်လို့မရဆိုတော့ ကျွန် တော်တို့ ကုန်သည်တွေရဲ့ လက်ရှိ ကြုံတွေ့နေရတာတွေကို မီးရထားကညှိညှိနှိုင်းနှိုင်းနဲ့ အပြေလည်ဆုံးဆွေးနွေးပြီး အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ပေးစေချင်တယ်”ဟု ၎င်းကပြောသည်။

“စက်တင်ဘာ ၂၀ ရက်က စတင်ပြီး ကုန်မျိုးစုံတင်ဆောင်ခွင့်မရဘဲ ဆန်တစ်မျိုးတည်းသာ တင်ဆောင်ခွင့်ပြုတာလို့သိရပါတယ်။ ဒေသထွက်ဆန်တင်ပို့ဖို့ မရှိဘူးဆိုရင် မီးရထားကို တွဲပြန်အပ်ရမယ်လို့လည်း သိရပါတယ်။ ဆန်ကလွဲရင်ကျန်ကုန်ပစ္စည်းတွေကို ကန့်သတ်တယ်ဆိုတာလည်း တွဲရောင်းစားမှုတွေ မဖြစ်ပေါ်စေရေးအတွက် အခုလို ကန့်သတ်လိုက်တာပါပဲ။ ကျွန်မတို့ဆီမှာ တွဲရောင်းစားတယ်လို့မရှိပါဘူး။ ဆန်လုပ်ငန်းလုပ်ရတာက တစ်နှစ်မှ ရှစ်လလောက်ပဲလုပ်ရတာ။ ကျန်တဲ့လေးလကို အခြားကုန်မျိုးစုံ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းတွေဖြစ်တဲ့ ထုံး၊ ဘိလပ်မြေ တင်ပါတယ်။ ကျွန်မတို့က တစ်နှစ်တာကာလအတွက်စပေါ်တင်ထားပါတယ်။ ကုန်တွဲစပေါ်ခေါ်စဉ်ကလည်း ဆန်နဲ့အခြားဒေသထွက်ကုန်မျိုးစုံတင်ခွင့်ပြုလို့စပေါ်တင်ခဲ့တာပါ။ စပေါ်လည်း တင်ပြီးလုပ်ကိုင်နေတုန်းအခုမှ သတ်မှတ်လိုက်တော့ ကုန်တင်ရာမှာ အခက်အခဲဖြစ်တာပေါ့။ တကယ်လို့သတ်မှတ်မယ်ဆိုရင်စပေါ်ခေါ်စဉ်က ကြေညာသင့်ပါတယ်။ အခုဖြစ်နေတာက ဒေသထွက်ဆန်နဲ့ လုပ်တဲ့ဆန်ထွက်ပစ္စည်းရေစိမ်ခေါက်ဆွဲလိုဟာမျိုးကအစ တင်ပို့ဖို့ ခက်ကုန်တော့တာပေါ့။ ကျွန်မတို့အများဆန္ဒအရ စပေါ်စခေါ်စဉ်ကလို ကုန်မျိုးစုံတင်ပို့ခွင့်ပြန်လည်ရချင်ပါတယ်”ဟု ဆန်ကုန်သည်အမျိုးသမီးတစ်ဦးက ပြောသည်။

ကောလင်းဒေသတွင် စပါးစိုက်ဧက (၆၄,၀၀၀)ကျော်၊ ပင်လည်ဘူးဒေသတွင် စိုက်ဧက (၄၂,၀၀၀)ကျော်၊ ဝန်းသိုဒေသတွင် စိုက်ဧက (၅,၀၀၀)ကျော်ရှိပြီး ထွက်ရှိလာသည့်စပါးများအား ကချင်ပြည်နယ်ဒေသနှင့် မန္တလေးတိုင်းဒေသကြီးတွေမှာရှိသည့်ဈေးကွက်သို့ ကောလင်းဈေးကွက်မှ ရောင်းဝယ်တင်ပို့နေရသည်။ စပါးအထွက်နှုန်းနည်းနေသည့်အချိန်တွင် ကျန်သည့်ကုန်မျိုးစုံကို တင်ပို့ခွင့်မရသည့်အတွက်လက်ရှိဆန်အရှုံးခံတင်ပို့နေရသဖြင့် အခြားကုန်မျိုးစုံတင်ပို့ခွင့် ရရှိရေးအတွက် ကုန်သည်များ အမြန်ဆုံးလိုလားနေကြောင်း စုံစမ်းသိရသည်။



7 DAY NEWS JOURNAL
Vol.10, No.33 · NOVEMBER 3, 2011

# ညောင်ပင်ဝန်းကျေးရွာတံတား မူးမြစ်ရေတိုက်စားမှုကြောင့်ယာဉ်ကြောပိတ်ဆို့မှုဖြစ်

**မျိုးမင်းဦး**

**မုံရွာ၊ အောက်တိုဘာ- ၂၉**



မုံရွာ-မန္တလေးအဝေးပြေး ကားလမ်းမကြီးပေါ်ရှိ စစ်ကိုင်းခရိုင်၊ ညောင်ပင်ဝန်းကျေးရွာအနီးလမ်းပိုင်းအားမူးမြစ်ရေတိုက်စားမှုကြောင့် လမ်းမကြီးပေါ်ရှိတံတားတစ်စီး ရေစီးကြောင့်ပျက်စီးသွားသဖြင့် အောက်တိုဘာလ ၂၅ ရက်ညနေပိုင်းတွင် အဆိုပါ လမ်းမကြီးအားဖြတ်သန်းသွားလာသော ခရီးသည်ယာဉ်နှင့်ကုန်တင်ယာဉ်များ ယာဉ်ကြောပိတ်ဆို့သွားကြောင်း သိရှိရသည်။

"ညောင်ပင်ဝန်းမှာတံတားရေတိုက်စားလို့မန္တလေးကထွက်တဲ့ကားတွေ အောက်တိုဘာလ ၂၅ ရက် ညနေ (၃)နာရီကားမုံရွာဝင်နိုင်ပေမယ့်ညနေ(၄)နာရီကားမုံရွာမဝင်နိုင်တော့ဘဲမန္တလေးဘက်ပြန်လှည့်ခဲ့ရတယ်"ဟုမုံရွာ-မန္တလေး ခရီးသည်တင် ယာဉ်လိုင်းဖြစ်သောအောင်ကမ္ဘာအမြန်ယာဉ်အသင်းမှ အတွင်းရေးမှူးဦးဝင်းနိုင်က အောက်တိုဘာလ(၂၇)ရက်နံနက်ပိုင်းတွင် ပြောကြားခဲ့သည်။

"မုံရွာ-ရန်ကုန် ကားတွေကတော့ခရီးစဉ်မပျက်ပါဘူး။ ရန်ကုန်ရောက်ချိန် နောက်ကျတာတော့ရှိတာပေါ့။ညောင်ပင်ဝန်းမှာအောက်တိုဘာလ ၂၅ ရက်ညနေ ၄ နာရီဝန်းကျင်မှာ မူးမြစ်ရေတိုက်စားပြီးလမ်းပိုင်းပျက်သွားလို့ ညောင်ပင်ဝန်းရွာမှာတစ်ညအိပ်ရပ်နားခဲ့ရတယ်။ နောက်တစ်နေ့မနက် ၆ နာရီခွဲမှာ လမ်းပြန်ဖွင့်ပေးလို့ကားတွေသွားလို့လာလို့ရနေပြီ။ မန္တလေး-မုံရွာယာဉ်လိုင်းအချို့ကတော့ လမ်းပိုင်းပိတ်ထားတဲ့အတွက်ယာဉ်စီးခတွေပြန်အမ်းတာတွေရှိတယ်။ညောင်ပင်ဝန်းရေကျော်နေရာအထိ ခရီးသည်တွေပို့ပေးပြီး ခရီးသည်တွေလှေကူးတို့ကူးပြီးညောင်ပင်ဝန်း-မုံရွာ၊ ညောင်ပင်ဝန်း-မန္တလေးခရီးသည်တင်ကားတွေနဲ့လိုရာခရီးကိုသွားလာနေကြတယ်"ဟုမုံရွာ-ရန်ကုန်ခရီးသည်တင်ယာဉ်လိုင်းဖြစ်သော ရွှေစင်စကြာ အဆင့်မြင့်ယာဉ်လိုင်းမှတာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါလမ်း ရေတိုက်စားမှုကိုပြုပြင်ရန် ဆောင်ရွက်လျက်ရှိသော ရွှေတောင်ဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီ၏ လမ်းလုပ်သားဝန်ထမ်းသုံးဦးမူးမြစ်ရေဖြင့်မျောပါဆုံးမှုအား အောက်တိုဘာလ ၂၅ ရက်၊ ညနေ (၄) နာရီဝန်းကျင်တွင်ဖြစ်ပွားခဲ့သည်။

အောက်တိုဘာလ ၂၂ ရက်မှစ၍ ညောင်ပင်ဝန်းကျေးရွာလမ်းများပေါ်သို့ မူးမြစ်ရေကျော်ခဲ့ပြီးလမ်းကျော်စဉ်ကာလအတွင်း မူးမြစ်ရေဖြင့်လူလေးဦး အသက်ဆုံးရှုံးခဲ့ကြောင်းညောင်ပင်ဝန်းကျေးရွာဒေသခံများပြောပြချက်အရသိရှိရသည်။

"မူးမြစ် ရေကျော်ချိန်မှာ ညောင်ပင်ဝန်း ကျေးရွာရေဝင်ရောက်တာဒီနှစ်ပိုများတယ်။လမ်းပေါ်ရေကျော်တာကြောင့်ပျက်စီးသွားတဲ့လမ်းပိုင်းမှာလမ်းသားရော တံတားရော မူးမြစ်ရေနဲ့ပါသွားတယ် ပြောတယ်။ ခရီးသည်ယာဉ်တွေရော ယာဉ်အားလုံးကိုသွားလာခွင့်ညနေ ၄ နာရီခွဲမှာ လမ်းအသွားအလာတွေခွင့်မပြုပါဘူး။ လမ်းပိုင်း တာဝန်ရှိတဲ့ကုမ္ပဏီက အင်ဂျင်နီယာတွေရဲ့ခွင့်ပြုချက်နဲ့ကားတွေ သွားလာခွင့်ပြုမယ်။ လမ်းပြုပြင်နေရင် ရေစီးနဲ့ပျောက်ဆုံးနေသူတွေကိုလည်း ကယ်ဆယ်ရေးအဖွဲ့တွေရှာဖွေနေကြတယ်" ဟု ညောင်ပင်ဝန်းကျေးရွာမူးမြစ်ရေကြောင့်လမ်းပိုင်း ပျက်စီးစဉ်တာဝန်ယူကြီးကြပ်နေသောစစ်ကိုင်းခရိုင်အုပ်ချုပ်ရေးအဖွဲ့ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

မူးမြစ်ကို ကာဆီး၍ သဖန်းဆိပ်ဆည်နှင့် ကာဘိုးဆည်များ တည်ဆောက်ကာ စိုက်ပျိုးရေရယူသုံးစွဲခဲ့ပြီး ယခုနှစ် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဆည်တမံများ ရေပြည့်ရေလျှံဖြစ်ပြီးဆည်ရေများ လမ်းများပေါ် အထိမြင့်တက်ခဲ့သဖြင့် လမ်းများပျက်စီးခဲ့ကြောင်း သိရှိရသည်။

ညောင်ပင်ဝန်းကျေးရွာမူးမြစ်ရေတိုက်စား၍ လမ်းပိုင်းပျက်စီးခဲ့သောအောက်တိုဘာလ ၂၅ ရက်ညနေပိုင်းတွင်မုံရွာ-မန္တလေးလမ်းပိုင်းတွင် သွားလာခဲ့သောကိုယ်ပိုင်ယာဉ်ငယ်အချို့သည် မုံရွာ-ဘုတလင်-ရေဦး-တန့်ဆည်-ခင်ဦး-ရွှေဘို-အုန်းတော-မန္တလေး လမ်းကြောင်းအတိုင်းမိုင်(၂၀၀)ကျော်ခရီးအထိမူးမြစ်ရေကျော်လမ်းများအား ရှောင်ကွင်းသွားလာခဲ့ရကြောင်း သိရှိရသည်။

# ရထားခေါင်မိုးပေါ်စီးလာသူ တံတားနှင့်တိုက်မိ၍သေဆုံး

**စိုင်းလူမင်း**

**ကောလင်း၊ အောက်တိုဘာ- ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းရဲစခန်းတွင် ယခုလ ၄ ရက် မွန်းလွဲ ၂ နာရီအချိန်က ဒုရဲအုပ်စန်းယု(ခေတ္တစခန်းမှူး)သည် တာဝန်ထမ်းဆောင်နေစဉ်ကောလင်းမြို့နယ်၊ နှောခုံကျေးရွာ အရှေ့ဘက်ဒေါင်းမြူးချောင်းတံတား၌ဦးခေါင်းထိခိုက်ဒဏ်ရာနှင့် ရထားပေါ်မှပြုတ်ကျဖွယ်ရှိသော ပုပ်ပွနေသည့် အလောင်းတစ်လောင်းတွေ့ရှိကြောင်း သတင်းပေးချက်အရ တာဝန်ရှိသူများနှင့် စစ်ဆေးကြည့်ရှုခဲ့သည်။

အခင်းဖြစ်ရာနေရာတွင် သေဆုံးသူမှာ ပက်လက်အနေအထားဖြင့်ပုပ်ပွနေကာဦးခေါင်းငယ်ထိပ်တည့်တည့်၌ကွဲရှဒဏ်ရာ သုံးလက်မခန့်တစ်ချက်၊ ညာနားထင်တွင် ပေါက်ပြဲဒဏ်ရာ တစ်ချက်တွေ့ရှိရပြီး ၎င်း၏ အင်္ကျီအိတ်ကပ်အတွင်းမှ ရထားလက်မှတ်တစ်စောင်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားတစ်ခုတွေ့ရှိခဲ့သည်။ ဆက်လက်စုံစမ်းရာတွင် ၎င်းသည်ယခုလ ၁ ရက်ည၉နာရီအချိန်က အမှတ်၄၁ အဆန်ရထားဖြင့် ဝန်းသိုမြို့နယ်၊ ဇီးဖြူပင်ကျေးရွာအနီးတံတားဖြတ်သန်းစဉ် ရထားအမိုးပေါ်မှ လူတစ်ဦးတံတားနှင့်တိုက်၍ ပြုတ်ကျခဲ့ကြောင်း သိရသည်။

နိုင်ငံသားစိစစ်ရေးကတ်ပြားအရ သေဆုံးသူမှာ နေလင်းအောင်(၂၅နှစ်)ပန်းတော်ကွက်ရွာ တောင်တွင်းကြီးမြို့နယ်နေသူဟု သိရသဖြင့်ကောလင်းရဲစခန်းမှသေမှုသေခင်း အမှတ် ၂၀/၂၀၁၁ ဖြင့်အမှုဖွင့်ကာဓမ္မတာအတိုင်းသေဆုံးမှုဟုတ်၊မဟုတ်စုံစမ်းစစ်ဆေး၍ သေဆုံးသူ၏နေရပ်လိပ်စာသို့ ဆက်သွယ်အကြောင်းကြားခဲ့ကြောင်းသိရသည်။

# စစ်တွေကမ်းခြေ သန့်ရှင်းမှုရှိရန်လိုအပ်နေ



**ကေရာဇ်**

**စစ်တွေ၊ အောက်တိုဘာ- ၂၄**

စစ်တွေကမ်းခြေသည် ဒေသခံပြည်သူများအပါအဝင်ကမ္ဘာလှည့်ခရီးသည်များအထူးစိတ်ဝင်စားသည့်နေရာတစ်ခုဖြစ်သည့်အားလျော်စွာကမ်းခြေပေါ်တွင် ဘောလုံးကန်သူ၊ ဆော့ကစားသူ၊ ရေလှိုင်းစီးသူ၊ အနားယူအပန်းဖြေကြသူများနှင့် ပြည့်ကျပ်စည်ကားလျက်ရှိသော်လည်း ယခုနောက်ပိုင်း သဲတူးဖော်မှုများကြောင့် ချိုင့်ခွက်ကြီးများဖြစ်ပေါ်လာသည့်အပြင် ကမ်းခြေသန့်ရှင်းမှုမရှိသဖြင့် အမှိုက်သရိုက်နှင့် ပလတ်စတစ်အိတ်ခွံများ၊ ပုလင်းခွံကွဲများကြောင့် ကမ်းခြေ၏သဘာဝအလှတရား ထိခိုက်စေသည်ဟု သိရသည်။

"ဒေသခံတွေရော ကမ္ဘာလှည့်ခရီးတွေရော ဘယ်သူပဲဖြစ်ဖြစ်ပေ့ါ၊ ကမ်းခြေကိုလာတယ်ဆိုကတည်းက အပန်းဖြေချင်ကြလို့ပါ။ ကမ္ဘာလှည့်ခရီးသည်တွေဆိုရင် ပွိုင့်ကမ်းခြေရဲ့ နေဝင်ချိန်အလှကိုအကြာကြီးစောင့်ပြီး ဓာတ်ပုံရိုက်ကြလမ်းလျှောက်ကြနဲ့ သူတို့အရမ်းပျော်ကြတယ်။ ဒါဟာ စစ်တွေမြို့ရဲ့ဆွဲဆောင်မှုတစ်ခုပေ့ါ" ဟု ည့ေလမ်းညွှန်တစ်ဦးကပြောသည်။

စစ်တွေမြို့ခံအမျိုးသမီးတစ်ဦးက "သီတင်းကျွတ်လပြည့်ကျော်တစ်ရက်နေ့က ကမ်းခြေပေါ်ကိုကလေးတွေနဲ့အတူ လိုက်သွားတယ်။ ဟိုရောက်တော့ကလေးတွေက ရေထဲဆင်းပြီး လှိုင်းစီးကြရင်း ကမ်းခြေပေါ်ပြန်တက်အလာမှာ ခြေထောက်ပုလင်းကွဲရှသွားလို့နီးစပ်ရာဆေးခန်းဆီကို အပြေးပို့ခဲ့ရတယ်။ သောက်တယ်၊စားတယ်ဆိုတာဟာ ကိုယ်ပိုင်လွတ်လပ်ခွင့်ဆိုပေမယ့် ပုလင်းကိုရိုက်ခွဲပြီး လူပေါင်းရာချီသွားလာနေတဲ့နေရာမှာ လွှင့်ပစ်တယ်ဆိုတာ စည်းကမ်းမဲ့ကြတာပါ"ဟု ပြောသည်။

ယခုလက်ရှိစစ်တွေကမ်းခြေပေါ်တွင် အဆိုပါသဲတူးချိုင့်ခွက်များ၊ အမှိုက်သရိုက်များ၊ ပလတ်စတစ်အိတ်ခွံများကြောင့် လာရောက်အပန်းဖြေကြသူများအား စိတ်မချမ်းမြေ့စေသည့်အပြင် ရေထုညစ်ညမ်းစေခြင်း၊ ရေနေသတ္တဝါမျိုးစိတ်များ ပျောက်ကွယ်သွားနိုင်ခြင်းနှင့် ရေတိုက်စားမှုကြောင့် လေကာပင်များပါ ပြိုလဲသွားနိုင်ကြောင်း သိရသည်။

# မဟာမုနိဘုရားကြီး ဂေါပကအဖွဲ့သစ် ပြန်လည်ဖွဲ့စည်း

**စိုင်းသာအောင်**

**မန္တလေး၊အောက်တိုဘာ- ၂၉**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့က မဟာမုနိဘုရားကြီး ဂေါပကအား မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများပါဝင်သောအဖွဲ့ဝင် ၁၃ ဦးဖြင့် အသစ်ပြန်လည်တာဝန်ပေးအပ်ခဲ့ကြောင်း မန္တလေးတိုင်းဒေသကြီး သာသနာရေးဦးစီးဌာနမှ သိရသည်။

မဟာမုနိဘုရားကြီး ဂေါပကအဖွဲ့အား ဥက္ကဋ္ဌအဖြစ် မြန်မာ့စီးပွားရေး ဘဏ်(၂) မန်နေဂျာ ဦးသိန်းတိုး၊ အတွင်းရေးမှူးအဖြစ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးစီးဌာနအငြိမ်းစားညွှန်ကြားရေးမှူး ဦးစိန်သင်၊ မြို့မိမြို့ဖ ရှစ်ဦး၊ တိုင်းသာသနာရေးဦးစီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာန၊ ချမ်းမြသာစည် မြို့နယ်အုပ်ချုပ်ရေးမှူးတို့ပါဝင်ကြောင်း ဂေါပကသစ်အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဦးဝင်းဖေမြင့်(မြတံခွန်အောင်သန်းဆုထီဆိုင်ပင်ရင်း)ကပြောသည်။

ယခင် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ၂၀၀၉ ခုနှစ် ဇူလိုင်လ ၃၀ ရက် ရက်စွဲပါ စာအမှတ် ၅/၄၃-၁၀၆၊ဦး၆(၃၈၈၂)ဖွဲ့စည်းတာဝန်ပေးအပ်ထားသော ယာယီဂေါပကအဖွဲ့အား မန္တလေးတိုင်းဒေသကြီးအစိုးရက ယခုလ ၁၄ ရက်ရက်စွဲပါစာအမှတ် ၂/၄-၈ ဦး ၆(၁၆၆) ဖွဲ့စည်းမိန့်ဖြင့် ဖျက်သိမ်းလိုက်ကြောင်း မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ မှ သိရသည်။

# လန်ဒန်အိုလံပစ်ပန်းချီပြပွဲတွင် ဦးမျိုးခင်ပန်းချီများ ပြသမည်

**စိုင်းသာအောင်**

**မန္တလေး၊ အောက်တိုဘာ- ၂၉**

အင်္ဂလန်နိုင်ငံ၊လန်ဒန်မြို့တွင်ကျင်းပမည့်လန်ဒန်အိုလံပစ် ၂၀၁၂ ၌ Olympic Fine Arts ပန်းချီပြိုင်ပွဲပြုလုပ်နိုင်ရန်အတွက် ယခုလ ၂၉ ရက်တွင်ပြုလုပ်သည့် ကမ္ဘာ့နိုင်ငံအသီးသီးမှ ပန်းချီဆရာများလုပ်ငန်းညှိနှိုင်းအစည်းအဝေးကိုမြန်မာနိုင်ငံမှ ရွှေတံဆိပ်ဆုရှင်ဦးမျိုးခင်တက်ရောက်နိုင်ခြင်း မရှိသော်လည်းပန်းချီပြိုင်ပွဲတွင် မူဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

ကမ္ဘာ့နိုင်ငံအသီးသီးမှ ပန်းချီဆရာများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဘေဂျင်းမြို့ရှိ အမျိုးသားအနုပညာပြတိုက်တွင်ပြုလုပ်ရာ ပြင်သစ်၊ အမေရိကန်၊ ကျူးဘား၊ ဂျာမနီ၊ တောင်ကိုရီးယား၊ အင်္ဂလန်၊ တရုတ်(တိုင်ပေ)၊ စပိန်နိုင်ငံတို့မှပန်းချီပညာရှင်များ တက်ရောက်ဆွေးနွေးခဲ့သည်။

အိုလံပစ်ပန်းချီပြိုင်ပွဲအတွက်စီစဉ်ညှိနှိုင်းရေးမှူးအဖြစ်တရုတ်ပြည်သူ့သမ္မနိုင်ငံမှ ပန်းချီစုဆောင်းသူ Tempo Arts မှ Mr. Bangsang ကဆောင်ရွက်ကြောင်း သိရသည်။ ဦးမျိုးခင်သည် ၂၀၀၈ ခုနှစ်ဘေဂျင်းအိုလံပစ်ပန်းချီပြပွဲတွင် ပထမဆုရရှိခဲ့ပြီး ယင်းပန်းချီကား အတွက် ယွမ် ၁၂ သန်းကျော်(အမေရိကန်ဒေါ်လာ ၁၃၃,၀၀၀) ချီးမြှင့်ခံခဲ့ရကြောင်း သိရသည်။

7 DAY NEWS JOURNAL
Vol.10, No.33 · NOVEMBER 3, 2011

# အလတ်စား ရေအားလျှပ်စစ်စီမံကိန်း ၃ ခုအတွက် တရုတ် – မြန်မာ သဘောတူ

**ထူးသန့်**

**နေပြည်တော်၊ အောက်တိုဘာ- ၂၇**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှတည်ဆောက်ပြီးဖြစ်သည့် ဆည်တာတမံ ၃ ခုတွင် အလတ်စား ရေအားလျှပ်စစ်စက်ရုံများတည်ဆောက်ရန်အတွက် ဒီဇိုင်းပုံစံများ တာဝန်ယူတွက်ချက်ပေးရန် သဘောတူစာချုပ်ကို ဆည်မြောင်းဦးစီးဌာနနှင့် တရုတ်နိုင်ငံမှ ဒီဇိုင်းဌာနတို့ ပြီးခဲ့သည့်လက ချုပ်ဆိုခဲ့ကြောင်း ယခုပတ်ထုတ် လယ်ယာစီးပွား စာစောင်တွင် ဖော်ပြပါရှိသည်။

ရေအားလျှပ်စစ်ထုတ်လုပ်ရန် စီစဉ်နေသည့် ရေလှောင်တမံများမှာ မြန်အောင်မြို့အနီးရှိ ကညင်ရေလှောင်တမံ၊ ဖောင်ကြီးမြို့အနီးရှိငမိုးရိပ်ရေလှောင်တမံနှင့် သာယာဝတီမြို့အနီးရှိ သုံးဆယ်ရေလှောင်တမံတို့ဖြစ်ပြီး ဆည်မြောင်းဦးစီးဌာနအနေဖြင့် ဆည်မြောင်းတာတမံ စီမံကိန်း ၃၇၁ ခုကို တည်ဆောက်ထိန်းသိမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆည်တာတမံတစ်ခုစီတွင် နှစ်မဂ္ဂါဝပ်ခန့်စက်နှစ်လုံးစီတပ်ဆင်တည်ဆောက်သွားမည့်ယင်း အစီအစဉ်အတွက် တရုတ်နိုင်ငံက ကူညီထောက်ပံ့သွားမည်ဖြစ်ကြောင်း အဆိုပါ အလတ်စား ရေအားလျှပ်စစ်စက်ရုံများ တည်ဆောက်ရေးအတွက်ကုန်ကျစရိတ်အနေဖြင့် လောလောဆယ်တွင် တရုတ်ယွမ်သန်း ၂၆၀ ခန့်ဖြင့် သတ်မှတ်ထားကြောင်းလည်း ယင်းစာစောင်တွင်ပင် ဖော်ပြထားသည်။

တည်ဆောက်ပြီး ဆည်တာတမံများမှ ဆည်ရေပေးဝေခြင်းအပြင် ရေအားလျှပ်စစ်ကိုပါ ပူးတွဲထုတ်လုပ်သွားရန် အတွက်လိုအပ်သည့်ဒီဇိုင်းပုံစံများ ရေးဆွဲခြင်းကို China Water Resources Beifang Investigation Design and Research ကုမ္ပဏီက တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ပြီး ရေအားလျှပ်စစ်စက်ရုံဆိုင်ရာပစ္စည်းကိရိယာများကို တရုတ်နိုင်ငံဘက်မှ ကူညီမည်ဖြစ်ကာ ဆည်မြောင်းဦးစီးဌာနက မြို့ပြတည်ဆောက်ခြင်းများ တာဝန်ယူဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

# မဆင်မခြင်မောင်းနှင်ခြင်းများကြောင့် ယာဉ်တိုက်မှုများ နှစ်စဉ်မြင့်တက်

**မာန်ယုကျော်**

**စစ်တွေ၊ အောက်တိုဘာ- ၂၄**



ရခိုင်ပြည်နယ်အတွင်းယာဉ်မဆင်မခြင်မောင်းနှင်ခြင်းကြောင့် ယာဉ်တိုက်မှု၊ သေဆုံးမှုနှင့် ဒဏ်ရာရရှိမှုနှုန်းမှာ တစ်နှစ်ထက်တစ်နှစ်မြင့်တက်လျက်ရှိနေကြောင်း ရခိုင်ပြည်နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှု ကော်မတီ၏ စာရင်းများအရ သိရသည်။

ပြည်နယ်တွင်း ဖြစ်ပွားခဲ့သည့် ယာဉ်တိုက်မှုများကို လေ့လာဆန်းစစ်ကြည့်လျှင် အများစုမှာ ယာဉ်မဆင်မခြင်မောင်းနှင်မှု၊ ဆိုင်ကယ်စီးသည့်အခါ ဆိုင်ကယ်ဦးထုပ်နှင့် မေးသိုင်းကြိုးများ တပ်ဆင်အသုံးပြုမှုမရှိခြင်းတို့ကြောင့် ဖြစ်ကြောင်း သိရသည်။

“တစ်နှစ်ထက်တစ်နှစ် မြင့်တက်နေတာကိုတွေ့နေရပါတယ်။ အဓိကအကြောင်းအချက်ကတော့ ယာဉ်ကို မဆင်မခြင် မောင်းတာရယ်၊ ဆိုင်ကယ်စီးရင်လည်း ဆိုင်ကယ်ဦးထုပ်မဆောင်းဘဲ စီးနင်းတာတွေရယ်၊ ဦးထုပ်ဆောင်းပြန်ရင်လည်း မေးသိုင်းကြိုးကို သေချာတပ်ပြီး မဆောင်းတာရယ်တို့ပါပဲ။ ဒီဟာလေးတွေကို သေချာဂရုစိုက်ပြီးလိုက်နာကျင့်သုံးမယ်ဆိုရင်တော့ ယာဉ်တိုက်မှုတွေ လျော့နည်းလာနိုင်မှာပါ။ ကျွန်တော်တို့ဌာနအနေနဲ့လည်း အတတ်နိုင်ဆုံးစစ်ဆေးပညာပေးမှုတွေလုပ်ဆောင်နေကြပါတယ်” ဟု စစ်တွေယာဉ်ထိန်းရဲတပ်ဖွဲ့မှ ရဲအုပ်ဦးဝေလင်းအောင်က ပြောသည်။

ရခိုင်ပြည်နယ်အတွင်း နှစ်အလိုက် ယာဉ်မတော်တဆ ဖြစ်ပွားမှုများမှာ ၂၀၀၉ ခုနှစ်တွင် ၁၅၄ ကြိမ် ဖြစ်ပွားခဲ့ပြီး သေဆုံးသူ ၅၈ ဦးနှင့် ဒဏ်ရာရရှိသူ ၃၇၅ ဦးရှိခဲ့ကာ ၂၀၁၀ပြည့်နှစ်တွင် ၂၃၀ ကြိမ်၊ သေဆုံးသူ ၄၀ ဦးနှင့် ဒဏ်ရာရရှိသူ ၃၉၆ ဦးရှိခဲ့ကြောင်းသိရသည်။ ယခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လအထိ ယာဉ်မတော်တဆမှု ၁၄၄ ကြိမ်ဖြစ်ပွားခဲ့ပြီး သေဆုံးသူ ၂၇ ဦးနှင့် ဒဏ်ရာရရှိသူ ၂၂၀ ဦး ရှိခဲ့ကြောင်း မှတ်တမ်းများအရသိရသည်။

ရခိုင်ပြည်နယ်တွင် ယာဉ်တိုက်မှုအများဆုံးဖြစ်ပွားသည့်မြို့များမှာ စစ်တွေ၊ ကျောက်ဖြူ၊ သံတွဲ၊ တောင်ကုတ်နှင့် မောင်တောမြို့တို့ဖြစ်ပြီး ယာဉ်တိုက်မှုနှုန်းမြင့်တက်နေရခြင်းမှာ ပြည်နယ်တွင်း ဆိုင်ကယ်စီးသူဦးရေများပြားလာခြင်းအပြင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ စည်းကမ်းချက်များ လိုက်နာကျင့်သုံးမှုမရှိခြင်းကြောင့်ဟုသိရသည်။

# သန့်ရှင်းသော အစိုးရမူဝါဒအရ မန္တလေးတွင် ဝန်ထမ်းအချို့ကို စစ်ဆေးအရေးယူ

**စိုင်းသာအောင်**

**မန္တလေး၊ အောက်တိုဘာ- ၂၉**

မန္တလေးမြို့တွင် အများပြည်သူနှင့် နေ့စဉ်ထိတွေ့ရသောအဖွဲ့အစည်းမှ တာဝန်ရှိသူများအား နိုင်ငံတော်အစိုးရ၏ သန့်ရှင်းသောအစိုးရ(Clean Govenment)မူဝါဒအရ သက်ဆိုင်ရာမှ စစ်ဆေးအရေးယူနေပြီဖြစ်ကြောင်း သိရသည်။

မန္တလေးမြို့တွင် ပြည်သူလူထုနှင့် နေ့စဉ်ထိတွေ့ဆက်ဆံရသောအဖွဲ့အစည်းမှာ ယာဉ်ထိန်းတပ်ဖွဲ့ဖြစ်ပြီး ယခုအခါ လိုင်စင်မဲ့ကားကိစ္စများနှင့်ပတ်သက်၍ ယာဉ်ထိန်းတပ်ဖွဲ့မှူးအပါအဝင် အရာရှိ ၁၀ ဦး၊ အခြားအဆင့် ၄ ဦးအား နေပြည်တော်တွင် ခေါ်ယူစစ်ဆေးနေခြင်းဖြစ်သည်။ ယင်းကိစ္စနှင့်ပတ်သက်၍ မန္တလေးမြို့ စက်မှုဇုန်မော်တော်ယာဉ်ထုတ်လုပ်သူတစ်ဦးက “လိုင်စင်မဲ့ကားကိစ္စတွေနဲ့ပတ်သက် ဆက်နွယ်မှု၊ လာဘ်ပေးလာဘ်ယူမှုများကြောင့်ဖြစ်နိုင်ပါတယ်။ ဖမ်းဆီးရမိတဲ့ လိုင်စင်မဲ့ကားတွေကို ပိုင်ရှင်မဲ့ဆိုပြီး အပြင်မှာ ရောင်းစားတာလည်းပါတယ်”ဟု ပြောသည်။

မန္တလေးမြို့ခံ အငြိမ်းစားရဲအရာထမ်းတစ်ဦးက “မန္တလေးယာဉ်ထိန်းတပ်ဖွဲ့က အရာရှိ ၁၀ ဦး၊ အခြားအဆင့် ၄ ဦးအရေးယူခံရတာ တရားဝင်တိုင်စာကြောင့်ဖြစ်ပြီး သန့်ရှင်းသောအစိုးရ(Clean Government)ဖြစ်ရေးအတွက် အဂတိတရားလိုက်စားမှုကို အရေးယူဆောင်ရွက်ခြင်းဖြစ်နိုင်ပါတယ်” ဟု ရှင်းပြသည်။

# ရှေ့ဘိုခရိုင်တွင် စပါးစိုက်ကွင်းများ၌ မြွေများသေဆုံး၍ ကြွက်ကျချိန် ပုံမှန်ထက်စောနိုင်ဟုဆို

**မျိုးမင်းဦး**

**မုံရွာ၊ အောက်တိုဘာ- ၂၉**

ရှေ့ဘိုခရိုင် ဒီပဲယင်းမြို့နယ်၊ ရေဦးမြို့နယ်၊ တန့်ဆည်မြို့နယ်နှင့် ခင်ဦးမြို့နယ်များအတွင်း စပါးစိုက်ခင်းများတွင်ကျက်စားသော မြွေများ သေဆုံးမှုပိုများခဲ့သဖြင့် ကြွက်များကျရောက်ချိန် ပုံမှန်ထက်စောနိုင်ကြောင်း အဆိုပါဒေသခံတောင်သူများပြောပြချက်အရသိရှိရသည်။

“ပုံမှန်စပါးခင်းတွေမှာကြွက်ကျချိန်က နတ်တော်လမှာပါ။ ဒီနှစ်သီတင်းကျွတ်လကတည်းကကြွက်ကျချင်နေပြီ။ ဒီနှစ်မိုးကလည်းနွေစပါးစိုက်ချိန်(ဇူလိုင်)မှာတစ်ကြိမ်၊ မိုးစပါးမှာလည်း အနှံထွက်စ (အောက်တိုဘာလ)မှာတစ်ကြိမ်သည်းသည်းရွာတော့ မြွေတွေရေနဲ့မျောပါပြီးစားကျက် ပြောင်းသွားသလို ရေတက်ချိန်မှာ မြွေဖမ်းသူတွေကလည်းများတော့မြွေတွေအသေအပျောက်များတယ်။ မြွေနည်းသွားရင်ကြွက်တွေပိုသောင်းကျန်းနိုင်တယ်။ ကြွက်တွေကလည်း ပုံမှန်ထက်နှစ်လနီးပါးစောတော့ တောင်သူတွေမိုးစပါးအတွက် ပိုသတိထားရတော့မယ်”ဟု ဒီပဲယင်းမြို့နယ်၊ ကြခတ်ကျေးရွာဒေသခံစပါးစိုက်တောင်သူတစ်ဦးက ပြောသည်။

မိုးစပါးစိုက်ခင်းများတွင် မိုးရေ၊ဆည်ရေကုန်ဆုံးချိန်နိုဝင်ဘာလကုန်နှင့်ဒီဇင်ဘာလဆန်းပိုင်း၌ ကြွက်ကျချိန်ပုံမှန်ဖြစ်ပြီး ယခုနှစ်တွင် သက်လတ်စပါးမျိုးရင်းများစိုက်ပျိုးသူပိုများလာသည့်အတွက် အောက်တိုဘာလ၌ ကြွက်ကျရောက်သဖြင့် ပုံမှန်နှစ်ထက်ကြွက်ကျချိန်ပိုစောလာခြင်းလည်းဖြစ်သည်။ နွေရာသီတွင်မြွေဖမ်းဆီးသူများပြီး မိုးရာသီတွင်ငါးရှဉ့်ဖမ်းဆီးရောင်းချသူများသည်။ ဆောင်းရာသီတွင်ကြွက်ဖမ်းဆီးသူများခဲ့သော်လည်းနှစ်စဉ်ရာသီအလိုက်စပါးခင်းများအတွင်း မြွေ၊ ငါးရှဉ့်၊ ကြွက်ဖမ်းဆီးရောင်းချခဲ့ကြောင်း သိရှိရသည်။ အဆိုပါ ဒေသတွင်မြွေတစ်ကောင် ကျပ်တစ်ထောင်မှ ကျပ်ငါးထောင်အထိလည်းကောင်း၊ငါးရှဉ့်တစ်ပိဿာ ကျပ် ၂,၅၀၀ မှ ၄,၀၀၀ အထိလည်းကောင်း၊ ကြွက်တစ်ကောင် ကျပ် ၅၀ မှကျပ် ၃၀၀ အထိလည်းကောင်း အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရှိရသည်။

# ရခိုင်ပြည်နယ်တောင်ပိုင်းတွင် တက္ကသိုလ်သစ်တစ်ခုဖွင့်ရန် မြေအလှူရှင်ပေါ်ပေါက်

**မြတ်စုမွန်**

**ရန်ကုန်၊ အောက်တိုဘာ- ၂၅**

ရခိုင်ပြည်နယ်တောင်ပိုင်းတွင် တက္ကသိုလ်အသစ်တစ်ခု ထပ်မံတည်ဆောက်နိုင်ရန်အတွက် ငွေကြေးမြောက်မြားစွာ ကုန်ကျမည်ဖြစ်ရာ စေတနာအလျောက် လှူဒါန်းမည့် အလှူရှင်ရှိပါက နိုင်ငံတော်နှင့် အလှူရှင်တို့ ပူးပေါင်းတည်ထောင်လျှင် ဖြစ်နိုင်သည့် အခြေအနေရှိကြောင်းနှင့် တည်ဆောက်ရန်လည်းထည့်သွင်းစဉ်းစားရမည့်ကိစ္စဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက ယခုလ ၂၁ ရက် ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် ပြောကြားသည်။

တောင်ကုတ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစံလှိုင်က ရခိုင်ပြည်နယ်တောင်ပိုင်းမှ ကျောင်းသူ၊ကျောင်းသားများအတွက် ပိုမိုအဆင်ပြေစေရန်အတွက် တောင်ကုတ်မြို့တွင် ရခိုင်ပြည်နယ် တောင်ပိုင်းတက္ကသိုလ်တစ်ခုဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုကြောင်း အောက်တိုဘာလ ၂၁ ရက်တွင် ပြည်သူ့လွှတ်တော်၌ မေးမြန်းခြင်းနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးက အထက်ပါအတိုင်းပြန်လည်ဖြေကြားခဲ့ခြင်းဖြစ်သည်။

“တောင်ကုတ်မှာတက္ကသိုလ်ဖွင့်ခွင့်ရမယ်ဆိုရင်မြို့ကတတ်နိုင်တဲ့လူတွေက မြေဧက ၃၀၀ ကိုလှူမယ်။ သိန်း ၂,၀၀၀ လောက်တန်တဲ့မြေကို မြို့ကလှူမယ်။ လိုအပ်ရင် ကျွန်တော်က စိုက်လှူဦးမယ်။ ကျောင်းဆောင်တွေကိုတော့အစိုးရက ဆောက်ပေးရမှာပေါ့လေ”ဟု တောင်ကုတ်မြို့မှဒေသခံလုပ်ငန်းရှင်တစ်ဦးဖြစ်သည့် နေလသစ္စာဆောက်လုပ်ရေးလုပ်ငန်းပိုင်ရှင် ဦးကျောက်တောင်က 7Day News သို့ပြောသည်။

ရခိုင်ပြည်နယ်တောင်ပိုင်းရှိ မြို့နယ်များမှ ကျောင်းသား၊ ကျောင်းသူများသည် ဘင်္ဂလားပင်လယ်ကို ပြည်တွင်းရေကြောင်းသင်္ဘောကြီးများဖြင့် ဖြတ်သန်းကာ စစ်တွေမြို့သို့ နှစ်ညအိပ်သုံးရက်ခရီးသွားရောက်၍ တက္ကသိုလ်ပညာရေးကို သင်ကြားရပြီး အဝေးသင် စာမေးပွဲဖြေဆိုကာလ တစ်ခုအတွက် ကျပ်လေးသိန်းကျော် ကုန်ကျစရိတ်ရှိကြောင်း ဒေသခံ ဘွဲ့ရလူငယ်များထံမှသိရသည်။

ရခိုင်ပြည်နယ် တောင်ပိုင်းရှိ ကျောက်ဖြူ၊ ဂွ၊ တောင်ကုတ်၊ အမ်း၊ ရမ်းဗြဲ၊ သံတွဲနှင့် မာန်အောင်မြို့နယ်များမှ ကျောင်းသား၊ ကျောင်းသူများသည် စစ်တွေတက္ကသိုလ်သို့ သွားရောက်ပညာသင်ယူရန် လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုရှိကြောင်း၊ အဆိုပါမြို့နယ်များမှ ၂၀၁၁ ခုနှစ်တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်သည့် ကျောင်းသား၊ ကျောင်းသူ ၂၄၇၅ ဦး ရှိကြောင်း၊ တောင်ကုတ်မြို့သည် မြန်မာနိုင်ငံအလယ်ပိုင်းမှ ရခိုင်ပြည်နယ်သို့ဝင်ရောက်သည့် လမ်းဆုံမြို့ဖြစ်ကြောင်း၊ တောင်ကုတ်မြို့တွင် ကောလိပ်တစ်ခု တည်ထောင်ပါက ကျောင်းတက်နိုင်မည့် ကျောင်းသားဦးရေများပြားမည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးက ရခိုင်လွှတ်တော်ကိုယ်စားလှယ်၏မေးခွန်းကို ပြန်လည်ဖြေကြားခဲ့သည်။

ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့တွင် တက္ကသိုလ်တစ်ခု ဖွင့်လှစ်ပေးမည်ဆိုပါက တောင်ကုတ်မြို့ရှိ ဒေသဖွံ့ဖြိုးရေးကော်မတီက တာဝန်ယူကာ ဆရာ၊ ဆရာမများအတွက် လမ်းပန်းဆက်သွယ်ရေးကုန်ကျစရိတ်များကို ရာခိုင်နှုန်းအလိုက် လျှော့ချပေးခြင်း၊ ၂၄ နာရီလျှပ်စစ်မီးရရှိစေရန် ဆောင်ရွက်ပေးထားခြင်းနှင့် လိုအပ်ချက်များကို ပံ့ပိုးကူညီပေးခြင်းများပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း ဦးကျောက်တောင်က ပြောကြားသည်။

# ထိုင်းနိုင်ငံရောက် ရွှေ့ပြောင်းလုပ်သားနှစ်သန်းကျော်ကိစ္စ နှစ်နိုင်ငံ သဘောတူညီချက်များရရှိ

**အောင်သူရ၊ ကျော်သီဟ**

**ရန်ကုန်၊ အောက်တိုဘာ - ၂၅**

ထိုင်းနိုင်ငံရောက် မြန်မာ ရွှေ့ပြောင်းလုပ်သားနှစ်သန်းကျော်နှင့် ပတ်သက်၍ အလုပ်သမားဝန်ကြီးဌာနက ထိုင်းအစိုးရနှင့်အကြောင်းအရာရှစ်ခု ဆွေးနွေးခဲ့ပြီး နှစ်နိုင်ငံ သဘောတူညီချက်လေးခု လက်မှတ်ရေးထိုးခဲ့ကြောင်း သတင်းရရှိသည်။

မြန်မာနိုင်ငံ အလုပ်သမားဝန်ကြီးဌာနမှ ပြည်ထောင်စု ဒုတိယဝန်ကြီးခေါင်းဆောင်သောအဖွဲ့သည် အောက်တိုဘာလအတွင်း သွားရောက်ခဲ့သည့် ခရီးစဉ်တွင် ဆွေးနွေးသဘောတူညီခဲ့ခြင်းဖြစ်သည်။

နှစ်နိုင်ငံလက်မှတ်ရေးထိုးခဲ့သည့် သဘောတူစာချုပ်ပါ အဓိကအချက်များမှာ ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများအား နိုင်ငံသားစိစစ်ရေးနှင့် ယာယီနိုင်ငံကူးလက်မှတ်များ ထုတ်ပေးခြင်းများ ဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံမှ အဖွဲ့ဝင်ရှစ်ဦးပါ အဖွဲ့ခွဲငါးဖွဲ့ကို ထိုင်းနိုင်ငံသို့ စေလွှတ်ပြီး လာမည့်နှစ်ဇန်နဝါရီ၁ရက်တွင်စတင်ဆောင်ရွက်ရန်၊ မြန်မာတရားဝင်အလုပ်သမားသစ်များကို လက်ရှိနယ်စပ်ဂိတ်သုံးခုအပြင် ရန်ကုန်မှ တစ်ဆင့် လေကြောင်းနှင့် ပို့ဆောင်ရန်၊ အလုပ်ရှင်နှင့် အလုပ်သမားခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်အား မြန်မာဘာသာဖြင့် ထည့်သွင်းချုပ်ဆိုရန်နှင့် ထိုင်းနိုင်ငံတွင် မြန်မာနိုင်ငံဆိုင်ရာ အလုပ်သမားရေးရာသံမှူးတစ်ဦး ထားရှိရန်ကိစ္စများ စသည်တို့ပါဝင်သည်ဟု အလုပ်သမားဝန်ကြီးဌာနမှ တရားဝင်ထုတ်ပြန်သည်။



ထိုင်းနိုင်ငံရှိ မဟာချိုင်ဒေသတွင် လုပ်ငန်းခွင်ဝင်နေသော မြန်မာလုပ်သားများ

နှစ်နိုင်ငံ ဆွေးနွေးခဲ့သောကိစ္စရပ်များတွင် သဘောတူညီမှုလက်မှတ်ရေးထိုးခဲ့သောကိစ္စရပ်လေးခုမှာ မြန်မာနိုင်ငံတွင် အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော ပြည်ပအလုပ်လုပ်ကိုင်မှု ကြီးကြပ်ရေးကော်မတီဖွဲ့စည်းထားခြင်းကိစ္စ၊ နိုင်ငံရေးစိစစ်ရေးပြုလုပ်ရန် ကျန်ရှိသော ရွှေ့ပြောင်းလုပ်သားများကိစ္စနှင့် ယာယီနိုင်ငံကူးလက်မှတ်ထုတ်ပေးရန်ကိစ္စ၊ နိုင်ငံသားဖြစ်ကြောင်း (Nationally Verification) လုပ်ငန်းကို အိုင်တီစနစ်ဖြင့် ဆောင်ရွက်နိုင်ရေးနှင့် မြန်မာအလုပ်သမားများ၏ သားသမီးများကို အထောက်အထားထုတ်ပေးရန်ကိစ္စ၊ အထောက်အထားမဲ့ မြန်မာရွှေ့ပြောင်းလုပ်သားများအား အထောက်အထား ခိုင်မာစွာရှိရေးကိစ္စ၊ အထောက်အထားရှိလုပ်သားများ၏ လူမှုဖူလုံရေးကိစ္စနှင့်မိသားစုထံ တရားဝင်ငွေလွှဲနိုင်ရေး ကိစ္စ စသည့်အချက်များပါဝင်သည်။

# ဟိုတယ်နှင့် ခရီးသွားဝန်ဆောင်မှုသင်တန်း တက်ရောက်သူအများစုမှာပြည်ပအလုပ်အကိုင်အတွက် ရည်ရွယ်ပြင်ဆင်ကြခြင်းဖြစ်

**နေလင်းထွန်း**

**ရန်ကုန်၊ အောက်တိုဘာ - ၂၈**

ပြည်တွင်းရှိ ဟိုတယ်နှင့်ခရီးသွား ဝန်ဆောင်မှုသင်တန်းများတွင် တက်ရောက်နေသော သင်တန်းသားများ၏ ၉၀ ရာခိုင်နှုန်းခန့်သည် ပြည်ပအလုပ်အကိုင် အခွင့်အလမ်းအတွက် ရည်ရွယ်သင်ယူနေကြခြင်းဖြစ်ကြောင်း ဟိုတယ်နှင့် ခရီးသွားဝန်ဆောင်မှုသင်တန်းကျောင်းတစ်ခု၏ မန်နေဂျင်းဒါရိုက်တာတစ်ဦးကပြောသည်။

သင်တန်းပြီးဆုံးသော ကျောင်းသားအများစုသည် ယူအေအီးနိုင်ငံနှင့် စင်ကာပူနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်လျက်ရှိကြပြီးပြည်တွင်း၌ အလုပ်အကိုင်အခွင့်အလမ်းနှင့် လစာငွေနည်းပါးခြင်းတို့ကြောင့် ပြည်ပသို့ထွက်ခွာနေကြခြင်းဖြစ်ကြောင်း သိရသည်။

"အရင်က သင်တန်းပြီးတော့ ပြည်တွင်းမှာလုပ်တဲ့သူက ၅ ရာခိုင်နှုန်းတောင်မရှိဘူး။ အခု ၁၀ ရာခိုင်နှုန်းကနေ ၂၀ ရာခိုင်နှုန်းလောက်တော့ ပြည်တွင်းမှာ လုပ်ငန်းခွင်ဝင်လာကြတယ်။ ဒီနှစ်မှာ ဟိုတယ်တွေ တိုးချဲ့ဖွင့်လှစ်လာကြတာရယ်၊ ဟိုတယ်တွေ လစာတိုးမြှင့်ပေးလာကြတာကြောင့် ဒီမှာလုပ်မယ့်သူတိုးလာတာပါ။ သင်တန်းသားအများစုကတော့ ပြည်ပနိုင်ငံတွေမှာ အလုပ်အကိုင်အခွင့်အလမ်းရရှိဖို့ တက်ရောက်နေကြတာပါ" ဟု အထက်ပါပုဂ္ဂိုလ်က ဆိုသည်။

ဟိုတယ်နှင့်ခရီးသွားဝန်ဆောင်မှုသင်တန်းများလေ့လာ သင်ယူကြရာတွင် F&B (ဝိတ်တာ)သင်တန်းများကို တက် ရောက်ကြသူများပြီး ယခုနောက်ပိုင်းတွင် ဧည့်ကြိုနှင့် လေယာဉ်မယ်သင်တန်း၊ အချက်အပြုတ်နှင့် မုန့်ဖုတ်သင်တန်းများ တက်ရောက်သူ များပြားလာကြောင်း သိရသည်။

## Free Classified ဝန်ထမ်းအလိုရှိသည် အခမဲ့ကြော်ငြာကဏ္ဍ

အင်တာနက်ဆိုင်နှင့် ကွန်ပျူတာသင်တန်းအတွက် A+, Hardware ကျွမ်းကျင်-ကျား/မ(၂)ဦး၊ Auto Cad 2D, 3D, 3D Max ကျွမ်းကျင်- ကျား/မ(၂)ဦး၊ Reception - မ(၂)ဦး၊ အင်တာနက်ကျွမ်းကျင်-ကျား/မ(၆)ဦး၊

**ဖုန်း- ၂၉၅၆၇၉၊ ၃၇၇၂၃၆**

---

Zawgyi House Cafe အတွက် Waiter -ကျား(၄)ဦး၊

**ဖုန်း-၃၈၀၃၉၈၊**

**၂၅၆၃၅၅ Ext: ၃၀၂၇**

---

အလှကုန်ပစ္စည်းများ ဖြန့်ဖြူးရောင်းချရန် -မ(၁)ဦး၊

**ဖုန်း-၀၉ ၅၀ ၆ ၂၉၇၈**

---

စက်ပန်းထိုးကျွမ်းကျင်-မ(၁)ဦး၊

**ဖုန်း- ၀၉ ၅၀ ၆ ၂၉၇၈**

---

Win Computer Service လူကြီးမင်းတို့ကွန်ပျူတာအခက်အခဲများကို ဖုန်းဆက်လိုက်ရုံဖြင့် အိမ်တိုင်ရာရောက် အချိုသာဆုံးနှုန်းထားဖြင့် လာရောက်တာဝန်ယူ ဖြေရှင်းပေးပါသည်။ ငါးသိန်းတန် ဖုန်းဖြင့် အင်တာနက်ချိတ်ဆက်ပေးပါသည်။ **ဖုန်း-၀၉ ၄၃၁၇၀၉၆၃**

---

မကြာမီဖွင့်မည့် ဖက်ရှင်ဆိုင်အသစ်အတွက် မ(၃)ဦး၊

**ဖုန်း-၀၉ ၇၃၀၄၉၆၀၈**

---

ရွှေမိသားစုအထည်ဆိုင်အတွက် စာရင်းကိုင် -မ(၂)ဦး၊ Marketing -(၁)ဦး၊ အထွေထွေဝန်ထမ်း -ကျား(၂)ဦး၊ အရောင်းဝန်ထမ်း -မ(၁)ဦး။

**ဖုန်း-၀၉ ၅၁၅၅၂၆၀**

---

Min Thurein Publishing Services အတွက် ကွန်ပျူတာစာစီစာရိုက်နှင့် ဒီဇိုင်းကျွမ်းကျင်သူ -မ(၂)ဦး။

**ဖုန်း- ၀၉ ၅၁ ၄၈၅၂၄**

---

Min Thurein Publishing Services အတွက် မိတ္တူကူးခြင်း၊ Color Print ထုတ်ခြင်း၊ စာအုပ်ချုပ်ခြင်း၊ စာစီစာရိုက်ခြင်းနှင့် စာရင်းဇယားများ ဆွဲပေးခြင်း၊ စာချုပ်စာတမ်းများပေါ်တွင် စာစီပေးခြင်းတို့ကိုစိတ်တိုင်းကျဆောင်ရွက်ပေးပါသည်။

**ဖုန်း- ၀၉ ၅၁ ၄၈၅၂၄**

---

Better Life ACTY Co., Ltd အတွက် Japanese Language Instructor (2 Posts),

**Tel: 382529**

---

တရုတ်စကားပြန်ကျွမ်းကျင် (၂)ဦး၊ စက်ပြင်ကျွမ်းကျင် (၂)ဦး၊ ကားအလှဆင်ပိုင်း(၂)ဦး၊

**ဖုန်း-၀၁ ၄၀၁၃၄၄၊ ၀၁ ၇၀၅၅၁၉**

---

Slim Xpress မှ ကာယနည်းပြ အမျိုးသမီး (၁)ဦး၊ ဝန်ထမ်း(၁)ဦး၊

**ဖုန်း-၀၉ ၅၀၉၆၄၂၈**

---

လက်ရှိလည်ပတ်လုပ်ကိုင်နေသော အားကစားရုံရောင်းမည်။ အကျိုးတူပူးပေါင်းဆောင်ရွက်လိုလျှင်လည်း ဆက်သွယ်ပါ။

**ဖုန်း-၀၉ ၅၀ ၉၆၄၂၈**

---

Golden Myint Manufacturing Co., Ltd တွင် Secretary to M.D -ကျား(၁)ဦး၊

**ဖုန်း-၅၉၀ ၅၅၆၊ ၅၉၀ ၅၅၇**

---

အိမ်စီးကားမောင်းကျွမ်းကျင် -(၁)ဦး၊

**ဖုန်း-၀၁ ၃၉၈ ၁၇၄၊**

**၀၉ ၅၁၄၃၇၂၇**

---

ဆေးဆိုး၊ ဖြောင့်၊ ကောက်ကျွမ်းကျင်-မ(၂)ဦး၊ ခေါင်းလျှော်၊ နှိပ်ကျွမ်းကျင်-မ(၃)ဦး၊ အင်္ဂလိပ်အပြောကျွမ်းကျင် Cashier -မ(၁)ဦး၊ **ဖုန်း-၅၂၆၃၆၃၊ ၅၁၆၇၆၂**

---

Inle Lake View Resort ဟိုတယ်နှင့် ရန်ကုန်ရုံးချုပ်အတွက် စာရင်းစစ်(B.Com. C.P.A)၊ စာရင်းကိုင် (B.Com, LCCI Level3)၊ F&B Waiter, Waitress ၊

**ဖုန်း-၀၁ ၂၄၈ ၉၀၇၊ ၂၄၈ ၉၀၈**

---

ဆာကူရာ ကုမ္ပဏီလီမိတက်အတွက် ကွန်ပျူတာကျွမ်းကျင် -ကျား/မ(၁၀)ဦး၊ ဒရိုင်ဘာ-(၅)ဦး၊၁၄/၃ ရပ်ကွက်၊ ချယ်ရီဥယျာဉ်အိမ်ရာ၊တောင်ဥက္ကလာပမြို့နယ်။

---

ယာဉ်မောင်း(၁)ဦး၊

**ဖုန်း-၃၉၃၀၅၁၊ ၃၉၄၈၂၄**

---

B Pham ဘွဲ့ရ-မ(၄)ဦး၊ Cashier, Receptionist -မ(၄)ဦး၊

**ဖုန်း-(+၀၁)၅၅၈၄၅၉၊**

**၅၅၈၄၀၁**

---

Sales Promoter (၅)ဦး၊

**ဖုန်း- ၂၉ ၁၁ ၁၈၊ ၂၉၇၂၁၆**

---

Aung Hein Min Co.,Ltd အတွက် Parts Admin F(1) Post (ဘွဲ့ရ)၊

**ဖုန်း-၀၁ ၆၈ ၂၉၉၆၊ ၀၁ ၅၂၈၅၆၈**

---

အမျိုးသမီးဝတ် ကျွမ်းကျင်စက်ချုပ်သမား (၁)ဦး၊

**ဖုန်း- ၀၉ ၅၀ ၁၈ ၁၃၄**

---

မော်ဒယ်သရုပ်ဆောင်-ကျား/မ ဗီစီဒီရိုက်ကူးရန်အတွက်

**ဖုန်း-၀၉ ၄၃၁၀၆၅၆၇**

---

Marketing Staff -ကျား/မ (၂)ဦး၊ Sales Promotors -မ(၇)ဦး၊

**ဖုန်း-၀၉ ၇၃၀ ၉၆၉ ၅၆**

---

Admin Manager -Male(2) Posts, Office Staff -Female (2)Posts,

**Ph: 389523, 384730**

---

အရောင်းဝန်ထမ်း -မ(၂)ဦး၊ အရောင်းတာဝန်ခံ-မ(၂)ဦး၊ အထွေထွေလုပ်သား-ကျား(၄)ဦး၊ ယာဉ်မောင်း-ကျား(၂)ဦး၊ အမှတ်-၆၃၊ မြေညီ၊ ၁၂ လမ်း၊ လမ်းမတော်။

---

Sales & Marketing (3)ဦး၊ No.503, 5th floor, LaPyayt Wun Plaza.

---

စာစီစာရိုက်ကျွမ်းကျင်-ကျား/မ (၁)ဦး၊ ဒီဇိုင်းနာကျွမ်းကျင်-ကျား/မ(၁)ဦး၊

**ဖုန်း-၀၉ ၇၃၁ ၇၀၇ ၃၄**

---

နည်းပညာ၊ သုတ၊ တက်ကျမ်း၊ ဘာသာပြန် စာမူများအလိုရှိသည်။

**မနောဖြူစာပေ**

**ဖုန်း-၀၉ ၇၃၀ ၄၃၈ ၇၃**

---

အင်တာနက်ကျွမ်းကျင်ပြီး စာရင်းကိုင်နိုင်သော-မ(၁)ဦး၊

**ဖုန်း-၆၆ ၀၁ ၆၃**


---

Photoshop ကျွမ်းကျင်ဝန်ထမ်း -ကျား/မ၊ Marketing ဝန်ထမ်း ကျား/မ၊

**ဖုန်း-၃၉၆၁၁၆၊ ၃၉၆၂၃၅**

---

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ်ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။ အမှန်တကယ်ဝန်ထမ်းခေါ်ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။


ZAW ZAW AUNG
AUNG MIN
MIN WAI AUNG
ONG KIM SENG
SEIN MYINT
THET PAING SOE CO., LTD.
You are cordially invited to the grand opening of
SHWEDAGON
and
KYAIK HTEE YOE
by
Thet Paing Soe
opening
11 November 2011 at 9:00 am
duration
11 November 2011 , 9:00 am to 6:00 pm
venue
Strand Hall
Strand Hotel, 92, Strand Road,
Yangon, Myanmar.
Enquiry
660 923 , 662 749


Stallion Lubricants
ဝေတာလီယံ
နေကာမျက်မှန်တပ်ပါ
ဂုဏ်ဝင်ပါ နှင့် လက်ဆောင် ပေးနေသော
ဝေတာလီယံ နေကာမျက်မှန်များ
အမြန်ရယူလိုက်ပါ...
Sunglasses Lucky Draw
25 Litres
Sunglasses FreeGift
Quality You Can Trust

# Education

7DAY NEWS JOURNAL

Vol.10, No.33 • NOVEMBER 3, 2011




## မြို့နယ်တိုင်းမှာ ဒီလိုမျိုး စရိတ်စက နည်းနည်းနဲ့ ဖွင့်ပေးမယ်ဆိုရင် အများကြီးကောင်းတာပေါ့

### မနောရမ္မပညာဒါနကျောင်း တည်ထောင်သောဆရာတော်နှင့်တွေ့ဆုံခြင်း



**နေလင်းထွန်း**

ဘာသာစကားအမျိုးမျိုးနှင့် အသက်မွေးဝမ်းကျောင်းပညာရပ်များအား ကျောင်းသားများ ငွေကြေးသက်သာစွာဖြင့် လေ့လာသင်ယူနိုင်ရန် စမ်းချောင်းမြို့နယ်၊ ရှမ်းလမ်းမှတ်တိုင်အနီး၌ မနောရမ္မ ပညာဒါနကျောင်းကို ဖွင့်လှစ်ထားသည်။ အင်္ဂလိပ်၊ စပိန်၊ ဂျပန်၊ တရုတ်၊ ပြင်သစ်၊ ကိုရီးယား၊ ဂျာမန်၊ မလေးရှားနှင့် ထိုင်းဘာသာစကားများအား ကျပ်ရာဂဏန်းဖြင့် တက်ရောက်နိုင်သလို ကွန်ပျူတာ၊ စီမံခန့်ခွဲမှု၊ အီလက်ထရွန်နစ်၊ စာရင်းကိုင်၊ ဟိုတယ်ဝန်ဆောင်မှု၊ ဆေးဝါးသုတေသနစသည့် အသက်မွေးဝမ်းကျောင်းပညာရပ်များကို ကျပ်ထောင်ဂဏန်းမျှဖြင့် သင်ယူနိုင်ရန် ပညာဒါနဘုန်းကြီးကျောင်း တည်ထောင်ထားသော ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝါယမိန္ဒနှင့် တွေ့ဆုံမေးမြန်းထားမှုကို ကောက်နုတ်ဖော်ပြလိုက်သည်။

**ပညာဒါနသင်တန်းကျောင်းစတင်ဖွင့်လှစ်ဖြစ်ခဲ့ပုံကို ပြောပြပေးပါဘုရား။**

ဦးဇင်းတို့ မနောရမ္မပညာဒါနကျောင်းက ၁၉၉၇-၉၈ လောက်ကစပြီး တည်ထောင်ခဲ့တာပါ။ အဲ့ဒီအချိန်တုန်းက အင်္ဂလိပ်စာတစ်ခုတည်းကို စသင်ခဲ့တယ်။ ကိုယ်တိုင်ဝါသနာပါတဲ့အတွက် ကိုယ်လည်းသင် ဆရာ၊ ဆရာမတွေကိုလည်း အကူအညီတောင်းပြီး ကျောင်းသားတွေကို သင်ခဲ့တာပါ။ စတုန်းကတော့ လူလေး၊ ငါးဆယ်လောက်နဲ့။ နောက်ပိုင်းမှာ တစ်ရာကျော်လောက်ကို အင်္ဂလိပ်စာပဲ သင်နေခဲ့တာပေါ့။ လေး၊ ငါး၊ ခြောက်လလောက်အကြာမှာ ကျောင်းသားနှစ်ရာကျော်ဖြစ်လာတော့ တာလပတ်လေးထိုး၊ မြေကြီးပေါ်မှာ ခုံလေးတွေချပြီးသင်တယ်။ နောက်နှစ်ကျတော့ တရုတ်တို့၊ ဂျပန်တို့ပါလာတယ်။ နောက်ပိုင်း သုံး၊ လေး၊ ငါးရာဖြစ်လာတော့ ဂျာမန်၊ စပိန်၊ ကိုရီးယားဘာသာစကားတွေကို တိုးချဲ့သင်ကြားခဲ့တယ်။

**စဖွင့်တုန်းက ကြုံတွေ့ခဲ့ရတဲ့ အခြေအနေကို ပြောပြပေးပါဘုရား။**

စဖွင့်တဲ့အချိန်က ဆင်းရဲကျပ်တည်းတာပေါ့။ ကလေးတွေအတွက် မရှိ၊ ရှိတဲ့ထဲက တာလပတ်လေးထိုး၊ ပလတ်စတစ်မိုး၊ မြေကြီးမှာ ဖျာလေးတွေခင်းပြီး မိုးမလုံလေမလုံ သင်ရတာပေါ့။ မိုးများများရွာတဲ့အချိန်ကျ သင်တန်းလေးတွေ ပိတ်လိုက်ရတာပေါ့။ အဲ့ဒီဒုက္ခက လေး၊ ငါးနှစ်လောက်ခံရတာပေါ့။ နောက် အလှူရှင်တွေက ဟိုကပေါ်၊ ဒီကပေါ်နဲ့ ဝိုင်းဝန်းစုဆောင်းပြီးတော့ ဒီသုံးထပ်ကျောင်းဖြစ်လာအောင် တည်ဆောက်လိုက်တာပေါ့။ အခုဆိုရင် ကလေးတွေ လုံလုံခြုံခြုံ အေးအေးချမ်းချမ်းနဲ့ ပညာသင်နေရတဲ့ဘဝ ရောက်နေပါပြီ။

**ပညာဒါနကျောင်းမှာ ဆရာအရေအတွက် ဘယ်လောက်ရှိပါသလဲ၊ ဘယ်လိုပုံစံနဲ့ သင်ကြားနေတာလဲ သိချင်ပါတယ်ဘုရား။**

ဆရာ၊ ဆရာမတွေကလည်း စေတနာ့ဝန်ထမ်းတွေအနေနဲ့လာသင်ပေးကြပြီး ကလေးတွေအတွက် အကျိုးရှိမယ့်သင်တန်းတွေကို ပို့ချပေးနေပါတယ်။ ဒီမှာ ပညာလာသင်ပေးတဲ့ ဆရာဦးရေက ၂၃ကနေ ၂၅ဦးကြားရှိတယ်။ သူတို့က စေတနာနဲ့ အခမဲ့ လာရောက်သင်ကြားပေးတာပါ။ ဒီမှာ လာသင်တဲ့ဆရာကြီးတွေက စာသင်နှစ် နှစ်ဆယ်၊ သုံးဆယ်ရှိတဲ့ ဝါရင့်ဆရာတွေ များပါတယ်။ အပြင်မှာ ကျောင်းတွေလည်းရှိပြီး မအားတဲ့ကြားက လာသင်ပေးကြတာပါ။

စာ(၂၂)သို့

## ပုဂ္ဂလိကတက္ကသိုလ်များ ပညာရေးမူကြမ်း ပြည်သူ့လွှတ်တော်တွင် အတည်ပြု

**နေလင်းထွန်း**

**ရန်ကုန်၊ အောက်တိုဘာ - ၂၈**

နိုင်ငံတကာတက္ကသိုလ်ပညာရေး စနစ်များနှင့် လိုက်လျောညီထွေရှိသော ပုဂ္ဂလိကတက္ကသိုလ်များ (Private Universities) မြန်မာနိုင်ငံတွင် ဖွင့်လှစ်တည်ထောင်ခွင့်ပြုရေးအတွက် လိုအပ်မည့် ပုဂ္ဂလိကတက္ကသိုလ်ပညာရေးမူကြမ်းတစ်ရပ်အား သင့်တော်သည့်အချိန် ရယူရေးဆွဲပေးရန် ပြည်သူ့လွှတ်တော်မှ အတည်ပြုဆုံးဖြတ်လိုက်ကြောင်း နိုင်ငံပိုင်သတင်းစာတွင်ဖော်ပြထားသည်။

အောက်တိုဘာလ ၂၇ရက်တွင်ကျင်းပသော ပြည်သူ့လွှတ်တော်အစည်းအဝေး၌ ကမာရွတ်မဲဆန္ဒနယ်မှ ဒေါက်တာစိုးရင်ကယနေ့ ဖြစ်ထွန်းနေသော နိုင်ငံတကာတက္ကသိုလ်ပညာရေးစနစ်များနှင့် လိုက်လျောညီထွေမှုရှိသော ပုဂ္ဂလိကတက္ကသိုလ်များ (Private Universities) မြန်မာနိုင်ငံတွင် ဖွင့်လှစ်တည်ထောင်ခွင့်ပြုရေးအတွက် လိုအပ်မည့် ပုဂ္ဂလိကတက္ကသိုလ်ပညာရေးမူကြမ်းတစ်ရပ် ပြုစုရေးဆွဲပေးရေးအဆိုကိုတင်သွင်းခဲ့သည်။

ယင်းအဆိုကို ဘုတလင်မြို့နယ်မှ ဦးသန်းနွယ်နှင့် ဒဂုံမြို့သစ် (မြောက်ပိုင်း) မဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦးတို့က ထောက်ခံဆွေးနွေးကြပြီး ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူက ယင်းအဆိုသည် ဆောင်ရွက်သင့်သည့်ကိစ္စဖြစ်သဖြင့် သင့်တော်သည့်အချိန်ရယူ၍ ဆောင်ရွက်သင့်ပါကြောင်းတင်ပြခဲ့သည်။

"နိုင်ငံတကာမှာ ပုဂ္ဂလိကတက္ကသိုလ်နဲ့ကောလိပ်တွေက အပြိုင်အဆိုင်အောင်မြင်နေကြပါတယ်။ ဒီမှာတော့ တရားဝင် အသိအမှတ်ပြုဖွင့်လှစ်ထားတာမျိုး လုံးဝမရှိသေးဘူး။ ပုဂ္ဂလိကတက္ကသိုလ်၊ ကောလိပ်ဖွင့်ခွင့်ရမယ်ဆိုရင်တော့ ဖွင့်ချင်ပါတယ်" ဟု ပြည်ပတက္ကသိုလ်တစ်ခုနှင့် ချိတ်ဆက်ထားပြီး အသက်မွေးဝမ်းကျောင်းဘာသာရပ်များ သင်ကြားပို့ချနေသည့် သင်တန်းကျောင်းတည်ထောင်ထားသူတစ်ဦးကပြောသည်။

ယခုအချိန်တွင် ပြည်တွင်းရှိပုဂ္ဂလိကပညာရေးလုပ်ငန်းများသည် အင်စတီကျူဒ်၊ အကယ်ဒမီ၊ အက်ကျူကေးရှင်းစင်တာ စသည့်အမည်အမျိုးမျိုးအသုံးပြု၍ ဘွဲ့ကြို၊ ဘွဲ့လွန်နှင့် ဒီပလိုမာသင်တန်းများကို နိုင်ငံရပ်ခြားမှ ပညာရေးအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ပြည်တွင်းရှိကျောင်းသားများသည် နိုင်ငံတကာအသိအမှတ်ပြုပညာရေးလက်မှတ်များရရှိနိုင်ရန် အိမ်နီးချင်းနိုင်ငံများဖြစ်သော ထိုင်း၊ မလေးရှား၊ စင်ကာပူတို့သာမက အနောက်နိုင်ငံများဖြစ်သော အမေရိကန်၊ ဗြိတိန်၊ ဩစတြေးလျ စသည့်နိုင်ငံများရှိ ပုဂ္ဂလိကတက္ကသိုလ်၊ ကောလိပ်များတွင် နှစ်စဉ်တစ်ဦးလျှင် ကျပ်သိန်းရာချီအကုန်အကျခံ သွားရောက်သင်ယူလျက်ရှိကြသည်။






## ကမာပေါ်တွင် LCCI လေ့လာသင်ယူသူအများဆုံးငါးနိုင်ငံ မြန်မာပါဝင်

**နေလင်းထွန်း**

**ရန်ကုန်၊ အောက်တိုဘာ - ၂၉**

ကမ္ဘာပေါ်တွင် ယူကေအသိအမှတ်ပြု LCCI ဘာသာရပ်အား လေ့လာသင်ယူသူအများဆုံး နိုင်ငံငါးနိုင်ငံ၌ မြန်မာနိုင်ငံ ပါဝင်ကြောင်း အဆိုပါအဖွဲ့အစည်း၏ အမှုဆောင်အရာရှိချုပ်ဖြစ်သူ Mr.Nigel Snook ကပြောသည်။


ပြည်တွင်း၊ ပြည်ပအလုပ်အကိုင်အခွင့်အလမ်းကြောင့် မြန်မာကျောင်းသားများသည် LCCI ၏ စာရင်းကိုင်ဘာသာရပ်ကို လေ့လာသင်ယူနေကြပြီး ယင်းအဖွဲ့အစည်းအသိအမှတ်ပြုစာမေးပွဲများအား နှစ်စဉ်ဝင်ရောက်ဖြေဆိုသူပေါင်းတစ်သောင်းကျော်ရှိသည်။

"ကျွန်တော်ခန့်မှန်းရမယ်ဆိုရင် LCCI ကို ဟောင်ကောင်၊ မလေးရှား၊ မြန်မာ၊ ဆိုက်ပရပ်၊ စင်ကာပူက ကျောင်းသားတွေက အဓိက ဖြေဆိုကြတယ်။ အများဆုံးဖြေဆိုကြတဲ့နိုင်ငံငါးနိုင်ငံပေါ့" ဟု အထက်ပါပုဂ္ဂိုလ်ကဆိုသည်။

ကျောင်းသားများအနေဖြင့် LCCI ဘာသာရပ်များအား လေ့လာသင်ယူပြီးနောက် ပြည်ပနိုင်ငံများ၌ ပညာရေးနှင့်အလုပ်အကိုင်အခွင့်အလမ်းများ ဆက်လက်ရှာဖွေရန်အတွက် ဘာသာရပ်ကျွမ်းကျင်မှုသာမက ဘာသာစကားကျွမ်းကျင်မှုရှိရန်လည်း လေ့ကျင့်ပြင်ဆင်ထားသင့်ကြောင်း ၎င်းက အကြံပြုသည်။

မြန်မာကျောင်းသားများသည် အသက်မွေးဝမ်းကျောင်းဆိုင်ရာဘာသာရပ်များကို လေ့လာသင်ယူကြပြီးနောက် ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်ရာတွင် ဘာသာစကားဆိုင်ရာ အားနည်းချက်များရှိနေပါက လုပ်ငန်းခွင်အခက်အခဲကြုံတွေ့ရမည်ဖြစ်ကြောင်း ဗြိတိသျှကောင်စီမှ စာမေးပွဲဌာန တာဝန်ရှိသူကပြောသည်။




## iPod Touch 2011 ပြည်တွင်းဈေးကွက်သို့ စတင်ဝင်ရောက်

**ယုဇနကိုကို**

**ရန်ကုန်၊အောက်တိုဘာ-၂၃**

Apple ကုမ္ပဏီကမကြာသေးမီကမှ အသစ်ထုတ်လုပ်လိုက်သည့် iPod Touch 2011 ကို ပြည်တွင်းဈေးကွက်တွင် စတင်ဝယ်ယူနိုင်ပြီဖြစ်ကြောင်းသိရသည်။

ယခုရက်သတ္တပတ်အတွင်းက ပြည်တွင်းဈေးကွက်အတွင်းသို့ ဝင်ရောက်လာသည့် ယင်း iPod Touch 2011 သည် iOS 5 နည်းပညာပါဝင်ထားသည်။

ထို့အပြင် WiFi ကွန်ရက်ပေါ်မှတစ်ဆင့် Apple အသုံးပြုသူအချင်းချင်း အပြန်အလှန် စာတိုမက်ဆေ့ချ်များပေးပို့နိုင်သည့် iMessage, Video Confernencing ပြုလုပ်နိုင်သော Face Time များပါဝင်သည်ဟုသိရသည်။


Apple iCloud ကဲ့သို့ WiFi ကွန်ရက်မှတစ်ဆင့် ချိတ်ဆက်အသုံးပြုနိုင်သည့် ယင်းပစ္စည်းသည် အဖြူရောင်တစ်မျိုးတည်းဖြင့် ဈေးကွက်သို့ ဝင်ရောက်လာခြင်းဖြစ်ပြီး 32 GB ကို ဈေးနှုန်း 388 US$ ဖြင့် ရောင်းချနေကြောင်းသိရသည်။

## တယ်လီဖုန်းခေါ်ဆိုမှုစင်တာ ဖွင့်လှစ်တော့မည်ဆို

**ယုဇနကိုကို**

**ရန်ကုန်၊အောက်တိုဘာ-၂၄**

ပြည်တွင်းရှိ ပုဂ္ဂလိကနည်းပညာကုမ္ပဏီနှစ်ခုပူးပေါင်းပြီး တယ်လီဖုန်းခေါ်ဆိုမှုစင်တာ(Call Centre) တစ်ခုကို ဖွင့်လှစ်တော့မည်ဖြစ်ကြောင်းသတင်းရရှိသည်။



ရတနာပုံတယ်လီပို့ကုမ္ပဏီလီမိတက်နှင့် ဘလူးအိုးရှင်းကုမ္ပဏီတို့ အကျိုးတူပူးပေါင်းဆောင်ရွက်မည့်အဆိုပါတယ်လီဖုန်းခေါ်ဆိုမှုစင်တာ၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် အခြားသော အများပြည်သူသိလိုသည့် အချက်အလက်များကို ဖုန်းခေါ်ဆိုစုံစမ်းရုံဖြင့် အလွယ်တကူသိရှိဆောင်ရွက်နိုင်မည့် ဝန်ဆောင်မှုတစ်ခုဖြစ်သည်ဟုဆိုသည်။

အဆိုပါ Call Centre ဝန်ဆောင်မှုနှင့်ပတ်သက်ပြီး ရတနာပုံတယ်လီပို့ကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူတစ်ဦးက "ဥပမာအားဖြင့် ကျန်းမာရေးကိစ္စတစ်ခုမှာ ဘယ်ရောဂါကိုအဓိကကိုင်တွယ်တဲ့ ဆရာဝန်နဲ့တွေ့ချင်ပါတယ်လို့ အသုံးပြုသူက ဖုန်းခေါ်ဆိုဆက်သွယ်လာရင်ကောစင်တာအနေနဲ့ သက်ဆိုင်ရာချိတ်ဆက်ထားတဲ့ ဆရာဝန်နဲ့ကြားခံ ဆက်သွယ်ပေးမှာဖြစ်ပါတယ်။ ဒီလိုပဲ တခြားသောကဏ္ဍတွေမှာလည်း ဒီလိုအလားတူပုံစံနဲ့ဝန်ဆောင်မှုပေးသွားမှာပါ" ဟု ပြောသည်။

အဆိုပါစင်တာမှာ ၂၄ နာရီပတ်လုံး ဖွင့်လှစ်ထားမည်ဖြစ်ပြီး ထိုဝန်ဆောင်မှုကို အသုံးပြုလိုသူများအနေဖြင့် ကြိုတင်ငွေဖြည့်ကတ်များဖြင့် ကန့်သတ်သတ်မှတ်ထားသည့် ငွေပမာဏအတွင်း ယင်းစင်တာသို့သိလိုသည့်အချက်အလက်ဟူသမျှ ဆက်သွယ်မေးမြန်းဆောင်ရွက်နိုင်မည်ဖြစ်သည်။

စတင်ဝန်ဆောင်မှုပေးနိုင်မည့်အချိန်မှာ ၂၀၁၂ နှစ်ဆန်းပိုင်းကာလတွင်ဖြစ်သည်ဟု အထက်ပါတာဝန်ရှိသူကဆိုသည်။


ရန်ကုန်မြို့တွင် ယခုကဲ့သို့ တယ်လီဖုန်းဝန်ဆောင်မှု စင်တာများဖွင့်လှစ်ကာ အများပြည်သူသိလိုသည့် အချက်အလက်များကိုပေးခြင်း၊ ကြားခံဆက်သွယ်မှုများပြုလုပ်ပေးခြင်း စသည့် ဝန်ဆောင်မှုကိုလွန်ခဲ့သည့် ၂၀၀၈ ခုနှစ်ဝန်းကျင်ကပင် အခြားသောနည်းပညာကုမ္ပဏီအချို့က ဆောင်ရွက်ရန် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသို့တင်ပြထားခြင်းများရှိခဲ့သော်လည်း ယင်းကဲ့သို့ စတင်အကောင်အထည်ဖော်လိုသည့် ကုမ္ပဏီများက အကောင်အထည်ဖော်ခွင့်မရခဲ့ပေ။

ရတနာပုံတယ်လီပို့ကုမ္ပဏီလီမိတက်မှာအစိုးရ၏တရားဝင်ခွင့်ပြုချက်ကိုရရှိထားသည့်သတင်းအချက်အလက်နှင့် နည်းပညာဆိုင်ရာလုပ်ငန်းများကို တစ်ဦးတည်းဆောင်ရွက်ခွင့်ရသည့် ကုမ္ပဏီတစ်ခုဖြစ်ပြီး ဘလူးအိုးရှင်းကုမ္ပဏီမှာမူယင်းကုမ္ပဏီနှင့် အခြားသော သတင်းအချက်အလက်ဆိုင်ရာလုပ်ငန်းများပူးတွဲဆောင်ရွက်နေသည့် ကုမ္ပဏီတစ်ခုဖြစ်သည်။











# ကျန်းမာရေးနှင့် အလှအပဆိုင်ရာ ဝက်ဘ်ဆိုက်တစ်ခု လွှင့်တင်

**ယုဇနကိုကို**

**ရန်ကုန်၊ အောက်တိုဘာ-၂၃**

ကျန်းမာရေးနှင့် အလှအပဆိုင်ရာ အကြောင်းအရာများကို စုစည်းဖော်ပြထားသည့် Myanmar Sky Link ဟူသည့် ဝက်ဘ်ဆိုက်တစ်ခု အားစတင်အသုံးပြုနိုင်ပြီဖြစ်ကြောင်း ယင်းဝက်ဘ်ဆိုက်ကို စီစဉ်သူထံမှ သိရသည်။

www.myanmarskylink.com အမည်ရ အဆိုပါဝက်ဘ်ဆိုက်သည် အလှအပနှင့် ကျန်းမာရေးကိစ္စရပ်များကို ပထမဆုံးဖော်ပြလာသည့် အင်တာနက်လမ်းညွှန်တစ်ခုဖြစ်ကြောင်း စီစဉ်သူ ဒေါက်တာဒေါ်လှမျိုးဟန်က ပြောသည်။

အဆိုပါဝက်ဘ်ဆိုက်တွင် ကျန်းမာရေးရာကိစ္စရပ်မျိုးစုံ အပြင် ရှောင်ရန်၊ ဆောင်ရန်အချက်အလက်အညွှန်းစာများနှင့် အလှအပနှင့်ပတ်သတ်ဆက်နွှယ်သော ကျန်းမာရေးကိစ္စရပ်များကို စုံလင်စွာရေးသားဖော်ပြထားသည်။

လွန်ခဲ့သည့် တစ်လခန့်က စတင်အသုံးပြုနိုင်ခဲ့သော်လည်း ယခုအချိန်တွင်မှ ပါဝင်လာသည့် အချက်အလက်အကြောင်းအရာများ ပိုမိုစုံလင်လာပြီဖြစ်သည့်အတွက် စတင်မိတ်ဆက်လိုက်ခြင်းဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်က ဆိုသည်။

ထို့အပြင် www.myanmarskylink.com တွင် အထူးကုဆရာဝန်များရေးသားထားသော ကျန်းမာရေးဆိုင်ရာဆောင်းပါးများ၊ အကြံပြုချက်များကို ပုံမှန်ဖတ်ရှုနိုင်မည်ဟုသိရသည်။

ကျန်းမာရေးဆိုင်ရာ အကြောင်းအရာများအပြင် ပြည်တွင်းတွင် ဝယ်ယူရရှိနိုင်သည့် အလှကုန်ပစ္စည်းများကိုဝက်ဘ်ဆိုက်၏တစ်နေရာတည်း၌ စုံလင်စွာကြည့်ရှုလေ့လာနိုင်မည့် Cosmetic Corner ကဏ္ဍလည်းပါဝင်မည်ဖြစ်သည်။

ပထမဆုံး ကျန်းမာရေးနှင့် အလှအပရေးရာကို တွဲဖက်ထားသော အဆိုပါဝက်ဘ်ဆိုက်စာမျက်နှာများတွင် မည်သူမဆို အကြံပြုစာများ၊ ဝေဖန်စာများ အပြင် သိလိုသည့်အချက်အလက်များကိုပါ ရေးသားတင်ပြနိုင်ကြောင်းသိရသည်။




# iPad 3 ကို လာမည့်နှစ်နွေရာသီတွင် ဖြန့်ချိဖွယ်ရှိဟုဆို



**လန်ဒန်၊ အောက်တိုဘာ - ၂၅**

အာရှဘက်မှ သတင်းရင်းမြစ်များ၏အဆိုအရ Apple ၏ မျိုးဆက်သစ်သင်ပုန်းကွန်ပျူတာ iPad 3 ကို လာမည့်နှစ် နွေရာသီတွင် ဖြန့်ချိရန်ရှိနေကြောင်း ဒေးလီးမေးလ်သတင်းစာကဖော်ပြသည်။

သတင်း၏ အဆိုအရ iPad 3 သည် မကြာသေးမီက ထွက်ရှိသော မော်ဒယ်သစ် iPad 2 ထက် ပိုမိုပါးလွှာမည်ဖြစ်ကာ ယခင်အသုံးပြုနေကျ iPad dock များ၊ ကီးဘုတ်များနှင့် တွဲဖက်အသုံးပြုရန်မဖြစ်နိုင်ကြောင်းသိရသည်။ iPad 3 ၏ မျက်နှာပြင်အရွယ်အစားမှာ iPad 2 အတိုင်းဖြစ်သည်ဟုဆိုသည်။

Apple ၏ သင်ပုန်းကွန်ပျူတာသစ်ထုတ်လုပ်မှုကို လာမည့် ဇန်နဝါရီလ ၂၂ရက်တွင် စတင်မည်ဖြစ်ကြောင်းဆိုသည်။ ခန့်မှန်းချက်များအရမူ iPad 3 သည် ယခင်မော်ဒယ်များထက် ရုပ်ထွက်အရည်အသွေးပိုကောင်းမည်ဖြစ်ကြောင်းသိရသည်။ အခြားသတင်းရင်းမြစ်များကမူ iPad 3 ကို iPhone 5 နှင့် တစ်ပြိုင်တည်း ဖြန့်ချိသွားမည်ဟုသိရသည်။

*—Ref: Dailymail*

# သိပ္ပံနှင့်အင်ဂျင်နီယာညီလာခံကျင်းပမည်

**ယုဇနကိုကို**

**ရန်ကုန်၊အောက်တိုဘာ-၂၃**

မြန်မာနိုင်ငံအတွင်းရှိ နည်းပညာတက္ကသိုလ်များစုပေါင်း၍ အပြည်ပြည်ဆိုင်ရာသိပ္ပံနှင့်အင်ဂျင်နီယာ ညီလာခံကို ဒီဇင်ဘာလတွင် ရန်ကုန်မြို့၌ ကျင်းပသွားမည်ဖြစ်ကြောင်းသတင်းရရှိသည်။

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနလက်အောက်တွင်ရှိသော ကွန်ပျူတာနှင့် နည်းပညာတက္ကသိုလ်များက ဦးစီးကျင်းပမည့် အဆိုပါ ညီလာခံတွင် ပြည်တွင်း၊ ပြည်ပမှ ပညာရှင်အသီးသီးက ၄င်းတို့သုတေသနပြုလုပ်ထားသော စာတမ်းများကို ဖတ်ကြားမည်ဟုသိရသည်။

တတိယအကြိမ်မြောက်ပြုလုပ်မည့် ယင်းညီလာခံတွင် ပြည်တွင်း၊ ပြည်ပပညာရှင်များ ဖတ်ကြားမည့် သိပ္ပံနှင့် နည်းပညာဆိုင်ရာစာတမ်းများမှာ Biotechnology, Bio Medical Engineering, Information and Communication Technology, Electrical and Electronic, Civil Engineering, Advance Materials Science, Engineering Geology နှင့် Remote Sensing and GIS အစရှိသည်တို့ ဖြစ်ကြသည်။

အဆိုပါညီလာခံကို သက်ဆိုင်ရာပုဂ္ဂလိက၊ အစိုးရကဏ္ဍ အသီးသီးမှစာတမ်းတင်သွင်းလိုသူများအနေဖြင့် http://icse.most.gov.mm ဝက်ဘ်ဆိုက်လိပ်စာသို့ သွားရောက်တင်သွင်းနိုင်မည်ဖြစ်ပြီး စာတမ်းနောက်ဆုံးတင်သွင်းရမည့် နေ့ရက်ကို ထပ်မံထုတ်ပြန်ပေးမည်ဟု သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှသိရသည်။

7DAY NEWS JOURNAL
Vol.10, No.33 • NOVEMBER 3, 2011

စနစ်တစ်ခုမှ တစ်ခုသို့ ကူးပြောင်းရန်တာစူနေချိန်တွင် လူသားတစ်ဦးချင်းအတွက် လိုအပ်နေသည့် လူသားအရင်းအမြစ် စွမ်းဆောင်ရည် (Human Capacity) ကို မည်ကဲ့သို့ မြှင့်တင်သင့်သည်ကို ပါမောက္ခဒေါက်တာအောင်ထွန်းသက်အား 7Day News က တွေ့ဆုံမေးမြန်းထားသည်များမှ ကောက်နုတ်ဖော်ပြလိုက်ပါသည်။

# ]လက်ရှိပညာရေးစနစ်ကိုမညှာမတာပြောရရင် အရေအတွက်ကိုပဲဦးစားပေးတဲ့စနစ်ဖြစ်နေတယ်}

## ဒေါက်တာအောင်ထွန်းသက်နှင့်တွေ့ဆုံခြင်း

■ ပြည့်သိမ်း

**■ တိုင်းပြည်တစ်ခုအပြောင်းအလဲလုပ်ဖို့ အားယူနေချိန်မှာ ပညာရှင်တွေက လူ့စွမ်းရည် (Human Capacity) မြှင့်တင်ဖို့ပြောတယ်။ လူ့စွမ်းရည်က တိုင်းပြည်ဖွံ့ဖြိုးမှုအတွက် ဘယ်လောက်ထိ အရေးပါပါသလဲ။**

အခု ပြောင်းနေတဲ့ နိုင်ငံတော်အစိုးရ ချမှတ်ထားတဲ့ ကျေးလက်ဒေသဖွံ့ဖြိုးမှုတို့၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးတို့ကို လုပ်နေတာ စီးပွားရေးဦးစားပေးမှုလို့ပဲ သုံးသပ်ရတယ်။ ဒါက လက်ခံပါတယ်။ ဒါပေမဲ့ အကူးအပြောင်းအခြေအနေနဲ့ပြောရရင် စီးပွားရေးဖွံ့ဖြိုးမှုကို ဦးစားပေးလုပ်လို့မရဘူး။ စီးပွားရေးဖွံ့ဖြိုးမှုဟာ တိုင်းပြည်ဖွံ့ဖြိုးမှုနဲ့ ချိတ်ဆက်မရဘူးဆိုရင်လည်း လူသားဖွံ့ဖြိုးမှုနဲ့ပဲစရမယ်။ ဒါကြောင့် လူ့အရည်အချင်းမြှင့်တင်မှုဆိုတာ အရမ်းကိုအရေးပါတယ်။ ၁၉၉၀ ကနေစပြီး နှစ် ၂၀ကျော် ယူအင်န်က လက်ခံလာတာ တိုင်းပြည်တစ်ခုရဲ့ ဖွံ့ဖြိုးမှုကို စီးပွားရေးဖွံ့ဖြိုးမှုတင် မဟုတ်တော့ဘူး။ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ဒါတွေ ဘက်စုံဖွံ့ဖြိုးဖို့လိုအပ်လာတယ်။ လူ့အရည်အချင်းဖွံ့ဖြိုးမှုပေတံကို ဦးစားပေးလာတယ်။ ယခင်က ချမ်းသာမှုကို ငွေကြေးပိုင်ဆိုင်မှုနဲ့တိုင်းတယ်။ အခုအနောက်ပိုင်းမှာဆိုရင်ရွေးချယ်မှုနဲ့ပါတိုင်းလာတယ်။ လက်ရှိ ပြည်တွင်းအခြေအနေမှာ တော့လူ့စွမ်းရည်ကွာဟချက် (Human Capacity Gap) ဖြစ်နေတယ်။ ခပ်ကျယ်ကျယ်ပြောရရင် ဖွံ့ဖြိုးဆဲ တိုင်းပြည်တိုင်းမှာ လူသား စွမ်းရည်ကွာဟချက်ရှိနေတယ်။ လူ့စွမ်းရည်က တိုင်းပြည်ရဲ့ကဏ္ဍတိုင်းမှာ မရှိမဖြစ်ကို အရေးပါနေတယ်။

**■ လူ့စွမ်းရည်ကွာဟချက်ဖြစ်လာတော့ ဒါကို လျော့နည်းအောင် ဘယ်လို လုပ်ဆောင်သင့်တယ်လို့ထင်ပါသလဲ။**

လျော့နည်းအောင်၊ပပျောက်အောင်လုပ်ဖို့ဆိုရင်တော့ လူ့စွမ်းရည်ကွာဟချက်တွေ ရှိလာတာကို အသိအမှတ်ပြုဝန်ခံရပါမယ်။ အရေးအကြီးဆုံးကတော့ လူ့စွမ်းရည်လိုအပ်ချက်မရှိဘူး။ အရည်အချင်းရှိတဲ့လူတွေ အပြည့်ရှိတယ်ဆိုပြီး မျက်စိမှိတ်ပြောနေလို့မရဘူး။ လူ့စွမ်းရည်လိုအပ်ချက်က နိုင်ငံတော်က ဦးဆောင်လုပ်တဲ့ မူဝါဒအသစ်တွေ၊ စီမံကိန်းအသစ်တွေမှာ အဟန့်အတား၊ အခက်အခဲဖြစ်စေတယ်။ ဒါတွေကိုလုပ်တဲ့အခါ အစီအမံဘယ်လောက်ကောင်းကောင်း လူတွေကလုပ်ရမှာဖြစ်တဲ့အတွက် လူ့စွမ်းဆောင်ရည်ကောင်းဖို့က အရမ်းလိုတယ်။ ဒါတွေကိုလုပ်ဖို့ကာလတို၊ ကာလလတ်၊ ကာလရှည်အစီအစဉ်ခွဲလုပ်ဖို့လိုတယ်။ ဒီထဲမှာ ကာလရှည်ရဲ့ အခြေခံပြောင်းလဲမှုက ပညာရေးစနစ်ပဲ။ လက်ရှိပညာရေးစနစ်ကို မညှာမတာပြောရရင် အရေအတွက်ကိုပဲ ဦးစားပေးတဲ့စနစ်ဖြစ်နေတယ်။ ဒါကိုဦးစားပေးရင်တော့ အရည်အချင်းက ကျမှာပဲ။ အရည်အချင်းကိုပြန်မြှင့်ဖို့လိုတယ်။ (Self-study) ကိုယ်တိုင် လေ့လာသင်ယူမှုက အခုချိန်မှာ အရမ်းကို အားနည်းနေတယ်။ ကျောင်းတွေမှာလည်း သင်ကြားရေးစနစ်မှာလည်း (Thinking) တွေးခေါ်မှုကို အရင်မြှင့်ဖို့လိုတယ်။ အာဂုံဆောင်အလွတ်ကျက်စနစ်ကို ပြင်ဆင်ရမယ်။

**■ လူငယ်တွေအနေနဲ့ လက်ရှိအချိန်မှာ လူ့စွမ်းရည်ကိုမြှင့်ဖို့ ဆရာ့အနေနဲ့ ဘယ်လိုများအကြံပေးချင်ပါသလဲ။**

ဒီနေ့ လူငယ်တွေကိုတော့ အထင်သေးလို့မရဘူး။ လူငယ်တွေကို အားပေးဖို့ ရှေ့တန်းတင်ဖို့လိုလာပြီ။ ဒီနေ့ အင်တာနက်နဲ့ လက်လှမ်းမီတဲ့လူငယ်တွေက ဖန်တီးမှုတွေပြုလုပ်နိုင်လာတယ်။ ပြီးတော့ လူငယ်တွေက သင်တန်းတွေအမျိုးမျိုးလည်း တက်နေကြတယ်။ ဒါပေမဲ့ တစ်ခုပဲစိုးရိမ်ရတယ်။ သင်တန်းတွေက အရည်အသွေးကောင်းဖို့၊ ရိုက်စားသင်တန်းတွေမဖြစ်ဖို့လိုတယ်။ ဒီလိုမဟုတ်ရင် မိဘတွေက သင်ပေးပြီး အကျိုးမရှိတာဖြစ်မှာ စိုးရိမ်ရတယ်။ ဝမ်းနည်းစရာကောင်းတာ ဒီခေတ်ကလေးတွေက ၁၀ တန်းအောင်တာနဲ့ နိုင်ငံခြားမှာ ကျောင်းတက်ဖို့ ကြိုးစားနေကြတယ်။ မှားတာ မှန်တာ ခဏထားပါ။ ဒါဘာပြနေလဲဆိုတော့ ကိုယ့်နိုင်ငံရဲ့ပညာရေးစနစ်ကိုမီးမောင်းထိုးပြတာပဲ။ သူတို့ တတ်နိုင်လို့သွားတာပဲလို့ မစဉ်းစားသင့်ဘူး။ ကိုယ့်နိုင်ငံမှာ ပညာရေးကောင်းမွန်တဲ့စနစ်ရှိရင် ဘယ်လောက်ချမ်းသာတဲ့မိဘပဲဖြစ်ဖြစ် ကိုယ့်သားသမီးကို နိုင်ငံခြားမှာ ပညာသင်ဖို့မလွှတ်ချင်ဘူး။ ဘွဲ့ကြိုမှာကလေးက အရမ်းငယ်တော့ ဟိုမှာ ပညာလိုက်ဖို့ခက်ခဲသလို လူမှုရေးတွေမှာလည်း အခက်အခဲတွေရှိနိုင်တယ်။ နည်းမှန်လမ်းမှန်လိုက်ဖို့ဆိုတာ အခက်အခဲတွေရှိတယ်။

**■ သင်တန်းကျောင်းတွေမှာတက်ပြီး လုပ်ငန်းခွင်ကိုဝင်တဲ့အခါမှာလည်း သင်တန်းတွေပြန်တက်ရတယ်။ ဒီလိုမျိုးဖြစ်နေတာ ဘာကြောင့်လို့ ဆရာ သုံးသပ်မိပါသလဲ။**



ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအလုပ်ရုံဆွေးနွေးပွဲတွင် ဆွေးနွေးနေသော ဒေါက်တာအောင်ထွန်းသက်

အခြေခံကတော့ အရည်အချင်းပဲ။ သင်တန်းကျောင်းတွေရဲ့ လိုအပ်ချက်တွေရှိသလို သင်ယူသူတွေရဲ့ လိုအပ်ချက်တွေလည်းရှိတယ်။ ဆရာတို့အဖေတွေလက်ထက်ကဆို ဘီအေရပြီးတာနဲ့ မြို့အုပ်တန်းဖြစ်တယ်။ အခုကျတော့ ဘွဲ့ရပြီးပြီးချင်း သင်တန်းပြီးပြီးချင်းလုပ်ငန်းခွင်ထဲ တန်းဝင်လို့မရဘူး။ လုပ်ငန်းရှင်တွေကလည်းဆရာတို့နဲ့တွေ့ရင် အမြဲပြောတယ်။ ဘွဲ့ရပြီး လုပ်ငန်းခွင်ထဲဝင်ရင် OJT လို့ ခေါ်တဲ့ လုပ်ငန်းခွင်သင်တန်းပြန်ပေးနေရတယ်။ လုပ်ငန်းရှင်တွေကလည်း ခူးပြီးခပ်ပြီး အဆင်သင့် စားချင်တာပေါ့။ အခုကျတော့ လုပ်ငန်းခွင်ထဲရောက်မှ ပြန်သင်နေရတော့ နစ်နာတယ်။ စရိတ်ကုန်တယ်။ ဒါကြောင့် ပညာရေးစနစ်ကို နိုင်ငံတော်တစ်ခုတည်းသာမက လုပ်ငန်းရှင်တွေပါ ပူးပေါင်းပြီးဆောင်ရွက်ဖို့လိုတယ်။

**■ ဒီနေ့ ငွေကြေးတတ်နိုင်သူတွေက ပြည်ပကို ပညာသင်သွားကြတယ်။ ဟိုမှာ ပညာသင်ရင်း သက်ဆိုင်ရာလုပ်ငန်းခွင်ကိုဝင်ကြတယ်။ ဒီလူတွေ ပညာတွေနဲ့အတူ ပြည်တွင်းကို ပြန်လာဖို့ ဘာတွေပြင်ဆင်ပေးဖို့လိုတယ်လို့ ဆရာထင်ပါသလဲ။**

ဒီဟာက အရမ်းကိုအရေးကြီးပါတယ်။ တတ်နိုင်လို့ အပြင်သွား။ ဘွဲ့တွေရ။ လုပ်ငန်းခွင်တွေဝင်။ ဒီလူတွေပြန်လာဖို့ ပြန်လာပါလို့ပြောရုံနဲ့မရဘူး။ ပြန်လာနိုင်အောင် မက်လုံးပေးရမယ်။ လူတွေထင်တာက လခ၊ ငွေမက်လုံးလောက်ထင်တာ။ ဒါက အဆင့်တစ်ခုအနေနဲ့ပဲရှိတယ်။ တကယ့်ပညာတတ်လာသူရဲ့ လိုအပ်ချက်က ပညာကို ဘယ်လိုအသုံးချနိုင်ဖို့ပဲ။ ပြီးတော့ လွတ်လပ်စွာပြောဆိုရေးသား၊ သုတေသနလုပ်ခွင့်ရဖို့လိုတယ်။ နိုင်ငံရဲ့အခြေခံလိုအပ်ချက်ဖြစ်တဲ့ လျှပ်စစ်မီး၊ အင်တာနက်မရတာက တစ်ပိုင်းပါ။ သူတို့ပါလာတဲ့ ပညာရပ်တွေကို အသုံးမချနိုင်ဘူးဆိုရင် ဘယ်လောက်ပဲ လခကောင်းကောင်းပေးပေး ပြန်လာမှာမဟုတ်ဘူး။ ပြီးတော့ ဒီမှာ လက်ရှိအခြေအနေအရဆိုရင် လုပ်ပုံကိုင်ပုံတွေ အရမ်းနှေးတယ်။ ၁၀မိနစ်၊ ၁၅ မိနစ်နဲ့လုပ်လို့ရတာ၊ စာတစ်ကြောင်း လက်မှတ်တစ်ခုထိုးဖို့ကို နှစ်ရက်၊ သုံးရက်ကြာတာတွေကို ဟိုကပြန်လာတဲ့လူတွေနဲ့မဖြစ်နိုင်ဘူး။ ဟိုမှာက ဘယ်လုပ်ငန်းမဆို အရမ်းမြန်ပြီး speed ချင်း ပြိုင်လုပ်နေကြတာ။

**■ ဒီနေ့ ကဏ္ဍတော်တော်များများမှာ ကျွမ်းကျင်ဝန်ထမ်း လိုအပ်ချက်တွေ ရှိနေတာတွေ့ရတယ်။ ဒီလိုဖြစ်လာတာ ဘာကြောင့်လို့ ဆရာထင်ပါသလဲ။**

ကျွမ်းကျင်ဝန်ထမ်းလစ်လပ်တာက လူ့စွမ်းရည်လိုအပ်ချက်ကြောင့်ပါ။ လူသားအရင်းအမြစ်အနေနဲ့တော့ လူမှန် နေရာမှန်ရှိဖို့လိုတယ်။ အခုဆိုရင် တတ်နိုင်တဲ့ လုပ်ငန်းရှင်တွေက အားမရတော့ လုပ်ငန်းခွင်မှာ နိုင်ငံခြားသားတွေကိုခေါ်ပြီးလုပ်လာတယ်။ တကယ်ခေါ်သင့်တာက ကမ္ဘာ့တက္ကသိုလ်က ပညာရှင်တွေ၊ ပါမောက္ခတွေ။ ဒါတွေ ခေါ်ဖို့ကျတော့လည်း တက္ကသိုလ်တွေ၊ ကျောင်းတွေက မတတ်နိုင်ဘူး။ အခု လုပ်ငန်းရှင်တွေခေါ်လုပ်နေတာ ဟားဗတ်လိုကိန်းဘရစ်ချ်လို တက္ကသိုလ်က မဟုတ်ဘူး။ ကိုယ်လို သူလို အိမ်နီးချင်း မလေးရှားတို့၊ ထိုင်းတို့ကပါ။ သူတို့နဲ့ ကိုယ်ကွာတာက အတွေ့အကြုံတစ်ခုပဲ။ ကျန်တာတွေက ဘာမှမထူးဘူး။ ဒီလိုလုပ်တာ လုပ်ငန်းရှင်တွေကို အပြစ်တင်လို့မရဘူး။ စက်ရုံ၊ အလုပ်ရုံတွေမှာ နိုင်ငံသားအုပ်ချုပ်သူတွေကိုခိုင်းရင်အားမရဘူး။ ဒါက ဘာကိုပြနေသလဲဆိုရင် အရည်အချင်းလိုအပ်ချက်ကိုမီးမောင်းထိုးပြတာပဲ။

**■ အပြောင်းအလဲကာလမှာ ပြည်တွင်းပညာရှင်သာမက ပြည်ပက ပညာရှင်တွေပါ ပူးပေါင်းဆောင်ရွက်ဖို့လိုမယ်လို့ ဆရာ ထင်ပါသလား။**

လူအားလုံး စဉ်းစားတာတွေ တူနေရင် ဘာမှမစဉ်းစားသလိုဖြစ်နေမှာပါ။ အမြင်မတူတဲ့ ပြည်တွင်း၊ ပြည်ပက လူတွေစုထားဖို့လိုတယ်။ ဒါပေမဲ့ ပြည်ပက ပညာရှင်က မြန်မာနိုင်ငံအကြောင်းကို ဘယ်လောက်ထိ သိထားသလဲဆိုတာကိုလည်း စဉ်းစားဖို့လိုတယ်။ သူတို့ကိုအစကနေ ပြန်ရှင်းပြနေရရင်မလွယ်ဘူး။ သူတို့ရဲ့ အားသာချက်ကတော့ ခေတ်မီဆန်းသစ်တဲ့အတွေးအခေါ်တွေကိုလက်လှမ်းမီတယ်။ သူတို့မှာရှိတဲ့ သီအိုရီနဲ့ ကိုယ့်နိုင်ငံရဲ့ အခြေအနေ ဘယ်လိုပူးပေါင်းရမလဲဆိုတာကို စဉ်းစားရမယ်။ ကိုယ့်နိုင်ငံပညာရှင်တွေလည်း ပြည်ပကိုသွားပြီး လေ့လာမှုတွေလုပ်ဖို့လိုတယ်။

**■ လက်ရှိအခြေအနေမှာ ဘာကို ဦးစားပေးလုပ်သင့်တယ်လို့ ထင်ပါသလဲ။**

လုပ်စရာတွေကတော့ အားလုံးပဲ။ အထူးသဖြင့် ပညာရေးနဲ့ပတ်သက်ပြီး အချက်သုံးချက်ပဲ ဦးစားပေးပြောရမယ်။ ပထမဆုံး သင်ကြားမှုစနစ်ပဲ။ တက္ကသိုလ်က ဆရာ၊ ဆရာမတွေ စာသင်ရုံနဲ့ မရဘူး။ သုတေသနပါတွဲလုပ်ရမယ်။ အခုအခြေအနေက ၉၉ရာခိုင်နှုန်းက စာသင်ရုံပဲ သင်နေကြတယ်။ ဒုတိယက သုတေသနလုပ်တာ။ ဒါမလုပ်ချင်ရင် တက္ကသိုလ်မှာ ဆရာမလုပ်သင့်ဘူး။ တက္ကသိုလ်တိုင်း သက်ဆိုင်ရာ ဘာသာရပ်တိုင်းမှာ သုတေသနလုပ်ဖို့ လိုကိုလိုပါတယ်။ တတိယအနေနဲ့ပြောရရင် ထုတ်ဝေရေးပဲ။ ပညာရပ်ဆိုင်ရာ ဂျာနယ်တွေ၊ မဂ္ဂဇင်းတွေထုတ်ဖို့လိုတယ်။ လက်ရှိမှာ တက္ကသိုလ်က ဒါမျိုးလုပ်တာ အရမ်းနည်းတယ်။ နောက်ပြီး ပညာရေးစနစ်ကိုလည်းပြောင်းရမယ်။ ၁၀ တန်းအောင်ပြီး အမှတ်ကောင်းရင် ဆေးကျောင်းတက်ဆိုတဲ့အလေ့အထကနေ ကိုယ်ဝါသနာပါတာကို သင်ကြားသင့်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ဆရာဝန်ပန်းချီဆရာတွေ၊ ဆရာဝန်စာရေးဆရာတွေ၊ ဆရာဝန်စီးပွားရေးသမားတွေ အများကြီးရှိလာလို့ပါ။

**■ အခုလို အပြောင်းအလဲကာလမှာ မြန်မာလူ့အဖွဲ့အစည်းတစ်ခုလုံးကို ဆရာ့အနေနဲ့ ဘယ်လို အကြံပြုချင်ပါသလဲ။**

အပြောင်းအလဲကို တော့ ကြိုဆိုရမယ်။ ကိုယ်တိုင်လည်း change management ကို ရေးနေသူဖြစ်သလို ပြောနေသူဖြစ်တဲ့အတွက် ဒီအပြောင်းအလဲက နိုင်ငံအခွင့်အရေးတစ်ရပ်ရနိုင်တယ်။ ဒါကို positive အနေနဲ့ မြင်ဖို့လိုတယ်။ ဆရာ့အနေနဲ့ပြောရရင် လူတစ်ယောက်ချင်းရဲ့အတွေးအခေါ်ကိုလည်း စပြောင်းစေချင်တယ်။ အရင်လုပ်နေသလို အခုလည်း ဆက်လုပ်မယ်ဆိုတဲ့အတွေးအခေါ်ကိုလည်း ပြောင်းလဲသင့်တယ်။ ပြီးတော့ တစ်ဦးနဲ့တစ်ဦး ယုံကြည်မှုတွေ တည်ဆောက်ဖို့လည်းလိုတယ်။ ယှဉ်ပြိုင်လာရင် ကိုယ့်နည်းကိုယ့်ဟန်နဲ့ဘယ်လိုလုပ်ရမလဲဆိုတာ စဉ်းစားရမယ်။ တစ်ဦးတည်းတစ်ဖွဲ့တည်းပြောင်းလို့မရဘူး။ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး၊ ပညာရေး အားလုံးဟန်ချက်ညီညီ ပြောင်းနိုင်ဖို့လိုတယ်။ တိုးတက်အောင်လုပ်မယ်ဆိုရင် အရည်အချင်းမရှိသူ လူ ၁,၀၀၀ မလိုဘူး။ အရည်အချင်းရှိသူတစ်ယောက်ကတော့ အရမ်းကို အရေးကြီးတယ်။

**■ အခုလိုဖြေကြားပေးတာ ကျေးဇူးတင်ပါတယ်။**

7Day News Journal
Vol.10, No.33 • NOVEMBER 3, 2011

# မိုးတွေကရွာ ရေတွေကကြီး

အောင်စည်ဟိန်း

မိုး ခေါင်ခြင်း၊ ငလျင်လှုပ်ခြင်း၊ ရေလွှမ်းခြင်း၊ မုန်တိုင်းကျခြင်း၊ မီးတောင်ပေါက်ကွဲခြင်း၊ တောင်ပြို မြေပြိုခြင်း၊ တောမီးလောင်ခြင်း စသည့်သဘာဝကပ်ဘေးများသည် လူ့သမိုင်းအစ လောက်ကပင်ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။ ယနေ့ကမ္ဘာတွင် လူဦးရေ သန်း၇,၀၀၀ မျှရှိပါသည်။ ယင်းအနက် ပင်လယ်သမုဒ္ဒရာကမ်းခြေဒေသနှင့်မြစ်ဝှမ်းများတွင်နေထိုင်သောဦးရေမှာ သန်း ၃,၉၀၀ ခန့်ရှိသည်။

စိုက်ပျိုးမွေးမြူရန် ရေလုံလောက်စွာရရှိခြင်း၊ ရာသီဥတုမျှတခြင်း၊ စက်မှုဖွံ့ဖြိုးမှုနှင့် ရေကြောင်းကုန်သွယ်မှုအရေးပါလာခြင်းတို့ကြောင့် မြစ်ဝှမ်းနှင့်ကမ်းရိုးတန်းဒေသမှာ လူနေမှုသိပ်သည်းခဲ့သည်။ ထို့ကြောင့် ရေဘေးကြုံလျှင်လူအသေအပျောက်၊ သီးနှံဆုံးရှုံးမှုနှင့် စက်မှုဆုံးရှုံးမှုပမာဏမြင့်မားကြောင်း တွေ့ရမည်ဖြစ်ပါသည်။

မြစ်ဝှမ်းနှင့်ပင်လယ်ကမ်းရိုးတန်းနေပြည်သူများအဖို့ရေလွှမ်းခြင်းနှင့် မုန်တိုင်းဒဏ်ကို အလူးအလဲခံခဲ့ကြရပါသည်။ ကုလသမဂ္ဂ ပြုစုသောစာရင်းအင်းတစ်ခုအရ ၁၉၀၀ ပြည့်နှစ်မှ ၁၉၇၆ ခုနှစ်အတွင်း ငလျင်ဘေးကြောင့် လူပေါင်း ၂ ဒသမ ၆၆၃ သန်း၊ ရေဘေးကြောင့် ၁ ဒသမ ၂၈၈ သန်း၊ လေဘေးကြောင့် ၀ ဒသမ ၄၉၆ သန်း အသီးသီး အသက်ဆုံးရှုံးခဲ့ရကြောင်းသိရပါသည်။ ထို့အပြင် ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ်(UNEP)က ထုတ်ဝေသည့် 'Our Planet'(ကျွန်ုပ်တို့ကမ္ဘာဂြိုဟ်)မဂ္ဂဇင်းတစ်စောင်တွင် ကမ္ဘာပေါ်ရှိမြစ်အားလုံး၏ ထက်ဝက်ကျော်မှာ သဘာဝဖွဲ့စည်းမှု ပျက်ယွင်းနေပြီး ဆိုးဆိုးရွားရွား ညစ်ညမ်းလျက်ရှိကြောင်း၊ မြစ်ရေနှင့်မြေအောက်ရေ (Groundwater) မှာလည်း နေရာအတော်များများတွင် ရေကိုမှန်ကန်စွာ မသုံးတတ်မှုကြောင့် ရေခန်းခြောက်မှုအန္တရာယ်နှင့် ရင်ဆိုင်နေရကြောင်းဖော်ပြထားပါသည်။

ရေလွှမ်းမိုးမှုဒဏ်ကို ခံစားကြရသည့် သာဓကများအနက် မိုင်ပေါင်းထောင်ချီ၍ နယ်နိမိတ်ချင်းဆက်စပ်နေသည့်အိမ်နီးချင်း တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့၏ သင်ခန်းစာများကို ဦးစွာလေ့လာသင့်သည်ဟုထင်ပါသည်။ အကြောင်းမှာ သဘာဝပတ်ဝန်းကျင်ပျက်စီးမှုဒဏ်သည် နယ်နိမိတ်မရှိဘဲ ဒေသဖြတ်ကျော်သက်ရောက်မှုရှိသောကြောင့်ဖြစ်ပါသည်။ ဗြိတိန်နိုင်ငံအခြေစိုက် အင်ဂျီအိုဖြစ်သည့် 'Global Witness' (ကမ္ဘာ့တစ်ဝန်း သက်သေခံအထောက်အထား)အဖွဲ့က သစ်တောပြုန်းတီးမှုစာတမ်းတစ်စောင်ထုတ်ဝေခဲ့ပါသည်။ ယင်းစာတမ်းထဲတွင် တရုတ်နိုင်ငံ၏ ၁၉၉၈ ခုနှစ် ယန်ဇီမြစ်ဝှမ်းရေလွှမ်းမိုးမှုအကြောင်း တစ်ကဏ္ဍရေးထားပါသည်။ ထိုစဉ်ကတရုတ်ပြည်သူငါးပုံတစ်ပုံမျှ ရေဘေးဒဏ်ခံခဲ့ရပြီး လူသေဆုံးမှု ၃,၆၀၀ ကျော်နှင့် သီးနှံစိုက်ဧက ၁၂ ဒသမ ၃၅ သန်းမျှ ပျက်စီးခဲ့ကြောင်း၊ ဆုံးရှုံးမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၃၆ ဘီလီယံမျှရှိကြောင်း၊ ၁၉၈၇ ခုနှစ်၊ ၁၉၉၁ ခုနှစ်နှင့် ၁၉၉၅ ခုနှစ်များတွင်လည်း တရုတ်နိုင်ငံတွင် ရေလွှမ်းမိုးမှုဘေးများကြုံခဲ့ရကြောင်းတွေ့ရပါသည်။ တရုတ်အစိုးရက ရေလွှမ်းမိုးမှုဖြစ်ရသည့် အကြောင်းရင်းများကိုစိစစ်ခဲ့ရာ အဓိက အချက်နှစ်ချက်ကိုတွေ့ရသည်။ ပထမအချက်မှာ ယန်ဇီမြစ်ဖျားပိုင်းတွင် ယန်ဇီမြစ်ထဲသို့ စီးဝင်သည့်ကျင်ရှားကျန်(Jinshajiang) မြစ်၏ ရေဝေရေလဲဒေသများတွင် သစ်တောများဆုံးရှုံးခဲ့ခြင်း၊ မြေဆီလွှာများ တိုက်စားခံရခြင်းနှင့်နုန်းအနည်အနှစ်များ နှစ်စဉ်တန်ချိန်သန်းပေါင်း ၂၈၀ ခန့် ယန်ဇီမြစ်ထဲသို့ပို့ချခဲ့ခြင်းဖြစ်ပါသည်။



ဒုတိယအချက်မှာ ၁၉၈၇ ခုနှစ်ဟူပေပြည်နယ်ရေဘေးတွင် ယန်ဇီမြစ်ရေသည် ယခင်က တစ်စက္ကန့်လျှင် ကုဗမီတာ ၅၆,၆၀၀ နှုန်းစီးဆင်းခဲ့ရာမှ ကုဗမီတာ ၆၇,၀၀၀ အထိ ရေစီးနှုန်းကြမ်းတမ်းသွားခဲ့ခြင်းဖြစ်ပါသည်။ ထို့ကြောင့် တရုတ်အစိုးရက ယူနန်ပြည်နယ်အတွင်း သစ်ခုတ်လှဲမှုတားမြစ်ချက် (Logging ban)ကို၁၉၉၆ခုနှစ်တွင်လည်းကောင်း၊ တစ်နိုင်ငံလုံး သစ်ခုတ်လှဲမှုတားမြစ်ချက်ကို ၁၉၉၈ ခုနှစ်တွင်လည်းကောင်း အမိန့်ထုတ်ပြန်ခဲ့ပါသည်။ လူစည်ကားရာနေရာများတွင်လည်း 'တရုတ်ပြည်တွင် သစ်ခုတ်လှဲခြင်းကိုတားမြစ်သည်။သစ်ပင်ငယ်တစ်ပင် ခုတ်လှဲခြင်းသည်ကြီးမားသောပြစ်မှုဖြစ်သည်။ ဂေါ်လီဂွန်တောင်တန်း(Gaoligong Mountain)ကို ကာကွယ်စောင့်ရှောက်ခြင်းသည်ကိုယ်ပိုင်ဉယျာဉ်ကြီးကို ကာကွယ်စောင့်ရှောက်ခြင်းပင်ဖြစ်သည်။ သစ်တောသယံဇာတကို ကာကွယ်စောင့်ရှောက်ခြင်းသည် မှန်မြတ်သောစောင့်ရှောက်ခြင်းဖြစ်သည်။ ကောင်းမွန်သောဂေဟစနစ်ကို ဖျက်ဆီးခြင်းသည် ရှက်ဖွယ်ရာဖြစ်သည်။ သစ်တောများ ကာကွယ်စောင့်ရှောက်ခြင်းနှင့်ဂေဟစနစ်ပြုပြင်ထိန်းသိမ်းခြင်းသည် မျက်မှောက်ခေတ်၏ ဖြစ်ထွန်းအောင်မြင်မှုဖြစ်သည်။ တောင်ပေါ်တွင် သစ်တောများ မီးလောင်စေမှု၊ သစ်တောပြုန်းတီးစေမှု၊ သစ်များ ကျူးကျော်ခုတ်လှဲခိုးထုတ်မှုများကို ကျပ်တည်းစွာ တားမြစ်သည်'ဟူသော သတိပေးဆိုင်းဘုတ်များစိုက်ထူစေခဲ့ကြောင်း တွေ့ရသည်။ 'ဂျပန်နိုင်ငံ တစ်ကျော့ပြန်စိမ်းလန်းစိုပြည်ခြင်း'စာအုပ်ထဲတွင် တရုတ်နိုင်ငံ၌ သစ်တောပြုန်းတီးမှုကြီးမားခဲ့ခြင်းကြောင့် ရေဘေးအန္တရာယ်လည်း ကြီးမားခဲ့ကြောင်း၊ တရုတ်ပြည်မဟာတံတိုင်းတည်ဆောက်ရေးခေတ်နှင့် ၁၉၅၀ ပြည့်လွန်နှစ်များအတွင်းနိုင်ငံအနှံ့ သံရည်ကျိုလုပ်ငန်းများ ပေါ်ပေါက်စေခဲ့သည့် မဟာခုန်ပျံကျော်လွှားခေတ်တို့တွင် သစ်တောပြုန်းတီးမှုကြီးမားခဲ့ကြောင်းဖော်ပြထားပါသည်။ ထို့အပြင် ဂျပန်တို့က ၁၉၉၈ ခုနှစ်မှ စ၍ သုံးနှစ်စီမံကိန်းဖြင့် ဒေသနှင့်ကိုက်ညီသောသစ်ပင်(Mongolian Oak) ၃၅၀,၀၀၀ ပင်ကို ဆိုင်ရာ ပုဂ္ဂလိက ဖောင်ဒေးရှင်းက တရုတ်ထံမှ ပျိုးပင်ငယ်တစ်ပင်လျှင် ဂျပန်ယန်းငွေ ၅၅ ယန်းနှုန်းဖြင့် ဝယ်ယူပြီး တရုတ်-ဂျပန်စေတနာ့ဝန်ထမ်း (အထက်တန်းကျောင်းသားများအပါအဝင်) များက စိုက်ပျိုးခဲ့ကြောင်း၊ တရုတ်ဘက်တွင် သဘာဝပတ်ဝန်းကျင်ပျက်ယွင်းခြင်းသည် ဂျပန်ဘက်သို့ သွယ်ဝိုက်ကူးစက်နိုင်သည်ဟု ဂျပန်တို့က ခံယူထားကြောင်းသိရပါသည်။

ဆက်လက်ပြီး အိမ်နီးချင်း ထိုင်းနိုင်ငံ၏ ရေလွှမ်းမိုးမှုအခြေအနေနှင့်သဘာဝပတ်ဝန်းကျင်ယိုယွင်းမှုကိစ္စကိုတစေ့တစောင်းလေ့လာမိသရွေ့တင်ပြချင်ပါသည်။ ၂၀၁၁ ခုနှစ် အောက်တိုဘာ ၁၂ ရက်တွင် ထိုင်းအစိုးရက နိုင်ငံ၏ သုံးပုံတစ်ပုံမျှ ရေလွှမ်းနေသဖြင့် ယင်းဒေသများကိုဘေးအန္တရာယ်ကျရောက်ရန်အဖြစ်သတ်မှတ်ကြေညာခဲ့ရပါသည်။ ယနေ့ထိလည်း လူဦးရေ ၁၂ သန်းနေထိုင်ရာ ဘန်ကောက်မြို့တော်ဇုန်မှာ ရေဘေးအန္တရာယ်ခြိမ်းခြောက်ခံရဆဲဖြစ်နေပါသည်။ ထိုင်းနိုင်ငံသည် စက်မှုနှင့်စိုက်ပျိုးရေး ခေတ်မီတိုးတက်အောင် ၁၉၇၀ ပြည့်လွန်နှစ်နှောင်းပိုင်းနှစ်များမှစ၍ ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ၁၉၉၀ ပြည့်လွန်နှစ်များတွင် အောင်မြင်မှုမြင့်မားလာခဲ့သည်။ တစ်ဖက်တွင် သဘာဝပတ်ဝန်းကျင်ပျက်ယွင်းမှုများလည်းမြင့်တက်ခဲ့ပါသည်။ ထိုင်းနိုင်ငံတွင် ထုတ်ဝေသည့်'A Land on Fire' (နာကျင်ပူလောင်စွာ ခံစားနေရသည့်တိုင်းပြည်) စာအုပ်ထဲတွင် ထိုင်းနိုင်ငံမြေမျက်နှာပြင်၏ သစ်တောဖုံးလွှမ်းမှု ရာခိုင်နှုန်းမှာ ၁၉၆၀ ပြည့်လွန်နှစ်များက ၆၀ ရာခိုင်နှုန်းရှိခဲ့သော်လည်း ၂၀၀၀ ပြည့်နှစ်ဝန်းကျင်တွင်မူ ၁၅ရာခိုင်နှုန်းသာကျန်ရှိတော့ကြောင်းသိရသည်။ စက်မှုနှင့် မြို့ပြတိုးချဲ့ရာတွင် အဖိုးတန်မြေဆီလွှာများ ဆုံးရှုံးရမှု၊ ရေထုလေထုညစ်ညမ်းမှုများလည်းရှိခဲ့ပါသည်။ ထို့ကြောင့် ၁၉၉၈ ခုနှစ်မှစ၍ ထိုင်းနိုင်ငံရုပ်မြင်သံကြား အစီအစဉ်တွင် 'Green Report Program'ဟူသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာခုနစ်ရက်တစ်ကြိမ်ပညာပေးမှုများရှိခဲ့ပါသည်။ 'ဂျပန်နိုင်ငံ တစ်ကျော့ပြန် စိမ်းလန်းစိုပြည်ခြင်း' စာအုပ်ထဲတွင် ထိုင်းနိုင်ငံတောင်ပိုင်း ခေတ်မီပုစွန်မွေးမြူရေးစီမံကိန်းကြောင့် လမုတော (Mangrove Forest) ဧကငါးသိန်းခန့်ပျက်စီးခဲ့ရပုံ၊ ထိုင်းပုစွန်ကို ဝယ်စားသည့်အဓိကဖောက်သည်ဖြစ်သည့် ဂျပန်ပုဂ္ဂလိကလူမှုအဖွဲ့အစည်းများက လမုတောသစ်ပင်ငါးသန်းမျှပြန်လည်စိုက်ပျိုးပေးခဲ့ရပုံများပါရှိပါသည်။ ထိုင်းနိုင်ငံသည် ဆည်ကြီးများ တည်ဆောက်ရာတွင် ဘုရင့်မိသားစုကိုယ်တိုင် စိတ်ဝင်တစား ဦးဆောင်ခဲ့သောနိုင်ငံဖြစ်ပါသည်။ ထိုဆည်ကြီးများကြောင့် မြစ်ချောင်းများ တိမ်ကောလာခဲ့ပြီး မိုးရွာရေကြီးသည့်အခါ ဆည်ရေဖောက်ချရာမှ ရေလျှံမှုပိုကြီးမားစေခဲ့ကြောင်း တွေ့ရပါသည်။

ဤနေရာတွင် ရေလွှမ်းမိုးမှုနှင့်အတူ မြေဆီလွှာဆုံးရှုံးရပုံကိုလည်းရှင်းပြလိုပါသည်။ ဘူမိရုပ်သွင်ပညာအရ ကမ္ဘာ့ကုန်းမြေပေါ်သို့ နှစ်စဉ် ကျရောက်သည့် မိုးရေသည် ကုဗမိုင် ၃၆,၀၀၀ မျှရှိပြီး မြစ်ချောင်းများက ပင်လယ်သမုဒ္ဒရာအတွင်းသို့ နှစ်စဉ်ပြန်လည်စီးဆင်းသော ရေပမာဏသည် ကုဗမိုင် ၆,၅၂၀ မျှသာရှိသဖြင့် သစ်တောသစ်ပင်၊ အင်းအိုင်မြစ်ချောင်းနှင့် မြေအောက်ရေလွှာများက မိုးရေများကိုရယူထားကြောင်းတွေ့ရပါသည်။ ထို့အပြင် ရေလွှမ်းရသည့် အကြောင်းရင်းများမှာ မိုးသည်းထန်ခြင်း၊ ရေခဲမြစ်များ အရည်ပျော်ခြင်း၊ မြစ်အတွင်း အတားအဆီးပိတ်ဆို့မှုများရှိနေခြင်း၊ မြစ်များ တိမ်ကောလာခြင်း၊ ဆည်တမံမြစ်ကမ်းပါး စသည်တို့ ပြိုပျက်မှု၊ ရေလျှံမှုများရှိခြင်း၊ မီးတောင်ပေါက်ကွဲမှုနှင့် ငလျင်လှုပ်ရှားမှုများရှိခြင်းတို့ကြောင့်ဖြစ်ပါသည်။ ရေကြီးခြင်းနှင့် ရေစီးကြမ်းခြင်းကလည်း တိုက်ရိုက်ပတ်သက်မှုရှိပါသည်။ သစ်တောကလည်း မရှိ၊ မြစ်ကလည်း တိမ်ကောဆိုသည့် အနေအထားတွင် မိုးရေသည် မြစ်ချောင်းများဆီသို့ ဒလဟော စီးဆင်းကြောင်း၊ ထိုသို့စီးဆင်းရင်း မြေဆီလွှာများကိုတိုက်စားခံရကြောင်း၊ မြေဆီလွှာကင်းမဲ့သည့်အခါ မိုးရေစီးဆင်းနှုန်းသည် (မြေအနိမ့်အမြင့်ကိုလိုက်၍) နှစ်ဆမှ လေးငါးခြောက်ဆအထိ မြန်ဆန်လေ့ရှိကြောင်း၊ ဤနည်းဖြင့်မြစ်ဝှမ်းအနိမ့်ပိုင်းများ ရေလွှမ်းခံရမည်သာဖြစ်ကြောင်းတွေ့ရှိရပါသည်။

ရေကြီးမှုအမျိုးအစားမှာလည်း သုံးမျိုးရှိပါသည်။ ပထမအမျိုးအစားမှာ လျှပ်တစ်ပြက်ရေကြီးမှု(Flash Floods)ဖြစ်ပါသည်။ တောင်တန်းများနှင့်နီးသော သဲချောင်းပေါ်များသောနယ်မြေတွင် ရုတ်တရက် မိုးသည်းထန်ပြီး ရေကြီးခြင်းမျိုးဖြစ်ပါသည်။ ၁၉၈၇ ခုနှစ် ဧပြီ ၁၁ ရက်နေ့ မန်းချောင်းရွှေစက်တော်ရာ ရေကြီးခြင်းနှင့် ၂၀၁၁ ခုနှစ် အောက်တိုဘာ ၁၉၊ ၂၀ ရက်နေ့ မကွေးနှင့် စစ်ကိုင်းဒေသမြို့ရွာများ ရေကြီးခြင်းသည် ဤအမျိုးအစားတွင်ပါဝင်ပါသည်။ ဒုတိယအမျိုးအစားမှာမြစ်ရေကြီးမှု (River Floods) ဖြစ်ပါသည်။ မြစ်ဝှမ်းတစ်ခုလုံး မိုးသည်းထန်ပြီး ရေမြုပ်ခြင်းဖြစ်ပါသည်။ အထက်တွင် ဖော်ပြခဲ့သည့် တရုတ်နှင့် ထိုင်းနိုင်ငံတို့တွင် ဖြစ်ပွားသောရေကြီးမှုမျိုးဖြစ်ပါသည်။ တတိယအမျိုးအစားမှာ ပင်လယ်ကမ်းခြေရေကြီးမှု(Coastal Floods)ဖြစ်ပါသည်။ အပူပိုင်းမုန်တိုင်းများ၊ ရေအောက်မီးတောင်ပေါက်ကွဲမှု၊ ငလျင်လှုပ်မှုများနှင့် ဆက်စပ်ဖြစ်ပေါ်လေ့ရှိပါသည်။ ဒီရေတက်ချိန်နှင့်ဆုံလျှင် ပို၍ဆိုးရွားစွာခံရပါသည်။ ၂၀၀၈ ခုနှစ် မေ ၂/၃ ရက်တွင် ရန်ကုန်နှင့် ဧရာဝတီတိုင်းဒေသကြီးများ၌ ဖြစ်ပေါ်ခဲ့သော နာဂစ်မုန်တိုင်းရေဘေးနှင့် ၂၀၁၀ ပြည့်နှစ် အောက်တိုဘာ ၂၂ ရက် ရခိုင်ပြည်နယ်တွင် ဖြစ်ပွားခဲ့သော ဂီရိမုန်တိုင်းရေဘေးတို့သည် ဤအမျိုးအစားတွင် ပါဝင်ခဲ့သည်။

ဆက်လက်ပြီး မြေဆီလွှာ (Topsoil)၏ တန်ဖိုးကိုရှင်းပြလိုပါသည်။ ရေဘေးဒဏ်ခံရသည့်အခါ သက်ဆိုင်ရာအစိုးရများက ရေဘေးကြောင့် ဆုံးရှုံးရသည့်ငွေကြေးပမာဏကို တွက်ချက်ထုတ်ပြန်လေ့ရှိပါသည်။ ယင်းတွက်ချက်မှုတွင်စိုက်ပျိုးရေးအတွက်မြေဆီလွှာဆုံးရှုံးမှုတန်ဖိုးဖော်ပြနိုင်စွမ်းမရှိကြပါ။ မြန်မာ့စွယ်စုံကျမ်းအရ မြေဆီလွှာဆိုသည်မှာ ကမ္ဘာမြေကြီး၏အပေါ်ယံတွင် ဖုံးလွှမ်းနေသော လက်မအနည်းငယ်မှ ပေပေါင်းများစွာအထိ အထူအပါးအမျိုးမျိုးရှိနေသောမြေလွှာဖြစ်ပါသည်။ ထိုမြေဆီလွှာတစ်ပေခန့်ထုထည်သည်ပင် နှစ်ပေါင်းထောင်ချီ၍ ဖြစ်တည်ခဲ့ရခြင်းဖြစ်သည်။ မြေဆီလွှာတွင် ကျောက်မှုန့်များ၊အပင်-လူ-တိရစ္ဆာန်သက်မဲ့မြေဆွေး (Humus) များ၊ ရေ၊ ဓာတ်နှင့် သက်ရှိ ဇီဝရုပ်များစုပေါင်းပါဝင်လျက်ရှိပါသည်။ ထိုမြေဆီလွှာပေါ်သို့မြစ်ချောင်းများက ပို့ချသောသဲမြေနှင့် မြေစေးရောနှောရာကို နုန်းမြေဆီလွှာ (alluvial soil)ဟုခေါ်ကြပါသည်။ မြေဆီလွှာနှင့် နုန်းမြေဆီလွှာသည် သီးနှံစိုက်ပျိုးရေးအတွက် အခြေခံမြေသြဇာဓာတ်ကိုဖြည့်ဆည်းပေးသောကြောင့် ၎င်းတို့ မပျက်ယွင်းရအောင် ကာကွယ်စောင့်ရှောက်သွားရန်လိုအပ်ပါသည်။

တစ်ဖန် ရေလွှမ်းမိုးမှုထိန်းချုပ်ရေးကိုလည်း လုပ်ဆောင်ရန်လိုအပ်ပါသည်။

စာ(၃၁) သို့

7DAY NEWS JOURNAL

# Current Affairs

Vol.10, No.33 • NOVEMBER 3, 2011

## နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လွှတ်တော်နှစ်ရပ်လုံးက အတည်ပြု

**အိဖြူလွင်**

**ရန်ကုန်၊ အောက်တိုဘာ - ၃၁**

နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က အောက်တိုဘာ ၂၀ ရက်တွင် အတည်ပြုခဲ့ပြီးနောက် ပြည်သူ့လွှတ်တော်ကလည်း ၂၇ ရက်တွင် သဘောတူအတည်ပြုခဲ့သည်။

အဆိုပါဥပဒေကြမ်းကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်ဦးမြင့်နိုင်က အမျိုးသားလွှတ်တော်တွင် အဆိုပြုတင်သွင်းခဲ့ခြင်းဖြစ်သည်။

'နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ' ကို ၂၀၁၀ ရွေးကောက်ပွဲအတွက် ပြဋ္ဌာန်းထားခဲ့ခြင်းဖြစ်ပြီး ဥပဒေဟောင်းတွင် ပါရှိသောပါတီများသည် ထောင်ဒဏ်ကျခံနေရသူများ မဟုတ်ရဟုကန့်သတ်ထားချက်ကို ပယ်ဖျက်လိုက်ပြီဖြစ်ကြောင်း သိရှိရသည်။

ထို့အပြင် ပါတီတစ်ခုသည် ရွေးကောက်ပွဲများတွင် အနည်းဆုံး သုံးနေရာဝင်ပြိုင်ရမည်ဟု ကန့်သတ်ထားချက်ကိုလည်း ရွေးကောက်ပွဲအပြီး ပေါ် ပေါက်လာသောပါတီသစ်များနှင့်သက်ဆိုင်မှုမရှိဟုလည်း ပြင်ဆင်လိုက်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေကို 'ထိန်းသိမ်းစောင့်ရှောက်ရမည်' ဟူသောစကားရပ်အစား 'လေးစားလိုက်နာရမည်' ဟုလည်း ပြင်ဆင်ခဲ့သည်။

နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းသည် လွှတ်တော်နှစ်ရပ်က အတည်ပြုပြီးသည့်နောက်နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ် ထုတ်ပြန်ကြေညာလျှင် နိုင်ငံရေးပါတီများအတွက် စတင်အကျိုးသက်ရောက်မည်ဖြစ်သည်။

# အရေးပါသော ပြောင်းလဲမှုများဖြစ်ပေါ်နေကြောင်း အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး ပြောကြား



ဓာတ်ပုံ - အောင်သူရ

**အောင်သူရ**

**ရန်ကုန်၊ အောက်တိုဘာ-၂၉**

အာဆီယံအလှည့်ကျ ဥက္ကဋ္ဌတာဝန်ထမ်းဆောင်ရေးနှင့်ပတ်သက်၍ လာရောက်လေ့လာသော အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး မစ္စတာမာတီနာတာလီဂါဝါကမြန်မာနိုင်ငံတွင်ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုများ၌ ထူးခြားအရေးပါသည့် ပြောင်းလဲမှုများကို တွေ့မြင်နေရပြီဟု ပြောကြားသွားခဲ့သည်။

"ကျွန်တော် တွေ့ခွင့်ရခဲ့တဲ့ အဖွဲ့အစည်းတွေနဲ့ ဆွေးနွေးခဲ့တဲ့ အခါမှာ မြန်မာနိုင်ငံမှာ သိသာတဲ့ ပြောင်းလဲမှုတွေ တိုးတက်နေတာကို တွေ့မြင်ခဲ့ရတယ်လို့ သုံးသပ်လို့ရပါတယ်" ဟု အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးက အောက်တိုဘာ ၂၉ ရက် ည ၉ နာရီခွဲတွင် ဆီဒိုးနားဟိုတယ်၌ ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

ထို့အပြင် အဆိုပါ တိုးတက်ပြောင်းလဲမှုများအား ဆက်လက်အကောင်အထည်ဖော်ရမည့် အပိုင်းများ ကျန်သေးကြောင်း အင်ဒိုနီးရှား နိုင်ငံခြားရေးဝန်ကြီးက ထပ်လောင်း ပြောကြားခဲ့သည်။

သုံးရက်တာ ခရီးလာရောက်လေ့လာခဲ့သော နိုင်ငံခြားရေးဝန်ကြီးသည် အောက်တိုဘာ ၂၉ ရက်တွင် နိုင်ငံတော်သမ္မတရုံးညှိနှိုင်းခန်းမဆောင်၌ သမ္မတဦးသိန်းစိန်အပါအဝင် အစိုးရ အဖွဲ့ဝင်ဝန်ကြီးအချို့နှင့်လည်းတွေ့ဆုံခဲ့သည်။ ထို့အပြင် ပြည်ထောင်စုလွှတ်တော် နာယက၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌအပြင် ဒေါ်အောင်ဆန်းစုကြည်၊ နိုင်ငံရေးပါတီ အချို့နှင့်ပါ တွေ့ဆုံခဲ့သည်။ မြန်မာနိုင်ငံအား အာဆီယံအလှည့်ကျ ဥက္ကဋ္ဌတာဝန်ယူရေးနှင့် ပတ်သက်၍ လာမည့် နိုဝင်ဘာ ၄ရက်မှ ၁၉ ရက်အထိကျင်းပမည့် ၁၉ ကြိမ်မြောက် အာဆီယံထိပ်သီးညီလာခံတွင် ဆုံးဖြတ်မည်ဖြစ်သည်။

အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းတွင် ကျင်းပမည့် အာဆီယံညီလာခံသို့ အမေရိကန်သမ္မတဘားရက်အိုဘားမား လာရောက်မည်ဖြစ်ပြီး ရုရှားသမ္မတလာရောက်ရန် မသေချာကြောင်း အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးက ပြောကြားခဲ့သည်။

## အာဆီယံဥက္ကဋ္ဌရွေးချယ်မှု အားလုံးကျေနပ်သည့်အဖြေဖြစ်ရန် မျှော်လင့်ကြောင်း ဒေါ်အောင်ဆန်းစုကြည်ပြောကြား

**အောင်သူရ**

**ရန်ကုန်၊ အောက်တိုဘာ-၂၉**



ဓာတ်ပုံ - အောင်သူရ

မြန်မာနိုင်ငံသူ၊ နိုင်ငံသားများနှင့် အာဆီယံက ပြည်သူများပါ ကျေနပ်ဝမ်းမြောက်နိုင်သော အဖြေတစ်ခုဖြစ်လာစေမည်ဟု မျှော်လင့်ကြောင်း ငြိမ်းချမ်းရေးနိုဗယ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည်က ပြောသည်။

"မြန်မာနိုင်ငံသူ၊ နိုင်ငံသားတွေရော အာဆီယံက ပြည်သူတွေရော အားလုံးဝမ်းသာစေမယ့် အဖြေတစ်ခုကို ရအောင်လို့တော့ ဖြစ်နိုင်မယ်လို့မျှော်လင့်တယ်" ဟု ၂၀၁၄ အာဆီယံ ဥက္ကဋ္ဌရာထူးနှင့်ပတ်သက်၍ အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးနှင့် မည်သည့်အကြောင်းများဆွေးနွေးခဲ့ပါသလဲဟု သတင်းထောက်များ၏အမေးကို အထက်ပါအတိုင်းဒေါ်အောင်ဆန်းစုကြည်က ဖြေကြားခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်နှင့် အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး မစ္စတာ မာတီနာတာလီဂါဝါ ဦးဆောင်သောအဖွဲ့သည် အောက်တိုဘာ ၂၉ ရက် ညနေ ၇ နာရီတွင် ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်၌ တွေ့ဆုံပြီး သတင်းထောက်များအား အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့အပြင် အင်ဒိုနီးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးကလည်း "ဒေါ်အောင်ဆန်းစုကြည်ဟာ မြန်မာအစိုးရက အာဆီယံရဲ့ဥက္ကဋ္ဌဖြစ်ချင်တာဘာကြောင့်လဲ ဆိုတာကောင်းကောင်းနားလည်ထားတယ်" ဟု ပြောကြားခဲ့သည်။

သို့သော် အာဆီယံအလှည့်ကျဥက္ကဋ္ဌ ဖြစ်လာမည်လားဆိုသောကိစ္စမှာ အာဆီယံကသာ ဆုံးဖြတ်မှာသာဖြစ်ကြောင်း ဒေါ်အောင်ဆန်းစုကြည်က ထပ်လောင်းပြောကြားခဲ့သည်။

၂၀၁၄ ခုနှစ်တွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌအဖြစ်ဦးဆောင်နိုင်ရန် အဆင့်သင့်ဖြစ်၊မဖြစ် လက်ရှိအာဆီယံဥက္ကဋ္ဌ တာဝန်ယူထားသော အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့သည် မြန်မာနိုင်ငံသို့ ၃ ရက်ကြာလာရောက်လေ့လာခဲ့ပြီး နိုင်ငံတော်သမ္မတအပါအဝင် အခြားသော အဖွဲ့အစည်းများနှင့်ပါတွေ့ဆုံခဲ့သည်။

## ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေကြမ်းကို လွှတ်တော်နှစ်ရပ်က အတည်ပြု

**အိဖြူလွင်**

**ရန်ကုန်၊ အောက်တိုဘာ-၃၁**

ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေကြမ်းကို လွှတ်တော်ကိုယ်စားလှယ်များ၏ ပြင်ဆင်ချက်၊ အကြံပြုချက်များဖြင့် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်က အောက်တိုဘာ ၂၇ ရက်တွင် အတည်ပြုလိုက်ပြီဖြစ်သည်။

အဆိုပါ ဥပဒေကြမ်း၏ အခန်းလေးအပိုဒ် ၅ တွင် သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူးသည် နိုင်ငံသားတစ်ဦးကဖြစ်စေ၊ နိုင်ငံသားအများကဖြစ်စေ၊ အဖွဲ့အစည်းတစ်ရပ်ရပ်ကဖြစ်စေ ခွင့်ပြုမိန့်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ တင်ပြလျှောက်ထားချက်ကို လက်ခံရရှိသည့်အခါ သက်ဆိုင်ရာ မြို့နယ်အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနအုပ်ချုပ်ရေးမှူး၏ အတည်ပြုချက်ဖြင့် ခွင့်ပြုမိန့်ထုတ်ပေးခြင်း သို့မဟုတ်ခွင့်ပြုမိန့်ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။ သို့ရာတွင် နိုင်ငံတော် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ကွက်အေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ ကိုယ်ကျင့်တရားအလို့ငှာ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့် မဆန့်ကျင်လျှင် ခွင့်ပြုမိန့်ထုတ်ပေးရန် ငြင်းပယ်ခြင်း မပြုရဟုပါရှိကြောင်း သိရသည်။

ထို့အပြင် အခန်း ၆ အပိုဒ် ၁၃ တွင်ပါရှိသော ခွင့်ပြုမိန့်အရ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့်ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းတို့ကို ဥပဒေနှင့်အညီ ဆောင်ရွက်နေသူတို့အား နှောင့်ယှက်ခြင်း၊ ဖျက်ဆီးခြင်း (သို့မဟုတ်)ဟန့်တားခြင်း မပြုစေနိုင်ရန် လည်းကောင်း၊ ဘေးအန္တရာယ် မဖြစ်စေရန်လည်းကောင်း ဒုတိယ ရဲအုပ်အဆင့်ထက် မနိမ့်သော ရဲအရာရှိတစ်ဦးဦးက လိုအပ်သော ကာကွယ်စောင့်ရှောက်မှုများကိုဆောင်ရွက်ရမည်ဟုလည်း ပါရှိသည်။

လွှတ်တော်နှစ်ရပ်က အတည်ပြုပြီးသော ဥပဒေမူကြမ်းကို နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ် ထုတ်ပြန်ကြေညာရမည်ဖြစ်သည်။

ယင်းဥပဒေ အသက်ဝင်အာဏာတည်လာပါက ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်လိုသူများအတွက် အန္တရာယ်ကင်းစွာနှင့် ယခုထက်ပို၍ အဆင်ပြေလာနိုင်မည်ဟု နိုင်ငံရေးသမားများက ပြောကြားသည်။

7 DAY NEWS JOURNAL
Vol.10, No.33 · NOVEMBER 3, 2011


# တစ်ရက်အတွင်း အကျဉ်းထောင်သုံးခုသို့ ဇာဂနာသွားရောက်

**အေးသူစံ**

**ရန်ကုန်၊ အောက်တိုဘာ ၂၉**

ဇာဂနာသည် လွတ်မြောက်ပြီး ၁၂ အကြာ အောက်တိုဘာလ ၂၄ ရက်နေ့တွင် အကျဉ်းထောင်သုံးခုသို့ သွားရောက်ခဲ့ပြီး ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသူများအား ထောက်ပံ့ငွေနှင့် ဂျာနယ်၊ မဂ္ဂဇင်းနှင့် စာအုပ်များ ပေးအပ်ခဲ့သည်။

ဇာဂနာသည် လူရွှင်တော် ဂေါ်ဇီလာ၊ စိန်သီး၊ ဇီးသီးတို့နှင့်အတူ အောက်တိုဘာလ ၂၄ ရက်နေ့ နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီးရှိ သာယာဝတီအကျဉ်းထောင်သို့ သွားရောက်ခဲ့ပြီး အဆိုပါထောင်ရှိယုံကြည်ချက် ကြောင့် အကျဉ်းကျခံနေရသူ ၃၄ ဦးအား တစ်ဦးလျှင် ငွေကျပ် တစ်သောင်းစီနှင့် ဂျာနယ်မဂ္ဂဇင်းများ ပေးအပ်ခဲ့ကြောင်း ၄င်းကိုယ်ပိုင်သုံးစွဲသည့် ဖေ့စ်ဘွတ်ခ်စာမျက်နှာထက် တွင် ဖော်ပြထားသည်။ ဇာဂနာ၏ အလှူတွင် ဘာသာရေး စာအုပ်များဖြင့် တစ်တပ်တစ်အားပါဝင်ခဲ့သူ ရုပ်ရှင်သရုပ်ဆောင် ထွန်းအိန္ဒြာဗိုက "ကျွန်မနဲ့ ကိုဇာဂနာတို့ ဆုံဖြစ်ကြတော့ သူ ဒီလိုသွားလှူဖို့ရှိတယ်လို့ပြောတယ်။ ဒါနဲ့ ကျွန်မလည်း ကိုယ်တတ်နိုင်တဲ့ အလှူဒါနလေးအနေနဲ့ တရားစာအုပ်လေးတွေလှူဖြစ်တာပါ။ ဒီလူတွေအတွက်လည်း ဒီစာအုပ်လေးတွေက သင့်တော်လိမ့်မယ်လို့ထင်ပါတယ်။ အထဲမှာနေထိုင်ရင်းနဲ့ သူတို့ရဲ့စိတ်ဝမ်း အေးချမ်းကြလိမ့်မယ်လို့လည်း ယုံကြည်ပါတယ်။ ကျွန်မရဲ့ရည်ရွယ်ချက်တွေလည်း ပြည့်ဝမယ်လို့ထင်ပါတယ်။ ဒီနေရာတွေမှ မဟုတ်ပါဘူး။ ဘယ်နေရာမှာမဆို လိုအပ်သလို လှူဒါန်းနေကျပါ" ဟု ပြောသည်။


ဓာတ်ပုံ - ရဲအောင်သူ(အေအက်ဖ်ပီ)

ဇာဂနာနှင့်အဖွဲ့သည် သာယာဝတီထောင်မှတစ်ဆင့် ပေါင်းတည်ထောင်သို့ အောက်တိုဘာ ၂၄ ရက် နေ့လယ်တွင် သွားရောက်ခဲ့ပြီး ပေါင်းတည်ထောင်ရှိ ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသူတစ်ဦးအား ထောက်ပံ့ငွေ ကျပ်တစ်သောင်းနှင့်ဂျာနယ်မဂ္ဂဇင်းများအား ပေးအပ်ခဲ့သည်။ ယင်းမှတစ်ဆင့် ပြည်အကျဉ်းထောင်သို့ သွားရောက်ခဲ့ပြီး ယင်း ထောင်ရှိ ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသူ ၂၄ ဦးအား တစ်ဦးလျှင် ထောက်ပံ့ငွေ တစ်သောင်းစီနှင့် ဂျာနယ်မဂ္ဂဇင်းများကို တာဝန်ရှိသူများထံ လှူဒါန်းခဲ့ကာ အောက်တိုဘာလ ၂၅ ရက်နေ့တွင် ရန်ကုန်မြို့သို့ ပြန်ရောက်ခဲ့သည်ဟု ခရီးစဉ်၌ ပါဝင်ခဲ့သည့် စိန်သီးက ပြောသည်။

"ကျွန်တော်တို့ ရန်ကုန်ကနေ မနက် ၃ နာရီလောက်စထွက်လာပြီး ရန်ကုန်လေဆိပ်နားလည်း ရောက်ရော ကားကပျက်ရော။ ဘာဆက်လုပ်ရမှန်းမသိဖြစ်နေတုန်း လူတစ်ဦးကသူ့ကားကိုရပ်ပြီး ကျွန်တော်တို့ကို သူ့ကားကို အသုံးပြုဖို့ ပေးသွားတယ်။ သူ့ကြောင့် ကျွန်တော်တို့ ချောချောမောမောနဲ့ သွားလိုတဲ့ခရီးကို အရောက်သွားနိုင်ခဲ့တယ်။ ခရီးစဉ်မှာ အားလုံးက ဝိုင်းဝန်းကူညီပေးကြပါတယ်။ တစ်စုံတစ်ရာ ဟန့်တားနှောင့်ယှက်ခံရခြင်းမရှိပါဘူး" ဟု ၄င်းက ဆက်လက်ပြောပြသည်။ ဇာဂနာ၏ ယခု ခရီးစဉ်အတွက် လိုအပ်သည့် လှူဒါန်းမှုများကို အနုပညာရှင်များထဲမှ ဒါရိုက်တာ မင်းထင်ကိုကိုကြီး၊ သရုပ်ဆောင် ထွန်းအိန္ဒြာဗို၊ အဆိုတော် ကျားပေါက်၊ အရိုင်း စသူတို့ကလည်း ဝိုင်းဝန်းလှူဒါန်းခဲ့သည်ဟု သိရသည်။

ဇာဂနာသည် မြန်မာပြည်အနှံ့ယုံကြည်ချက်ကြောင့်အကျဉ်းကျခံနေရသူများထံ သွားရောက်တွေ့ဆုံရန် ဆက်လက်စီစဉ်နေပြီး နိုဝင်ဘာလဆန်းပိုင်းတွင် ဘားအံအကျဉ်းထောင်သို့သွားရောက်မည်ဖြစ်ကြောင်း သိရသည်။

## အဆိုတော်ရသ ကြားဖြတ်ရွေးကောက်ပွဲဝင်မည်

**အေးသူစံ**

**ရန်ကုန်၊ အောက်တိုဘာ ၃၁**

လာမည့် ကြားဖြတ်ရွေးကောက်ပွဲတွင် အဆိုတော်ရသသည် အမျိုးသားဒီမိုကရေစီပါတီသစ် (New National Democratic Party -NNDP) ပါတီအတွက် မရမ်းကုန်းမြို့နယ်မှ အမတ်အဖြစ် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ၄င်းက ပြောသည်။

"ကြားဖြတ်ရွေးကောက်ပွဲမှာ အခု တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ လွှတ်တော်ကိုယ်စားလှယ်တွေမှာ အကြောင်းအမျိုးမျိုးကြောင့် နေရာလွတ်ကျန်ခဲ့တဲ့ ၄၈ နေရာရှိပါတယ်။ ကျွန်တော်တို့ အမျိုးသားဒီမိုကရေစီပါတီသစ်က ၄ နေရာဝင်ရောက်ယှဉ်ပြိုင်မှာပါ။ ကျွန်တော်နေတာက သဃ်္ဃန်းကျွန်းမြို့နယ်ဆိုပေမယ့် မရမ်းကုန်မြို့နယ်ကို ပါတီကတာဝန်ပေးလို့ အဲဒီမြို့နယ်ကနေ ဝင်ပြိုင်မှာပါ။ ခုထိ စည်းရုံးရေးလုပ်ငန်းတွေတော့ ဘာမှ မစရသေးဘူး။ အန်ကယ်ဦးသိန်းညွန့်တို့ လွှတ်တော်က ပြန်ရောက်လာရင်တော့ တိုင်ပင်ပြီး စည်းရုံးရေးသွားဖို့ ရှိပါတယ်" ဟု ရသက ပြောသည်။

ရသသည် ဦးသိန်းညွန့်ဥက္ကဋ္ဌအဖြစ် တာဝန်ယူထား သောယင်းပါတီတွင် လူငယ်တာဝန်ခံအဖြစ် ပါတီဝင်ထားပြီး ပုညကုသလပရဟိတအဖွဲ့ကိုလည်း ဖွဲ့စည်းလုပ်ဆောင်နေသူတစ်ဦး ဖြစ်သည်။






7DAY NEWS JOURNAL
Vol.10, No.33 • NOVEMBER 3, 2011



မြစ်ဖျားကျေးရွာ ကယ်ဆယ်ရေးစခန်းမှ အဘွားအိုတစ်ဦး

ဓာတ်ပုံ-ကိုသက်

# တန့်ကြည့်တောင်ခြေမှ နွံဖုံးနေဆဲ ဘဝများ

ကိုသက်(မုံရွာ)

မြစ်ဖျားရွာ ဘုန်းကြီးကျောင်းအတွင်းမှဝါးကွစ်ပျစ်လေးပေါ်တွင် အကျႌအစိမ်းရောင် အကွက်စိပ်စိပ်အနွေးထည်ကို ဝတ်ဆင်ထားသည့် အဘွား၏မျက်နှာမှာ မျက်ရည်စများကို မြင်တွေ့နေရသည်။

အောက်တိုဘာ ၂၀ ရက်နံနက်စောစောမှ စတင်ရေတွက်လျှင်မြစ်ဖျားရွာအား ယောချောင်းရေ ဖြတ်သန်းစီးဆင်းသွားသည်မှာ ကိုးရက်ရှိပြီဖြစ်သည်။

ရွာဦးမှ စာသင်ကျောင်းဝင်းအတွင်းမှာ ကလေးငယ်များဆော့ကစားခဲ့သည့်နေရာတွင် နွံမြေများကဖုံးလွှမ်းနေသည်မှာနေရာလွတ်မရှိအောင်ပင်။

ထို့အတွက် ရွာသူရွာသားများမှာမြင့်မားသောကုန်းမြင့်များ၊ ဘုန်းကြီးကျောင်းနှင့် မြေခြောက်သောနေရာများတွင် ယာယီတဲကလေးများထိုးကာ နေ့လယ်စာအတွက် ပြင်ဆင်နေရသည်။

“ရေကျတဲ့ညက လှိုင်းလုံးကအမြင့် ပေ ၃၅ ပေလောက်မြင့်တယ်။ မယုံရင် အိမ်နှစ်လုံး ထပ်နေတဲ့ပုံကိုသာကြည့်တော့၊ အရင်က အိမ်ခြေ ၃၀၀ ရှိတဲ့ရွာကြီးကအခု အိမ်ခြေ ၂၁ အိမ်ပဲ ကျန်ခဲ့တယ်။ ဘယ်လောက်ဆိုးမလဲဆိုတာ စဉ်းစားသာကြည့်တော့”ဟု ပြောလာသူမှာ မြစ်ဖျားရွာသားဦးစံဝင်းဖြစ်သည်။

မြစ်ဖျားရွာမှာ ပခုက္ကူမြို့နယ်တွင်း ပါဝင်ပြီး မြစ်ဖျားရွာအနီးမှ ဒယ်ပြား၊စညောင်းနှင့်ဂဝံလေးတိုင်ရွာများသည်လည်း ယောချောင်းရေဒဏ်ခံစားခဲ့ရသည်။ ဂဝံလေးတိုင်ရွာမှာ ချောင်းနှစ်ချောင်းဆုံရာတွင်ရှိသဖြင့် ပိုမိုခံစားခဲ့ရကြောင်း မြစ်ဖျားရွာခံတစ်ဦးကပြောသည်။

“အဘွား အသက် ၇၀ ရှိပြီ။ ချောင်းရေကျတာ သုံးခါရှိပြီ။ မြန်မာလို ၁၃၂၉ ခုနှစ်ကလည်း အကြီးအကျယ်ကျတာပဲ။ အရင်နှစ်က တစ်ခါ။ အခု ဒီနှစ်မှာကျတဲ့ရေလောက်ဆိုးဆိုးရွားရွား မကြုံခဲ့ဖူးပါဘူး ငါ့မြေးရယ်”ဟု စညောင်းကျေးရွာမှ အဘွားဒေါ်တင်ရှိန်ကပြောသည်။

ချောင်းရေမှာ မကြုံဖူးအောင်ကျခဲ့သော်လည်း ဒယ်ပြားကျေးရွာ၊ စညောင်းကျေးရွာ၊ မြစ်ဖျားကျေးရွာနှင့် ဂဝံလေးတိုင်ရွာများတွင် လူအသေအပျောက်မရှိခဲ့သည်မှာ ဖုန်းသတင်းကြိုတင်ရရှိခဲ့ခြင်းကြောင့်ဖြစ်ပြီးချောင်းရေကျပြီးချိန်မှ ဂဝံလေးတိုင်ရွာမှ အမျိုးသမီးကြီးတစ်ဦး အအေးပတ်ကာ သေဆုံးခဲ့ကြောင်း ဂဝံလေးတိုင်ရွာမှ ဦးညွန့်အောင်ကပြောသည်။

“ဖုန်းသတင်းရကတည်းက ပစ္စည်းတွေထားပြီး လူအလွတ်ပြေးရတာ။ ၁၅ မိနစ်လောက်အတွင်းမှာပဲ တစ်ရွာလုံးကို စီးသွားတာ။ ချောင်းရေကျတဲ့ညက ရေစိုကြီးတွေနဲ့ပဲထိုင်နေရတာ။ အဝတ်အစားတွေလည်း မရှိတော့ဘူး ဘာပစ္စည်းမှ မရလိုက်ဘူး”ဟု မြစ်ဖျားကျေးရွာမှ ဒေါ်ကြင်ဝင်းကသူ၏အတွေ့အကြုံကို မျှဝေသည်။

ထိုကျေးရွာများမှာ ပခုက္ကူမှ တန့်ကြည့်တောင်သို့ သွားလျှင် လမ်းမိုင်တိုင် ၃၁ လမ်းခွဲမှ တောင်ကြားများအတွင်းသို့ ဆင်းရသည်။ လမ်းမှာ တောင်ကြားလမ်း ဖြစ်ပြီး ပထမဆုံးတွေ့ရသည့် ဒယ်ပြားရွာနှင့် လမ်းခွဲမှာ ၁၅ မိုင်ဝေးကာ လမ်းပန်းဆက်သွယ်ရေး ခက်ခဲသောအရပ်ဒေသများဖြစ်ကြောင်း ဒေသခံများကပြောသည်။

ထိုလမ်းတစ်လျှောက်တွင် ကြက်သွန်နီတောင်းလေးများကို ရွက်ကာ မြို့တွင် ရသည့်ဈေးနှင့် ရောင်းချရန် ခြေလျင်ခရီးနှင်လာသောအမျိုးသား၊ အမျိုးသမီးအရွယ်စုံကိုလည်း တွေ့ရသည်။

“ကျန်ခဲ့တဲ့ ကြက်သွန်လေးကိုမြို့မှာတက်ရောင်းကြတာလေ။ ဆိုင်ကယ်ရှိတဲ့ သူတွေကတော့ ဆိုင်ကယ်နဲ့ တက်ရောင်းတယ်။ မရှိတဲ့သူတွေကျတော့ မရှိသလိုပေါ့။ အခုလက်ရှိမြို့မှာ ကြက်သွန်ကို တစ်ပိဿာ ၅၀၀ ဈေးနဲ့ ရောင်းရတယ်”ဟု ဒယ်ပြားကျေးရွာမှ ရွာခံတစ်ဦးကဆို၏။

ချောင်းရေကျခဲ့သည်မှာ ကိုးရက်ခန့် ကြာမြင့်ခဲ့သော်လည်း နွံများမခြောက်သေးသည့် အတွက် ရွာအတွင်းတွင် ထမင်းချက်စားမရဘဲ မည်သည့်နေရာမှစကာ ရှင်းလင်းရမည်ကို သူတို့မသိဖြစ်နေသည်။ အနီးအနားရွာများမှ ကြက်သွန်နီခင်းများအားလုံး ပျက်စီးခဲ့သည့်အပြင် ယခုနှစ်တွင် စိုက်ပျိုးရန် ဝယ်ယူထားသော ပျိုးပင်များလည်း ဆုံးရှုံးခဲ့ရကြောင်း ဂဝံလေးတိုင်ရွာမှ ရွာခံဦးညွန့်အောင်ကရှင်းပြသည်။

စာ(၃၀)သို့



## စာ-၁၃၊ အလုပျက်စေတဲ့ အဆီပိုများ မှ

အသက်ကြီးသူများတွင် ဖြစ်ပွားသည့် အမျိုးအစား ၂ ဆီးချိုရောဂါ၊ ရင်သားကင်ဆာ၊ အူမကြီးနှင့် အစာဟောင်းအိမ်ကင်ဆာတို့ဖြစ်ပွား၍ အသက်အန္တရာယ်ထိခိုက်စေသည်အထိ ဖြစ်ပွားနိုင်ကြောင်း သိရသည်။

ငယ်ရွယ်သည့်သူများတွင် ဖြစ်ပွားသည့် အဆီစုခြင်းကြောင့် ဗိုက်ပူခြင်းသည်အစားအသောက်များစားသုံးခြင်းကြောင့် ရရှိလာသည့်ကယ်လိုရီများမှာဝင်ရောက်မှုများသော်လည်းယင်းတို့ပြိုကွဲရန်အတွက် လှုပ်ရှားမှုများ နည်းပါးစေခြင်းကြောင့် ကြာလာသည့် အချိန်တွင်ဝမ်းဗိုက်တွင် အဆီများစုလာခြင်းကြောင့်ဖြစ်ပွားခြင်းဖြစ်ကြောင်း သိရသည်။

"အစားများတယ်။ ဒါပေမဲ့လှုပ်ရှားမှုနည်းပါးတဲ့သူတွေ၊လေ့ကျင့်ခန်းလှုပ်ရှားမှုမရှိတဲ့သူတွေဗိုက်တစ်ကြိမ်နဲ့အထက် ခွဲထားတဲ့သူတွေ(ဗိုက်ခွဲပြီးစမှာ လှုပ်ရှားမှုမရှိတဲ့အတွက် ရက်ကြာတဲ့အခါ အဆီတွေစုလာခြင်း)၊ မျိုးရိုးဗီဇရှိတဲ့သူတွေက အဆီစုလို့ဗိုက်ပူ ခြင်းဖြစ်စေလေ့ရှိတယ်"ဟု ဒေါက်တာလှိုင်စိုးဝယ်ကဆက်လက်ပြောသည်။

အမျိုးသမီးများတွင်သာမက လှုပ်ရှားမှုနည်းသည့်အမျိုးသားများတွင်ပါထိုကဲ့သို့ဗိုက်အဆီစုခြင်း ဖြစ်ပွားလေ့ရှိကြပြီး ကလေးမွေးဖွားပြီးသည့် အမျိုးသမီးများတွင်လည်းဖြစ်ပေါ် လေ့ရှိကြောင်း သိရသည်။

ကလေးမွေးဖွားပြီးသည့် အမျိုးသမီးများသည် ကိုယ်ဝန်အား ၉ လခန့်လွယ်ထားသည့်အတွက် ဗိုက်သားရှိ ကြွက်သားများကျစ်လျစ်မှုမရှိတော့ပဲ လျော့ရဲကျနေပြီး အဆီစုလာသည့်အခါဝမ်းဗိုက်ပူလာသည့်ပြဿနာပါ ခံစားလာရခြင်းဖြစ်သည်။

"အိမ်ထောင်မရှိတဲ့အမျိုးသမီးတွေမှာ ဗိုက်ပူတဲ့သူ အများစုက လုပ်ငန်းခွင်ဝင်နေတဲ့သူတွေမှာတွေ့ ရတာများတယ်။ အလုပ်ထဲမှာဆိုတော့ စားပြီးထိုင်နေတာနဲ့ လှုပ်ရှားမှုမရှိတဲ့အခါ တဖြည်းဖြည်းနဲ့ ဗိုက်ပူပူလေးတွေဖြစ်လာကြတယ်" ဟုအဆိုပါဆရာဝန်ကပြောသည်။

ဝမ်းဗိုက်တွင် အဆီစုခြင်းကြောင့်ဖြစ်ပေါ် လာသည့်ဗိုက်ပူလာခြင်းအား ပြန်လည်လျှော့ချပေးနိုင်သည့်နည်းလမ်းအချို့လည်းရှိသည်။

အစားအသောက်အနေဖြင့် ကျန်းမာရေးနှင့်ညီညွတ်သည့် အစားအစာများအား မျှတစွာစားသုံးပြီး ကစီဓာတ်နှင့် ပြည့်ဝဆီများအား ဆင်ခြင်စားသုံးခြင်းဖြင့်လည်းကောင်း၊ ဗိုက်ရှိကြွက်သားများလှုပ်ရှားစေနိုင်သည့်လေ့ကျင့်ခန်းများ ဆောင်ရွက်ခြင်းဖြင့်လည်းကောင်း၊ ဆေးသောက်ခြင်းနည်းလမ်းများဖြင့်လည်းကောင်း၊ စက်ကိရိယာများ အသုံးပြုခြင်းဖြင့်လည်းကောင်း အဆီချနိုင်ကြောင်း သိရသည်။

ဗိုက်ကပ်နေစေရန် ဝမ်းဗိုက်ရှိကြွက်သားများအားလှုပ်ရှားစေ ရမည်ဖြစ်သည့်အတွက် ဗိုက်ရှိကြွက်သားများလှုပ်ရှားစေသည့်လေ့ကျင့်ခန်းများပြုလုပ်ရမည်ဖြစ်သည်။

"ပက်လက်လန်ပြီး ခြေထောက်တစ်ဖက်ချင်းစီကိုမြှောက်လိုက်ချလိုက်နဲ့လုပ်တာမျိုး၊အိပ်ထမတင်လုပ်တာမျိုးက ဗိုက်ကြွက်သားတွေကို သန်မာစေပြီး ချပ်ရပ်စေတယ်။အချိန်ရရင်ရသလောက်နဲ့ လုပ်နိုင်မယ်ဆိုရင် တစ်နေ့ကို အနည်းဆုံး၁၀ ကြိမ်လောက်လုပ်မယ်ဆိုရင်တောင်တော်တော်လေး အကျိုးကျေးဇူးရှိတယ်။ ဒါပေမဲ့မှန်မှန်လေးလုပ်ဖို့တော့လိုတယ်" ဟုအဆိုပါဆရာဝန်ကပြောသည်။

ငယ်ရွယ်စဉ်ကတည်းကပုံမှန် ထိုကဲ့သို့ကြွက်သားလေ့ကျင့်ခန်းများ လုပ်ဆောင်သူသည်ကိုယ်ဝန်ဆောင် ကလေးမွေးဖွားပြီးသည့်အချိန်တွင် ကိုယ်ဝန်ဆောင်ခြင်းကြောင့်ဖြစ်ပေါ် လာသည့် ဝမ်းဗိုက်ပျော့တွဲပြီးပူလာသည့် ဆိုးကျိုးများအတွက်လည်း အကျိုးသက်ရောက်မှုရှိစေနိုင်သည်။

"တချို့အမျိုးသမီးတွေက သူတို့ကလေးကိစ္စတွေ အိမ်အလုပ်တွေနဲ့ဒီလောက်မပြတ်လှုပ်ရှားမှုရှိနေတာ လေ့ကျင့်ခန်းတောင် လုပ်စရာမလိုဘူး။ ဒါပေမဲ့လည်းသူတို့ဗိုက်တွေကပူလာတယ်လို့ပြောကြတာကအဲဒါတွေကဗိုက်မှာရှိတဲ့ကြွက်သားတွေကိုသန်မာစေတာမျိုးမဟုတ်ဘူး။ ဒီအတိုင်းပဲလှုပ်ရှားမှုတွေဖြစ်တဲ့အတွက် အဆီတွေကတော့ စုပြီးပူလာမှာပဲ" ဟု ဒေါက်တာလှိုင်စိုးဝယ်ကပြောကြားသည်။ ထိုအဆီများကျရန်အတွက် အများဆုံးလုပ်ကြလေ့ရှိသည့် ဆေးသောက်ခြင်းသည်လည်းဆေးဝါးများတွင်ဘေးထွက်ဆိုးကျိုးများရှိသည့် အချက်မှာ သတိပြုသင့်သည့်အချက်ဖြစ်သည်။

ဆေးဝါးများတွင် ဘေးထွက် ဆိုးကျိုးအနေဖြင့်စအိုမှစိမ့်ထွက်ခြင်း၊အလျင်စလို ဝမ်းသွားချင်စိတ် ဖြစ်လေ့ရှိခြင်း၊ အဆီဝမ်းအရည်ဝမ်းများသွားကြခြင်း၊ဗိုက်တင်း၊ဗိုက်နာသည့်ဝေဒနာများအားရေတိုတွင် ခံစားကြရပြီး၊ ရေရှည်တွင်သွားနှင့် ပတ်သက်သော ပြဿနာများ၊ အဆုတ်နှင့်ပတ်သက်သောကူးစက်ရောဂါများ၊ ခေါင်းကိုက်ခြင်း၊ မီးယပ်မမှန်ဖြစ်ခြင်း၊ ဆီးလမ်းကြောင်းကူးစက်ရောဂါများဖြစ်စေနိုင်ကြောင်း ဒေါက်တာလှိုင်စိုးဝယ်က ပြောကြားသည်။

ငွေကြေးတတ်နိုင်သည့်လူများမှာလည်းခေတ်မီစက်ကိရိယာများ၏ အကူအညီဖြင့် အဆီစုပ်ပြီးလျှော့ကြလေ့ရှိပြီး အများအားဖြင့် အဆီစုပ်သည့်စက်များဖြင့်လည်းကောင်း၊အတ်ထရာဆောင်းနည်းလမ်းများဖြင့်လည်းကောင်း၊ လေဆာနည်းပညာများဖြင့်လည်းကောင်း ကုသကြသည်များလည်းရှိကြောင်းသိရသည်။

## စာ-၄၉၊ ဈေးပေါပေါဖြင့် ဝင်ခွင့်ရတဲ့ အိုင်စီနဲ့အိုကီတို့ရဲ့ပွဲမှ

လူတွေ အဖွဲ့လိုက်၊ အဖွဲ့လိုက်၊အုပ်လိုက်ကြီးတွေ ညနေ၅ နာရီလောက်မှာပဲ ရှိုးပွဲဝင်တဲ့ လျှောက်လမ်းတွေတစ်လျှောက် လူတွေဖွေးဖွေးလှုပ်၊ ဒါတင်မက သေးဘူး။ ကချင်ဆိုင်နောက်က ကွန်းလေးပေါ် မှာ။ မြက်ခင်းတွေပေါ် မှာအဖွဲ့လိုက်ရှိုးပွဲအကြိုချီးယားစ်လုပ်နေကြတဲ့သူတွေမနည်းမနော ပါပဲ။ ၅နာရီခွဲ ကျော်ကျော်မှာပဲ အဝမှာ ပိတ်ဆို့နေပါတယ်။

အုပ်လိုက်ကြီး ဝေါခနဲ လက်မှတ် အပ်တဲ့ ဂိတ်ပေါက်ရောက်တော့ ချွေးတွေက ရွှဲနေပြီ။ ဘေးကတိုး၊ အလယ်တိုး၊ အနောက်က တိုးတဲ့ လူတွေကြားထဲမှာ ယိုင်တိုင်ယိုင်တိုင်နဲ့ပါသွားပြီး ဝင်ပေါက်ကို ထပ်ရောက်တော့ ထိတ်ပြာနေတဲ့ဂိတ်စောင့်တွေ၊ ချွေးတရွှဲရွှဲနဲ့ လူတွေကိုအော်။

တိုးရင်းဝှေ့ရင်းနဲ့ အထဲရောက်သွားပါတယ်။ နောက်က လူတွေ ဘယ်လိုကျန်ခဲ့တယ်မသိတော့။ရှိုးပွဲကဒီတစ်ခါတော့တကယ့် စံတော်ချိန်ပါပဲ။ မျိုးကြီးက ပရိသတ်နဲ့ သူ့ရဲ့ရင်ခုန်သံအရင်းနှီးဆုံးနဲ့ဝုန်းဒိုင်းတွေကြဲနေပြီ။ အထဲရောက်တော့ကြည့်စရာနေရာမရှိတော့ပါဘူး။ ဒါနဲ့ စတိတ်ဘေးက ကုန်းပေါ်မှာရှိတဲ့လူအုပ်ထဲတိုးပြီး နေရာတော့ ရသွားတယ်။ ဒါပေမဲ့ ခြေထောက်တစ်ချောင်းစာပါပဲ။ ကုန်းပေါ် က ကြည့်မှ ပရိသတ်က ကြောက်စရာကောင်းလောက်အောင် ကျပ်သိပ်နေတယ်။ ကွင်းလယ်မှာ ဘေးပတ်ပတ်လည်က ခုံတွေပေါ် မှာ အပင်တွေရော၊ သစ်ကိုင်းတွေပေါ် မှာရော။ အဲဒီလူအုပ်ကထွက်တဲ့ အပူငွေ့တွေကြောင့်လားမသိ၊ အသက်ရှူမဝချင်သလိုဖြစ်လာတယ်။

ခဏနေတော့ မျိုးကြီးက 'လေပြေ'နဲ့ဆက်ဆွဲတယ်။အောက်မှာရှိတဲ့ လူတွေ၊ ဆန်ကောထဲ ပြာနေတဲ့ ဆန်တွေလိုပဲ အကြွလိုက်၊ အကြွလိုက်၊ မြောက်ရင်းနဲ့ပေါ့။ ဒီအသံကြားတော့ ဂိတ်ဝက မဝင်ရသေးတဲ့ အုပ်စုကြီးက ဝေါခနဲပြေးဆင်းလာကြတယ်။ ဝူးဝူး ဝါးဝါးအသံတွေနဲ့အဲဒီ၁၀၀လောက်ရှိမယ်ထင်ရတဲ့အဖွဲ့လိုက်ကြီးထပ်ဝင်လာတယ်။ သူတို့နောက်မှာ ကျန်ခဲ့တဲ့သူက အဲဒီထက် ၁၀ဆလောက် ရှိပါသေးတယ်။ 'ကြည့်လို့မကောင်းတဲ့ပွဲ' ဒီသီချင်းလည်းဝုန်းဒိုင်းကြဲခုန်ကြပေါက်ကြပါပဲ။ ပြီးတော့ 'မျှော်လင့်ချက်မဲ့'၊ 'မိုး'စတဲ့ပရိသတ်အကြိုက်သီချင်းတွေနဲ့ဆိုတော့ သူ့အလှည့်မှာတင် လိုက်ဆိုရတဲ့ပရိသတ်လည်း တော်တော်ဟိုက်နေပြီ။ ဒါပေမဲ့ အဲဒီအချိန်မှာပဲ စင်ရှေ့ကို လုံခြုံရေးတော်တော်များများ အင်အားဖြည့်အနေနဲ့ ပြေးဆင်းသွားတာတွေ့ရတယ်။ သတိထားမိတော့မှ စင်ရှေ့မှာ ကာထားတဲ့ အကာက ကျိုးနေပြီ။ အဲဒီသံတန်းတွေပေါ် ခွတက်တဲ့သူတက်၊ မှီတဲ့သူမှီဆိုတော့ လုံခြုံရေးတွေအပြိုင်သာ မတွန်းထားရင် ဒလဟော စင်ပေါ် ပြေးတက်ကြမယ့်ပုံပါပဲ။

မျိုးကြီးအလှည့် ပြီးသွားတယ်။ ဝိုင်ဝိုင်းဆက်တက်တယ်။ ဝိုင်ဝိုင်း စတက်တက်ချင်းမှာပဲ မဆိုရသေးခင်ပရိသတ်တချို့ဖရုသဝါစာတွေ ဒလဟောလွှတ်တယ်။ လေးဖြူအော်လိုက်၊ အငဲအော်လိုက်နဲ့ဝိုင်ဝိုင်းက သူ့ရဲ့အသစ်စက်စက် တစ်ကိုယ်တော်ထဲက သီချင်းတွေနဲ့စပါတယ်။ ဟိုနားတစ်သံ ဒီနားတစ်သံလိုက်ဆိုနေတာက လွဲလို့ကျန်တဲ့သူတွေက beat တွေ နောက်မှာ လှည့်တယ်ဆိုရုံပါပဲ။ သူ့ရဲ့ အတုံ့အလှည့်ခွေထဲက နှစ်ပုဒ်ပြီးတော့'တယ်လီဖုန်း'နဲ့ငြိမ်နေတဲ့ပရိသတ်ကို လှုပ်လိုက်ပါတယ်။ အဲဒီ့တယ်လီဖုန်းမှာပဲ ရှေ့ဆုံးက ကာထားတဲ့ အတားအဆီးတွေ ကျိုးသွားတဲ့နေရာမှာ နောက်-တစ်တန်း ထပ်တန်းပြီးတော့ လုံခြုံရေးတချို့က တန်းကျော်လာတဲ့ ပရိသတ်ခပ်ဆိုးဆိုးတွေကို တွန်းချ၊ ကာကွယ်ရင်းနဲ့ပေါ့။ နောက်ဝင်လာတဲ့ပရိသတ်တွေရယ် ရှိပြီးသား ပရိသတ်တွေရယ်ကြောင့် တိုးကြဝှေ့ကြရင်း အုပ်လိုက်ကြီးပြန်ပြေးထွက်လာကြတယ်။ နောက်ဝင်လာတဲ့လူအုပ်ကြီးက ကန်ပေါင်ပတ်ပတ်လည်နေရာကလွဲလို့ ကြည့်ဖို့အခွင့်အလမ်းမရှိတော့တာပါပဲ။

အဆိုတော်နှစ်ယောက်ပဲ ဆိုရသေးတဲ့အချိန်မှာ ဝင်လာပြီး မကြည့်ရတော့တဲ့သူတွေ အသံမျိုးစုံထွက်လာတယ်။ ၇နာရီကျော်ကျော်ပဲရှိသေးတာမို့ လူတွေက ဝင်လို့ကောင်းတုန်းပဲ။ အဝင်ဝလမ်းမှာ လူတွေ ဖွေးဖွေးလှုပ်နေတုန်းပဲ။

ဒီအချိန်မှာ အငဲ အလှည့်။ 'နတ်မိမယ်'၊ 'မီးမရှို့နဲ့'၊ 'နွံ'စတဲ့သီချင်းတွေမှာပရိသတ်က တိုးကြဝှေ့ကြရင်း၊ သစ်ကိုင်းတွေပေါ်က နေ ခုန်ရင်း၊ ပေါက်ရင်း အားပေးနေတာအသည်းယားစရာကောင်းလောက်အောင်ပဲ။

ခဏနေတော့လေးဖြူတက်လာပြီး ပရိသတ်တွေကိုထိန်းပါတယ်။ ဆရာချစ်ကို လက်ညှိုးထိုးရင်း "ညီလေးက စိုးရိမ်နေတယ်။ သူ့ကြိုးတွေ စက်တွေကို နင်းမိတိုက်မိရင် ပရိသတ်တွေ ဘာမှမကြားရမှာစိုးလို့ နောက်လေးဆုတ်ပေးကြပါလား"လည်း ဆိုရော၊ ခုန လုံခြုံရေး ၃၀ လောက်ထိန်းမရတဲ့ သကောင့်သားတွေ လိမ်လိမ်မာမာနဲ့နောက်ဆုတ်ပေးနေလိုက်ကြတာ မုန့်ရတဲ့ကလေးတွေလိုပဲ။

လေးဖြူက အထဲကပရိသတ်တွေတင်မဟုတ်ပါဘူး။ အပြင်မှာကြည့်ခွင့်မရတဲ့ သူတွေပါ ဆွပါတယ်။ သူ့ရဲ့'လိပ်ပြာ'၊'စာမျက်နှာ ၁၅'၊'သံယောဇဉ်'၊'သတိမေ့သွားတဲ့ည' ဆက်တိုက် ခြောက်ပုဒ်လောက်ဆိုသွားတယ်။

ဒီအချိန်မှာ ကြည့်ခွင့်မသာတဲ့သူတွေကတော့ တကယ်သနားစရာပါပဲ။ နည်းနည်းနောနော မဟုတ်ပါဘူး။ အဲဒီကွင်းထဲမှာရှိနေတဲ့ ပရိသတ်ရဲ့ ထက်ဝက်ကျော်ကျော်လောက်ကွင်းအပြင်မှာ ရောက်နေကြတာ။ တချို့က အပြင်မှာပဲ စိတ်ပျက်လက်ပျက်နဲ့ ထိုင်ချရင်း သီချင်းတွေလိုက်အော်နေကြတယ်။တချို့ကပေါက်ကွဲပြီး ဆဲကြ၊ ဆိုကြ၊ ထုမယ်၊ နှက်မယ်လုပ်တဲ့သူလုပ်နဲ့။လူတွေကဝင်တုန်းပါပဲ။ ၈ နာရီထိုးတဲ့အထိ ဝင်တဲ့အင်အားမသေးလို့ စပ်စုကြည့်တော့မှအဝင်အဝမှာ ၅၀၀ ပေးရင်ဝင်လို့ရတယ်တဲ့ လက်မှတ်မလိုဘူး။ ဒီစကားကြားတော့ တော်တော်လေး ရင်နာရပါတယ်။ တစ်သောင်းနီးပါးပေးကြည့်ရတဲ့သူတွေ လှည့်စားခံလိုက်ရတာရယ်၊ စီစဉ်တဲ့သူတွေလုပ်ရပ်မဟုတ်တာရယ်စဉ်းစားမိပြီးတော့ ပြန်ဖို့ဆုံးဖြတ်လိုက်မိတယ်။ နောက်နောင် ကုမ္ပဏီပရိုမိုးရှင်းကို ဗန်းပြပြီး လက်မှတ်ရောင်းမယ့် ဘယ်ပွဲမဆိုစဉ်းစားရတော့မှာပေါ့။ ဒီပွဲက အိုင်စီရှိုးကြည့်ဖူးတဲ့တစ်လျှောက်မှာ ကျွန်တော်တို့အတွက် ဈေးအပေါဆုံး၊ လူအများဆုံး၊ အန္တရာယ်အများဆုံးပွဲအဖြစ်နဲ့ မှတ်တမ်းဝင်သွားပါတယ်။

ပြန်လာတော့ ကြားရတာတွေက တစ်ခုမှမကောင်းပါဘူး။ ရှိုးပွဲထဲ ကျွန်တော်တို့ ရောက်နေတဲ့အချိန် မျှော်စင်ကျွန်းအဝမှာ သောင်းကျန်းကြလို့ စောစောစီးစီးဂိတ်ပိတ်ထားပြီးပြဿနာတက်ကြတာ။ ဝင်ကြေး ၃၀၀ ပေးပြီးတော့ အလွတ်ဝင်ကြည့်ကြတာတွေ။ အိုင်စီကို ဒီလောက်ပေးရုံနဲ့ ကြည့်ခွင့်ရတယ်ဆိုတော့ အမျိုးမျိုးသော ပရိသတ်တွေအတွက် မဟာအခွင့် အရေးဖြစ်ပေမယ့် လူများတဲ့အကျိုးဆက်က ထိခိုက်ဒဏ်ရာရသွားကြတာပါပဲ။ "ကျွန်တော့်ဘေးမှာ လာကြည့်တဲ့တစ်ယောက်ဆို သူ့လက်နဲ့ ဗိုက်တွေမှာ သံဆူးကြိုးအရာတွေတွေ့ရတယ်။ပွဲအဝင်မှာလူတွေကိုတိုးဝှေ့ဝင်တော့ဘေးက သံဆူးကြိုးတွေနဲ့ ခြစ်မိတာလို့ပြောတယ်"လို့ ဒဏ်ရာရသူကို တွေ့တဲ့သူငယ်ချင်းက ပြန်ပြောပြပါတယ်။ ပွဲစီစဉ်သူတွေ လုပ်မယ့်ကွင်းနဲ့ ဆံ့တဲ့ လူအရေအတွက်ကို မဆင်မခြင်လုပ်တာကတော့ . . .။

"အရမ်းစိတ်ပျက်ဖို့ကောင်းပါတယ်။ ရှိုးပွဲလက်မှတ်ကို ဆပ်ပြာဘူးခွံနဲ့လဲပြီးကြည့်ရမယ်။ ပြီးတော့ သီးခြားလက်မှတ်(လုံး၀) မရောင်းပါဆိုပြီး ကြော်ငြာတယ်။ ပြီးတော့ လက်မှတ်တွေဈေးပေါပေါနဲ့ အဝမှာရောင်းတယ်။ ကျွန်တော်တို့ ပြန်တဲ့အချိန်ငါးရာနဲ့ဝင်ကြည့်လို့ရတဲ့ အခြေအနေဆိုတော့ အိုင်စီတီးဝိုင်းကို ဒီလောက်နှုန်းနဲ့ ကြည့်လို့ရတာအိုင်စီအနေနဲ့ ပရိသတ်အနေနဲ့ အရမ်းဝမ်းနည်းဖို့ကောင်းတယ်" ဒါက ကျွန်တော်တို့လို စောစောထွက်ခဲ့ရတဲ့ လူငယ်တစ်ယောက်ပြောသွားတာပါ။

ဒီနေရာမှာ တစ်ခုစဉ်းစားမိတာက အိုင်စီဘက်ကပါ။အိုင်စီကပရိသတ်ကိုချစ်လွန်းတာတော့မှန်ပါတယ်။ ဈေးပေါပေါကြည့်ခွင့်ရတာလည်း မှန်ပါတယ်။ ဒီလိုဈေးပေါလွန်းအောင် ငွေပေးပြီးပွဲသွင်းတဲ့ကုမ္ပဏီတွေကိုတော့ သတိထားသင့်ပါတယ်။ အိုင်စီပရိသတ်က အိုင်စီဘာလုပ်လုပ်ချစ်နေကြတာမဟုတ်လား။

နောက်တစ်ပွဲ ရှိပါသေးတယ်။ အိုင်စီနဲ့ပရိမီယား ဘယ်လိုလာဦးမယ်မသိတော့. . ။

## စာ(၂၉) - တန်ကြည့်တောင်ခြေမှ နွံဖုံးနေဆဲ ဘဝများ မှ

"ရွာက အိမ်တွေမှာ လူတစ်ဖက်စာလောက်ရှိတဲ့ သစ်လုံးကြီးတွေ မျောလာပြီး ပိတာတွေရှိတယ်။ သစ်လုံးတွေ အများကြီး မျောလာပြီး ပိနေတဲ့အိမ်တွေက အများကြီးပဲ"ဟုဂရင်းကဆက်ပြောသည်။ နွံများခြောက်မှသာလျှင်ယာမြေများနှင့်ကျေးရွာအတွင်းမှမြေများကိုဖယ်ရှားရမည့်အတွက် မည်သည့်အချိန်ထိ ကြာမြင့်မည်ကို ခန့်မှန်းမရနိုင်သေး။ ကြားကာလများတွင်မည်သို့ရှေ့ဆက်ရမည်မသိဘဲ လက်ရှိအချိန်တွင်တော့ ထောက်ပံ့ရေးဆန်နှင့် အခြား အစားအစာ၊ အဝတ်ထည်များ လာရောက် လှူဒါန်းသည့်အဖွဲ့များရှိနေ၍ ပြေလည်နေသေးကြောင်း မြစ်ဖျားကျေးရွာမှ ရွာခံဦးစံဝင်းက ပြောသည်။

လာရောက်လှူဒါန်းသူများက အစားအသောက်၊ အဝတ်အထည်များနှင့် ဆေးဝါးပစ္စည်းများအား တကူးတက လာရောက်လှူဒါန်းနေကြသည်။ ရွာမှလူအများစုအတွက်လောလောဆယ်နေစရာယာယီတဲမရှိသည့်အတွက် လှူဒါန်းသူများအား မိုးကာနှင့် တာလပတ်စများ လှူစေလိုကြောင်း ရွာလေးရွာမှ ရွာခံများက ပြောကြားသည်။

မေသင်းနိုင်
အိမ်၊ ခြံ၊ မြေအကျိုးဆောင်
ဖုန်း- ၀၉-၅၁၀၆၀၆၇၈၊ ၀၉-၇၃၃၀၆၃၇၈၂

7 DAY NEWS JOURNAL
Vol.10, No.33 • NOVEMBER 3, 2011



CHICKEN SOUP

# မြားတစ်စင်းလို မြင်ကွင်းတွေထဲတိုးဝင်ဖို့

ရွေးချယ်မှုဆိုတာ ဘဝကံကြမ္မာကိုပုံဖော်တဲ့ အဆစ်အပိုင်းကလေးတွေပဲ။

■ *ပိုက်သာဂိုးရပ်စ်*

**အိန်ဂျယ်လင်း**



မိမိရဲ့ကံကြမ္မာကို ဟောကိန်းထုတ်ထားတဲ့ဟောစာတမ်းကလေးတွေပါတဲ့ ကွတ်ကီးဘူးကလေးကို ငေးကြောင်ကြည့်နေမိတယ်။ အထဲကိုချောင်းကြည့်လိုက်ရင် ကိုယ့်ရဲ့ ကံကြမ္မာကို ဖော်ပြထားမယ်လို့ယူဆရတဲ့ စာရွက်ခေါက်ကလေးက အဆင်သင့်ဖြစ်နေတာကိုတွေ့ရမယ်။ ဒါကိုဖတ်ချင်ရင်ကွတ်ကီးဘူးကိုဖွင့်ရမယ်လေ။ ဆက်ပြီး တုန့်ဆိုင်းမနေတော့ဘဲ ဘူးကိုဖွင့်ပြီး အထဲကစာရွက်ခေါက်ကလေးကိုမဆုတ်မပြဲရလေအောင် သေသေချာချာဆွဲထုတ်လိုက်တယ်။ ရင်တွေလည်းခုန်လာတယ်။ ငါ့အနာဂတ်ကတော့ ဒီတရုတ်မင်တွေနဲ့ရေးထားတဲ့စာရွက်ကလေးထဲမှာရှိနေမှာပဲလို့လည်း တကယ်ယုံလာမိတယ်။

စာရွက်ခေါက်ကလေးကိုဖွင့်လိုက်တော့ အထဲက ကွန်ပျူတာစာလုံးသေးသေးကလေးတွေနဲ့ ရေးထားတဲ့စာတန်းကလေးကို တွေ့တယ်။ ဒီလိုရေးထားတယ်။ ‘မင်းရဲ့ကံကြမ္မာကို မင်းကိုယ်တိုင်ရေးပါ’ တဲ့။ သူတို့ကို ဆက်သွယ်ရမယ့် ဝက်ဘ်ဆိုက်လိပ်စာကိုလည်းထည့်ပေးထားတယ်။

ဒီစာရွက်ပိုင်းသေးသေးကလေးကို အကြာကြီးစိုက်ကြည့်နေမိတယ်။ ပြီးတော့ ထင်ထားသလိုဘာမှ ထွေထွေထူးထူးမဟောနိုင်တဲ့အတွက်လည်းစိတ်ပျက်မိတယ်။ ဒီဟောစာတမ်းကွတ်ကီးထုတ်ကလေးတွေဟာ တရုတ်ရိုးရာဗေဒင်တကယ်မဟုတ်ဘဲ တစ်ယောက်ယောက်ကနောက်ပြောင်ပြီးတီထွင်ထားတာများလားလို့လည်း သံသယဝင်မိတယ်။ ဒါပေမဲ့ ကိုယ်နဲ့ဆိုင်တဲ့နောက်ဟောစာတမ်းတစ်ခုများ ရှိဦးမလားရှာကြည့်တော့ ကိုယ်နဲ့ဆိုင်တာ မရှိတော့ဘူး။ တရုတ်နတ်တွေက ကိုယ့်ကိုနည်းနည်းကလေးမှ မျက်နှာသာမပေးချင်ကြလို့ဖြစ်မှာပေါ့လို့ တွေးမိတယ်။ ဒါနဲ့အိမ်ကညီမနဲ့ဆိုင်တဲ့ ဟောစာတမ်းကို ကြည့်ဦးမှဆိုပြီး ယူကြည့်လိုက်တော့ ဒီအချိန်ကလခတိုးတောင်းဖို့ အကောင်းဆုံးအချိန်ပဲလို့ ရေးထားတယ်။ တကယ်က ညီမက အလုပ်ရှိတဲ့လူလည်းမဟုတ်ဘူး။ အလုပ်လုပ်ဖို့လည်းလိုတဲ့လူမဟုတ်ဘူးလေ။ သူလိုချင်တာတွေအားလုံးကို ကိုယ့်ဆီကနေ သူရနေတာပဲမဟုတ်လား။ ညီမအကြောင်းကိုဝတ္ထုတစ်ပုဒ်လောက်တော့ ရေးဦးမယ်လို့တွေးမိတယ်။ သူကကိုယ့်ကို အတော် ဒုက္ခပေးတဲ့သူပဲ။ ဒါပေမဲ့ အခုကသူ့အကြောင်းပြောဖို့တော့ မဟုတ်ဘူးလေ။

အဲဒီအဓိပ္ပာယ်မရှိတဲ့ဟောစာတမ်းကိုအမှိုက်ပုံးထဲကပစ်ထည့်လိုက်ပြီးတဲ့နောက် လေးငါးရက်လောက်အကြာမှာအမှတ်တရနေ့ရက်တစ်ခုကြုံလာရတယ်။ ဂျွန်နဲ့ကျွန်မရဲ့နှစ်ပတ်လည်နေ့က နိုဝင်ဘာလ ၁၂ မှာလေ။ သူနဲ့ချစ်ကြတာတစ်နှစ်တင်းတင်းပြည့်သွားတဲ့နေ့ပါ။ သူဆီက ဘယ်လိုအမှတ်တရ လက်ဆောင်မျိုးရမလဲလို့လည်းစိတ်ကူးယဉ်မျှော်လင့်နေခဲ့တယ်။ မျှော်လင့်တဲ့အထဲမှာချောကလက်ကနေ အဖိုးတန်လက်ဝတ်ရတနာတွေအထိပါဝင်တယ်လေ။ သူက ကိုယ့်ထက် ၂ နှစ်လောက်ငယ်တဲ့ ဂျူနီယာဆိုပေမယ့်သူလုပ်တဲ့ဆောက်လုပ်ရေးကုမ္ပဏီကြီးက လခကောင်းတယ်လေ။ ကိုယ့်မွေးနေ့မှာလည်း သူကအမှတ်တရလက်ဆောင်ကောင်းကောင်းပေးခဲ့ဖူးတော့ သူ့ဆီကလက်ဆောင်မရမှာ သိပ်တော့မပူရဘူးပေါ့။

အဲဒီနေ့နံနက်ခင်းကို လက်ကိုင်ဖုန်းမြည်သံတစ်ခုနဲ့ စတင်နိုးထခဲ့တယ်။ အိပ်ချင်မူးတူးအသံနဲ့ဖုန်းဖြေလိုက်တော့ဆက်လာသူက ပုံမှန်ထက်အများကြီးစိတ်လှုပ်ရှားတက်ကြွနေပုံရတဲ့ ချစ်သူဖြစ်နေတယ်။ ‘ဟေး၊ အိပ်ရာအမြန်ထ၊အဝတ်လဲပြီးတာနဲ့အပြင်ကိုအမြန်ထွက်လာခဲ့တော့။ ကိုယ့်မှာမင်းအတွက် အံ့သြစရာတစ်ခုရှိတယ်’ လို့ သူကဆိုလာတယ်။ ကိုယ့်ခေါင်းထဲ အတွေးနှစ်ခုအလိုလိုပေါ်လာတယ်။ ပထမတစ်ခုကသူဟာမနက် ခုနစ်နာရီကတည်းကရောက်လာပါလားဆိုတဲ့အတွေး။ ဒုတိယတစ်ခုက ငါဒီတစ်ယောက်တည်းကိုပဲတွေ့လာတာတစ်နှစ်တင်းတင်းပြည့်ပါပကောဆိုတဲ့အတွေး။ တတိယတစ်ခုလည်းတစ်ဆက်တည်းတွေးမိတယ်။ ‘သူက အံ့သြသွားရမယ်ဆိုတော့ ခွေးပေါက်ကလေးတစ်ကောင်လား၊ ထရပ်ကားတစ်စီးစာ နှင်းဆီပွင့်တွေလား၊ လက်ဝတ်ရတနာတစ်မျိုးမျိုးများလားပေါ့။

ဒါနဲ့ အိပ်ရာထဲက ဝုန်းခနဲထ၊ ညဝတ်အင်္ကျီတွေကို အပြေးအလွှားချွတ်၊ မျက်နှာကို ရေနဲ့ကမန်းကတန်းသစ်၊ မျက်နှာသစ်ရင်းနဲ့ပိုက်ထဲကရေကိုပဲလက်ခုပ်နဲ့သောက်လိုက်တယ်။ ပြီးတာနဲ့ သွားတောင် တိုက်မနေတော့ဘဲ ဂျင်းဘောင်းဘီတစ်ထည်နဲ့တီရှပ်လက်ရှည်တစ်ထည်ကိုကောက်စွပ်ပြီးအိမ်ထဲကနေအပြေးအလွှားပြေးထွက်သွားမိတယ်။ အပြင်ရောက်မှ လက်ထဲမှာပါလာတဲ့ခေါင်းစည်းကြိုးနဲ့ဆံပင်ကိုစည်းရတယ်။

ဘယ်လို အံ့သြစရာကို သူသယ်ဆောင်လာမှာလဲ။ ဒီအကြောင်းကို အားလုံးလည်း သိချင်ကြလိမ့်မယ်။ အပြင်ရောက်တဲ့အခါမှာ ပြုံးရွှင်စွာရပ်နေတဲ့ ချစ်သူကိုအသင့်တွေ့ရတယ်။ သူ့လက်ထဲမှာ ဟဲလ်မက်တစ်လုံး ပိုက်လို့။ ဒီဟဲလ်မက်က ဘာထူးလို့လဲလို့မထင်နဲ့။ ဒီဟဲလ်မက်က ကိုယ်တစ်သက်လုံး သိပ်ကြောက်တဲ့အရာနဲ့ ဆက်စပ်နေတယ်လေ။ ဟဲလ်မက်ဆိုတာသတ္တိကောင်းတဲ့၊ စွန့်စားရဲတဲ့လူတွေနဲ့ပဲဆိုင်တဲ့ကိစ္စလေ။ ကိုယ်နဲ့ ဘယ်လိုမှပတ်သက်တဲ့အရာမဟုတ်ဘူး။ ကိုယ့်ဘဝတစ်လျှောက်လုံးတစ်ခါမှ ဘီးနှစ်လုံးတပ်ယာဉ်ကို မစီးခဲ့ဖူးဘူး။

‘ငါ့ဘဝတစ်လျှောက်လုံး မော်တော်ဆိုင်ကယ် နောက်ကနေလိုက်စီးဖူးလိမ့်မယ်လို့ တစ်ခါမှ မတွေးမိဘူး’ လို့သူ့ကိုပြောတော့ သူကလည်း ‘ကိုယ်လည်းမော်တော်ဆိုင်ကယ်အစီးသင်ရင် နှစ်ရက်တည်းနဲ့ တတ်လိမ့်မယ်လို့ ဘယ်တုန်းကမှ မထင်ခဲ့ဘူး’ လို့ပြန်ပြောပြီး နှစ်ယောက်သား ဟားတိုက်ရယ်ခဲ့ကြသေးတယ်။

ကိုယ်က ကိုယ့်ဘာသာကတိပေးတာလွယ်သလောက် အဲဒီကတိတွေကို ထိန်းသိမ်းတဲ့နေရာမှာလည်း အလွန်အင်မတန်ညံ့ဖျင်းတယ်ဆိုတာ ဝန်ခံရမယ်။ အခုလည်းတစ်သက်လုံးတစ်ခါမှမလုပ်ဘူးလို့ဆုံးဖြတ်ထားတဲ့ အလုပ်ကိုလုပ်မိပြီး ဘီးနှစ်လုံးတပ်ဘီလူးကြီးတစ်ကောင်ပေါ်မှာ ခွပြီးပျော်ပျော်ကြီးစီးနေမိပြီလေ။

သွေးထဲ၊ အရိုးထဲက စိမ့်ပြီးကြောက်တဲ့အကြောက်တရားကို ကျော်လွန်သွားပြီးတဲ့ အချိန်မှာတော့ဆိုင်ကယ်စီးရတဲ့အရသာကို ကောင်းကောင်းသိသွားတော့တယ်။ နောက်တော့သိပ်မကြာခင်မှာကိုယ်တိုင်ဆိုင်ကယ်စီးတတ်ဖို့စကြိုးစားတယ်။ ညနေခင်းအဝေးပြေးလမ်းမကြီးတွေမှာ မြင်ကွင်းတွေထဲကို ကိုယ်တိုင်တိုးဝင်သွားတယ်လို့ထင်ရလောက်အောင် မြန်နှုန်းမြင့်ပြီးစီးရတဲ့အရသာကို အငမ်းမရမက်မောလာခဲ့တယ်။ အရှိန်ပြင်းပြင်းစီးလို့ အသေဆိုးနဲ့သေကြတဲ့ ဆိုင်ကယ်သမားတွေရဲ့ သတင်းတွေ၊ မြင်ကွင်းတွေကိုမြင်တဲ့အခါတိုင်း မြားတစ်စင်းလေကိုခွင်းသွားသလိုမျိုး ဝူးခနဲ အဝေးကြီးကိုမောင်းထွက်သွားချင်တဲ့ ချင်ခြင်းကသွေးထဲကနေ ယားယံတက်လာလေ့ရှိတယ်။

အပျော်တမ်းပဲဖြစ်ဖြစ်၊ အန္တရာယ်ကြီးတဲ့ စွန့်စားခန်းသစ်ပဲဖြစ်ဖြစ် အတွေ့အကြုံသစ်ကိုရှာရတာဟာ ကောင်းတယ်။ အသစ်ရှာဖွေမှုကြောင့် ထိခိုက်ဆုံးရှုံးရတယ်ဆိုရင်တောင်မှ အသစ်ကိုမရှာဖွေရဲတာကြောင့် ဘာမှသိမြင်ခွင့်မရလိုက်ရတဲ့အဖြစ်နဲ့စာရင် အများကြီးတော်ပါသေးတယ်လို့လည်းတွေးမိတယ်။

မကြာခဏဆိုသလိုလည်း ကံကြမ္မာကို မင်းကိုယ်တိုင်ရေးစမ်းပါဆိုတော့ အပေါစားကွတ်ကီးဘူးကလေးထဲကအပျော်တမ်းဟောစာတမ်းတစ်ခုကိုမှတ်မိနေတတ်တယ်။ တစ်ခါတလေ ဘဝမှာပေါ်လာတဲ့ အခွင့်အလမ်းတွေဟာ အခိုက်အတန့်တစ်ခဏသာ သက်တမ်းရှိတဲ့အတွက် မရွေးချယ်လိုက်မိရင် နောက်တစ်ကြိမ်ဆိုတာ ဖြစ်လာတော့မှာ မဟုတ်ဘူးလေ။ အဲဒီနေ့က သူကမ်းလာတဲ့ ဟဲလ်မက်တစ်ခုကိုလက်လှမ်းမယူရဲဖူးဆိုရင်မြားတစ်စင်းလို အရှိန်နဲ့မြင်ကွင်းတွေထဲ တိုးဝင်သွားရတဲ့ ပျော်ရွှင်လွတ်လပ်မှုကို ဘယ်တော့မှ သိခွင့်ရမှာ မဟုတ်ခဲ့ဘူး။ နောက်ပြီး လူ့ဘဝတိုတိုကလေးမှာ ကြောက်စရာတွေအများကြီးကိုကြောက်နေလို့ ဘာမှအဓိပ္ပာယ်မရှိဘူးဆိုတာကိုလည်း သိခွင့်ရခဲ့မှာ မဟုတ်ပါဘူး။

လူတွေဟာ ရွေးချယ်မှုတွေကိုလုပ်ကြပြီး အဲဒီရွေးချယ်မှုတွေက လူတစ်ဦးချင်းစီရဲ့ ဘဝတွေကို ပုံဖော်ပါတယ်။ မှားမှားမှန်မှန်ရွေးချယ်မှုကို ကိုယ်လုပ်တယ်ဆိုတဲ့ အသိက အမြင့်မားဆုံးစိတ်ခွန်အားကိုပေးနိုင်ပြီး အဲဒီခွန်အားကို သုံးကာ ကိုယ့်ကံကြမ္မာကို ကိုယ်တိုင်ခြယ်မှုန်း ရေးသားကြရပါတယ်။ ။

*Ref: 'Fortunes' by Vickie Vainionpaa*

## စာ – ၂၆၊ မိုးတွေကရွာ ရေတွေကကြီးမှ


တစ်ဖန် ရေလွှမ်းမိုးမှုထိန်းချုပ်ရေးကိုလည်း လုပ်ဆောင်ရန် လိုပါသည်။ ချိမ်းဘား(စ်)စွယ်စုံကျမ်းတွင် ရေဘေးအန္တရာယ်ကာကွယ်ထိန်းချုပ်ရေးအတွက် ဆည်တမံနှင့် မြစ်ကမ်းပါးများ အန္တရာယ်မကျရောက်နိုင်အောင် ကြိုတင်စီမံခြင်း၊ မြစ်ချောင်းအတွင်း စီးဆင်းလာသမျှရေများ ဝင်ဆန့်ရန်အလို့ငှာ ရေစီးလမ်းကြောင်းကျယ်အောင်နှင့် နက်အောင်ပြုပြင်ပေးခြင်း၊ ရေစီးကွေ့ကောက်သောနေရာများကို ဖြောင့်ပေးခြင်း၊ မြစ်အတွင်း အတားအဆီး (သဘော်ပျက်၊ သစ်ပင်၊ အခြား အမာထည်ပစ္စည်းစသည်)များကိုဖယ်ရှားပေးခြင်း၊ရေကာတာ၊ရေလွှဲမြောင်း၊ရေလှောင်ကန်တည်ဆောက်ခြင်းများပြုလုပ်ရန်လိုကြောင်း ဖော်ပြထားပါသည်။ ဤသို့သော်ကြိုတင်ကာကွယ်မှုများ မလုပ်မိလျှင် မြေဆီလွှာတိုက်စားခံရခြင်း(soil erosion)များ ဆက်ဖြစ်နေမည့်အပြင် မြေဆီလွှာကင်းမဲ့သွားသောမြေသား(bare ground)ကိုပို၍ လျင်မြန်သောရေစီးနှုန်းဖြင့်တိုက်စားရင်း၊ ရေကြီးမှုထပ်တလဲလဲဖြစ်ပေါ်စေနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

အထက်တွင်တင်ပြခဲ့သည့် ကမ္ဘာ့ပညာရှင်များ၏ အတွေ့အကြုံ၊ တရုတ်နှင့်ထိုင်းနိုင်ငံတို့၏ အတွေ့အကြုံများအရမြစ်ချောင်းတိမ်ကောမှု၊ သစ်တောပြုန်းတီးမှုနှင့် ဆည်တမံများ၏ ပြဿနာများကိုသိရှိပြီး မိမိတို့နိုင်ငံအတွက် အမှားပြင်အမှန်ပွား သင်ခန်းစာယူကြရန်သာရှိပါသည်။ အင်န်ဂျီအိုခေါ် အစိုးရမဟုတ်သည့်အဖွဲ့အစည်းများ ဖွံ့ဖြိုးနေသော ဂျပန်နိုင်ငံ၏ သဘာဝကပ်ဘေးများအပေါ် စာနာတတ်မှုစိတ်ဓာတ်ကိုလည်း အတုယူဖွယ်ဖြစ်ပါသည်။ ‘ပြည်သူကို တကယ်ချစ်လျှင် တကယ်လုပ်အဟုတ်ဖြစ်ရမည်’ ဟူသော ဆောင်ပုဒ်ဖြင့် လူ့အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်အေးချမ်းသာယာနေသော ဒီမိုကရေစီနိုင်ငံများကိုလည်း အမြဲတမ်းအားကျစံနမူနာထားသင့်သည်ဟု ကျွန်တော်ခံယူပါသည်။

***ကျမ်းကိုးစာရင်း***

*(၁) မြန်မာ့စွယ်စုံကျမ်း၊ အတွဲ ၉၊ စာပေဗိမာန်၊ ရန်ကုန်၊ ၁၉၆၄*
*(၂) ဘူမိရုပ်သွင်ပညာ၊ ပထမတွဲ၊ စာပေဗိမာန်၊ ရန်ကုန်၊ ၁၉၆၄*
*(၃) Chambers's Encyclopedia, Vol. V, London, 1950*
*(၄) A Conflict of Interests, Global Withness, London, 2003*
*(၅) Essentials of Ecology and Environmental Science, Third Edition, by S.V.S Rana, New Delhi, 2007*
*(၆) Japan's Green Comeback, Edited by Tadahiro Mitsuhashi, Malaysia, 2000*
*(၇) A Land on Fire by James David Fahn, Silkworm Books, Thailand, 2004*
*(၈) Our Planet, the magazine of the United Nations Environment Programme, Vol. 14-No.4, Nairobi, Kenya*

7 DAY NEWS JOURNAL
Vol.10, No.33 • NOVEMBER 3, 2011



# ကြုံဖူးမှ ယုံစဖွယ်

ခင်မောင်ဌေး(ပညာရေး)

ဧ အောက်တိုဘာ ၂၄(၂၄-၁၀-၂၀၁၁) ထုတ် နိုင်ငံတကာ သတင်းဂျာနယ်တွင် သတင်းတစ်ပုဒ်ဖတ်ရသည်။ အထူးအဆန်းကြီး မဟုတ်သော်လည်း ကြုံမှ ကြုံရတတ်သည့် အဖြစ်ပင်။ အမေရိကန်နိုင်ငံ အိုဟိုင်းယိုးပြည်နယ် အရှေ့ပိုင်း ဇန်းစ်ဗီးလ်မြို့တွင် တောရိုင်းတိရစ္ဆာန် မွေးမြူသူ တစ်ဦး၏ တိရစ္ဆာန်ရုံမှ တောရိုင်းတိရစ္ဆာန်အကောင် ၅၀ အနက် အများအပြား လွတ်မြောက်သွားသည့်သတင်းပင်ဖြစ်သည်။

သတင်းတွင် တောရိုင်းတိရစ္ဆာန်မွေးမြူသူ တယ်ရီသွန်(ပ်)ဆင်သည် တိရစ္ဆာန်များ ထွက်နိုင်အောင် လှောင်အိမ်တံခါးများ၊ ခြံများကိုဖျက်၍ ကိုယ့်ကိုယ်ကိုယ် ထိခိုက်အောင်လုပ်ပြီး ယင်းဒဏ်ရာကြောင့် သေဆုံးခဲ့ခြင်းဖြစ်နိုင်ကြောင်း ဖော်ပြပါရှိသည်။ ယင်းတောရိုင်းတိရစ္ဆာန်ခြံတွင် ခြင်္သေ့များ၊ ကျားများ၊ ကျားသစ်များ၊ ဝံပုလွေများ၊ သစ်ကုလားအုတ်များ၊ ကုလားအုတ်များနှင့် ဝက်ဝံများ လှောင်ထားကြောင်းသိရသည်။ လူကို အန္တရာယ်ပေးနိုင်သည့် တိရစ္ဆာန်များ လွတ်ထွက်သွား၍ သက်ဆိုင်ရာတာဝန်ရှိသူများက အကောင် ၃၀ ခန့် သတ်ဖြတ်ပစ်လိုက်ရသည်။ တုံးလုံးပက်လက် သေဆုံးနေရသည့် တောရိုင်းတိရစ္ဆာန်ကြီးများ မြင်တွေ့ရသည်မှာ စိတ်မသက်သာစရာ။

သဘာဝတောရိုင်းတိရစ္ဆာန်များ မျိုးသုဉ်းပျောက်ကွယ်သွားမည်စိုး၍ တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့များက အစဉ်တစိုက် စောင့်ကြည့်အရေးဆိုနေသူများရှိသည်။ နည်းမျိုးစုံဖြင့် ဥပဒေမဲ့ ဖမ်းဆီးသတ်ဖြတ်ကာ ဆင်စွယ်၊ သားရေမျိုးစုံနှင့် အခြားပစ္စည်းများကို ရောင်းဝယ်ဖောက်ကားနေသည်များလည်း ရှိ၏။ လူ့ပယောဂကြောင့် နည်းမျိုးစုံဖြင့် အဖျက်ဆီးခံရပြီး ပျက်စီးနေရာ တရားဝင် လူများ မွေးမြူရာမှ အစုလိုက်အပြုံလိုက် လွတ်သွား၍ သတ်ဖြတ်ရမှုတွင် ယခုဖတ်ရသည့်သတင်းမှာ တုန်လှုပ်ဖွယ်ရာဖြစ်ပါသည်။

ကျွန်တော့်ခေါင်းထဲတွင် အတွေးတစ်ခုဝင်လာသည်။ အခြားမဟုတ် ရန်ကုန်မြို့လယ်မှ တိရစ္ဆာန်ဥယျာဉ်ကြီးပင်ဖြစ်သည်။ ထို့နောက် နေပြည်တော်မှ ဆာဖာရီဥယျာဉ်ကြီး။ မကြာသေးမီကပင် နိုင်ငံရပ်ခြားမှ စင်းလုံးငှားလေယာဉ်ကြီးဖြင့် ဒေါ်လာသန်းနှင့်ချီ၍ ဝယ်ယူထားသည့် တောရိုင်းတိရစ္ဆာန်များဖြစ်သည်။ အကယ်တန္တ ဤတိရစ္ဆာန်များ လွတ်သွားခဲ့ရင်--ဟူ၍ တွေးမိသည်။ ဤအတွေးကို အားလုံးက လက်ခံနိုင်ချင်မှလက်ခံနိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် အဆောက်အအုံ အနေအထား၊ သံလုံး၊ သံတိုင်၊ လှောင်အိမ်များမှာပကတိကောင်းမွန်နေ၍ ဖြစ်သည်။ ထို့ကြောင့် "စိုးရိမ်တတ်ရန်ကော"ဟု ဆိုမိကြပေလိမ့်မည်။ သာမန်အားဖြင့် စဉ်းစားကြည့်လျှင်လည်း ဖြစ်တန်ရာခြေနည်းပါးလှပါသည်။ သို့သော် စေ့စေ့တွေးကြည့်လျှင် ဤကမ္ဘာမြေတစ်ခွင်တွင် လူ့ပယောဂကြောင့် ပျက်စီးဆုံးရှုံးရသည့်ပမာဏက အများဆုံးဖြစ်နေသည်ကို မြေကြီးလက်ခတ်မလွဲတွေ့ရမည်သာဖြစ် သည်။

မြို့ကြီးအချို့တွင် တောရိုင်းတိရစ္ဆာန်များ လွတ်ထွက်သွားသည့် သတင်းများ၊ သေနတ်နှင့် လိုက်လံပစ်ခတ်နေသူကိုပင် ပြန်၍ ရန်မူနေသည့်ပုံများ၊ အလန့်တကြားထွက်ပြေးနေကြသူများ မကြာခဏ တွေ့ဖူးနေကြသည်သာဖြစ်သည်။ 'စိုးရိမ်စိတ်သည် ဘေးကင်းလုံခြုံမှု၏ ပထမအဆင့်ဖြစ်သည်'ဆိုလျှင် လက်ခံရပေမည်။ မိုးမပြိုဘူး ပြိုခဲ့လျှင်ဆိုသည့်အတွေးသည် ခေတ်မပြန်ဘဲ ခေတ်ရှေ့သို့ပင် ပြေးနေသည်ဟုဆိုရမည်။ မိုးပြိုမည်စိုး၍ မိုးသို့ ခြေထောက်ဖြင့်ကန်၍ အိပ်သောငှက်ကဲ့သို့ပင်ပြုကောင်းပြုရမည့်ခေတ်ဖြစ်သည်။ တာလေငလျင်သည် မည်သူမျှ မျှော်လင့်မထား၊ အရှိန်ပြင်းစွာလှုပ်ခတ်မှုကြောင့် အုတ်နံရံများပြိုကာ တစ်မိသားစုလုံး အသက်ဆုံးကြရသည်။ မိုးမပြိုဘူး ပြိုခဲ့လျှင်ဆိုသည့် အတွေးမျိုးမရှိခဲ့ကြ။

ဂျပန်နိုင်ငံသည် ငလျင်ရပ်ဝန်း (ပစိဖိတ်မီးဝိုင်း) အတွင်း ကျရောက်သောနိုင်ငံဖြစ်သည်။ အချိန်အခါမရွေး ငလျင်လှုပ်နိုင်သည်။ အင်ဒိုနီးရှား၊ ကမ္ဘာတွင် ငလျင်အလှုပ်ဆုံးနိုင်ငံဖြစ်သည်။ ထို့ကြောင့် အချိန်အခါမရွေး ငလျင်အတွက် ကြိုတင်ပြင်ဆင်နေကြရ၏။ ငလျင်လှုပ်လျှင် ကလေးငယ်ကအစ ဘာလုပ်ရမည်ကိုသိလိုသည်။ ဘင်္ဂလားဒေ့ရှ်သည် မုန်တိုင်းအန္တရာယ်အများဆုံးခံရသည်။ ထို့ကြောင့် မုန်တိုင်းဒဏ်ခံ အဆောက်အအုံ များ (Shelter)များစွာရှိသည်။ မည်သို့ဘေးကင်းလုံခြုံမှုကို ဆောင်ရွက်ရမည်ဆိုသည်ကိုသိနေကြသည်။ ဖိလစ်ပိုင်သည်လည်း သဘာဝဘေးအန္တရာယ် အလွန်များသည်ဟုဆိုသည်။ ဖိလစ်ပိုင်နိုင်ငံသားအတော်များများသည် ပျော်ပျော်နေသေခဲဟု မှတ်ယူကာ အပျော်အပါးနှင့်သာ အချိန်ကုန်ကြသည်ဟုဖတ်ဖူးသည်။ သဘာဝဘေးအန္တရာယ်ကြီးများ ကျရောက်လျှင်လည်း ပြေးစရာမရှိသောအရပ်အဖြစ် ယူဆထားကြလေရော့သလား။ ဤသို့ ပျော်ပျော်နေခြင်းသည်ပင် သူတို့၏စိတ်ဓာတ်လုံခြုံမှုအတွက် ပြင်ဆင်ထားခြင်းဖြစ်ဟန်တူသည်။

စိုးရိမ်စိတ်သည်ပိုသည်ဟူ၍ မရှိပါ။ ကြိုတင်ပြင်ဆင်ထားမှုသည် အကျိုးမယုတ်နိုင်ပါ။ ကမ္ဘာကြီးပူနွေးလာပြီးသည့်နောက်ပိုင်းကာလများသည် ယနေ့တစ်မျိုး မနက်ဖြန်တစ်မျိုးဖြစ်နေသည်။ တစ်သက်က တစ်သက် ပူပြင်းခြောက်သွေ့သော အရပ်ဒေသများသည် နေ့ချင်း၊ ညချင်း ရေများလွှမ်းသွားသည်။ လေညာအရပ်ဒေသများသည် အစဉ်အလာကြီးစွာ မိုးခေါင်းပါးခဲ့သော်လည်း ယခုအခါ အရှိန်အဟုန်ပြင်းစွာနှင့် ရွာသွန်းဖြိုးလေပြီ။ မုတ်သုံမိုးသည် ခွာတော့မလိုလိုနှင့် သံယောဇဉ်ငြိတွယ်ကာ မရပ်မနား လက်ပြနှုတ်ဆက်နေသေး၏။

ယခုတစ်လော နေ့စဉ်ရက်ဆက် ကြည့်နေရသည့် ထိုင်းနိုင်ငံသတင်းတွင် ရေလွှမ်းမိုးမှုသတင်းဖြစ်သည်။ ကျောက်ဖရားမြစ်ရေလျှံမှုသည် နိုင်ငံ၏သုံးပုံနှစ်ပုံကို လွှမ်းနေ၏။ ထိုင်းမြို့တော်အယုဒ္ဓယမြို့ကို ဆိုးရွားစွာလွှမ်းမိုးနေ၏။ မြို့တော်ဘန်ကောက်ကိုပင် ရေဝင်နေလေပြီ။ စက်အား လူအားဖြင့် ဝိုင်းဝန်းပိတ်ဆို့သော်လည်း မရပြီ။ ယခုအခါ ဒွန်မောင်းလေဆိပ်သို့ပင်ခြိမ်းခြောက်နေလေပြီ။ နှစ်ပေါင်း ၅၀ အတွင်း မကြုံဖူးသည့်ဖြစ်စဉ်ဖြစ်သည်။ သီတင်းပတ်ပေါင်းများစွာ ရေကျရန်စောင့်ကြရဦးမည်။ ထိုင်းရေကြီးမှုသတင်းများကိုကြည့်၍ လူသားချင်း စာနာမိ၏။ ထိုသတင်းများကြည့်၍ နေစဉ်မှာပင် မြန်မာနိုင်ငံအလယ်ပိုင်း ပခုက္ကူ၊ ဆိပ်ဖြူ၊ ပေါက်၊ မြိုင်စသည့်မြို့ကြီးများတွင် အိမ်မြေများစွာ ရေထဲပါသွားချေပြီ။ မနေ့က ပကတိတည်ငြိမ်နေသောရေပြင်များ ယခုတော့ ကြောက်မက်ဖွယ် ရေလုံးရေအားများဖြင့် လူအများအပြား သေဆုံးကြရ၏။ ကျွဲ၊ နွား၊ တိရစ္ဆာန်များ၊ လယ်ယာထွက်ကုန်ပစ္စည်းများ တန်ဖိုးကြီးမားစွာ ပေးဆပ်ကြရကုန်၏။ စဉ်းစားကြည့်လျှင် တောများကိုမဆင်မခြင်ခုတ်ကြသည်။ မြေဆီလွှာထိန်းသိမ်းထားနိုင်မှုမရှိ။ ရေတိုက်စားလွယ်ကာ ချောင်းကော၊ မြောင်းကောများမှသည် ရေကြီးရေလျှံမှုများဖြစ်ကြရသည်မှာ လူ့ပယောဂနှင့် များစွာပတ်သက်နေပါသည်။

'နွေခေါင်ခေါင် မိုးကြိုးပစ်ခံရမည်'ဆိုသည်မှာလည်း ရယ်စရာမဟုတ်နိုင်၊ သဲကန္တာရမှာ ရေမလွှမ်းမိုးနိုင်ဟုလည်း မည်သူကမျှ ကံသေကံမ မပြောနိုင်ပါ။ အခြေအနေများက နေ့ချင်းညချင်း ပြောင်းလဲနေသည်မဟုတ်ပါလား။ အပူပိုင်းဒေသမဟုတ်သော်လည်း သေအောင် ပူချင်ပူနိုင်သည်။ ကုန်းမြင့်ပိုင်း မဟုတ်သော်လည်း စိမ့်နေအောင်အေးနိုင်သည်။ လေအေးလှိုင်းများ ဝင်လာနိုင်သည်။ မုန်တိုင်းက ရခိုင်သို့ဝင်သွားပြီဟု ဆိုသော်လည်း ကျန်သည့်အရပ်ဒေသများက ခေါင်းပြားအောင်အိပ်၍ မရနိုင်တော့ပါ။ မြေငလျင်လှုပ်လျှင် အထပ်မြင့်တိုက်များ အန္တရာယ်ပိုများသည်ဟုဆိုရုံနှင့် မြေညီထပ်များ စိတ်ချနိုင်စရာ လုံလောက်သည့်အကြောင်းမရှိပေ။

ထို့ကြောင့် စိုးရိမ်တတ်ခြင်းသည် ပိုသည်ဟူ၍မရှိပါ။ ကြိုတင်ပြင်ဆင်ထားခြင်းသည်လည်း အပြုသဘောဆောင်သည့်ကောင်းကျိုးကိုသာဖြစ်စေပါသည်။ အရာရာတိုင်း ပြောင်းလဲမြန်ဆန်နေသော လူ့လောကကြီးတွင် 'ပြောမယုံ ကြုံဖူးမှသိကြမည်'ဟုသာ ပြောချင်ပါတော့သည်။ ။

## JOKE

### တပ်မက်မှု

အဝေးပြေးလမ်းမပေါ်၌ ယာဉ်မတော်တဆဖြစ်ပွားသည့်နေရာသို့ ရဲအရာရှိတစ်ဦးရောက်ရှိလာရာ ယာဉ်မောင်း၏ လက်မောင်းတစ်ဖက်နှင့်အတူ အဖိုးတန်မာစီဒီးကား၏ တစ်ခြမ်းမှာ စုတ်ပြတ်သွားသည်ကို တွေ့ရသည်။

ရဲအရာရှိက နှစ်သိမ့်ရန်ကြိုးစားနေစဉ်မှာပင် မာစီဒီးမောင်းလာသည့် သူဌေးက "အိုး. . ကျွန်တော့်ကား၊ ကျွန်တော့်ကား" ဟူ၍ညည်းညူနေလေသည်။ ဤတွင် ရဲအရာရှိက "လူကြီးမင်းခင်ဗျာ၊ ကားထက်လူကြီးမင်းရဲ့ လက်ပြတ်သွားတာကို ပိုပြီးပူပန်သင့်ပါတယ်"ဟုပြောလိုက်ရာ မာစီဒီးအား ကိုယ်တိုင်မောင်းလာသူ သူဌေးက လက်မောင်းပြတ်နေသည့်နေရာကိုငုံ့ကြည့်ရင်း "ဟာ. . ကျွန်တော့် ရိုးလက်စ်နာရီ၊ ကျွန်တော့် ရိုးလက်စ်နာရီ" ဟု ပြောင်းညည်းပါတော့သည်။

### ယောက်ျား

တစ်နေ့တွင် အလွန်အလုပ်ရှုပ်နေသောမိန်းမကိုစိတ်မရှည်နိုင်တော့သော ယောက်ျားက အပြင်သွားရန်ဝတ်မည့်အင်္ကျီတစ်ထည်ကို ကိုယ့်ဟာကိုယ်လျှော်ရန်ကြိုးစားသည်။ ရေချိုးခန်းထဲဝင်၍ အဝတ်လျှော်စက်နားရောက်လာပြီးကာမှ သူ့မိန်းမအား ယခုလို အော်မေးသည်။

"အဝတ်လျှော်စက်ခလုတ်ကို ဘယ်လိုချိန်ရမလဲ"ဟု မေးရာ မိန်းမက "အမျိုးမျိုးရှိနိုင်တာပေ့ါ။ ရှင်အင်္ကျီမှာ ဘာရေးထားလဲ" ဟု ပြန်မေးလိုက်သည်။

ဤတွင် ယောက်ျားက "တရုတ်ပြည်မှာလုပ်သည်လို့ရေးထားတယ်ကွ" ဟု ပြန်အော်ပြောပါ၏။

**အယ်ဒီတာချုပ်-** သောင်းစုငြိမ်း။ **အမှုဆောင်အယ်ဒီတာများ-** အားမာန်၊ ငြိမ်းငြိမ်းနိုင်။ **စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်းအယ်ဒီတာ -** စောစည်သူမိုး။ **သတင်းအယ်ဒီတာများ-** အေးမြကျော်၊ နေလင်းအောင်၊ သီဟ၊ မေဝင်းမွန်။
**အကြီးတန်းသတင်းထောက်-** မြတ်စုမွန်၊ ဇာဇာနီ၊ ယုဇနကိုကို။ **နိုင်ငံတကာသတင်းဘာသာပြန်-** ရဲမင်း၊ ကျော်မျိုးဦး။ **စာပြင်အယ်ဒီတာ-** လုထွင့်ဦး။ **သတင်းထောက်များ-** သဇင်ထွေး၊ ဝေယံမြတ်ဦး၊ ကျော်သီဟ၊ အိဖြူလွင်၊ အိဖြူမွန်၊ ဝတ်ရည်အောင်၊ သိမ့်သိမ့်စိုး၊ ဥက္ကာကိုကို၊ အောင်သူရ၊ နေလင်းထွန်း၊ ဗိုလ်ဗိုလ်ဝင်း၊ ပြည်သိမ်း၊ သန်းဌေး၊ အေးသူစံ။ **နေပြည်တော်သတင်းထောက်-** ထူးသန့်။ **မန္တလေးသတင်းထောက်များ-** စိုင်းသာအောင်၊ မင်းဒင်၊ ညီညီဇော်။
**နယ်သတင်းထောက်များ-** မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွန့်(ရေနံချောင်း)၊ မောင်ကံ ။ **စာမျက်နှာဖွဲ့စည်းမှု-** ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက်။ **ကွန်ပျူတာစာစီ-** စန်းစန်း၊ နွယ်မွန်ဖြိုး၊ မေဇင်သိန်းဇော်၊ ဘုန်းမြင့်ဟန်။ **သရုပ်ဖော်-** စိုးသော်တာ။
**ဓာတ်ပုံသတင်းထောက်-** အောင်အောင်၊ ဂျေမောင်မောင်(အမရပူရ)။ **ပြင်ပဆက်သွယ်ရေး-** သက်ပိုင်ဌေး။ **လိုဂိုဒီဇိုင်း-** ကျောက်ဆည်။ **ဘဏ္ဍာရေး-** ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး။ **ကြော်ငြာတာဝန်ခံ-** မိုးပပ၊ လင်းလင်းဦး။
**ထုတ်ဝေသူ-** ဦးမျိုးလှိုင်အောင်။ **ပုံနှိပ်စက်-** သုဝဏ္ဏသီဂီပုံနှိပ်တိုက်။ **ဖလင်-** Sunn Colour Separation. **စောင်ရေ-** ၁,၀၀၀။ **ရောင်းဈေး-** ၄၅၀ကျပ်။

7Day News ဂျာနယ်တိုက် - လပြည့်ဝန်းပလာဇာ(၁၀ ထပ်)၊ အမှတ် ၃၇၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်။ ဖုန်း- ၇၂၀ ၅၇၇၊ ၂၄၃ ၅၄၂၊ ၃၇၆၄၅၉၊ ၀၉ ၅၁၇၃၂၅၅
Fax : 243 542, E-mail : editor@7daynewsjournal.com

7Day News Hotline : 73032006

7 DAY NEWS JOURNAL

# Business

Vol.10, No.33 · NOVEMBER 3, 2011

## ရေချိုငါးမွေးရေးလုပ်ငန်းများကို အကူအညီပေးရန် အစိုးရနှင့်သက်ဆိုင်ရာဌာနများသို့ တင်ပြ

**သန်းငွေး**

**ရန်ကုန်၊ အောက်တိုဘာ-၂၅**

ရေချိုငါးမွေးရေးလုပ်ငန်းများ ရေရှည်တည်တံ့နိုင်ရေးအတွက် အကူအညီပေးရန်နိုင်ငံတော်အစိုးရ၊ ငါးလုပ်ငန်းဦးစီးဌာနနှင့် ဘဏ်များသို့ မြန်မာနိုင်ငံငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်းက အကြံပြုတင်ပြထားကြောင်း သတင်းရရှိသည်။



နိုင်ငံတော်အစိုးရမှ ကုန်သွယ်မှု အပိုကုန်ကျစရိတ်များ လျော့နည်းအောင်ဆောင်ရွက်ပေးပြီး ကုန်စည်စီးဆင်းမှုမှန်ကန်မြန်ဆန်ကာ ငါးမွေးသူနှင့် ကုန်သွယ်ပွဲစား ရောင်းဝယ်သူများကြားတွင် မျှတသောအကျိုးအမြတ်ခံစားရရှိရေးညှိနှိုင်းပေးရန် တင်ပြထားသည်။

အလားတူ ဘက်စုံစိုက်ပျိုးမွေးမြူရေးကိုလည်း အကောင်အထည်ဖော်ရင်း မိသားစုတစ်နိုင်တစ်ပိုင် စီးပွားဖြစ်မွေးမြူရေးကို စနစ်တကျဖော်ဆောင်ခြင်းဖြင့် ကျေးလက်လူထုအား အလုပ်အကိုင်များ ဖန်တီးပေးစေလိုကြောင်း အကြံပြုထားသည်။

ငါးလုပ်ငန်းဦးစီးဌာနမှလည်း မျိုးဗီဇမြင့် ငါးသားပေါက်များရရှိရေးအပြင် ငါးရောဂါကာကွယ်ကုသပေးကာ ငါးမွေးတောင်သူများအား ကုန်ကျစရိတ်သက်သာစွာဖြင့် မွေးမြူထုတ်လုပ်နည်းစနစ်များ ဖြန့်ဝေပေးရန် တောင်းဆိုထားသည်။

ဘဏ်များမှလည်း အတိုးနှုန်း အနည်းဆုံးလျှော့ချပေးကာ နှစ်လတ်၊ နှစ်ရှည် ချေးငွေစနစ်ကိုကျင့်သုံးပေးခြင်းဖြင့် ရင်းနှီးမြှုပ်နှံမှုကို ထောက်ကူပေးရန် တောင်းဆိုထားသည်။

စာ(၅၁)သို့

## ကားအရောင်းအဝယ် အေးပြီး အမြင့်ကားများ ဈေးကျ

**ဇာဇာနီ**

**ရန်ကုန်၊ အောက်တိုဘာ- ၂၈**

ဟံသာဝတီယာဉ်ရောင်းဝယ်ရေးစခန်းတွင် ကားအရောင်းအဝယ်အေးကာ အမြင့်ကားဈေးနှုန်းများ ယခုလအတွင်း ကျပ်သိန်း တစ်ရာကျော်ခန့်ကျဆင်းလာသော်လည်း အဝယ်မရှိကြောင်းကားပွဲစားများထံမှ သတင်းရရှိသည်။



“ပြီးခဲ့တဲ့နေ့က ကိုးဆယ့်ကိုးမော်ဒယ် မတ်တူး(၂. ၅)ဆို ကျပ်သိန်း လေးရာ့ငါးဆယ်ကနေ သုံးရာ့နှစ်ဆယ်လောက်ထိ ချရောင်းတယ်။ နောက်လန်ခရူဇာဆိုလည်း အလုံးချိန်းပြီးသားကို ကျပ်သိန်းတစ်ထောင်နဲ့ ချရောင်းတယ်။ အရင်ကဆို သိန်းထောင့်နှစ်ရာကျော်ရှိတာ။ ဒါပေမဲ့ ဝယ်မယ့်သူမရှိဘူး”ဟု ဟံသာဝတီကားပွဲစားတန်းမှ ကားပွဲစားကိုဝင်းက 7Day News သို့ပြောသည်။

အမြင့်ကားများအဝယ်မရှိဘဲ ကညနမှ နောက်ထပ်လဲလှယ်ပေးမည့်အက္ခရာစုနှင့်ညန်ပါတ်များကို လိုက်လံဝယ်ယူပြီး ချယ်ရီဝက်ဂွန်နှင့် ဆူပါဆလွန်း (လ၊သ၊အ)များကို ကျပ်သိန်း တစ်ရာနှင့် တစ်ရာစွန်းစွန်းခန့်သာ တက္ကစီအဖြစ်ပြေးဆွဲရန် အနည်းငယ်အဝယ်ရှိကြောင်းသိရသည်။

“အခုဆို တော်ရုံလူတွေက ကားမဝယ်စီးကြဘူး။ ကားကို လတ်တလောငှားစီးဖို့လုပ်တယ်။ ငှားခက တစ်လကို လေးသိန်း၊ ငါးသိန်းလောက်နဲ့ ကားငှားစီးတဲ့သူများလာတယ်”ဟု ကားပွဲစားကိုမြင့်ကပြောသည်။

ရန်ကုန်ကားဈေးနှုန်းများမှာ ယာဉ်အိုယာဉ်ဟောင်းများ စတင်လဲလှယ်ပေးသည့် အချိန်မှစတင်၍ အောက်တိုဘာလထိ အမြင့်ကားဈေးနှုန်းများ တစ်ဝက်ခန့်ကျဆင်းပြီး အောက်ကားဈေးနှုန်းမှာ သုံးပုံတစ်ပုံခန့် ကျဆင်းလာကြောင်းကားပွဲစားများက ဆိုသည်။

“အခုတော့ ဈေးနှုန်းတွေက ဆယ်ဘီးကား ဘယ်လောက်တန်ဖိုးရှိလဲ။ ခန့်မှန်းလို့မရဘူး။ လဆန်းပိုင်းကားတွေဝယ်လာရင်တော့ အဟောင်းဈေးနဲ့ အသစ်ဈေး ဈေးနှုန်းတစ်ခု သတ်မှတ်ချက်ရှိလာမှာပေါ့”ဟု ကားပွဲစား ကိုဝင်းကပြောသည်။

## ပြည်တွင်းငွေလဲနှုန်း

| | | |
|---|---|---|
| ၁ ဒေါ်လာ (အမေရိကန်) | ၇၉၅ | ကျပ် |
| ၁ အက်ဖ်အီးစီ | ၇၉၅ | ကျပ် |
| ၁ ဒေါ်လာ (စင်ကာပူ) | ၆၂၅ | ကျပ် |
| ၁ ဘတ် (ထိုင်း) | ၂၅ | ကျပ် |
| ၁ ယွမ် (တရုတ်) | ၁၂၀ | ကျပ် |
| ၁ ယူရို (ဥရောပသမဂ္ဂ) | ၁၀၉၀ | ကျပ် |
| ၁ ယူနစ် (ပို့ကုန်ရငွေ) | ၈၂၂ | ကျပ် |

၂၀၁၁ အောက်တိုဘာ ၂၉ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။
မှတ်ချက်။ ။ပို့ကုန်ရငွေဈေးနှုန်းသည် အောက်တိုဘာ ၂၈ ရက်ဈေးဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၂၀၃ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၀၆၇ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၇၅. ၇၉ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၃၅၇ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၄၈. ၆၁ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၂. ၂၄၁၄ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၁၀၂. ၅၀ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၀၆၂ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၀. ၅၆ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၈,၈၁၀. ၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၀,၉၂၀. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၄၂. ၄၁ | ပီဆို | (ဖိလစ်ပိုင်) |
| ၁ ဒေါ်လာ | ၀. ၉၃၄၁ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၁. ၂၁၉၁ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၀. ၉၉၁၈ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၂၉. ၇၂ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃. ၆၇ | ဒါရမ် | (UAE) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | ၁ အောင်စ | ၁၇၄၇. ၂၀၀ |
| ရေနံစိမ်း | စည် | ၁၀၉. ၉၁၀ |
| ငွေ | ၁ အောင်စ | ၃၅. ၂၈၈ |
| ကြေးနီ | ပေါင် | ၃၇၀. ၆၀၀ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၃. ၉၂၃ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။
၂၀၁၁ အောက်တိုဘာ ၂၉ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။


## ရက်ပိုင်းအတွင်း ရွှေဈေးခုန်တက်

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ အောက်တိုဘာ - ၂၉**

ပြည်တွင်းရွှေဈေးကွက်အရောင်းအဝယ်ငြိမ်ကာ နိုင်ငံခြားငွေလဲနှုန်းများကျဆင်းနေသော်လည်း ရွှေဈေးနှုန်းမှာ သုံးရက်အတွင်း ကျပ် ၂၅,၀၀၀ အထိမြင့်တက်လာကြောင်း ရွှေလုပ်ငန်းရှင်များက ပြောသည်။

စာ(၅၁)သို့






7DAY NEWS JOURNAL
Vol.10, No.33 • NOVEMBER 3, 2011

# ကြက်သွန်နီဈေး ပြန်ကျ

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ အောက်တိုဘာ - ၂၉**
စံချိန်တင်မြင့်တက်သွားခဲ့သော ကြက်သွန်နီဈေးနှုန်းများမှာ ယခုတစ်ပတ်တွင်း ပြန်လည်ကျဆင်းလာကြောင်းသတင်းရရှိသည်။

ကြက်သွန်နီဈေးနှုန်းများမှာပြီးခဲ့သည့်တစ်ပတ်က တစ်ပိဿာလျှင် ၁,၅၀၀ ကျပ်(အချိန် ၃၀ ဝင် တစ်အိတ်လျှင် ၄၅,၀၀၀ ကျပ်)ထိ မြင့်တက်သွားရာမှ ယခုတစ်ပတ်အတွင်း တဖြည်းဖြည်းပြန်လည်ကျဆင်းလာရာ တစ်ပိဿာလျှင် ၁,၂၀၀ ကျပ် (အချိန် ၃၀ ဝင် တစ်အိတ်လျှင် ၃၆,၀၀၀ ကျပ်)ထိကျဆင်းခဲ့သည်။ ထို့ကြောင့် ကြက်သွန်တစ်ပိဿာလျှင် ကျပ် ၂၀၀ ကျော် ပြန်လည်ကျဆင်းလာခဲ့ခြင်းဖြစ်သည်။

ကြက်သွန်ဈေးနှုန်းများ ပြန်လည်ကျဆင်းလာခဲ့ခြင်းမှာပြည်ပမှကြက်သွန်များတင်သွင်းမည်ဟူသောသတင်းထွက်ပေါ်လာခြင်းနှင့် ရေစိုကြက်သွန်နီများ ဝင်ရောက်လာခြင်းကြောင့်ဖြစ်သည်ဟု ကြက်သွန်နီစိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"ဒီဈေးတွေက ဖြစ်သင့်လို့ ဖြစ်တာမဟုတ်ဘဲ မဖြစ်သင့်ဘဲ ဖြစ်တာကဆိုးတယ်"ဟု ပြီးခဲ့သည့်ရက်များက ကြက်သွန်နီဈေးနှုန်းများမြင့်တက်သွားခြင်းနှင့်ပတ်သက်၍ အသင်းတာဝန်ရှိသူက ပြောသည်။

လက်ရှိကာလတွင်မြစ်သားဘက်မှကြက်သွန်နီသစ်များမှာမန္တလေးသို့အိတ်၃၀မှ၅၀ကြားဝင်ရောက်နေပြီး တစ်ပိဿာလျှင် ကျပ် ၅၀၀ မှ ၆၅၀ ကြားတွင်ရှိကြောင်းသိရသည်။

လတ်တလောတွင် ရန်ကုန်သို့လည်းကြက်သွန်နီများ ပုံမှန်ဝင်ရောက်နေပြီး လာမည့်လလယ်တွင် အသစ်များဝင်ရောက်တော့မည်ဖြစ်၍ လက်ရှိဖြစ်သွားသော ဈေးထက်မြင့်တက်မှုမရှိနိုင်တော့ကြောင်း အသင်းတာဝန်ရှိသူကပြောသည်။



ရက်ပိုင်းအတွင်း ခုန်တက်သွားသော ကြက်သွန်နီဈေးမှာ ပြန်ကျသောအခါတွင်လည်း မြန်ဆန်ခဲ့သည်




## စာ(၃၃) - ရက်ပိုင်းအတွင်း ရွှေဈေးခုန်တက် မှ

ယခုကဲ့သို့ ဈေးနှုန်းများမြင့်တက်လာရခြင်းမှာ ရက်ပိုင်းအတွင်း ကမ္ဘာ့ရွှေဈေးများ ဒေါ်လာ ၈၀ ကျော်မြင့်တက်လာခဲ့ခြင်းကြောင့်ဖြစ်သည်ဟု ရွှေလုပ်ငန်းရှင်များကပြောသည်။

"ဈေးနှုန်းတွေက ဒီတစ်ပတ်အတွင်းမှာ တောက်လျှောက်ပြန်တက်လာတယ်။ ပြည်တွင်းဈေးကွက်အနေအထားနဲ့ ငွေဈေးတွေအရဆို ဆက်ကျရမှာ။ ကမ္ဘာ့ဈေးကြောင့်တက်လာတာ"ဟု ရွှေဆိုင်ပိုင်ရှင်တစ်ဦးကပြောသည်။

ကမ္ဘာ့ရွှေဈေးနှုန်းသည် အောက်တိုဘာ ၂၆ရက်တွင် တစ်အောင်စလျှင် ၁,၆၆၀ ဒေါ်လာရှိရာမှ ယခု အောက်တိုဘာ ၂၉ ရက်၌ ၁,၇၄၀ ဒေါ်လာဝန်းကျင်ထိမြင့်တက်လာသည်။ ထို့ကြောင့် ပြည်တွင်းရွှေဈေးနှုန်းများမှာလည်း အခေါက်ရွှေတစ်ကျပ်သားလျှင် ၇၀၅,၀၀၀ ကျပ်ထိကျဆင်းသွားရာမှ ယခုအောက်တိုဘာ ၂၉ ရက်တွင် အခေါက်ရွှေတစ်ကျပ်သား ဈေးနှုန်းမှာ ၇၃၀,၀၀၀ ကျပ်ထိ ပြန်လည်မြင့်တက်လာသည်။ အမေရိကန်ငွေလဲလှယ်နှုန်းမှာ ယခုရက်ပိုင်းတွင် တစ်ယူနစ်လျှင် ၇၉၀-၇၉၅ ကျပ်ထိဈေးနှုန်းများကျဆင်းနေကြောင်း သိရသည်။

အခေါက်ရွှေဈေးနှုန်းများ ပြန်လည်မြင့်တက်လာသကဲ့သို့ ၁၅ ပဲရည်မှာလည်း တစ်ကျပ်သားလျှင် ၆၆၀,၀၀၀ ကျပ်ထိကျဆင်းသွားရာမှ ၆၈၅,၀၀၀ ကျပ်ထိ ပြန်လည်မြင့်တက်လာခဲ့သည်။

"အရောင်းအဝယ်ကတော့ ကောင်းတယ်။ ဈေးတက်လာတယ်ဆိုပေမယ့် ဒီဈေးတန်းက အနိမ့်ဈေးလို့လည်း ပြောလို့ရနေသေးတော့ ရောင်းတဲ့သူရော ဝယ်တဲ့သူရောရှိနေတယ်"ဟု ရွှေဆိုင်လုပ်ငန်းရှင်တစ်ဦးကပြောသည်။

## စာ(၃၃) - ရေချိုငါးမွေးရေးလုပ်ငန်းများကို အကူအညီပေးရန် အစိုးရနှင့်သက်ဆိုင်ရာဌာနများသို့ တင်ပြ မှ

အထက်ပါ အကြံပြုချက်များကို တင်ပြရခြင်းမှာ ငါးမွေးသူများသည် ယခုကာလတွင် ငါးစာဈေးကြီးမြင့်ပြီး ကုန်ထုတ်စရိတ်ကြီးမားလာသော်လည်း ငါးဈေးကျသဖြင့် အကြီးအကျယ် အရှုံးပေါ်ခဲ့ကြသောကြောင့်ဖြစ်သည်။ အဆိုပါဖြစ်ရပ်မှာ ၂၀၀၈ ခုနှစ်မှစတင်ကာ ၂၀၁၀-၂၀၁၁ ခုနှစ်အတွင်း အဆိုးရွားဆုံးအထိနာခဲ့ကြောင်း ငါးမြစ်ချင်းငါး မွေးမြူသူများက ပြောသည်။

ထို့အပြင် အမေရိကန်ဒေါ်လာလဲလှယ်နှုန်းပါ ကျဆင်းလာသောကြောင့် ပြည်ပပို့ကုန်လုပ်ငန်းများ ရပ်ဆိုင်းသောအခါ ငါးမွေးလုပ်ငန်းရှင်များ ဈေးကွက်ပျောက်ခဲ့ရကြောင်း ၎င်းတို့ကပြောသည်။


"ထိုက်သင့်တဲ့ ကိုယ်ပိုင်အရင်းအနှီးရှိသူတွေကလည်း စိတ်ချလက်ချ မရင်းရဲသလို ရင်းနှီးငွေထုတ်ပေးသူတွေကလည်း နောက်တွန့်နေကြတယ်။ ပြည်တွင်းစားသုံးမှုကို မထိခိုက်ပေမယ့် ပြည်ပပို့ကုန်အတွက် အကြီးအကျယ်ထိခိုက်လာနိုင်တယ်" ဟု ငါးမွေးတောင်သူတစ်ဦးကပြောသည်။

ယနေ့ အခြေအနေတွင် ငါးမွေးတောင်သူများမှာ အတိုင်းအတာတစ်ခုအထိ ထိခိုက်ကျဆင်းနေသောကြောင့် သက်ဆိုင်ရာများသို့ ယခုကဲ့သို့ အကြံပြုတင်ပြရကြောင်း ၎င်းကပြောသည်။

၁၉၈၈ ခုနှစ်တွင် တစ်နိုင်ငံလုံး၌ ငါးမွေးကန်ဧက ၆,၃၀၀ ရှိရာမှ ၁၀ နှစ်ကြာသောအခါ ၁၉၉၈ ခုနှစ်တွင် ၄၉,၀၄၇ ဧကသို့ရောက်ရှိလာသည်။ ၂၀၀၈ ခုနှစ်စာရင်းအရငါးမွေးကန်ဧကပေါင်း ၂၁၅,၃၈၀ ထိ တိုးတက်ခဲ့သောကြောင့် လုပ်ငန်းပမာဏငါးဆကျော်ရှိလာခဲ့ကြောင်း စာရင်းဇယားများအရသိရှိရသည်။

# 7DAY BOOK REVIEW

## အိုရှိုးပြောတဲ့ ဟင်းလင်းပြင်
(ရဲထက်)




အိန္ဒိယနိုင်ငံသား ဒဿနပညာရှင်အိုရှိုး၏တွေးခေါ်မှုအယူအဆများကို စုစည်းဘာသာပြန်ထားခြင်းဖြစ်သည်။ စာအုပ်တွင် အိုရှိုး၏ ဒဿနစာစု ၁၅ ပုဒ်ပါဝင်သည်။ စာရေးဆရာပါရဂူက 'အိုရှိုးသည် ကမ္ဘာပေါ်ရှိ စာဖတ်ပရိသတ်ကို အဆွဲဆောင်နိုင်ဆုံး စာရေးဆရာ၊ ဒဿနပညာရှင်ဖြစ်နေသည့်အပြင် သူ၏ကျမ်းစာများသည် ကမ္ဘာ့စာပေလောက၌ လူကြိုက်အများဆုံးကျမ်းစာများဖြစ်နေသည်။ အိုရှိုး၏ ဒဿနကမူ (၈၀)ရာနှုန်းလောက် ကျွန်တော့်အပေါ် ဩဇာသက်ရောက်မှုရှိနေသည်။ ကျွန်တော်ရေးသောစာများထဲက (၅၀)ရာနှုန်းလောက်မှာ အိုရှိုး၏ အရိပ်ထိုးခံနေရသည်ဟုပြောရမလားမသိပေ'ဟု အမှာစာတွင်ရေးထားသည်။

'ဒီစာအုပ် သူဘာသာပြန်တာ ချောပါတယ်။ လူသူလေးပါးနားလည်အောင်လည်း သူပြန်တတ်ပါတယ်။ မြန်မာပြည်မှာ အိုရှိုးကို စိတ်ဝင်စားသူ အတော်အတန်ရှိပါတယ်။ သူတို့ဖတ်မှာပေါ့။ ကိုရဲထက်ရေးတော့ သူတို့ဖတ်စရာရပါတယ်။ ဘာသာပြန်အနက်တွေ ယွင်းမယ်လို့တော့ ကျွန်တော်မထင်ဘူး။ မထင်ဘူးလို့ပြောရတာက မူရင်းမဖတ်ဖူးဘူး။ တရုတ်စာကိုလည်း မတတ်ဘူး။ ကိုရဲထက်ကို ယုံကြည်ပြီးပြောမှာက သူ့ဟာက အနက်တော့ယွင်းမှာမဟုတ်ဘူး'ဟု စာရေးဆရာကိုတာက သူ့ရေးဟန်ပြောဟန်အတိုင်း အမှာတွင်ရေးထားသည်ကို ဖတ်ရမည်ဖြစ်သည်။

မိမိကိုယ်မိမိ ဖြစ်တည်မှုပဓာနဝါဒီလို့ ဘယ်တုန်းကမှ မခံယူခဲ့တဲ့ ကမ္ဘာကျော် စာရေးဆရာယန်းပေါဆတ်၊ အဲလ်ဘတ်ကမျူးနဲ့စီမွန်ဒီဗူးဘွားတို့၏ အယူအဆသဘောတရားများနဲ့မတူတဲ့ဒဿနတွေ အိုရှိုးမှာရှိတယ်လို့လည်း စာအုပ်ကဆိုထားသည်။ ဒါပေမဲ့ အိုရှိုးကတော့ သူ့ကိုယ်သူဖြစ်တည်မှု ပဓာနဝါဒီအဖြစ် လက်ခံထားသည်ဟုလည်း သိရသည်။

အိုရှိုးသည် ဒဿနဗေဒ အထူးပြုနှင့်စိတ်ပညာ၊ ဘာသာတရားကိုးကွယ်မှုဆိုင်ရာပညာရပ်များကိုလေ့လာဆည်းပူးသင်ကြားတတ်မြောက်ခဲ့ပြီး ၁၉၅၇ ခုနှစ်တွင် သာဂရတက္ကသိုလ်၏ ဒဿနပညာနှင့်မဟာသိပ္ပံဘွဲ့ ရွှေတံဆိပ်ဆုဆွတ်ခူးပြီး အသက် ၂၁ နှစ်ကတည်းက တရားရခဲ့သည်ဟုလည်းသိရသည်။ အိုရှိုးသည် ဘာသာရေး ဂိုဏ်းခေါင်းဆောင်၊ တရားစခန်းများဖွင့်၍ တရားပြသူ၊ ၁၉၈၁ မှ ၁၉၈၄ အထိ ဝစီပိတ်နေခဲ့သူ၊ ၁၉၈၅ ခုနှစ်တွင်အမေရိကန်အစိုးရက တရားစွဲထောင်ချခြင်းခံရသူ၊ ၁၉၈၆ ခုနှစ်မှာ ကမ္ဘာပတ်ဂန္ဓာရီခရီးစတင်ခဲ့ပြီး အီတလီ၊ စပိန်၊ ဂျာမနီ၊ အင်္ဂလန် စသည့်နိုင်ငံပေါင်း ၂၁ နိုင်ငံက ပြည်ဝင်ခွင့်ဗီဇာ အပိတ်ခံရသူ၊ ၁၉၈၉ ခုနှစ် ဇန်နဝါရီ ၁၉ ရက်နေ့တွင် ကွယ်လွန်ခဲ့သူစသဖြင့် အိုရှိုး၏ ဘဝတစ်စိတ်တစ်ပိုင်းနှင့် ဒဿနအယူအဆများကို ဖတ်ရမည်ဖြစ်သည်။ 'လူသားအသစ်ဟာ ဘယ်လိုအနှောင်အဖွဲ့ကိုမှ မခံစားစေရဘဲ အစစ်အမှန်လွတ်လပ်တဲ့'ငါ'အဖြစ်နဲ့ မိမိဘာသာ စိတ်တိုင်းကျရှင်သန်နိုင်ရေး'ဟု အိုရှိုးက ဆိုထားပါသည်။ "အိုရှိုးဟာ တကယ့်ဖြစ်တည်မှု ပဓာနဝါဒီတစ်ဦးဖြစ်တယ်ဆိုတာ သူ့အယူအဆများနှင့် သူ့ပြောကြားချက်တွေက ရိုးစင်းစွာပဲ ဖော်ပြခဲ့ပါတယ်"ဟု ဆိုထားပြန်ပါသေးသည်။

အိုရှိုးအကြောင်း မသိသေးသည့်သူတွေ၊ ကြားဖူးနားဝရှိသူတွေ၊ သိပြီး ကြားဖူးပြီး ဖတ်ဖူးသူတွေအဖို့ စိတ်ဝင်စားစရာ၊ လက်ခံစရာ၊ ငြင်းပယ်သဘော မတူစရာများ စသဖြင့် ခံစားမှုတစ်ခုခုပေးနိုင်မည့် စာအုပ်တစ်အုပ်ဟုဆိုချင်ပါသည်။ ရွက်လှရိပ်စာပေမှ တန်ဖိုး ၂,၅၀၀ ကျပ်ဖြင့် ထုတ်ဝေဖြန့်ချိသည်။

## Knowledge ဗဟုသုတ

### ခြေလေးချောင်းဧည့်သည်တွေအတွက် အပန်းဖြေစရာနေရာ

နေအိမ်များတွင် သဲသဲလှုပ်ချစ်ရသည့် အချစ်တော်ခွေးလေးများကို အပန်းဖြေ၊ အနားယူနိုင်အောင် ပြုလုပ်ပေးချင်သူများအကြိုက်တွေ့မည့် ခြေလေးချောင်းဧည့်သည်များအတွက် အထူးစပယ်ရှယ်အပန်းဖြေစရာနေရာတစ်ခုကို အမေရိကန်ပြည်ထောင်စု၊ ဖလော်ရီဒါရှိပွန်ပါနိုကမ်းခြေတွင် ဖွင့်လှစ်ထားသည်။ ခွေးများအတွက်အပန်းဖြေလည်းဖြေနိုင်မည့်အပြင် ကာယလေ့ကျင့်ခန်းစင်တာ၊ အလှအပပြင်ဆင်ခြင်းစသည့် အထူးဝန်ဆောင်မှုများပြုလုပ်ပေးသည်ဟုသိရသည်။

အချစ်တော်မင်းသား၊ မင်းသမီးလေးများသည် အားကစားခန်းမတွင် ကာယလေ့ကျင့်ခန်းလုပ်သည့် စက်ခါးပတ်ဖြင့်လေ့ကျင့်ခန်းလုပ်ခြင်း၊ ခြေလက်များနှိပ်နယ်ခြင်း၊ အမွေးများညှပ်ကာလျှော်ဖွပ်အလှဆင်ခြင်း၊ အစားကောင်းကြိုက်သူများအတွက်အထူးအစားအစာများစားသောက်နိုင်ခြင်း၊ သစ်ဆန်းသောအကျီဖက်ရှင်ဒီဇိုင်းများဝယ်ယူနိုင်ခြင်း၊ အဆင့်မြင့်တီဗီများကြည့်ရှုနိုင်ခြင်းတို့ ပြုလုပ်နိုင်မည်ဟုသိရသည်။ ၎င်းအပြင်ခွေးမော်ဒယ်အေဂျင်စီလည်း ထားရှိသည်ဟုဆိုသည်။ ခြေလေးချောင်းသီးသန့်အပန်းဖြေစခန်းတွင် ခွေးပိုင်ရှင်များအတွက်မူဝန်ဆောင်မှုပေးထားခြင်းမရှိဘဲ မိမိအချစ်တော်နှင့်အတူ ဝက်ဘ်ကမ်ဖြင့် ဓာတ်ပုံရိုက်ခြင်းတစ်ခုသာပြုလုပ်နိုင်သည်ဟု သိရသည်။ *—Source: Reader's Digest*

## တစ်ပတ်တာကံကြမ္မာ

နိုဝင်ဘာ ၂ ရက် မှ ၈ ရက် အထိ



### ARIES မိဿရာသီဖွား (မတ်၂၁-ဧပြီ၂၀)

ပြဿနာများကိုဖြေရှင်းပြီး ဘဝအောင်မြင်တိုးတက်မည်။ အခက်အခဲမရှိသလောက်နည်းပါးမည်။ ငွေကြေးကိစ္စ၊ စာရွက်စာတမ်းကိစ္စများကိုင်တွယ်ဖြေရှင်းနေရမည်။ သူတစ်ပါးအပေါ် အထောက်အကူပြုနိုင်သည်။ မိမိကူညီလိုက်သောကြောင့် အကျိုးရှိသောသူများပြားမည်။ ပညာရေးရည်မှန်းချက်များပြည့်မြောက်မည်။ ပညာအတတ်နှင့်ပတ်သက်သော ကံကောင်းမည်။ အနက်ရောင်မဝတ်ရ။ အရက်သေစာမသောက်ရ။



### TAURUS ပြိဿရာသီဖွား (ဧပြီ၂၁-မေ၂၁)

ဆိုးမယောင်နှင့်ကောင်းသည်။ အခက်အခဲအားလုံးအား ကျော်လွှားနိုင်မည်။ ကာလအတန်ကြာဖြစ်နေသော အနှောင့်အယှက်များလွတ်ကင်းမည်။ ငွေကြေးကိစ္စပြောဆိုအောင်မြင်မည်။ ပေါ်ပေါက်လာသောအခွင့်အရေးများအား အသုံးချပါ။ လုပ်ငန်းခွင်ရှိသူများ ငွေပေးငွေယူနှင့် စာရင်းဇယားလက်လွှဲလက်ပြောင်းများသတိရှိပါ။ အပြောင်းအလဲကိစ္စ၊ ခရီးကိစ္စများအဆင်ပြေမည်။




### GEMINI မေထုန်ရာသီဖွား (မေ၂၂-ဇွန်၂၁)

လုပ်နေသောလုပ်ငန်းများရပ်တန့်သွားမည်။ သူတစ်ပါးကိစ္စအတွက် အချိန်ကုန်၊ငွေကုန်ခံပြီး ဆောင်ရွက်ပေးရကိန်းရှိမည်။ စိတ်ပူပင်စရာများ တစ်မျိုးပြီးတစ်မျိုးဖြစ်တတ်သည်။ မည်မျှအခက်အခဲနှင့်ကြုံစေ အဆုံးတွင်အောင်မြင်မည်။ အတိုက်အခံများလည်း ကျော်လွှားနိုင်မည်။ ကာလအတန်ကြာ လေ့လာရန်စိတ်ကူးထားသည့် အတတ်ပညာများလေ့လာနိုင်သည်။



### CANCER ကရကဋ်ရာသီဖွား (ဇွန်၂၂-ဇူလိုင်၂၂)

အရေးပါသောဆုံးဖြတ်ချက်များ ချမှတ်ရမည်။ လုပ်ငန်းဟောင်းများရပ်တန့်ပြီး လုပ်ငန်းသစ်ဦးတည်မည်။ မိသားစုတွင် မူလလုပ်ငန်းနှင့်မတူသောလုပ်ငန်းများဆောင်ရွက်ရမည်။ ကာလအတန်ကြာ စိတ်ကူးပြီး လက်တွေ့မဆောင်ရွက်ရသေးသောလုပ်ငန်းများအဆင်ပြေမည်။ ပညာအတတ်နှင့်ပတ်သက်၍ကောင်းသည်။ အဆုတ်အအေးမိခြင်း၊ အဆစ်ကိုက်ခဲခြင်းများဖြစ်တတ်သည်။



### LEO သိဟ်ရာသီဖွား (ဇူလိုင်၂၃-ဩဂုတ်၂၃)

အလွန်ပြဿနာများမည်။ နေ့စဉ်နှင့်အမျှ စကားများရခြင်း၊ အငြင်းပွားရခြင်းကြုံမည်။ မိမိက ပြဿနာကိုစတင်ဖန်တီးခြင်းမဟုတ်လင့်ကစား ဖြေရှင်းစရာများ ဆက်နွှယ်ပတ်သက်လာမည်။ လူလိမ်လူကောက်သတိထားရမည်။ သူများပြဿနာ ကိုယ့်ပြဿနာဖြစ်တတ်သည်။ အခက်အခဲများနှင့် ထိပ်တိုက်တွေ့ရမည်။ အိမ်တွင်းရေးအညံ့ရှိသည်။ လူမှုရေးတွင် ပဋိပက္ခတစ်မျိုးပြီးတစ်မျိုးဖြစ်မည်။



### VIRGO ကန်ရာသီဖွား (ဩဂုတ်၂၄-စက်တင်ဘာ၂၂)

ရန်များမည်။ အတိုက်အခံများမည်။ မတော်တဆထိခိုက်မှုများဖြစ်တတ်သည်။ စိတ်အနှောင့်အယှက်များဖြစ်မည်။ သူတစ်ပါးကြောင့် မိမိစိတ်သောကရောက်ရမည်။ ဒုက္ခပေးမည့်သူများ ဝန်းရံနေသည်။ အရာရာသတိနှင့်ဆောင်ရွက်ပါ။ ရင်းနှီးမြှုပ်နှံမှုများသောလုပ်ငန်း၊ ငွေကြေးများစွာကုန်ကျမှုများရှောင်ပါ။ အသစ်ထွင်ပြီးလုပ်ခြင်းထက် အခြေအနေပေးသည့်အပေါ် ထိန်းလုပ်၍ ဆုံးရှုံးမှုဒဏ်မှ ကင်းဝေးမည်။



### LIBRA တူရာသီဖွား (စက်တင်ဘာ၂၃-အောက်တိုဘာ၂၃)

မတော်တဆထိခိုက်မှုများဖြစ်တတ်သည်။ ရန်အနှောင့်အယှက်၊ အခက်အခဲများနှင့် ထိပ်တိုက်ရင်ဆိုင်ရမည်။ မိမိကျန်းမာရေး၊ မိဘအကြီးအကဲ ကျန်းမာရေးသတိရှိရမည်။ မတော်တဆထိခိုက်မှုကြုံမည်။ နာရေးကိစ္စပါဝင်ကူညီရမည်။ ရွှေထည်၊ လက်ဝတ်ရတနာများ ပျောက်ရှတတ်သည်။ တစ်ပါးသူအပေါ် တာဝန်ယူခြင်း၊ အာမခံခြင်းရှောင်ပါ။ ငွေကြေးလိမ်ညာခံရမည်။ ဥစ္စာပစ္စည်းပျောက်တတ်သည်။



### SCORPIO ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄-နိုဝင်ဘာ၂၂)

အဘက်ဘက်မှ အဆင်ပြေခြင်းနှင့် တိုးတက်ခြင်းဘက်သို့ဦးတည်လာမည်။ ငွေကြေးနှင့်ပတ်သက်သောကံကောင်းမည်။ အလိုရှိရာပြည့်စုံအောင်မြင်အောင်ဆောင်ရွက်နိုင်မည့် အခြေအနေကောင်းရမည်။ စိတ်ကူးထားသည်များ၊ ရည်ရွယ်ထားသည်များ လက်တွေ့အကောင်အထည်ဖော်၍ ထင်ရှားသောတက်လမ်းရရှိမည်။ ပညာအတတ်နှင့်ပတ်သက်သောအကျိုးပေးမှုရှိမည်။




### SAGITTARUS ဓနုရာသီဖွား (နိုဝင်ဘာ၂၃-ဒီဇင်ဘာ၂၁)

အဘက်ဘက်မှ ကောင်းမည်။ လိုရာပြည့်စုံမည်။ ဆုံးဖြတ်ချက်များမှန်ကန်မည်။ ရုတ်တရက် ဆုံးဖြတ်ပြီးလုပ်ကိုင်လိုက်သည်များမှ ကောင်းသောအကျိုးရရှိမည်။ တစ်ပိုင်းတစ်စ ရပ်တန့်ထားသည်များ ပြန်လည်အစကောက်၍ တိုးတက်မှုရအောင်ဆောင်ရွက်နိုင်မည်။ သူတစ်ပါးအပေါ် လွန်လွန်ကဲကဲ အားနာတတ်ခြင်းကြောင့် စိတ်အနှောင့်အယှက်ဖြစ်တတ်သည်။




### CAPRICORN မကာရရာသီဖွား (ဒီဇင်ဘာ၂၂-ဇန်နဝါရီ၂၀)

အပြိုင်အတိုက်အခံကြားမှတိုးတက်မှုရှာဖွေရမည်။ ကိုယ်ပိုင်စိတ်ကူးအကြံဉာဏ်နှင့် အရာရာဆောင်ရွက်နိုင်မည်။ အသေးစားထိရှမှုသတိရှိပါ။ အလုပ်များနေ၍ ရှုပ်ထွေးနေမည်။ ခရီးနှင့်ပတ်သက်သည့်ကိစ္စများကြုံမည်။ မမျှော်လင့်ဘဲ ဘာသာရေးကိစ္စဆောင်ရွက်ရမည်။ ရုတ်တရက် ပေါ်ပေါက်လာသည့်ပြဿနာများ ပိုင်ပိုင်နိုင်နိုင် ဖြေရှင်းနိုင်မည်။ အကြီးအကဲအမျိုးသမီးများ၏ ကျန်းမာရေးဂရုစိုက်ရမည်။



### AQUARIUS ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁-ဖေဖော်ဝါရီ၁၈)

အခွင့်အရေးနှစ်မျိုး တစ်ပြိုင်တည်းပေါ်မည်။ လုပ်ငန်းနှစ်မျိုးကိုတစ်ပြိုင်နက်တည်း ကိုင်တွယ်၍ အကျိုးရှိမည်။ ရပ်ဝေးနှင့်ဆက်နွှယ်ပြီး ဆောင်ရွက်လိုက်သည်များမှ အကျိုးကောင်းခံစားရမည်။ အလုပ်တစ်ခုမပြီးမီ နောက်တစ်ခုလုပ်ခြင်း၊ အစရှိပြီး အဆုံးသတ် တစ်ပိုင်းတစ်စ လုပ်ခြင်းများမပြုသင့်။ တစ်ဆင့်ပြီးမှ တစ်ဆင့် စနစ်တကျလုပ်နိုင်လေအကျိုးရှိလေဖြစ်သည်။ ကံကြောင့်ငွေဝင်မည်။



### PISCES မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉-မတ်၂၀)

မိတ်ကောင်းဆွေကောင်းအကူအညီရမည်။ စိတ်ချမ်းမြေ့စရာကြုံမည်။ မေတ္တာရေးကံကောင်းမည်။ မေတ္တာကမ်းလှမ်းသူများ၊ စေ့စပ်ခြင်းများကြုံတတ်သည်။ အလုပ်နေရာရွှေ့လျားထားပြီး လုပ်ငန်းဆောင်ရွက်၍ အောင်မြင်မှုအဆင့်ဆင့်ရမည်။ လူမျိုးခြားများနှင့်ဖြစ်စေ အရပ်ဝေးနှင့်ဖြစ်စေ ဆက်သွယ်ချိတ်ဆက်ပြီး ဆောင်ရွက်သည်များမှ ထူးထူးခြားခြား အောင်မြင်မှုရမည်။

7 DAY NEWS JOURNAL
Vol.10, No.33 • NOVEMBER 3, 2011



# အဆင့်မြင့်စက်မှုနိုင်ငံဖြစ်ရေး ကြိုးပမ်းနေသည့် အိန္ဒိယနိုင်ငံ

ကြည်နေဝင်းမင်း

**ဒိုလီရာဒေသ၊ အိန္ဒိယနိုင်ငံ။**

အာရေးဗီးယားပင်လယ်၊ အိန္ဒိယနိုင်ငံကမ်းရိုးတန်းတစ်လျှောက်ရှိ မစ္စတာချိုတူးဘိုင်ရာဂါနီ၏ ခြောက်သွေ့ပြီး ဆားငန်ရေဝင်သော လယ်ကွင်းများမှာ မည်သည့်အခါကမျှ ဂျုံအထွက်နှုန်းမကောင်းခဲ့။ သို့သော် ယခုအခါ ချိုတူးဘိုင်မှာ ဖိုးကံကောင်းဖြစ်လာပြီး သူ၏ မြေများကို မြိုးမြိုးမြက်မြက် ဈေးတင်၍ ရောင်းချနေပါပြီ။ တစ်နေ့ကျလျှင် သူ့မြေပေါ်တွင် ကားစက်ရုံကြီးတစ်ရုံ(သို့မဟုတ်)ရှော့ပင်းစင်တာကြီးတစ်ခု ပေါ်ထွက်လာလိမ့်မည်ဟု ချိုတူးဘိုင် မျှော်လင့်ထားသည်။ ယင်းမှာ အိန္ဒိယနိုင်ငံ၏ရည်မှန်းချက်အကြီးဆုံးအခြေခံအဆောက်အဦစီမံကိန်းကြီး၏ အစိတ်အပိုင်းတွင်ပါဝင်သွားမည်ဖြစ်သည်။

မိုင်ပေါင်း ၉၂၀ ရှည်လျားသည့်မီးရထားလမ်းတစ်လျှောက် အစမှစ၍ တည်ဆောက်မည့်စက်မှုမြို့ကြီးပေါင်း ၂၄ နေရာတွင် ဒိုလီရာဒေသလည်း ပါဝင်နေရာ ချိုတူးဘိုင်တို့ရွာ၌ မြေဈေးများမြင့်တက်နေသလိုစိတ်အားတက်ကြွမှုများလည်းဖြစ်ပေါ်နေသည်။ ဂျပန်နိုင်ငံ ဧရိယာထက် ကျယ်ပြန့်သည့် မြေကြောတစ်လျှောက် မြို့တော် နယူးဒေလီမှ နိုင်ငံအနောက်ဘက် ဘဏ္ဍာရေးအချက်အချာကျရာ မွန်ဘိုင်းမြို့အထိ ဒေသများတွင်စက်မှုမြို့များတည်ထောင်ရန် အိန္ဒိယအစိုးရက စီမံကိန်းဆွဲထားသည်။

"ဒီစီမံကိန်းက ငါတို့ဘဝတွေကိုပြောင်းလဲပေးတော့မယ်။ ငါတို့ဒီမြေပေါ်မှာ ဘိုး၊ ဘွားစဉ်ဆက်လုပ်ခဲ့တာ စားရရုံထက် ပိုမရဘူး" ဟုရာဂါနီက ပြောသည်။

စီမံကိန်းကို အကောင်းမမြင်သူများကမူ Delhi Mumbai Industrial Corridor (DMIC) ဟူ၍ ခေါ်တွင်ပြီး ကန်ဒေါ်လာ ၉၀ ဘီလီယံသုံးစွဲမည့် စီမံကိန်းမှာ ရည်မှန်းချက်ကြီးလွန်းသည်ဟုဆိုကြသည်။ အိန္ဒိယနိုင်ငံမှာလည်း လာဘ်စားမှု၊ ဗျူရိုကရေစီနှောင့်ယှက်မှုနှင့် မြေယာတိုက်ပွဲများကြောင့် အခြေခံအဆောက်အဦစီမံကိန်းများ ကျရှုံးရသည့် ရှည်လျားသော သမိုင်းကြောင်းရှိသည့်နိုင်ငံဖြစ်သည်။

"ဒါဟာ ဂျီဒီပီဖွံ့ဖြိုးမှုကို အထောက်အပံ့ပေးမယ့်တကယ့်ကိုအရေးပါတဲ့ စီမံကိန်းဖြစ်ပါတယ်" ဟု အိန္ဒိယ GE Transportation ကုမ္ပဏီ၏ ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် ပရက်ယွတ်ကူမားက ပြောပါသည်။ ၎င်းတို့ကုမ္ပဏီမှာ ရထားစက်ခေါင်းအင်ဂျင်များမှနေ၍ လေရဟတ်တာဘိုင်များအထိထုတ်လုပ်သည့် ကုမ္ပဏီဖြစ်ပြီး ယခုအချိန်အထိတော့ DMIC စီမံကိန်းတွင် ပါဝင်ပတ်သက်မှု မရှိသေးပေ။

"ဒီစီမံကိန်းရှေ့ကို ရွေ့မနေဘူးလို့ ဘယ်သူကမှ မပြောပါဘူး။ ဒါပေမဲ့ လိပ်သွားသွားနေရင်တော့ ဂျီဒီပီရည်မှန်းချက်ကို ထိခိုက်လိမ့်မယ်။ ဒီထက်မြန်မြန် လှမ်းရပါမယ်။ 'ဟေး အဲဒီမှာ လိမ်လည်လှည့်ဖြားမှုတွေရှိနေသော ပရောဂျက်ကြီးတွေဘယ်လိုလုပ်ချပေးမလဲ' ဆိုတဲ့ လေဖြတ်နေတဲ့ ဆုံးဖြတ်ချက်ချပုံတွေကနေ ခွဲထွက်ရပါမယ်" ဟု မစ္စတာကူမားက ဆိုပါသည်။

အကယ်၍ DMIC သာ ကျရှုံးခဲ့ပါက ဝန်ကြီးချုပ် မန်မိုဟန်ဆင်းအစိုးရသည် အိန္ဒိယနိုင်ငံသို့ ရင်းနှီးမြှုပ်နှံသူများအား ဖိတ်ခေါ်ရေးမဟာအခွင့်အရေးကို လက်လွတ်ဆုံးရှုံးသွားပါလိမ့်မည်။ အိန္ဒိယသည်တရုတ်နိုင်ငံကဲ့သို့မဟုတ်ဘဲတကယ်လုပ်ရမည့်အချိန်တွင် စိတ်အားသတ္တိနည်းသည်ဟူသော အမြင်များကို မီးထိုးပေးသလို ရှိပါလိမ့်မည်။

အကယ်၍အောင်မြင်ခဲ့ပါက ယင်းမှာ လောလောဆယ် အိန္ဒိယနိုင်ငံရရှိနေသည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို နောက်တစ်ဆင့် တက်လှမ်းနိုင်ရန်အတွက် တွန်းကန်အားဖြစ်ပါလိမ့်မည်။ တစ်ကမ္ဘာလုံးတွင် ဘဏ္ဍာရေးကန့်ကွက်မှု၊ အတိုးနှုန်းမြင့်မားမှုနှင့် ပြည်တွင်းပေါ်လစီမပြတ်သားမှုများ၊ အစိုးရလာဘ်စားမှုများကြောင့်ယုံကြည်မှုများ အားနည်းနေချိန်တွင် စီမံကိန်းအကောင်အထည်ဖော်ရန်အချိန်အခါကောင်းလည်းဖြစ်သည်။

စက်မှုမြို့တစ်မြို့ချင်းစီအတွက် အဓိကအရေးပါသော အခြေခံအဆောက်အဦများ ဥပမာ လမ်း၊ လျှပ်စစ်ဓာတ်အားသွယ်တန်းရေး၊ ရေဆိုးသန့်စင်ရေးစက်ရုံများ တည်ဆောက်ရန်အတွက် ကန်ဒေါ်လာ ၄ ဒသမ ၅ ဘီလီယံစတင်ရင်းနှီးမြှုပ်နှံရန် နယူးဒေလီက သတ်မှတ်ထားသည်။ စီမံကိန်းကို လက်တွဲအကောင်အထည်ဖော်မည့်ဂျပန်နိုင်ငံကလည်း အလားတူပါဝင်လာမည်ဟုအိန္ဒိယက မျှော်လင့်ထားသည်။

အခြေခံများတည်ဆောက်ပြီးပြီဆိုပါက ရင်းနှီးမြှုပ်နှံသူများက DMIC ၏တန်ဖိုးကို သိမြင်လာပြီး စက်ရုံများ၊ အိမ်ရာများနှင့်အခြားအစိုးရ ပုဂ္ဂလိက လက်တွဲဆောင်ရွက်မှုများဖြစ်ပေါ်လာမည်ဟုလည်း မျှော်မှန်းထားကာ ထိုအချိန်တွင် အစိုးရက လယ်သမားများဆီမှ ရယူထားသော မြေယာများကို ရင်းနှီးမြှုပ်နှံသူများထံ ရောင်းချပြီး နောက်ထပ်စက်မှုမြို့သစ်တစ်မြို့ကို စတင်မည်ဖြစ်သည်။

နှစ်ပေါင်းများစွာ စီးပွားရေးစန်းပွင့်ခဲ့သော်လည်း အိန္ဒိယနိုင်ငံ၏ အခြေခံအဆောက်အဦများမှာခနော်ခနဲ့နိုင်လှပြီး ကုန်ပစ္စည်းထုတ်လုပ်မှုကဏ္ဍမှာလည်း လေးကန်နှေးကွေးပါသည်။ ကုန်ပစ္စည်းသယ်ယူပို့ဆောင်ရေးမှာ ဈေးနှုန်းကြီးမြင့်ပြီး နှေးကွေးသည်။ ကွန်တိန်နာတစ်လုံးအား နယူးဒေလီမှာ မွန်ဘိုင်းသို့ ပို့ဆောင်ရန် ရက်သတ္တပတ် နှစ်ပတ်ခန့်ကြာမြင့်သည်။ ကုန်ရထားလိုင်းသစ်ဖွင့်လှစ်ပြီးပါက ၂၄ နာရီအတွင်း ရောက်နိုင်မည်ဟု မျှော်လင့်ကြသည်။

"အိန္ဒိယနိုင်ငံမှာမြို့သစ်တွေသာမဆောက်ဘူးဆိုရင် လက်ရှိမြို့ကြီးတော်တော်များများ ဆင်းရဲသားတွေနေတဲ့ မြို့တွေပဲဖြစ်လာလိမ့်မယ်" ဟုစီမံကိန်းကို ကြီးကြပ်မည့် အစိုးရအရာရှိကြီး အမီတာကန့်က ပြောပါသည်။



တန်းထိုးထားသော စက်မှုမြို့ကြီးများတည်ဆောက်ရေးစိတ်ကူးမှာ ၂၀၀၆ ခုနှစ်တွင် အိန္ဒိယနိုင်ငံနှင့် ဂျပန်နိုင်ငံတို့ကြား ရရှိခဲ့သော သဘောတူညီချက်မှ ပေါက်ဖွားလာခြင်း ဖြစ်သည်။ ဒုတိယကမ္ဘာစစ်အပြီးတွင် တိုကျိုမြို့ပတ်ဝန်းကျင်၌ အကောင်အထည်ဖော်ခဲ့သော အလားတူစီမံကိန်းမှနေ၍ စိတ်ကူးစိတ်သန်းကွန့်မြူးလာခြင်း ဖြစ်သည်။

ပထမဦးဆုံး အကောင်အထည်ဖော်မည့် ဒိုလီယာစက်မှုမြို့စီမံကိန်းမှာ မကြာမီစတင်တော့မည်ဖြစ်သည်။ ရွာသိမ်ရွာငယ်များစုဝေးနေပြီး ကွင်းပြင်များတွင် နွားများကျက်စား၍ ကျောက်တုံးများပေါ်၌အမျိုးသမီးများအဝတ်လျှော်နေရာဒေသမှာ ၂၀၄၀ပြည့်နှစ်တွင် လူဦးရေနှစ်သန်း နေထိုင်ပြီး ကိုယ်ပိုင်နိုင်ငံတကာလေဆိပ်နှင့် စက်မှုမြို့ဖြစ်လာမည်ဟု မျှော်မှန်းထားသည်။

DMIC တွင်ပါဝင်သော အရာရှိများကလည်း ရင်းနှီးမြှုပ်နှံသူများကြုံတွေ့နိုင်ခြေရှိသည့် အန္တရာယ်များကို အတတ်နိုင်ဆုံးလျှော့ချနိုင်အောင် လုပ်ဆောင်နေသလို တစ်ဖက်တွင်လည်း အာဏာပိုင်များထံမှ ခွင့်ပြုချက်များ ရရှိရေးနှင့် မြေယာရောင်းချရေး ညှိနှိုင်းမှုများ ပြုလုပ်ရာတွင် လယ်သမားအနေဖြင့် ဆုံးရှုံးမှုမရှိစေရန် ကြိုးပမ်းကြရသည်။

DMIC စီမံကိန်းကို ဂုဂျာရက်ပြည်နယ်တွင် စတင်နေခြင်းဖြစ်သည်။ ၎င်းပြည်နယ်မှာ ကြိုးနီစနစ်နည်းပါးပြီး မြေယာရောင်းဝယ်ရေးကိစ္စလွယ်ကူကာ တရုတ်နိုင်ငံမှ ဂွမ်ဒေါင်းပြည်နယ်ကဲ့သို့ စက်မှုလုပ်ငန်းအင်အားကြီးဒေသဖြစ်ရန် ရည်မှန်းချက်ထားရှိရာ ရင်းနှီးမြှုပ်နှံသူများ၏ အကြိုက်ဆုံးဒေသဖြစ်သည်။

မစ္စတာရာဂါနီကဲ့သို့ လယ်သမားအများအပြားမှာ ၎င်းတို့မြေယာများကို ပျော်ပျော်ရွှင်ရွှင်ရောင်းချကြရာတွင် ယင်းမှာ မြေယာနှင့် ပတ်သက်၍ သွေးထွက်သံယိုတိုက်ခိုက်မှုများအထိ ဖြစ်ပေါ်သည့် အိန္ဒိယအခြားဒေသများ နှင့်များစွာကွာခြားပါသည်။

သို့သော် MDIC တာဝန်ရှိသူ မစ္စတာအမီတာကန့် ရင်ဆိုင်ရမည့် စိန်ခေါ်မှုများမှာ ကြီးမားနေဆဲဖြစ်သည်။ ၎င်းတို့အစိုးရ၏ အစိတ် အပိုင်းများဖြစ်သော ဗျူရိုကရေစီကို ကျော်လွှားရေးမှသည် ခြစားမှုအထိ ပြဿနာများကို ကြုံတွေ့ရမည်ဖြစ်သည်။

၂၀၁၀ ပြည့်နှစ် ဓနသဟာယနိုင်ငံများ အားကစားပွဲတော်တွင် လာဘ်စားမှု၊ တည်ဆောက်ရေးလုပ်ငန်းများ နောက်ကျမှုနှင့် မသန့်ရှင်းသော အားကစားရွာဇာတ်လမ်းများ ပေါ်ထွက်ခဲ့သော အိန္ဒိယနိုင်ငံမှာ တစ်ဖက်တွင်လည်းနယူးဒေလီနှင့်မွန်ဘိုင်းမြို့၌ ကျယ်ပြောသောလေဆိပ်သစ်ကြီးများ၊ ဒေလီမက်ထရိုရထားလိုင်းသစ် စီမံကိန်းနှင့် ချောမွေ့သော အဝေးပြေးလမ်းမကြီးများလည်း ပေါ်ထွက်လာခဲ့ရာ အိန္ဒိယနိုင်ငံ၏ အခြေခံအဆောက်အဦများ တိုးချဲ့တည်ဆောက်ရေးတွန်းအားပေးမှုမှာရလဒ်ကောင်းများထွက်ပေါ်လာခဲ့သည်ဟုလည်းဆိုရမည်ဖြစ်သည်။

*—Ref: Washington Post*



နိုင်ငံခြားမှ မော်တော်ကားများ မှာယူ တင်သွင်းနိုင်ရန်
တာဝန်ခံမှု၊ ယုံကြည်စိတ်ချရမှု ရှိတဲ့ ကုမ္ပဏီမျိုးကိုရွေးချယ်စေချင်ပါတယ်...
သင်ကြိုက်နှစ်သက်ရာမော်ဒယ် နှင့် အမျိုးအမည်ကိုသာရွေးလိုက်ပါ...
ပြည့်ဖြိုးကျော်
www.ppkmotors.com
ကားဝယ်ယူခြင်း
သင်္ဘောတင်
ရန်ကုန်ဆိပ်ကမ်း
TOYOTA bB 1300CC
HONDA FIT 1300CC
TOYOTA iQ 1000CC
TOYOTA BELTA 1300 CC
MITSUBISHI PAJERO
TOYOTA HARRIER
TOYOTA ESTIMA
NISSAN UD TRUCK
TOYOTA HILUX SURF
TOYOTA MARK II
MITSUBISHI BUS
တစ်နေရာထဲမှာ ဝန်ဆောင်မှုအားလုံးကို လူကြီးမင်းတို့ စိတ်တိုင်းကျ ...ပြီးစီးသည်အထိ တာဝန်ယူ ဆောင်ရွက်ပေးပါမည်။
(CIF Yangon Price)
1.Toyota Camry 1996 3580 USD
2.Toyota Corolla 1997 3680 USD
3.Toyota Crown 1997 3790 USD
4.Toyota Corona 1998 3990 USD
5.Toyota Corolla 1999 4100 USD
6.Mitsubishi Pajero 1996(3 Doors) 4200 USD
7.Nissan Cedric 1998 4260 USD
ဖော်ပြပါကားများအပြင် အခြားကားအမျိုးအစားများကိုလည်း
လက်ခံဆောင်ရွက်ပေးပါသည်။
PPK MOTORS
www.ppkmotors.com
PYAE PHYO KYAW MOTORS
ရုံးခန်း : အမှတ် ၄၂/၄၄၊ ကျွန်းတောလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။
Tel : +95-1-50 26 81, 50 26 82, 50 37 16, 50 42 48 Fax: +95-1-50 42 47
Hot Line : +95-9-5009255, +95-9-5035597
E-mail : services@ppkmotors.com

# Commodity Watch

7DAY NEWS JOURNAL
Vol.10, No.33 · NOVEMBER 3, 2011

## Computer

| CPU | Kyats |
|---|---|
| Intel P4 Dual Core 3.2 (E 6700) (775) Processor | 60,225 |
| Intel P4 DualCore 3.0 (E5700) (775) Processor | 53,625 |
| Intel P4 Core i3 3.1 GHz (1155,2100) Processor | 95,700 |
| Intel P4 Core i5 3.1 GHz (1155,2400) Processor | 152,625 |
| Intel P4 Core i7 3.4 Ghz (1155,2600) Processor | 240,075 |
| **Motherboard** | |
| MSI G4 1M-P28 (775) | 50,325 |
| MSI PH51A-P35 (B3) | 84,150 |
| ASUS P5G41T-MLX (775) | 51,150 |
| ASUS P8H61-MLX Plus (1155) | 71,775 |
| ASUS P8H67MLE (1155) | 94,050 |
| Gigabyte P67A-UD3 (B3) (1155) | 144,375 |
| Gigabyte G41MT-S2 (775) | 51,150 |
| Gigabyte H55M- S2V (1156) | 82,500 |
| **PC Memory** | |
| 1 GB DDR (400) Kingston | 39,600 |
| 1 GB DDR2 (800) Kingston | 14,850 |
| 2 GB DDR2 (800) Kingston | 22,275 |
| 4 GB DDR3 (1333) Kingston | 22,275 |
| **Harddisk** | |
| 500 GB Seagate SATA | 39,600 |
| 1.5 TB Seagate SATA | 66,000 |
| 2 TB Seagate SATA | 80,850 |
| **PCI Express Card** | |
| MSI EAH 5450 1GB DDR3 PCI Express Card | 43,725 |
| MSI N430GT 1GB PCI Express Card | 68,475 |
| MSI N430GT 2GB PCI Express Card | 72,600 |
| ASUS ENGTX520 1GB PCI Express Card | 54,450 |
| ASUS ENGT 430 1GB DDR3 PCI Express Card | 67,650 |
| ASUS EHA 5750 Formula 1GB DDR5 PCI Express Card | 117,975 |
| Gigabyte Geforce 210 TC 1GI 1GB PCI Express Card | 41,250 |
| Gigabyte Geforce 220TC 1GB PCI Express Card | 57,750 |
| **Memory Stick** | |
| Memory Stick Apacer 4 GB | 7,500 |
| Memory Stick Sony 8 GB | 13,000 |
| Memory Stick Sony 16 GB | 23,500 |
| Memory Stick Verbatim 16 GB | 16,000 |
| **UPS** | |
| Power Tree (650 VA) UPS | 36,000 |
| Power Tree (1250 VA) UPS | 61,000 |
| Power Pro (650 VA) UPS | 33,000 |
| Power Pro (1200 VA) UPS | 62,000 |
| Star (650 VA) UPS LED | 30,525 |
| Star (650 VA) UPS LCD Display | 32,174 |
| East (650 VA) UPS LED | 34,650 |
| East (650 VA) UPS LCD Display | 42,900 |
| East (1200 VA) UPS | 63,525 |
| **DVD Writer** | |
| HP DVD Writer (SATA) | 22,500 |
| ASUS DVD Writer (SATA) | 23,925 |
| Liteon DVD Writer (SATA) | 25,575 |
| **အိတ်ဆောင်တီဗွီငှကအဘီတန်** | 160,000 |

Technoland ဆိုင်မှအောက်တိုဘာ(၂၈)ရက်က ကောက်ယူထားသောဈေးနှုန်းဖြစ်သည်။

## Note Book

| Acer | |
|---|---|
| Intel Core i7 2.70Ghz 4GB DDR3, 750GB HDD,14.0″ | 966,000 |
| Intel Atom 1.66 Ghz 1GB DDR3, 320GB HDD,10.1″ | 229,425 |
| **Asus** | |
| Intel Atom 1.66 Ghz 1GB DDR2, 160GB HDD,10.2″ | 225,000 |
| **Apple** | |
| Intel Core i5 2.3 Ghz 4GB DDR3, 320GB HDD,13.3″ | 1,086,000 |
| **Hp** | |
| Intel Core i3 2.10 Ghz 4GB DDR3,500GB HDD,15.6″ | 515,000 |
| **Sony** | |
| Intel Core i5 2.30 Ghz 4GB DDR3,500GB HDD,14.0″ | 1,038,000 |
| **MSI** | |
| Intel Core i3 2.4 Ghz 2GB DDR3, 500GB HDD,14.0″ | 478,000 |

## အီလက်ထရွန်နစ်ပစ္စည်းဈေးနှုန်းများ

| TV | | |
|---|---|---|
| **အမျိုးအစား** | **မော်ဒယ်** | **ဈေးနှုန်း(ကျပ်)** |
| SamSung(LCD) | 22-350 | 195,000 |
| LG(LCD) | 22LH15R | 195,000 |
| Sony (LCD) | 22BH300 | 250,000 |
| Toshiba | LZE 21-28 | 120,000 |
| Daewoo | DTU2131NZF | 145,000 |
| | DTU2132NZF | 145,000 |
| **DVD** | | |
| EVD (coeco) | 8082 | 26,000 |
| EVD(sukura) | DVK75 | 30,000 |
| LG | DV276 | 35,000 |
| Toshiba | DV380 | 30,000 |
| Daewoo | 1400S | 49,000 |
| HQ | HDMI999 | 59,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RA20F17 | 185,000 |
| Sanyo | SR811 | 499,000 |
| Hitachi | 19AGV7 | 280,000 |
| Panasonic | NR.BT222 | 285,000 |
| **Washing** | | |
| Daewoo | DW900C | 179,000 |
| | DW172C | 199,000 |
| Daewoo | DWF200KR | 320,000 |

မှတ်ချက်– အထက်ပါဈေးနှုန်းများမှာ အောက်တိုဘာ(၂၉) ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့်OK မြန်မာဆိုင်တို့မှကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ(ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၄,၈၀၀ |
| ဘိလပ်မြေ(ယိုးဒယား INSee) | တစ်အိတ် | ၄,၇၀၀ |
| ဘိလပ်မြေ(မြင်းခေါင်းတံဆိပ်) | တစ်အိတ် | ၄,၀၀၀ |
| ဘိလပ်မြေ(ကျောက်ဆူးတံဆိပ်) | တစ်အိတ် | ၄,၅၀၀ |
| အုတ်(ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၉၉ |
| အုတ်(ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၉၀ |
| အုတ်(၈ ပေါက်အုတ်) | တစ်လုံး | ၉၇ |
| အုတ်(၁၀ ပေါက်အုတ်) | တစ်လုံး | ၁၃၅ |
| သဲ(အကြမ်း) | တစ်ကျင်း | ၆,၅၀၀ |
| သဲ(အနု) | တစ်ကျင်း | ၅၀၀၀ |
| ကျောက် | တစ်ကျင်း | ၄၂,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၇၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၈၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.34mm) | ၁ ပေ | ၉၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၁,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.42mm) | ၁ ပေ | ၁,၁၆၀ |
| Posco ကြယ်စိမ်း(6/7/8 ပေ) | ၁ ပေနှုန်း | ၅၁၀ |
| Posco ကြယ်စိမ်း(9/10 ပေ) | ၁ ပေနှုန်း | ၅၁၅ |
| Posco ကြယ်စိမ်း(11/12 ပေ) | ၁ ပေနှုန်း | ၅၂၀ |
| ရိုးရိုးသွပ်မိုးပြား(ဆင်နီ 6/7/8/9/10/11/12) | ၁ ပေ | ၅၃၅ |
| ရိုးရိုးသွပ်မိုးပြား(ဆင် 6/7/8) | ၁ ပေနှုန်း | ၃၃၀ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၀၀၀ |

အထက်ပါဈေးနှုန်းများမှာ အောက်တိုဘာ (၂၉) ရက်တွင် ကောက်ယူထားသောဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။

## စားဖိုဆောင်သုံးသီးနှံဈေးနှုန်းများ

| အမည် | အရေအတွက် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ခရမ်းချဉ်သီး(အင်းသီး) | ၁ သေတ္တာ | ၉,၅၀၀-၁၀,၀၀၀ |
| ပန်းဂေါ်ဖီ | ၁ ထုပ် | ၅၀၀-၇၀၀ |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၄၀၀-၅၀၀ |
| မုန်လာဥနီ | ၁ ပိဿာ | ၁,၂၀၀-၁,၄၀၀ |
| ဘိုစားပဲသီး | ၁ ပိဿာ | ၁,၂၀၀ |
| ခရမ်းသီး | ၁ လုံး | ၄၀-၁၀၀ |
| ရွှေပဲသီး | ၁ ပိဿာ | ၄,၀၀၀ |
| မုန်ညင်းဖြူထုပ် | ၁ ပိဿာ | ၁,၂၀၀-၁,၃၀၀ |
| ငရုတ်သီး(ပိန်) | ၁ ပိဿာ | ၂,၀၀၀ |
| ငရုတ်ရှည် | ၁ ပိဿာ | ၄,၈၀၀ |
| ငရုတ်ပွ | ၁ ပိဿာ | အ ၂,၅၀၀ |

ဈေးနှုန်းများမှာ သီရိမင်္ဂလာဈေးမှ အောက်တိုဘာ (၂၉) ရက်က ကောက်ယူထားသော လက်ကားဈေးနှုန်းများဖြစ်သည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁,၀၀၀-၁,၈၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၄၀၀ |
| ဆန်(ဧယာ) | တစ်ပြည် | ၆၀၀-၁,၀၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၃၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၁,၇၅၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၃၉၀၀ |
| ဆား(အိုင်အိုဒင်း) | တစ်ထုပ် | ၁၀၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၁,၄၀၀-၁,၅၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၂,၈၀၀ |
| သကြား | တစ်ပိဿာ | ၁,၄၀၀-၁,၅၀၀ |
| မန်ကျည်းမှည့်(အစေ့လွတ်) | တစ်ပိဿာ | ၃,၂၀၀ |
| အာလူး | တစ်ပိဿာ | ၈၀၀ |
| နို့ဆီ | တစ်ဘူး | ၅၅၀-၆၅၀ |
| နို့စိမ်း | တစ်ဘူး | ၅၇၀-၆၀၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၁၀၀-၁၁၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၄၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၅,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၆,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၅,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၅,၀၀၀ |

## ငါး၊ ပုစွန် ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးရံ့ | ၁ ပိဿာ | ၂,၀၀၀-၃,၂၀၀ |
| ငါးခူ | ၁ ပိဿာ | ၂,၀၀၀-၃,၅၀၀ |
| ငါးကျည်း | ၁ ပိဿာ | ၂,၀၀၀-၃,၅၀၀ |
| ငါးပြေမ | ၁ ပိဿာ | ၂,၀၀၀-၄,၅၀၀ |
| ငါးပနော် | ၁ ပိဿာ | ၁,၃၀၀-၂,၀၀၀ |
| ငါးရှဉ့် | ၁ ပိဿာ | ၂,၀၀၀-၃,၅၀၀ |
| ငါးမြစ်ချင်း | ၁ ပိဿာ | ၁,၃၀၀-၁,၆၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၀၀၀-၃,၀၀၀ |
| ငါးခေါင်းပွ | ၁ ပိဿာ | ၁,၃၀၀-၂,၀၀၀ |
| ငါးသလောက် | ၁ ပိဿာ | ၃,၅၀၀-၂၆,၀၀၀ |
| ငါးတန် | ၁ ပိဿာ | ၁,၅၀၀-၂,၄၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၂,၀၀၀-၃,၀၀၀ |
| ကကတစ် | ၁ ပိဿာ | ၂,၀၀၀-၄,၅၀၀ |
| ကသဘောင်း | ၁ ပိဿာ | ၂,၀၀၀-၄,၀၀၀ |
| ငါးဘတ်၊ ငါးကြောင်း | ၁ ပိဿာ | ၂,၅၀၀-၇,၅၀၀ |
| ငါးပုဏ္ဏား | ၁ ပိဿာ | ၂,၀၀၀-၄,၈၀၀ |
| ပုစွန်ကြော့ | ၁ ပိဿာ | ၁,၈၀၀-၂,၅၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၂,၅၀၀-၃,၈၀၀ |
| ပုစွန်(ဆတ်သေး) | ၁ ပိဿာ | ၆,၅၀၀-၉,၀၀၀ |
| ပုစွန်(ဆတ်ကြီး) | ၁ ပိဿာ | ၆,၅၀၀-၉,၀၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | ၁ ပိဿာ | ၁၄,၀၀၀-၂၆,၀၀၀ |
| ငါးမျိုးစုံ | ၁ ပိဿာ | ၁,၀၀၀-၂,၀၀၀ |
| တီလားဗီးယား | ၁ ပိဿာ | ၁,၂၀၀-၁,၆၀၀ |

အောက်တိုဘာ(၂၉)ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသော လက်ကားဈေးနှုန်းများဖြစ်သည်။

## ကားမျိုးစုံဈေးနှုန်းများ


| ယာဉ်အမျိုးအစား | မော်ဒယ် | အကွာရာ | ဈေးနှုန်း(ကျပ်သိန်း) |
|---|---|---|---|
| စူပါဆလွန်း | ၈၆/၈၇ | လ/အ/သ | ၁၀၀ အောက် |
| စူဇူကီး ဝက်ဂွန် R+ | - | ၂၀ | ၁၇၅ |
| ဟိုင်းလပ်ဆပ် 4ND | ၂၀၀၅ | - | ၄၀၀ |
| စူဇူကီး R-(2Way) | CNG | ၂၀ | ၁၄၅ |
| တိုယိုတာ(လီမိတက်) | ၉၀ | ၄ခ | ၂၃၀ |
| တိုယိုတာ(ဖင်ကောက်) | ၉၆ | ၄ခ | ၃၄၀ |
| မတ်ခ်တူး ၂၀၅ | ၉၅ | ၄၀ | ၂၄၀ |
| ချယ်ရီဝက်ဂွန် | - | ၆၀ | ၁၂၅ |
| လန်ခရူဇာ | ၉၇ | ၄၀ | ၁,၀၀၀ |

အောက်တိုဘာ (၂၈)ရက်က ရန်ကုန်မြို့ရှိ ကားပွဲစားတန်းများတွင်ဖြစ်ပေါ်နေသော မော်တော်ယာဉ်ခေါ်ဈေးနှုန်းများဖြစ်ပါသည်။ယခုရက်ပိုင်းဈေးနှုန်းများ အပြောင်းအလဲရှိနိုင်သည်။

## ပုဂ္ဂလိက စက်သုံးဆီဆိုင်များမှ ဈေးနှုန်းများ

| | Oct (22) | Oct (23) | Oct (24) | Oct (25) | Oct (26) | Oct (27) | Oct (28) |
|---|---|---|---|---|---|---|---|
| ဓာတ်ဆီ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ |
| ဒီဇယ် | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ |
| Octane ဒီဇယ် | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ |
| Premier ဒီဇယ် | ၃,၈၀၀ | ၃,၈၀၀ | ၃,၈၀၀ | ၃,၈၀၀ | ၃,၈၀၀ | ၃,၈၀၀ | ၃,၈၀၀ |

# 7DAY PUZZLE



အလျားလိုက်

ဒေါင်လိုက်







Electronic Dictionary

# Free Classified

## အခမဲ့ ကြော်ငြာကဏ္ဍ

**ခရုအိမ်**

အဆင့်မြင့်ခန်းဆီးလိုက်ကာနှင့် ကူရှင်အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်း။ တိုက်-A, G-5, Pearl Condo, ကမ္ဘာအေး ဘုရားလမ်းနှင့် ဆရာစံလမ်းထောင့်။

PH:09-73037776, 09-73204374

**ဝန်ဆောင်မှု**

တရုတ်-မြန်မာ(မင်္ဂလာသြဘာပေးသည်)

ဖုန်း- ၀၉-၅၁၇၆၉၃၄

**ဝန်ဆောင်မှု**

ကလေးများ၏ ပညာရေးကို အထူးဆောင်ရွက်ပေးပါသည်။ ဖုန်းလေးသာဆက်လိုက်ပါ။

ဖုန်း- ၀၉-၄၃၀၃၂၁၀၉

**Saya Harry Khoo**

အင်္ဂလိပ်စာ သင်တန်း

ဖုန်း- ၀၉-၅၁၆၈၃၇၀၊ ၀၉-၇၃၀ ၂၉၀၇၆

**အမြန်ရောင်းမည်**

ခြေနင်းအပ်ချုပ်စက်အစုံ(Flyman) ၉ လုံး၊ ခြေနင်းဒါးစက်အစုံ (Flyman) ၁ လုံး၊ ပိတ်ဖြတ်ဓားဝိုင်းမော်တာ ၁ လုံး၊ ညှိနှိုင်းဈေး။

ဖုန်း- ၀၉-၇၃၀၆၉၇၉၂

**Guide လုပ်ပေးသည်**

Study Guide/Teach (မန္တလေး) ၁၀တန်းဘာသာစုံတစ်ဘာသာချင်းဂိုက်လုပ်သည်။ အချိန်ညှိနှိုင်းပါ။

ဖုန်း- ၀၉-၄၃၁၁၂၇၆၂

**Computer DTP Service**

ကွန်ပျူတာစာစီလိုသမျှကို ဈေးနှုန်းချိုသာစွာ စာစီပေးပါသည်။ စာမျက်နှာ ၁၀၀ နှင့် အထက် အိမ်/ရုံး အရောက်စာမူလာယူပေးသည်။

ဖုန်း- ၀၉-၅၁၉၆၀၆၇

**ဝင်ငွေရှာဖွေလိုသူများအတွက်**

"Practical Investing Course In Stock Market" $$$ Investment များကို ကိုယ်တိုင် Manage လုပ်နေသော အတွေ့အကြုံရှိ ဆရာကိုယ်တိုင် သင်သည်။

ဖုန်း- ၃၈၆၆၉၃၊ ၀၉-၅၀၄၆၇၆၉

**ဆရာကြီး မင်းသုခ(နက္ခတ်သိပ္ပံ)**

စီးပွားရေး အထူးလမ်းညွှန် အကြံပြုသည်။

ဖုန်း- ၂၉၆၁၈၄

**ဆက်သွယ်နိုင်သည်**

မြို့တွင်း၊ မြို့ပြင်အချိန်ပိုင်း ယာဉ်မောင်းအလိုရှိပါက ဆက်သွယ်နိုင်ပါသည်။ ဖုန်း-၀၉-၇၃၁၀၈၈၇၀

**ငှားသည်**

နယ်ဝေးဆလွန်းကားငှားသည်

ဖုန်း- ၀၉-၅၀၂၇၀၁၀

**ဝန်ဆောင်မှု**

အိမ်သုံးနှင့်စက်ရုံသုံး အီလက်ထရွန်နစ်ပစ္စည်းအမျိုးမျိုးပြုပြင်ခြင်း၊ တပ်ဆင်ခြင်းနှင့် အလှဆင်ခြင်းများ လက်ခံဆောင်ရွက်ပေးပါသည်။

ဖုန်း- ၂၀၂၀၁(တဆ)ကိုမျိုးနိုင်

**ခြံရောင်းမည်**

၃၃×၁၅၀ ပေ၊ အမှတ်(၃၃၄)၊ သမာဓိလမ်း၊ ဇွဲစုံ(၈)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။ ညှိနှိုင်းဈေး။

ဖုန်း- ၀၉-၄၃၀၈၉၆၂၅

**Teacher Lily (B.Ed Eng)**

၂၀၁၁-၁၂ ပညာသင်နှစ်အတွက် တန်းစုံ အင်္ဂလိပ်စာ သီးသန့်အိမ်အရောက်သင်သည်။ Grammar and Essay Letter အထူးသင်သည်။ ဖုန်း- ၀၉-၇၃၀၆၃၈၀၆

**မိုမိဂျီ စာသင်ဝိုင်း**

အသက် ၄-၁၂ အထိ ကလေးများအတွက် English, Mathsအထူးသီးသန့်သင်သည်။

ဖုန်း-၀၁- ၆၄၅၇၉၂

**ဝိုင်းကျူရှင်**

၅ တန်းမှ ၁၀ အထိ သချ်ာဘာသာကို အခြေခံမှစ၍ သင်သည်။ မကြာခဏစာမေးပွဲ ဖြေဆိုစေပါသည်။ ဖုန်း- ၀၁-၃၉၆၄၈၂

**ညှိနှိုင်းဈေးဖြင့်ရောင်းမည်**

နေပြည်တော်၊ ပျဉ်းမနား ဈေးကြီးအနီး၊ စီးပွားရေးလုပ်ရန်၊ ဘဏ်ဖွင့်ရန်နေရာအလွန်ကောင်း။ ၅၅×၈၅ ပေ၊ နှစ်ထပ်ပျဉ်ထောင်၊ ဘိုးဘွားပိုင်။

ဖုန်း- ၀၉-၄၃၀၃၈၆၁၄

**အမတဒါယီ ကွန်ပျူတာပညာဒါန**

Basic, I Office 10,000, Adv Excel, DTP 15,000, Photoshop 18,000, Graphic Design 20,000. ဖုန်း- ၀၁- ၇၀၅၄၈၄

**ပညာဒါန စာကျက်ဝိုင်း**

သူငယ်တန်းမှ ၁၀ တန်းအထိ ကျောက်မြောင်းဈေးမှတ်တိုင်ရှေ့။

ဖုန်း- ၀၉-၇၃၀၄၉၅၄၃

**ရောင်းမည်**

Lady Golf-Set(Japan) Canon 20D, Pro Camera, Moret Blanc- Ballpoint Pen. 30'x40' 3 F, 36 St.KTD. PH: 09-8570600

**သင်ကြားပေးသည်**

တက္ကသိုလ်ဝင်တန်းနှင့်နဝမတန်း(ရူပဗေဒ)အထူးသင်ကြားပေးသည်။

ဖုန်း- ၀၉-၄၉၃၁၅၀၄၅

**သင်ကြားပေးသည်**

တရုတ်စာ တရုတ်စကားရေးဖတ်ပြောအခြေခံမှ ကျွမ်းကျင်သည်အထိ သင်ပေးသည်။

ဖုန်း- ၀၉-၇၃၁၂၁၉၄၅

**တိုက်ခန်းရောင်းမည်**

၁၂ ခွဲ× ၅၀ ပေ၊ ကြမ်းခင်း၊ ရေ၊ မီး (ကိုယ်ပိုင်) ညှိနှိုင်းဈေး။ အမှတ် (၂၈)၊ ပဥ္စမထပ်၊ မင်းလမ်း၊ စမ်းချောင်းမြို့နယ်။

**ရွှေထားဝယ်ရောင်းဝယ်ရေး**

နိုင်ငံတော်မှ တရားဝင် ခွင့်ပြုထားသော မော်တော်ကားများ တင်သွင်းခြင်း၊ ကားပါမစ်လျှောက်ထားခြင်း ကိစ္စများကိုဆောင်ရွက်ပေးပါသည်။

ဖုန်း- ၀၁-၄၀၀၈၀၅

**တစ်လ လေးသောင်းငှားမည်**

သီရိမြိုင်ဘူတာ မှတ်တိုင်မျက်စောင်းထိုး၊ ၆×၁၈ ပေ၊ ဗဟိုလမ်းမပေါ်၊ လှိုင်။ ဖုန်း- ၀၉-၇၃၀၄၉၅၄၃

**ဂျပန်ဘာသာသင်တန်း**

ဂျပန်နိုင်ငံသို့ သွားမည်သူများအတွက် စကားပြောသင်တန်းများနှင့် ဂျပန်စာကို အခြေခံမှစ၍ လေ့လာလိုသူများအတွက်။

ဖုန်း- ၀၉-၇၃၁၇၈၁၄၇

**ရောင်းမည်**

လက်ဖက်ရည်ဆိုင် လုပ်ငန်းသုံးပစ္စည်း တစ်ဆိုင်စာရောင်းမည်။

ဖုန်း- ၀၉-၇၃၁၁၈၅၃၄

**စာသင်+စာကျက်ဝိုင်း**

၂၀၁၂-၁၃ အတွက် Grade XI ဂုဏ်ထူး သီးသန့်(၅ ယောက်ဝိုင်း)။

ဖုန်း- ၀၉-၅၅၀၁၈၉၁

**WEC မှ သင်ကြားပေးသည်**

IGCSE, GCE 'O' & 'A', SAT I & II, Sec 3 & 4.ဘာသာစုံ အိမ်ဝိုင်းများကို စီစဉ်သင်ကြားပေးသည်။

ဖုန်း- ၀၉-၄၃၀၂၀၆၄၅

**အိမ်အရောက်ဝန်ဆောင်မှု**

Iitunes account (Free account) ရမည်၊ Software-latest games & applications, Hardware အိမ်အရောက် i phone ပြင်သည်။ ဖုန်း- ၀၉-၇၃၁၀၆၆၀၂

**ဝန်ဆောင်မှု**

လုပ်ငန်းကြော်ငြာများ၊ ထုတ်ကုန်ပစ္စည်းများနှင့်ကုမ္ပဏီ၏ အထူးအစီအစဉ်များကို ထူးခြားဆန်းသစ်စွာ ပြည်သူများကြား ထိုးဖောက်စေရန်။

ဖုန်း- ၀၉-၄၃၀၃၁၈၃၈

**အခမဲ့ပညာဒါန**

Applied Sale & Marketing လက်တွေ့အသုံးချအရောင်းနှင့် ဈေးကွက်ဖော်ဆောင်မှု ပညာရပ်အားစာတွေ့၊လက်တွေ့တစ်လပြတ် အခမဲ့သင်ကြားပေးသည်။

ဖုန်း- ၀၉-၇၃၁၉၅၄၆၉

**ကိုယ်စားလှယ်အလိုရှိသည်**

AY နွေမိုးဆောင်း အဆင့်မြင့်အထူးချုပ်ဖိနပ်၊ ကိုယ်စားလှယ်အလိုရှိသည်။ ဖုန်း- ၀၉-၄၃၀၃၁၃၅

**စေတနာရှင်များ အလိုရှိသည်**

သွေးကင်ဆာနှင့်သွေးလွန်တုပ်ကွေးကလေးငယ်များအတွက် Fresh Blood သွေးအလှူရှင်များ လိုအပ်နေပါသည်။

ဖုန်း- ၀၉-၇၃၀၃၉၅၉၁

**သင်ကြားပေးသည်**

Practical Computer Maintenance ကွန်ပျူတာများ Error မတက်အောင် Hardware ပိုင်း / OS ပိုင်း ကို ဘယ်လိုထိန်းသိမ်းမလဲ။ မိမိအိမ်မှာပဲသင်ချင်သူများအတွက် ရုံး၊အိမ်လိုက်သင်သည်။

ဖုန်း-၀၉-၄၉၂၂၇၃၆၅

**B.Sc နိုင်ဝင်း**

TV, LCD, PLASMA TV Projector, 2'UBC&AUDIO သီးသန့် အိမ်အရောက်ပြုပြင်ပေးသည်။

ဖုန်း- ၀၉-၉၉၇၂၁၃၅

**PROMISE**

FORIEIGN LANGUAGE CENTRE.

ဖုန်း- ၀၁-၂၂၉၆၀၁

**ON JOB TRAINING COURSES**

နိုင်ငံခြားသွား အမြန် Short Cut Method အလွယ်ကူဆုံးနှင့် အထိရောက်ဆုံးနည်းလမ်း၊ အိမ်ဝိုင်းသီးသန့်။ ဖုန်း- ၀၉-၇၃၀၉၀၉၇၂

**ဝန်ဆောင်မှု**

၁၀ တန်း၊ GCE, ILBC ဝိုင်းသီးသန့်။

ဖုန်း- ၀၉-၅၀၅၁၀၅၆

**အင်္ဂလိပ်စကားပြော**

Speaking, Grammar, Job Interview (entrance) တစ်ဦးချင်းသီးသန့်အိမ်လိုက်သင်သည်။

ဖုန်း- ၀၉-၇၃၀၇၂၃၆၂

7 DAY NEWS JOURNAL
Vol.10, No.33 • NOVEMBER 3, 2011

# စေတနာနောက်မှာပညာပါ။မပါ

■ လှတင့်ဆွေ(ပိန်းဇလုပ်)

ကျွန်တော်၏ ဝန်ထမ်းဘဝ အတွေ့အကြုံတစ်ခုဖြစ်ပါသည်။ ကိုယ်ကိုယ်တိုင်မှ စေတနာပါပါ တာဝန်ထမ်းဆောင်ခဲ့သော်လည်း နောက်မှာ ပညာပါ၊ မပါကိုတော့ စာရှုသူဆုံးဖြတ်ပါပေတော့။

ကျွန်တော် ရခိုင်ပြည်နယ်က ခရိုင်(၂)ခုတွင် ခရိုင်အကြီးအကဲ ဝန်ထမ်းဘဝဖြင့် ၂၀၀၀ ပြည့်နှစ်မှစ၍ တာဝန်ထမ်းဆောင်စဉ်က ဖြစ်ပါသည်။

ရခိုင်ပြည်နယ်သည် ခရိုင်မြို့(၄)ခရိုင်နှင့် မြို့နယ်(၁၇)မြို့နယ်၊ မြို့နယ်ခွဲ(၂)မြို့ရှိပါသည်။ လူဦးရေသိန်း ၃၀ ခန့် နေထိုင်ပြီး ဆန်စပါးဖူလုံမှုရှိသော ပြည်နယ်ဖြစ်ပါသည်။

ထူးခြားသည်မှာ စားသုံးဆီဖူလုံမှုအနေဖြင့် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် လူတစ်ဦး တစ်နှစ် ၄ ပိဿာ ၅၀ ကျပ်သားနှင့် တွက်ချက်သော်လည်း ရခိုင်တွင် လူတစ်ဦး ၂ ပိဿာ ၅၀ ကျပ်သားနှင့် တွက်ပါသည်။ (ဆီစားသုံးမှု နည်းပါးသည့်သဘောဖြစ်ပါသည်။)

ဆန်ဖူလုံမှုရှိသော ဆီဖူလုံမှုရှိသော ပြည်နယ်ဖြစ်သည့်အပြင် အရက်လည်း ဖူလုံပါသည်။ အရက်သောက်သုံးမှုများသဖြင့် တွဲလျက်ပါလာသော လူသတ်မှု၊ အဓမ္မမှုနှင့် အခြားအမှုကြီးများ၊ ထူးခြားဖြစ်စဉ်များ၊ ထူးဆန်းဖြစ်စဉ်များ ပူးတွဲဖြစ်တတ်လေ့ရှိပေသည်။

တစ်နေ့တွင် လူသတ်မှုဖြစ်စဉ်တစ်ခုကို စေ့ငုကြည့်ရာ အလွန်ခင်မင်ရင်းနှီးသော သူငယ်ချင်းနှစ်ဦး အရက်အတူတူသောက်ပြီး ဆိုင်မှပြန်လာကြရာ တစ်ဦးကို ကျန်တစ်ဦးက လမ်းတွင်ပင် ဓားနှင့်ထိုးသတ်ခဲ့သော အမှုတစ်ခုဖြစ်သည်။

ကျွန်တော်က တရားခံဖြစ်သူအား "မင်းသူငယ်ချင်းလား" တရားခံက "ဟုတ်ကဲ့ပါ"

"မင်းတို့ ရန်ငြိုးရန်စ ရှိခဲ့ဘူးလား" တရားခံက "မရှိပါ"

"လောလောဆယ် ရန်ဖြစ်လာခဲ့သလား" . . . "မဖြစ်ပါ"

"မဖြစ်ဘဲ ဘာဖြစ်လို့ သတ်လိုက်ရတာလဲကွာ" ဟု မေးရာ ၎င်းတရားခံမှ "သူက တအားမူးပြီး အော်အော်ဆဲနေတော့ ကျွန်တော် မသတ်လည်း အခြားတစ်ယောက်က သတ်မှာပဲ။ တခြားတစ်ယောက်ယောက်က သတ်ရင် သူတအားနာကျင်မှာ။ ကျွန်တော့်သူငယ်ချင်း မနာအောင် ကျွန်တော် တစ်ချက်တည်းနဲ့ ညင်ညင်သာသာ သတ်လိုက်တာပါဆရာ" တဲ့ ကဲ. . ကောင်းရော။ ဘုရားသာ တလိုက်မိတော့သည်။

ညင်ညင်သာသာ သေချင်သူများ . . . ။

၎င်းမြို့သို့ရောက်ပြီး ၄-၅ ရက်အကြာ နံနက် ၇ နာရီခန့် ဈေးအနီး လက်ဖက်ရည်ဆိုင်တွင် လူအများ(ဆိုင်အပြည့်)လက်ဖက်ရည်သောက်နေသည်ကို တွေ့ရှိရသဖြင့် ကျွန်တော်က တပည့်ဖြစ်သူအား "ဟိုး . . လက်ဖက်ရည် လူအပြည့်ပဲကွ . . ဘာကောင်း သလဲ" ဟု မေးရာ

တပည့်မှ ပြုံးစေ့စေ့ဖြင့် "အဲဒါ လက်ဖက်ရည်ဆိုင် မဟုတ်ဘူးဆရာ၊ အရက်ဆိုင်၊ ခနိကချက်တဲ့ အရက်ရောင်းတဲ့ဆိုင်" ဟု ဆိုသဖြင့် ရှမ်းပြည်နယ်ဘက် ဈေးနေ့များတွင်ထက် သောက်ချိန်စောနေသဖြင့် သြချရပြန်လေသည်။

ကျွန်တော်လည်း အမှု၊ အခင်းများ များပြားခြင်း၊ အရက်သောက်သူများ များပြားခြင်း၊ အရူးများ များပြားခြင်း စသည့်အချက်များကြောင့် ခနိအရက်ကို နှိမ်နင်းမှ ဖြစ်တော့မည်ဟု ဆုံးဖြတ်ပြီး ခရိုင်လူကြီးများအား တိုင်ပင်ရာ ၎င်းတို့ကကောင်းပါသည်။ လုပ်သင့်ပါသည်ဟုဝိုင်းပြီးထောက်ခံခဲ့သဖြင့် (မြှောက်ပေးသဖြင့်) ကျွန်တော် တက်ကြွစွာဖြင့် ခနိအရက်များအား စတင်နှိမ်နင်းရန် စီမံရပါတော့သည်။

ခနိမှ ချက်သောအရက်သည် ကျွန်တော်တို့ ရခိုင်အပါအဝင် ကမ်းရိုးတမ်းဒီရေရောက်ရှိသော ဒေသများတွင် အလွန်ပေါပါသည်။ ဈေးလည်း ချိုပါသည်။ ၂၀၀၀ ပြည့်နှစ်ပတ်ဝန်းကျင်က တစ်ပုလင်း ၂၅၀ ကျပ်ဝန်းကျင်သာ ရှိပါသည်။ အမူးကာလတာရှည်ခံသည်ဟုလည်း လေ့လာသိရှိရပါသည်။

သို့ပါ၍ ခနိအရက်များ မချက်ရန် တားမြစ်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း မပြုရန်၊ ရောင်းဝယ်ခြင်း မပြုရန် အမိန့်များထုတ်ပြန်ပါသည်။ ဖမ်းဆီးရမိသော အရက်များကိုလည်း ဘုတ်အဖွဲ့များဖွဲ့၍ ဓာတ်ပုံမှတ်တမ်းများဖြင့် ဌာနဆိုင်ရာနှင့် အင်န်ဂျီအိုများ၊ ရပ်မိရပ်ဖများရှေ့တွင်ပင် ဖျက်ဆီးခြင်းများ ပြုလုပ်ခဲ့ပါသည်။

ထိုသို့ ဖျက်ဆီးခြင်းအား ပထမအကြိမ် မြို့နှင့် ခပ်လှမ်းလှမ်းရှိ ကားလမ်းဘေး ချိုင့်ကျင်းကြီးကြီးထဲသို့ သွန်ပစ်ရာ အနံ့ဆိုးရွားလွန်းသဖြင့် လမ်းသွား၊ လမ်းလာများအား ရက် ၂၀ ခန့် ဒုက္ခပေးခဲ့ပေသည်။

နောက်တစ်ကြိမ်တွင် ပင်လယ်ထဲသို့ သွန်ချခဲ့ရာ ပင်လယ်အတွင်း ရေအကြည်တွင် မြင်နေရသော ငါးအပေါင်း အရက်မူး၍ သေဆုံးသည်ကို မြင်ရပြန်သဖြင့် ကျန်အရက်များကို ကျင်းတူးပြီး မြေမြှုပ်၊ မြေပြန်ဖို့ခြင်းများ ဆောင်ရွက်မှသာ အနံ့ဆိုးဒဏ်နှင့် ငါးများသေဆုံးခြင်းမှ လွတ်မြောက်လေတော့သည်။

များမကြာမီ အချိန်ကာလများတွင်ပင် မြို့တွင်း၌ ခနိအရက်များ ဖမ်း၍ မနိုင်လောက်အောင်ပင် နေရာပြောင်းရွှေ့ထားခြင်း၊ မြို့အပြင်တွင် ထားခြင်း၊ သောက်သုံးမှုများမှာ တားဆီး၍ မရနိုင်သဖြင့် အကြောင်းအရင်းကို စုံစမ်းထောက်လှမ်းဖော်ထုတ်ရသော် -

လုပ်ငန်းတာဝန်တစ်ခုခုဖြင့် ကျွန်တော်သည်ခရိုင်မြို့၏ ပြင်ပသို့ လည်းကောင်း၊ ပြည်နယ် အစည်းအဝေးများသို့လည်းကောင်း၊ ခရီးထွက်ရသည်ရှိသော် ဌာနဆိုင်ရာများသည် ကား၊ ထော်လာဂျီ၊ ဆိုင်ကယ်များဖြင့် စကားပြောစက်ငယ် များသုံး၍ အချိန်းအချက်ပြုပြီးသယ်ယူကြကြောင်း၊ ကျွန်တော့်ရုံးအဖွဲ့များထံမှ ကျွန်တော့်ခရီးစဉ်များကို သိရှိနေကြောင်းသိရှိရလေသည်။

ကျွန်တော်က အသက်ရှည်နေရရန်၊ အမှုအခင်းများ လျော့ပါးစေရန် စေတနာဖြင့် ဆောင်ရွက်ခဲ့သော်လည်း ခနိမှ ချက်လုပ်သော အရက်ကို ထိုသို့ နှိမ်နင်းလိုက်သောအခါ သယ်ယူပို့ဆောင်စရိတ်၊ ချက်လုပ်ခစရိတ်၊ ဟိုပေးဒီပေးစရိတ်(ငွေညှစ်ကောင်းသော)များတက်လာပြီး အရက်များ ဈေးပိုတက်လာသည်သာ အဖတ်တင်ရပေသည်။

အထက်က ကြပ်မတ်ညွှန်ကြားမှုသည် မထိရောက်ဘဲ အောက်ခြေဌာနများမှ ဝန်ထမ်းများအတွက် အကြောင်းပြစရာ ကောင်းကောင်းနှင့် ငွေတောင်းရန်အချက်ဖြစ်သွားပေသည်။

အချို့သော ဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်များသည် အောက်ခြေဝန်ထမ်းများ လုပ်စားကိုင်စားရန် ထွက်ပေါက်ဖြစ်စေပါသည်။ (အစိုးရအဖွဲ့အကြီးအကဲများ၊ နိုင်ငံအကြီးအကဲများ သတိပြုစရာပါပဲ)

ကဲ. ဆိုတော့ကာ ကျွန်တော်၏ စေတနာနောက်တွင် ပညာပါ၊ မပါ စာရှုသူဆုံးဖြတ်ပါလေ။ ။



TRADEMARK CAUTION
Faces Cosmetics Group Inc, a Company incorporated in Canada at 30 Macintosh Blvd., Unit 6, Vaughan, Ontario L4K 4P1, Canada is the Owner and Sole Proprietor of the following Trademark:-

FACES

Reg: 4/ 10490 /2011
In respect of : " Cosmetics and toiletries namely nail enamel, cuticle lotion, eye masks, false eyelashes, eye shadow, eyeliner, lipstick, lip gloss, mascara, hair mascara, lip pencils, eyebrow pencils, skin bronzer gel, skin bronzing powder, sparkle gel for use on skin and hair, shimmer dust for skin, lip balm, skin bronzing products, namely lotions, creams, creams in tubes, powders, foundation and sprays; skin lotions; foot lotions, skin moisturizers, skin cleansers, exfoliating scrubs, shower gels, bubble baths, bath beads, bath salts, sun protection lotions, sunless tan sprays, sunless tan lotions, skin creams, soaps, deodorant, hair removal wax, pumice stones, nail glue, emery boards, nail polish remover, perfumes. Operation of a business selling cosmetics, toiletries and personal care products and services, beauty aids, jewellery and accessories."
Fraudulent imitation or unauthorized use of the said Trademarks shall be dealt with according to law.
U Myint Lwin, Advocate, LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myintadvocate@mptmail.net.mm
www.mlgadvocate.com
Ph : 371990 3 Nov.2011

## စာ-၉၊ အင်းသားတို့ ဆုံစည်းတဲ့နေ့ မှ

ယခင်က ရှမ်းစော်ဘွားများနှင့် ယင်းနောက်ပိုင်းတွင် အစိုးရပိုင်းမှ ပုဂ္ဂိုလ်များသာ သီးသန့်တက်ရောက်ခွင့်ရှိခဲ့ကြသည့် အင်းလယ် ဖိုလ်တဲသို့ ယခုကဲ့သို့ လူတန်းစားအနိမ့်အမြင့်မရွေး တက်ရောက်ခွင့်ရပြီး အထိမ်းအမှတ်ပွဲတော်ကြီးက တန်ဆောင်မုန်းလဆန်းတစ်ရက်ကစတင်ကာ နှစ်စဉ်ကျင်းပခွင့်ရကြတော့မည်ဖြစ်သဖြင့် ဒေသခံများအားလုံး အလွန်စိတ်လှုပ်ရှားပျော်နေခဲ့ကြသည်။

အရှယ်စုံဒေသခံအချို့က ရိုးရာအကများဖြင့် လှေများပေါ်တွင်လည်းကောင်း၊ ဖိုလ်တဲပေါ်တွင်လည်းကောင်း ကခုန်နေကြသည်။ ၎င်းတို့ထဲတွင် နိုင်ငံခြားသားခရီးသွားဧည့်သည် အမျိုးသားများကပါ အတူလိုက်ပါကခုန်နေသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အစိုးရသစ်တက်လာပြီးနောက်ပိုင်း ရှမ်းပြည်နယ်ကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်များ၏ တင်ပြချက်များမှ အစပြုဖြစ်လာသည့် ပထမဆုံးအကြိမ် ထိုအင်းသားဆုံစည်းရာနေ့ကိုကျင်းပရခြင်း၏ ရည်ရွယ်ချက်သုံးရပ်ရှိပါသည်။

တဖြည်းဖြည်းချင်း ဆုတ်ယုတ်လာပြီဖြစ်သည့် အင်းလေးကန်ရေရှည်တည်တံ့ခိုင်မြဲရေးသည် ထိုနေ့ကျင်းပရခြင်း၏ ရည်ရွယ်ချက်တစ်ခုဖြစ်သည်။ အမှိုက်သရိုက်နှင့် အညစ် အကြေးများ ကင်းစင်သည့် အင်းလေးကန်သန့်ရှင်းလှပရေးသည် ဒုတိယရည်ရွယ်ချက်ဖြစ်သည်။ အင်းသားများစုစည်းညီညွတ်စွာတည်ရှိရေးသည် တတိယရည်ရွယ်ချက်ဖြစ်သည်။

ယခု အစိုးရလက်ထက်မှစတင်ကာ နှစ်စဉ်ကျင်းပသွားရန် ဆောင်ရွက်သွားမည်ဟုငါးသောင်းဝန်းကျင်ရှိသော အင်းသားများအပါအဝင်လာရောက်အားပေးကြည့်ရှုသူများ၏ရှေ့တွင် မိန့်ခွန်းပြောကြားခဲ့သည့် အင်းတိုင်းရင်းသားရေးရာဝန်ကြီးဦးဝင်းမြင့်က "ရှမ်းပြည်နယ်အတွင်းမှာရှိတဲ့ ကယန်း၊ ပအို့ဝ်၊ ဓနု အစရှိတဲ့ အခြားတိုင်းရင်းသားအသီးသီးမှာ သူတို့ရဲ့ အမျိုးသားနေ့တို့၊ ဆုံစည်းရာနေ့တို့ဆိုတာတွေရှိကြတယ်။ ဒါကြောင့် အင်းလေးကန်နဲ့ အနီးအနားတစ်ဝိုက်မှာရှိကြတဲ့ အင်းသားတွေအနေနဲ့ ဒီလိုအထိမ်းအမှတ်နေ့မျိုးရှိသင့်တာကြောင့် လွှတ်တော်မှာတင်ပြခဲ့တာပါ။ အင်းသားတွေအနေနဲ့ စုစုစည်းစည်းအမြဲရှိပေမယ့် ဒီလိုမျိုးအများကြီး တစ်ခါမှ မဆုံစည်းခဲ့ကြဘူး။ ဒါကြောင့် နှစ်တိုင်းမှာ အင်းသားဆုံစည်းရာနေ့ကို ပုံမှန်ကျင်းပသွားပြီး အင်းလေးကန်နဲ့ပတ်သက်တဲ့ သဘာဝပတ်ဝန်းကျင်ဆိုင်ရာနဲ့ ဒေသခံတွေ စုစည်းမှုကိုထိထိရောက်ရောက်စတင်လုပ်ဆောင်သွားဖို့အတွက်ပါ"ဟုဆိုသည်။

ထိုနေ့ကို ကျင်းပနိုင်ရန်အတွက် ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များက လွှတ်တော်သို့ တင်ပြခဲ့ကြခြင်းဖြစ်ပြီး အဆိုပါအထိမ်းအမှတ်နေ့ပြုလုပ်ရန်အတွက် ခွင့်ပြုချက်မှာ တစ်လခန့်အကြာတွင် ပြန်လည်ကျလာခြင်းဖြစ်သည်။

ထူးခြားစွာလှပသော ထိုနေ့တွင် ဒေသခံအယောက် ၁၀၀ စီ ပါဝင်သည့် ရိုးရာခြေလှော်လှေအစီး ၅၀ ခန့်က လာရောက်ကြည့်ရှုသူများကို အလှပြဖျော်ဖြေကြသည်။ ထိုဖျော်ဖြေသူများထဲတွင် အသက်အရွယ် ၆၀ မှ ၇၀ ဝန်းကျင်ရှိပြီဖြစ်သည့် ဒေသခံ အင်းသားကြီးများက ရှမ်းအိုးစည်၊ ဝါးလက်ခုပ်၊ မောင်း၊ နှဲအစရှိသော တူရိယာများကိုကျွမ်းကျင်စွာအသုံးပြုကာ ကပြဖျော်ဖြေခဲ့ကြသည်။

ဒေသခံ အင်းသားများ ပထမဆုံး စုစည်းခွင့်ရခဲ့ကြသည့် ထိုပွဲတော်နှင့်ပတ်သက်ပြီးအသက် ၆၄ နှစ် ရှိပြီဖြစ်သည့် အင်းလေးကန် အနောက်ဘက်ကျေးရွာတွင်နေထိုင်သူဦးချစ်ညို က "အခုလိုမျိုး အင်းသူ၊ အင်းသားတွေပထမဆုံးတွေ့ဆုံပြီး ဒီလိုတိုင်းရင်းသားရိုးရာ အထိမ်းအမှတ်ပွဲကို ကျင်းပခွင့်၊ ဖိုလ်တဲကိုတက်ရောက်ခွင့်ရတာအရမ်းကြီးပျော်ပါတယ်။ ကျွန်တော်တို့တစ်သက် ဒေသရဲ့အထင်ကရနေရာမှာ ဒီလိုလုပ်တာ ဦးဆုံးပဲ။ ဒီတစ်ကြိမ်က တစ်သက်အပျော်ဆုံးပဲ။ အခုကက ဒီပွဲပြီးတဲ့နောက် အင်းသူ၊ အင်းသားတွေညီညွတ်ဖို့တကယ်လိုအပ်ပါတယ်။ အင်းလေးကန်ကိုလည်း ပိုပြီးထိန်းသိမ်းသွားဖို့ ပိုပြီးတာဝန်ရှိလာပါပြီ"ဟု အင်းသံဝဲဝဲဖြင့်ဆိုလာသည်။

ယခုကဲ့သို့ အင်းသားများ သီးသန့်တွေ့ဆုံပွဲတွင် ရေယာဉ်အမျိုးမျိုးဖြင့် စုဝေးရောက်ရှိလာကြသည့် လူဦးရေမှာ ထိုဒေသအတွက် ပထမဆုံးစံချိန်တင်အရေအတွက်ဖြစ်ခဲ့သည်။ ဒေသတွင်းအင်းသူ၊ အင်းသားများသာမက အနယ်နယ် အရပ်ရပ်နှင့်အခြားသော ပြည်ပနိုင်ငံများသို့ ရောက်ရှိနေကြသည့် အင်းသားများ တစ်နှစ်တစ်ကြိမ် ပြန်လည်ဆုံစည်းနိုင်ရန်ကိုလည်း ရည်ရွယ်ကြောင်း ရှမ်းပြည်နယ် ညောင်ရွှေမြို့ အမှတ်(၁)မှ လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဦးထွန်းအောင်ကပြောသည်။

ကမ္ဘာကျော် အင်းလေးကန်၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းအသီးသီးကို ယခုအင်းသားတွေ့ဆုံပွဲအပြီးတွင် ငါးနှစ်စီမံကိန်း၊ ဆယ်နှစ်စီမံကိန်းများဖြင့် အသီးသီးပြုလုပ်သွားရန်ရှိကြောင်း အင်းတိုင်းရင်းသားဝန်ကြီး ဦးဝင်းမြင့်ကဆိုသည်။ ထို့အပြင် ယခုအင်းပွဲတော်ကိုအကြောင်းပြုကာ ဒေသတွင်းသို့ ကမ္ဘာလှည့်ခရီးသွားများ ပိုမိုဝင်ရောက်ရန်ကိုလည်း အပြည့်အဝမျှော်မှန်းထားကြောင်း ယင်းပွဲတော်ကို စီစဉ်သူများကဆိုကြသည်။

"အဓိကအချက်က အခုခေတ် အင်းသားလူငယ်တွေအနေနဲ့ အင်းလေးကန်ကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းနိုင်ဖို့အရေးကြီးပါတယ်။ အင်းသူ၊ အင်းသားတွေ ပိုပြီးစည်းလုံးဖို့လည်း တော်တော်လေးအရေးကြီးပါတယ်။ ဒီလိုရည်ရွယ်ချက်တွေ အကောင်အထည်ဖော်ဖို့အတွက် တော်တော်လေးအရေးကြီးပါတယ်။ ဒီလိုရည်ရွယ်ချက်တွေ အကောင်အထည်ဖော်ဖို့အတွက် ဒေသခံတွေ စီးပွားရေးကောင်းဖို့လိုပါတယ်။ အဓိက စိုက်ပျိုးရေးဖြစ်တဲ့ ခရမ်းချဉ်သီးကို ဒီ့ထက်ဝင်ငွေတွေပိုကောင်းလာအောင် ဒေသခံတွေအတွက် ဆောင်ရွက်ပေးသွားဖို့ရှိပါတယ်"ဟု ဦးဝင်းမြင့်က ဆက်လက်ပြောသည်။


နံနက် ၇ နာရီဝန်းကျင်ခန့်ကပင် ရှမ်းတေးသွားများကြားတွင် ကခုန်ပျော်ရွှင်နေကြသည့် အင်းသူ၊ အင်းသားများ၏ ပျော်ရွှင်ခြင်းများက ညနေ ၃ နာရီကျော်အထိပင်မပြီးနိုင်အောင်ရှိနေပါသည်။

Environment

7 DAY NEWS JOURNAL

Vol.10, No.33 · NOVEMBER 3, 2011

# ဧရာဝတီတိုင်းဒေသကြီးတွင် ဒီရေတောစိုက်ခင်းထူထောင်ခြင်းနှင့် သဘာဝဘေးဒဏ်ခံ အဆောက်အအုံ JICA တည်ဆောက်မည်



ဓာတ်ပုံ-အင်တာနက်

**ထူးသန့်**

**နေပြည်တော်၊အောက်တိုဘာ- ၂၇**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင်၊ ဘိုကလေးမြို့နယ်အတွင်းရှိ ကဒုံကနိကြိုးဝိုင်းတွင် ဒီရေတောများ ပြန်လည်စိုက်ပျိုးခြင်း စီမံကိန်းကို ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ JICA က ၄ နှစ်အတွင်း အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ဒီရေတော စိုက်ခင်းဧက ၂,၈၅၀ ခန့်ရှိသော အဆိုပါစီမံကိန်းအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနနှင့်ပူးပေါင်း၍ ၂၀၁၀ပြည့်နှစ်ကစပြီး လူမှုရေး၊ သဘာဝပတ်ဝန်းကျင်နှင့် စီးပွားရေးဆိုင်ရာအချက်အလက်များကောက်ယူခဲ့ကာ စီမံကိန်းအတွက် အခြေခံဒီဇိုင်းမူကြမ်းကို ရေးဆွဲခဲ့ပြီး ဖြစ်ကြောင်းလည်းယင်းအဖွဲ့အစည်းကသတင်းထုတ်ပြန်သည်။

အဆိုပါစီမံကိန်းကိုလာမည့် ၂၀၁၂-၁၃ ဘဏ္ဍာရေးနှစ်မှ စတင် အကောင်အထည်ဖော်သွားမည်ဖြစ်ပြီး ဒီရေတောစိုက်ပျိုးခြင်းအပြင် သဘာဝဘေးအန္တရာယ်ဒဏ်ခံ အဆောက်အအုံတစ်ခုကိုလည်း တည်ဆောက်သွားမည်ဖြစ်ကြောင်း ၎င်းအဆောက်အဦးတွင် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးသင်တန်းများ၊ ဆွေးနွေးပွဲများကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယခုစီမံကိန်းဆောင်ရွက်နိုင်ခြင်းဖြင့် ဒေသခံပြည်သူများအတွက် အလုပ်အကိုင် အခွင့်အလမ်းနှင့် ဝင်ငွေများရရှိလာနိုင်ပြီး လေမုန်တိုင်းနှင့် လှိုင်းကြီးမှုကဲ့သို့သော သဘာဝဘေးအန္တရာယ်များမှလည်း အတိုင်းအတာတစ်ခုအထိကာကွယ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

JICA သည် ဧရာဝတီတိုင်းဒေသကြီးရှိ လယ်သမားများအတွက်လည်း အထွက်နှုန်းမြင့် စပါးမျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးနိုင်ရေးစီမံကိန်းတစ်ရပ်ကိုလည်းဆောင်ရွက်လျက်ရှိကြောင်း ထပ်မံသိရှိရသည်။

## Environment Cartoon



# အင်းတော်ချောင်းတွင် ငါးဖမ်းဆီးရန်လေလံချထားပေးခြင်း ရပ်ဆိုင်းရန်စီစဉ်

**အိဖြူမွန်**

**ရန်ကုန်၊ အောက်တိုဘာ- ၂၁**

အင်းတော်ကြီးဘေးမဲ့တော ဥယျာဉ်အတွင်းရှိ အင်းတော်ချောင်း(နမ်တိမ်အင်း)တွင် ငါးဖမ်းဆီးရန် လေလံချထားခြင်းကို ဆက်လက်ခွင့်မပြုရေးအတွက် ငါးလုပ်ငန်းဦးစီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း အင်းတော်ကြီး ဘေးမဲ့တောအုပ်ချုပ်ရေးမှူးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ဌာနဆိုင်ရာ အဆင့်ဆင့်ကိုတော့ စာပို့ထားတယ်။ အဓိကတော့ ဌာနအချင်းချင်း ညှိနှိုင်းဆောင်ရွက်ရမှာပေါ့" ဟု အထက်ပါပုဂ္ဂိုလ်က ပြောသည်။ အင်းတော်ကြီးကန် ဘေးမဲ့တော ဧရိယာအတွင်းဒေသအခေါ် နမ်တိမ်အင်းကို ငါးဖမ်းဆီးရန်ခွင့်ပြုထားခြင်းကို ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် တားမြစ်ထားခဲ့သည်။ ယခု ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင်ပြန်လည်လုပ်ကိုင်ခွင့်ပြုခြင်းနှင့် ပတ်သက်၍ ထပ်မံညှိနှိုင်းဆောင်ရွက်သွားမည်ဟု အထက်ပါပုဂ္ဂိုလ်က ပြောကြားသည်။

ယင်းနမ်တိမ်အင်းသည် အင်းတော်ချောင်းအဖြစ် အင်းတော်ကြီးကန်မှ မိုးကောင်းချောင်း အတွင်းသို့စီးဆင်းပြီး မိုးကောင်းချောင်းမှ ဧရာဝတီမြစ်ထဲသို့ စီးဝင်သည်။ ဧရာဝတီမြစ်အတွင်းမှ ငါးများသည်လည်း မိုးကောင်းချောင်းမှတစ်ဆင့် အင်းတော်ချောင်းသို့ လာရောက်ကျက်စားကြသည့်အပြင် အင်းတော်ကြီးကန်မှ ငါးများသည်လည်း အင်းတော်ချောင်းတွင် ကျက်စားကြကြောင်း ယခင်အင်းတော်ကြီးဘေးမဲ့တောအုပ်ချုပ်ရေးမှူးဟောင်းက ပြောသည်။

ငါးဖမ်းဆီးခွင့်လေလံချပေးသည့်အခါ အင်းတော်ချောင်းကိုကန်မှထွက်သောချောင်းပေါက်ဝမှ ချောင်းဝရွာအထိ ၁၀ မိုင်ပတ်လည်ကို ခွင့်ပြုလျက်ရှိသည်။ ၁၀ မိုင်ပတ်လည် နမ်တိမ်အင်းကို လေလံရသူတစ်ဦးက အပိုင်းလိုက် ငါးဖမ်းဆီးသူများအား ထပ်ဆင့်အခကြေးငွေဖြင့် လုပ်ကိုင်ခွင့်ပေးသည်။

"လေလံရတဲ့သူက မလုပ်ဘူး။ လုပ်မယ့်တံငါသည်ကို ဘယ်လောက်ဘယ်ရွေ့ပေးရမယ်ဆိုပြီး ပြန်ချပေးတယ်။ အဲဒီနေရာက ဘေးမဲ့တောဥယျာဉ်ဧရိယာထဲမှာပါသလို ဆောင်းခိုငှက်၊ ဘဲဟသာတွေ၊ ဘဲအုပ်စုတွေ ကျက်စားတယ်။ လုပ်ကိုင်တဲ့ တံငါသည်ကလည်း ၁၀ မိုင်ကို သူ့အပိုင်းနဲ့သူလုပ်ကြတော့ ရွာနဲ့ဝေးရင် အဲဒီမှာ အခြေချနေထိုင်တော့တာပဲ။ အာဆီယံအဆင့်ပါတဲ့ ဒီလိုအင်းတွေမှာ လေလံချပေးတာ မသင့်တော်ဘူး။ စီးပွားဖြစ်လုပ်ကိုင်နေတော့တွက်ခြေကိုက်ဖို့ လုပ်ကြမှာပဲ။ တစ်ပိုင်တစ်နိုင်ဒေသတွင်း စားဖို့ဆိုရင် တော်သေးတယ်" ဟု အင်းတော်ကြီးကန်ဘေးမဲ့တောအုပ်ချုပ်ရေးမှူးဟောင်းက ထပ်မံပြောသည်။

နမ်တိမ်အင်း (အင်းတော်ချောင်း)တွင် ဘဲအုပ်စုအပြင် ဝန်ပိုငှက်၊ ချည်ခင်စွပ်ငှက်၊ ကြိုးကြာနီနှင့် ကြိုးကြာညိုတို့ ကျက်စားကြကြောင်း အထက်ပါပုဂ္ဂိုလ်က ပြောသည်။






Tourism
7DAY NEWS JOURNAL
Vol.10, No.33 • NOVEMBER 3, 2011


# နိုင်ငံခြားရေးဝန်ကြီးရုံးဟောင်းအားဟိုတယ်ဖွင့်ရန် ပုဂ္ဂလိကကုမ္ပဏီတစ်ခုသို့ငှားရမ်း

**အောင်သူရ**

**ရန်ကုန်၊ အောက်တိုဘာ - ၂၆**

ရန်ကုန်မြို့ ပြည်လမ်းပေါ်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ရုံးဟောင်းအား ဟိုတယ်ပြုလုပ်ရန် ပြည်တွင်း ကုမ္ပဏီတစ်ခုကို ငှားရမ်းလိုက်ပြီဖြစ်ကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မတီဥက္ကဋ္ဌဦးစိုးသိန်းကပြောကြားသည်။

“မူလ အဆောက်အအုံကို မပျက်စီးစေဘဲ ဟိုတယ်လုပ်ခွင့်ပြုတာပါ။ နှစ် ၃၀+၁၀+၁၅+၁၅ပါ” ဟုဦးစိုးသိန်းက ပြောကြားသည်။



ဟိုတယ်ဖြစ်တော့မည့် နိုင်ငံခြားရေးဝန်ကြီးရုံးဟောင်း ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

ထို့အပြင် ရန်ကုန်မြို့တွင်းရှိ ရှေးဟောင်းအဆောက်အအုံအချို့ကိုလည်း ဟိုတယ်ဆောက်လုပ်ရန် ငှားရမ်းပါက ခွင့်ပြုမည်ဖြစ်ပြီး အထင်ကရနှင့် သမိုင်းနောက်ခံရှိသော ရှေးဟောင်းအဆောက်အအုံများကိုမူ ဟိုတယ်ဆောက်လုပ်ရန် ငှားရမ်းခွင့်ပြုမည်မဟုတ်ကြောင်း ဦးစိုးသိန်းက ဆက်လက်ပြောကြားသည်။

“ဥပမာ - အတွင်းဝန်ရုံးတို့ ယခင် ဗဟိုတရားရုံးအဆောက်အအုံတို့ကိုတော့ ဟိုတယ်ဆောက်ခွင့် ငှားပေးမှာမဟုတ်ဘူး” ဟုဦးစိုးသိန်းကပြောကြားသည်။

“ပထမတန်းစားထဲက အချို့တွေကို အစိုးရကြီးကြပ်မှုနဲ့ ပုဂ္ဂလိကဆောင်ရွက်ခွင့်ပေးမှာ ပါ။ စစ်ရေယာဉ် မေယုဆိုရင်လည်း ပြတိုက်အဖြစ် လုပ်ထားပါတယ်” ဟု ဝန်ကြီးကဆိုသည်။

ထိုကဲ့သို့ အထင်ကရအဆောက်အအုံများအား ရှေးဟောင်းအဆောက်အအုံအဖြစ်ထားကာ ဝင်ကြေးဖြင့် ပြသမည်ဖြစ်ပြီး အဆောက်အအုံထဲတွင် ကော်ဖီဆိုင်နှင့် အမှတ်တရပစ္စည်းဆိုင်အချို့ ဖွင့်ခွင့်ပေးမည် ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ရန်ကုန်မြို့ရှိကမ္ဘာအေးဘုရားလမ်းပေါ်ရှိအမှတ်(၂) စက်မှုဝန်ကြီးဌာန၊ ဗိုလ်တထောင်ရှိကုန်သွယ်ရေးအဆောက်အအုံ၊ ဆယ်သွယ်ရေးရုံး၊ ပို့ဆောင်ရေးရုံးနှင့် မီးရထားရုံး၊ တက္ကသိုလ် အဆောင်အချို့၊ စစ်ရုံးအတွင်းရှိမော်တော်ယာဉ်ဝင်းတို့အား ဟိုတယ်တည်ဆောက်လိုပါက ငှားရမ်းနိုင်သည်ဟု ဟိုတယ်လုပ်ငန်းရှင်များအသင်း(ရန်ကုန်ဇုန်) ဥက္ကဋ္ဌဦးတင်ဝင်းကပြောကြားသည်။

ယခုနှစ်တွင် ဧည့်သည်ဝင်ရောက်မှုများလာသဖြင့် ရန်ကုန်မြို့ရှိ ဟိုတယ်များမှာ ဧည့်သည်ပြည့်လျက်ရှိပြီး ယခုထက်ပိုမိုဝင်ရောက်ပါက ဟိုတယ်အခန်း လုံလောက်မှုမရှိနိုင်ကြောင်း သိရှိရသည်။ ဟိုတယ် ငှားရမ်းခွင့်ပြုမည့် အဆောက်အအုံများမှာ ၂၀၁၃ ဆီးဂိမ်းစ်နှင့် ၂၀၁၅ ခုနှစ်အတွက် ပြင်ဆင်ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

## ထိုင်းသို့သွားမည့် မြန်မာခရီးသွားအချို့ ခရီးစဉ်ဖျက်သိမ်း

**အောင်သူရ**

**ရန်ကုန်၊ အောက်တိုဘာ - ၂၇**

ထိုင်းနိုင်ငံအနှံ့အပြားတွင် ရေကြီးမှုများဖြစ်ပေါ်နေသဖြင့် ထိုင်းနိုင်ငံသို့သွားရောက်ရန် စီစဉ်ထားသူများ ခရီးစဉ်ရွှေ့ဆိုင်းမှုများရှိလာကြောင်း သတင်းရရှိသည်။

“စီးပွားရေးအရသွားနေတဲ့ လူတွေကသိပ်မဖျက်ကြဘူး။ Package Tour နဲ့သွားမယ့်လူတွေတော့ ခရီးစဉ်ရွှေ့ပြောင်းမှုရှိပါတယ်” ဟု အပြည်ပြည်ဆိုင်ရာမြန်မာ့လေကြောင်းလိုင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ထို့အတူ အဲအေးရှားလေကြောင်းလိုင်းဖြင့် ထိုင်းနိုင်ငံသို့ သွားရောက်မည့်သူများမှာ ခရီးစဉ်ရွှေ့ဆိုင်းမှုများ ပြုလုပ်လာကြကြောင်း အဆိုပါလေကြောင်းလိုင်းမှ တာဝန်ရှိသူကပြောကြားသည်။

“ဒီရက်ထဲမှာ သွားမလို့လုပ်ထားပြီး မသွားဖြစ်တဲ့ လက်မှတ်တွေကိုသက်တမ်းတိုးပေးပါတယ်။ နောက် Full Refund ပြန်လုပ်ပေးပါတယ်” ဟု အပြည်ပြည်ဆိုင်ရာ မြန်မာ့လေကြောင်းလိုင်းမှ ဒေါ်အေးမရသာကပြောသည်။

Package Tour ဖြင့် သွားရောက်မည့် ခရီးသည်များကို နိုဝင်ဘာလလယ်အထိ ရွှေ့ပြောင်းပေးထားကြောင်း အဆိုပါလေကြောင်းလိုင်းမှ တာဝန်ရှိသူကပြောသည်။

ထိုင်းနိုင်ငံတွင် ဆယ်စုနှစ်တစ်ခုအတွင်း အဆိုးရွားဆုံးရေကြီးမှုဖြစ်ပေါ်နေပြီး မကြာသေးမီရက်ကပင် ပြည်တွင်းခရီးစဉ်များ ပျံသန်းပေးနေသော ဒွန်မောင်းလေဆိပ်အား ပိတ်ထားလိုက်ရသည်။

# အပြည်ပြည်ဆိုင်ရာမြန်မာ့လေကြောင်းလိုင်းက ရန်ကုန် - ဖနွမ်းပင်ခရီးစဉ် တစ်ပတ်နှစ်ကြိမ်ပျံသန်းမည်

**အောင်သူရ**

**ရန်ကုန်၊ အောက်တိုဘာ - ၂၇**

အပြည်ပြည်ဆိုင်ရာမြန်မာ့လေကြောင်းလိုင်း(MAI)က နိုဝင်ဘာ ၂ရက်မှစ၍ ရန်ကုန်မြို့မှ ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့သို့ တစ်ပတ်လျှင် နှစ်ကြိမ်ပျံသန်းမည်ဟု အဆိုပါလေကြောင်းလိုင်းမှ ဒေါ်အေးမရသာကပြောသည်။

ပျံသန်းမည့်ခရီးစဉ်မှာ ရန်ကုန်-စီရမ်ရိ-ဖနွမ်းပင်-ရန်ကုန်သို့ အပတ်စဉ် ဗုဒ္ဓဟူးနှင့်စနေနေ့များတွင် ပျံသန်းမည်ဖြစ်သည်။

အဆိုပါခရီးစဉ်အတွက်လေယာဉ်လက်မှတ်ခမှာ ဒေါ်လာ ၂၂၀ အထက်ရှိပြီး မြန်မာနိုင်ငံမှ ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့သို့ သွားရောက်လိုပါက ဆိုက်ရောက်ဗီဇာဖြင့် သွားရောက်နိုင်သည်။

ထို့အတူ ဖနွမ်းပင်မှတစ်ဆင့် မြန်မာနိုင်ငံသို့ အပြည်ပြည်ဆိုင်ရာ မြန်မာ့လေကြောင်းလိုင်းဖြင့် လာရောက်သော နိုင်ငံခြားသားများကို ဆိုက်ရောက်ပြည်ဝင်ခွင့်ပေးမည်ဟုအဆိုပါလေကြောင်းလိုင်းမှ တာဝန်ရှိသူများက ပြောကြားသည်။

ထို့အပြင်အဆိုပါလေကြောင်းလိုင်းသည်ယခင်က တစ်ပတ်လျှင် ၁၀ကြိမ်ပျံသန်းနေသော ရန်ကုန်-စင်ကာပူခရီးစဉ်အား နိုဝင်ဘာလမှစ၍ ၁၂ကြိမ် ပျံသန်းမည်ဖြစ်ပြီး ဂယာမြို့သို့ တစ်ပတ်တစ်ကြိမ်မှ နှစ်ကြိမ် တိုးချဲ့ပျံသန်းမည်ဖြစ်သည်။

အပြည်ပြည်ဆိုင်ရာမြန်မာ့လေကြောင်းလိုင်းသည် ပုဂ္ဂလိကသို့ လွှဲပြောင်းလုပ်ကိုင်ခွင့်ပြုပြီးနောက်တွင် Air Bus A-320 လေးစီးဖြင့် ပျံသန်းလျက်ရှိပြီး အောက်တိုဘာ ၂၇ ရက်တွင် လူ ၂၂၀ ဦးစီးနိုင်သော Air Bus A-321 တစ်စီး ထပ်မံရောက်ရှိလာခဲ့သည်။







7 DAY NEWS JOURNAL
Vol.10, No.33 · NOVEMBER 3, 2011




























7DAY NEWS JOURNAL
Vol.10, No.33 · NOVEMBER 3, 2011

# ထိုင်းအစိုးရက ရေဘေးဒဏ်ခံ ပြည်နယ် ၂၁ ခုတွင် အထူးအားလပ်ရက်များကြေညာ

**ဘန်ကောက်၊ အောက်တိုဘာ - ၂၅**

ထိုင်းအစိုးရအဖွဲ့သည်ဘန်ကောက်အပါအဝင် နိုင်ငံ၏ ရေဘေးဒဏ်ခံပြည်နယ် ၂၁ ခု၌ အောက်တိုဘာ ၂၇-၂၈ နှင့် ၃၁ ရက်တို့ကို တရားဝင်အားလပ်ရက်များအဖြစ် သတ်မှတ်ကြေညာပေးရန် ဆုံးဖြတ်ခဲ့သည်။ ယခုကဲ့သို့ တရားဝင်အားလပ်ရက် ကြေညာပေးရခြင်းမှာ ယင်းဒေသများမှပြည်သူများအနေဖြင့် နောက်ထပ်ဖြစ်နိုင်ဖွယ် ရေလွှမ်းမိုးမှုများကို ရင်ဆိုင်နိုင်ရန်အတွက် အချိန်ပိုရစေရန် ရည်ရွယ်ခြင်းဖြစ်သည်။ မြို့တော်ဘန်ကောက်တွင်လည်း အောက်တိုဘာ ၂၆ မှ ၃၁ ရက်အထိပင်လယ်ရေမြင့်တက်မှု ကြုံတွေ့ရဖွယ်ရှိပြီး မြစ်ကမ်းဘေးနေရာများနှင့် ရေကြီးနေဆဲနေရာများမှ ပြည်သူများ အနေဖြင့် ရေဘေးဒဏ်ထပ်မံရင်ဆိုင်ရဖွယ်ရှိနေသည်။

ထို့ကြောင့် အောက်တိုဘာ ၂၇ မှ ရုံးပိတ်ရက် စနေ၊ တနင်္ဂနွေနှစ်ရက်အပါအဝင် ရုံးပိတ်ရက်ငါးရက်သည်ပြည်သူများအတွက် ပင်လယ်ရေတက်လာစဉ် အရေးပေါ်ရေကြီးမှု အန္တရာယ်တုံ့ပြန်နိုင်ရန်အချိန်ပိုမိုရရှိစေမည်ဖြစ်သည်။ ဘန်ကောက်မြို့တော်သည် ကျောက်ဖရားမြစ်ဝှမ်းဒေသတွင် တည်ရှိပြီး လူဦးရေ ၁၀ သန်း ရှိသည်။ ယင်းမြို့သည်ပင်လယ်ရေမျက်နှာပြင်အထက် နှစ်မီတာသာ မြင့်သောကြောင့် ရေကြီးမှုဒဏ်အမြင့်ဆုံး ခံရဖွယ်ရှိနေသည်ဟု သိရသည်။

*—Ref: Xinhua*


Photo-AP




# ဘာလီထိပ်သီးဆွေးနွေးပွဲတွင် ကုလနှင့် အာဆီယံ ပူးတွဲကြေညာချက်ထုတ်ပြန်မည်

**ဂျကာတာ၊ အောက်တိုဘာ - ၂၅**

အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)နှင့် ကုလသမဂ္ဂအဖွဲ့ကြီးတို့သည် နိုဝင်ဘာလ ၁၄ ရက်မှ ၁၉ရက်အတွင်း အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းတွင် ကျင်းပမည့် (၁၉)ကြိမ်မြောက် အာဆီယံထိပ်သီးဆွေးနွေးပွဲ၌ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှုရေးဆိုင်ရာ ပူးတွဲကြေညာချက်တစ်ရပ်ကိုလက်မှတ်ရေးထိုးထုတ်ပြန်နိုင်ရန် မျှော်လင့်ထားကြောင်း သိရသည်။

အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒေသဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဒါရိုက်တာ ဟိုဆေးတာဗာရက်ဇ်ကလည်း "ကျွန်တော်တို့ဟာ အာဆီယံအဖွဲ့ဝင်နိုင်ငံတွေနဲ့ ကုလသမဂ္ဂအကြား နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှုရေးရာ ပူးပေါင်းဆောင်ရွက်ဖို့ ကျယ်ပြန့်တဲ့သဘောတူကြေညာချက်တစ်ရပ်ကိုထုတ်ပြန်ဖို့ရှိပါတယ်။ ကြေညာချက်က အလွန်အသေးစိတ်ကျပြီး ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရုံးမှာ အခု ဆွေးနွေးမှုတွေလုပ်နေပါတယ်"ဟု သတင်းထောက်များကို ပြောသည်။

ထို့အပြင် ၎င်းက ကြေညာချက်အပေါ် အခြေခံ၍ နှစ်ဖက်ဆက်လက်ပူးပေါင်းဆောင်ရွက်မည့်ကိစ္စများရှိလာမည်ဖြစ်ကြောင်း ဆိုသည်။ ၎င်းက ကုလသမဂ္ဂနှင့် အာဆီယံကြား ကြေညာချက်ကို အာဆီယံနိုင်ငံ အကြီးအကဲများနှင့်ကုလသမဂ္ဂအတွင်းရေးမှူးချုပ်တို့ လက်မှတ်ရေးထိုးမည်ဟုပြောသည်။

*—Ref: Xinhua*

# မလေးရှားနိုင်ငံတွင် ဂျပန်သူနာပြုတစ်ဦးကို မူးယစ်ဆေးဝါးမှုဖြင့် သေဒဏ်ချမှတ်

**ကွာလာလမ်ပူ၊ အောက်တိုဘာ - ၂၆**

မူးယစ်ဆေးဝါး တရားမဝင်သယ်ဆောင်ခြင်းအတွက် ဂျပန်သူနာပြုဆရာမတစ်ဦးကို မလေးရှားတရားရုံးက ကြိုးမိန့်သေဒဏ်ချမှတ်လိုက်ကြောင်း သိရသည်။

မာရီကိုတာကေးချီ(၃၇ နှစ်)သည် ၂၀၀၉ ခုနှစ်အောက်တိုဘာ ၃၀ ရက်တွင် ဒူဘိုင်းမှနေ၍ ကွာလာလမ်ပူနိုင်ငံတကာလေဆိပ်သို့ရောက်ရှိလာခဲ့ချိန်တွင်မက်သာဖက်တမင်း မူးယစ်ဆေးဝါး ၃ ဒသမ ၅ ကီလိုဂရမ်အား လက်ဆွဲသေတ္တာငယ်ထဲတွင် သယ်ဆောင်လာခြင်းအတွက် ပြစ်မှုထင်ရှားကြောင်း မလေးရှားနိုင်ငံ ဆီလန်ဂေါ်ပြည်နယ်တရားရုံးချုပ်ကတွေ့ရှိခဲ့သည်။ ၎င်းမှာမူးယစ်ဆေးဝါးတရားမဝင်သယ်ဆောင်မှုအတွက် မလေးရှားနိုင်ငံတွင် ပထမဦးဆုံးပြစ်ဒဏ်ချမှတ်ခံရသည့်ပထမဦးဆုံး ဂျပန်နိုင်ငံသား ဖြစ်သည်။

တရားရုံးဆုံးဖြတ်ချက်ကို အယူခံဝင်သွားမည် ဖြစ်ကြောင်း မစ္စတာတာကေးချီ၏ ရှေ့နေမိုဟာမက်ရာဖစ်ရာဟင်က ပြောကြားသည်။ သူမသည် မူးယစ်ဆေးဝါး ပါရှိသည်ကို လုံးဝမသိရှိဘဲ၎င်းလက်ဆွဲသေတ္တာအား အီရန်နိုင်ငံသား ခင်မင်ခဲ့သူတစ်ဦးအတွက် ကူညီသယ်ဆောင်လာခြင်းဖြစ်ကြောင်း မစ္စတာကေးချီ၏ ပြောကြားမှုကို မလေးရှား တရားရုံးက ပယ်ချခဲ့သည်။ မလေးရှားနိုင်ငံတွင်မူးယစ်ဆေးဝါးမှုများအတွက် ပြစ်မှုထင်ရှားပါက မဖြစ်မနေသေဒဏ်ချမှတ်ရန် ဥပဒေပြဋ္ဌာန်းထားသည်။

*—Ref: AP*

7 DAY NEWS JOURNAL
Vol.10, No.33 · NOVEMBER 3, 2011

# International

## နောက်ကျောဖုံး - ကြွေးမြီအကျပ်အတည်း အဆုံးသတ်ရေး ဂျီ-၂၀ အဖွဲ့အား ဥရောပခေါင်းဆောင်များတိုက်တွန်း မှ

"ဒီအချက်တွေကိုကျွန်တော်တို့ တက်တက်ကြွကြွနဲ့ အချိန်မီအကောင်အထည်ဖော်ပါမယ်။ ဒီလို အရေးယူဆောင်ရွက်ရင် အကျပ်အတည်းကို အလျင်အမြန်ပြီးပြတ်အောင် အထောက်အကူဖြစ်မယ်လို့လည်း ကျွန်တော်တို့ယုံကြည်စိတ်ချပါတယ်" ဟု ဥရောပခေါင်းဆောင်များကပြောကြား သည်။

"သို့သော် ဥရောပက ကိုယ့်ဘက်ပိုင်းကိုယ်တာဝန်ယူနေစဉ်မှာပဲ ဒီတစ်ခုတည်းနဲ့တော့ ကမ္ဘာ့စီးပွားရေးပြန်ကောင်းလာဖို့အာမမခံနိုင်ပါဘူး။ ဒီအတွက် ဂျီ-၂၀ လက်တွဲဖော်များရဲ့ စုပေါင်းတာဝန်ယူမှု၊ အများကောင်းကျိုးရည်မှန်းချက်နဲ့ ပူးပေါင်းအရေးယူဆောင်ရွက်မှု လိုအပ်နေဆဲပဲဖြစ်ပါတယ်"ဟု ဥရောပခေါင်းဆောင်များ၏ ပန်ကြားလွှာတွင်ရေးသားထားသည်။

ဥရောပခေါင်းဆောင်များသည် ကြွေးမြီအကျပ်အတည်းအတွက်ယခုသီတင်းပတ်ဂျီ-၂၀ထိပ်သီးဆွေးနွေးပွဲမတိုင်မီ သဘောတူညီချက်တစ်ရပ်ရရှိရန် ဖိအားများရင်ဆိုင်ခဲ့ရသည်။ ဂျီ-၂၀ ထိပ်သီးအစည်းအဝေးတွင်လည်း ၎င်းတို့၏အစီအစဉ်ကို အမေရိကန်နှင့်တရုတ်နိုင်ငံများအား ရှင်းလင်းပြောကြား၍ ချေးငွေရရှိနိုင်ရန်ကြိုးပမ်းရမည်ဖြစ်သည်။

ဘရပ်ဆဲလ်တွင် ရရှိခဲ့သောသဘောတူညီချက်အရ ဥရောပငွေကြေးသုံး ယူရိုဇုန်အနေဖြင့် ဂရိနိုင်ငံ၏ကြွေးမြီ ၅၀ ရာခိုင်နှုန်းကိုပယ်ဖျက်ပေးပြီး ယင်းအတွက် အထိနာခဲ့သော ဘဏ်များအား ငွေကြေးအင်အား ပြန်လည်တောင့်တင်းစေရန် တရုတ်နှင့်ဘရာဇီးကဲ့သို့ စီးပွားရေးအင်အားကြီးနိုင်ငံများထံမှ အကူအညီရယူ၍ ယူရို ၄၄၀ ဘီလီယံကယ်ဆယ်ရေးရန်ပုံငွေအား ပိုမိုခိုင်မာအောင် ကြိုးပမ်းရမည်ဖြစ်သည်။

—Ref: AFP



Leader's Profile

# အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌ မစ္စတာ ဟာရူဟီကို ကူရိုဒါ

ရဲမင်း

မစ္စတာ ဟာရူဟီကိုကူရိုဒါသည် အာရှဖွံ့ဖြိုးရေးဘဏ် ADB ၏အကြီးအကဲဖြစ်သလို ADB ဒါရိုက်တာဘုတ်အဖွဲ့၏ဥက္ကဋ္ဌလည်းဖြစ်သည်။ မစ္စတာကူရိုဒါသည် ၂၀၀၄ ခုနှစ်၊ နိုဝင်ဘာလတွင် ပထမဦးဆုံးအကြိမ် ADB အကြီးအကဲအဖြစ် ရွေးကောက်တင်မြှောက်ခံရပြီး ၂၀၀၆ ခုနှစ် နိုဝင်ဘာလတွင် ငါးနှစ်သက်တမ်းအတွက် ရွေးချယ်ခံခဲ့ရသည်။ ၂၀၁၁ ခုနှစ် ဒုတိယအကြိမ် ငါးနှစ်သက်တမ်းအတွက်လည်း ADB ဘုတ်အဖွဲ့က မစ္စတာကူရိုဒါကို ဆက်လက်ရွေးချယ်ထားသည်။

ကူရိုဒါအား ၁၉၄၄ ခုနှစ်တွင်ဂျပန်တောင်ပိုင်း ကျူးရှူးကျွန်း၌ မွေးဖွားခဲ့သည်။ တိုကျိုတက္ကသိုလ်မှ ဥပဒေဘွဲ့ရရှိခဲ့ပြီး အောက်စဖို့ဒ်တက္ကသိုလ်မှ ဒဿနိကဗေဒဘာသာရပ်မဟာဘွဲ့ရရှိခဲ့သည်။ မစ္စတာကူရိုဒါသည် ၁၉၆၇ ခုနှစ်တွင် စီးပွားရေးပညာဘွဲ့ရရှိပြီးချိန်မှစ၍ ဂျပန်ဘဏ္ဍာရေးဝန်ကြီးဌာနတွင် ဝင်ရောက်တာဝန်ထမ်းဆောင်ခဲ့သည်။ ဂျပန်ဘဏ္ဍာရေးဝန်ကြီးဌာနတွင် နှစ်ပေါင်း ၃၀ ကျော်တာဝန်ထမ်းဆောင်ခဲ့ရာ၌ အဆင့်မြင့်တာဝန်များတိုးတက်ထမ်းဆောင်ရင်း ၁၉၉၆-၉၇ ခုနှစ်တွင် ဂျပန်နိုင်ငံ ဘဏ္ဍာရေးနှင့် ငွေကြေးဆိုင်ရာ အင်စတီကျူ့၏ဥက္ကဋ္ဌအဖြစ်လည်း တာဝန်ယူခဲ့သည်။

ယင်းမှနေ၍ မစ္စတာကူရိုဒါသည် နိုင်ငံတကာ ဘဏ္ဍာရေးဗျူရိုတွင် ညွှန်ကြားရေးမှူးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသည်။ ၎င်းဌာနတွင် ၂နှစ်တာဝန်ယူခဲ့ပြီး ၁၉၉၉-၂၀၀၃ ခုနှစ်အထိ ဂျပန်နိုင်ငံတကာရေးရာ ဘဏ္ဍာရေးဝန်ကြီးဌာန၏ ဒုတိယဝန်ကြီးအဖြစ်တာဝန်ထမ်းဆောင်သည်။ ၂၀၀၃-၂၀၀၅ ခုနှစ်တွင်မူ ဂျပန်အစိုးရအဖွဲ့အတွက် အထူးအကြံပေးအဖြစ်တာဝန်ယူခဲ့သည်။

၂၀၀၃-၂၀၀၅ ခုနှစ်တွင်မူ ဟီတိုဆူဘာရှိတက္ကသိုလ်ဘွဲ့လွန်စီးပွားရေးကျောင်းတွင် ပါမောက္ခအဖြစ်လုပ်ကိုင်ခဲ့သည်။ ငယ်စဉ်ကပင် တက္ကသိုလ်ပါမောက္ခဖြစ်ရန်စိတ်ကူးယဉ်ခဲ့သော မစ္စတာကူရိုဒါသည်ယင်းတက္ကသိုလ်တွင် ၂ နှစ်သာ လုပ်ကိုင်ခဲ့ပြီး ၂၀၀၅ ဇန်နဝါရီလတွင် အာရှဖွံ့ဖြိုးရေးဘဏ်၏ ဆဋ္ဌမမြောက်ဥက္ကဋ္ဌအဖြစ် တာဝန်ယူရန် တက္ကသိုလ် ပါမောက္ခအဖြစ်မှ နုတ်ထွက်ခဲ့ရသည်။

အာရှနိုင်ငံများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ADB ကကြီးမားသောအခန်းကဏ္ဍမှပါဝင်ခဲ့ခြင်းအတွက် ADB အကြီးအကဲရာထူးမှာ စိတ်လှုပ်ရှားစရာကောင်းကြောင်း ADB ဥက္ကဋ္ဌတာဝန်ယူပြီး ရက် ၁၀၀ ပြည့်ချိန်တွင် မစ္စတာကူရိုဒါက ပြောကြားခဲ့သည်။ နိုင်ငံတစ်နိုင်ငံတည်းအတွက်တာဝန်ထမ်းဆောင်ရခြင်းထက်နိုင်ငံပေါင်း ၆၃ နိုင်ငံအတွက် တာဝန်ယူရခြင်းမှာကြီးမားသောကွာခြားချက်ဖြစ်ကြောင်း မစ္စတာကူရိုဒါက ဆိုသည်။ အာရှဖွံ့ဖြိုးရေးဘဏ်အား ဒေသခံနိုင်ငံ ၄၅ နိုင်ငံနှင့် ဒေသခံမဟုတ်သောနိုင်ငံပေါင်း ၁၈ နိုင်ငံနှင့်ဖွဲ့စည်းထားသည်။

မစ္စတာကူရိုဒါ၏ ဦးဆောင်မှုအောက်တွင် ADB သည် လူတိုင်းခံစားခွင့်ရှိသော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ သဘာဝပတ်ဝန်းကျင်ကို ဆက်လက်ထိန်းသိမ်းနိုင်သောဖွံ့ဖြိုးမှုနှင့် ဒေသတွင်းပူးပေါင်းဆောင်ရွက်ရေးနှင့် ပေါင်းစည်းရေးတို့ကို အဓိက အာရုံစိုက်လုပ်ဆောင်ခဲ့ပြီး၎င်း၏လက်ထက်တွင် သုံးဆတိုးလာသော ADB ၏ရန်ပုံငွေ ကန်ဒေါ်လာ ၁၆၅ ဘီလီယံကို စီမံခန့်ခွဲလျက်ရှိသည်။

—Ref: ADB,Wikipedia

## နောက်ကျောဖုံး - အမေရိကန်အရှေ့ဘက်ကမ်းိုးတန်းဒေသတွင် နှင်းမုန်တိုင်းကျရောက်ပြီးနောက် နေအိမ်သုံးသန်းကျော် လျှပ်စစ်မီးပြတ်တောက် မှ



စိမ်းစိုနေသော သစ်ပင်၊သစ်ရွက်များပေါ်၌ နှင်းခဲများ စုပြုံနေ၍လည်း သစ်ပင်သစ်ကိုင်းများကျိုးကျကာ လျှပ်စစ်မီးပြတ်တောက်မှုကို ပိုမိုဆိုးရွားစေခဲ့ကြောင်း အမျိုးသားရာသီဥတုဌာန ပြောခွင့်ရပုဂ္ဂိုလ် ခရစ်ဗိုကာရိုကပြောသည်။

ဩဂုတ်လအတွင်း အိုင်ရင်းဟာရီကိန်းမုန်တိုင်းဒဏ်ခံခဲ့ရသည့် ကွန်နက်တီကတ်ပြည်နယ်မှ လူပေါင်း ၇၅၀,၀၀၀ အတွက်လည်း လျှပ်စစ်မီးအလျင်အမြန်ပြန်လည် ရရှိနိုင်ဦးမည်မဟုတ်သေးကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူး ဒန်နယ်၊ ပီ၊မာလွိုင်က သတိပေးပြောကြားသည်။

—Ref: PTI/BBC

## နောက်ကျောဖုံး - ကြွေးမြီအကျပ်အတည်း ကြုံတွေ့နေသော ဥရောပသို့ တ ုတ်သမတ သွားရောက် မှ

ဥရောပဘဏ္ဍာရေးတည်ငြိမ်မှုထောက်ပံ့ပေးရေးအဖွဲ့ (EFCF)၏အကြီးအကဲ ကလော့စ်ရက်ဂလင်းသည် တရုတ်နိုင်ငံသို့ သွားရောက်ခဲ့ပြီး ကန်ဒေါ်လာ ၁၀၀ ဘီလီယံကတိကဝတ်ရရှိရန် ကြိုးပမ်းခဲ့သည်ဟု သတင်းများကဆိုသည်။

အကျပ်အတည်းအား ကိုင်တွယ်ရန် ဥရောပခေါင်းဆောင်များ၏ နောက်ဆုံးအားကိုးမှု သဘောတူညီချက်ကို သမ္မတဟူကျင်တောင်က ကြိုဆိုခဲ့သော်လည်း တရားဝင်အားဖြင့် ဘေဂျင်းသည် ဥရောပဘဏ္ဍာရေးအကျပ်အတည်းတွင်ပါဝင်ပတ်သက်ရန် စိတ်အားထက်သန်မှုကို မပြသကြောင်း အေအက်ပီသတင်းတွင်ဖော်ပြသည်။

နိုဝင်ဘာ ၃ ရက်က ပြင်သစ်နိုင်ငံ ကိန်းစ်မြို့တွင် စတင်မည့် ဂျီ-၂၀ အစည်းအဝေးသို့ မတက်ရောက်မီ တရုတ်သမ္မတ ဟူကျင်တောင်နှင့် ဇနီးသည် ဩစတြီးယားနိုင်ငံတွင် နှစ်ရက်ကြာ လည်ပတ်မည်ဖြစ်သည်။

—Ref: AFP

## နောက်ကျောဖုံး - ဘန်ကောက်ရေလွှမ်းမိုးမှု ဆိုးရွားနေဆဲ မှ

ရေများ ပြည့်လျှံနေသော ချောင်ဖရားမြစ်တစ်လျှောက် အရေးပေါ်အခြေအနေအဖြစ် သဲအိတ်တံတိုင်းများချထားခဲ့ခြင်းကြောင့် ဘန်ကောက်မြို့ ရေလွှမ်းမိုးသွားနိုင်သည်ဆိုသော စိုးရိမ်မှုများကို လျော့ပါးစေခဲ့သည်။

စီးပွားရေးနှင့် ဈေးဝယ်စင်တာအများအပြားရှိရာ ရပ်ကွက်များအပါအဝင် ဘန်ကောက်မြို့နေရာအများစုတွင် ခြောက်သွေ့နေခဲ့ပြီး ရက်သတ္တပတ်အတွင်း မိုးသည်းထန်မှုမှာလည်း နေသာသောအနေအထားသို့ပြောင်းလဲလာခဲ့ပြီဖြစ်သည်။

သို့သော် မြို့တော်၏ ဆင်ခြေဖုံးနေရာများတွင် ရေများဝင်ရောက်နေဆဲဖြစ်ပြီး မြောက်ပိုင်းရှိလူနေရပ်ကွက်အများအပြားမှာ ခါးလယ်ခန့်အထိ ရေမြုပ်နေဆဲရှိသည်။ ချောင်ဖရားမြစ် အနောက်ဘက်ခြမ်းမှာလည်း ရေလွှမ်းမိုးခံထားရဆဲရှိသည်။

"ပြဿနာက မပြီးသေးပါဘူး။ အခြေအနေဆိုးနေတုန်းပါပဲ" ဟု ဘန်ကောက်မြို့တော်ဝန် ဆူခွန်ဘန်းပါရီဘာထရာကပြောကြားသည်။ ထို့အတွက် ဘန်ကောက်မြောက်ပိုင်း တူးမြောင်းဘေး ခရိုင်ဒေသလေးခုတွင် နေထိုင်သူများအနေဖြင့် ဘေးကင်းရာဒေသများသို့ပြောင်းရွှေ့ရန် အဆင်သင့်ပြင် ဆင်ထားရမည်ဖြစ်ကြောင်း ဘန်ကောက်မြို့တော်ဝန်က ဆက်လက်ပြောကြားသည်။

—Ref: AFP

## နောက်ကျောဖုံး - ကမ္ဘာ့လူဦးရေ သန်း ၇၀၀၀ မြောက် ဖြစ်ဖွယ်ရှိသောကလေးကို ဖိလစ်ပိုင်ကြိုဆို မှ

အောက်တိုဘာလ ၃၀ ရက်ည ၁၂နာရီကျော်တွင် မွေးဖွားသောကလေးငယ်မှာကိုယ်အလေးချိန် ၅ ဒသမ ၅ ပေါင်ရှိ မိန်းကလေးတစ်ဦးဖြစ်ပြီး အမည်နှင့်မွေးဖွားချိန်ကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးသို့ပေးပို့၍ ၎င်းမှာ ကမ္ဘာ့သန်း၇,၀၀၀မြောက်လူသားဟုတ်၊ မဟုတ် ဆန်းစစ်သွားမည်ဖြစ်ကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဝန်ကြီး အင်းနရစ်အိုနာကပြောကြားသည်။

ဖိလစ်ပိုင်နိုင်ငံသည် လူဦးရေ ၉၄ ဒသမ ၉ သန်းရှိပြီး ကမ္ဘာပေါ်တွင် ဒွာရဒသမမြောက် လူဦးရေအထူထပ်ဆုံးနိုင်ငံဖြစ်သည်။ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့(UNFPA)က အောက်တိုဘာလ ၂၇ ရက်တွင် ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့၌ထုတ်ပြန်ခဲ့သည့် အစီ




ရင်ခံစာတွင် ကမ္ဘာ့လူဦးရေသည် အောက်တိုဘာလ ၃၁ ရက်တွင် သန်း ၇,၀၀၀ပြည့်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

—Ref: Xinhua

7 DAY NEWS JOURNAL

# Entertainment

Vol.10, No.33 • NOVEMBER 3, 2011



ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

## ကျွန်မ၏ သစ်ပင်ကို အသက်သွင်းတော့မယ့် စိုင်းစိုင်းခမ်းလှိုင်


အေးသူစံ

**ရန်ကုန်၊ အောက်တိုဘာ ၂၇**

စိုင်းစိုင်းခမ်းလှိုင်သည် ၄င်း၏ ထုတ်လုပ်ရေးဖြစ်သော ဖရန်ဇိုထုတ်လုပ်ရေးမှ စာရေးဆရာမဂျူး၏ ဝတ္ထု 'ကျွန်မ၏သစ်ပင်' ကို ရုပ်ရှင်ရိုက်ကူးရန် စီစဉ်နေကြောင်း 7Day News သို့ ပြောသည်။

"ဆရာမဂျူးရဲ့ ကျွန်မရဲ့ သစ်ပင်ဆိုတဲ့ဝတ္ထုကို ရော့ခ်ဂီတ နောက်ခံရုပ်ရှင်ကားအဖြစ် ၂၀၁၂ ထဲမှာ ရိုက်နိုင်ဖို့ စီစဉ်နေပါတယ်။ ကျွန်တော်ကရက်ပ်ပါတစ်ယောက်ပေမယ့်ရော့ခ်ဂီတ နောက်ခံဇာတ်ကားဖြစ်တဲ့အတွက်ဟစ်ဟော့ပ်နဲ့ ရော့ခ်နဲ့ကြားထဲမှာ သုံးမယ့်သီချင်းတွေ၊ ဝတ်စားဆင်ယင်မှုတွေကတော့ပြောင်းလဲသွားမှာပေါ့။ ဒါပေမဲ့အဆိုတော်တစ်ယောက်ရဲ့စိတ်ခံစားမှုနဲ့သူ့ရဲ့ဘဝနောက်ခံကတော့ ဟစ်ဟော့ပ်ပဲဖြစ်ဖြစ် ရော့ခ်ပဲဖြစ်ဖြစ်အတူတူပါပဲ။ နောက်ခံကျောရိုးဖြစ်တဲ့ အဆိုတော်တစ်ယောက်ဆိုတာတော့ပြောင်းလဲမှာ မဟုတ်ဘူး။ အပြင်က ကျွန်တော်တကယ် ရင်ဆိုင်ဖြတ်သန်းခဲ့ရတဲ့ အဆိုတော်တစ်ယောက်ရဲ့ခံစားမှုအတိုင်းရိုက်မယ်လို့စိတ်ကူးထားပါတယ်" ဟု စိုင်းစိုင်းခမ်းလှိုင်က ပြောသည်။

**စာ(၄၉)သို့**



## ချစ်သူသစ် တွေ့နေပြီလို့ ဆိုကြတဲ့ လီယိုနာဒို

**လော့စ်အန်ဂျလိစ်၊ အောက်တိုဘာ - ၂၇**

ဟောလိဝုဒ်၏ ဆွဲဆောင်မှုအရှိဆုံး မင်းသားများထဲမှ တစ်ဦးဖြစ်သူ လီယိုနာဒိုဒီကာပရီယိုသည် မော်ဒယ်လ်သရုပ်ဆောင် တစ်ဦးဖြစ်သည့် ချစ်သူသစ် မက်ဒလီနာဂီနီယာနှင့် လက်တွဲနေပြီဖြစ်ကြောင်းသိရသည်။

အသက် ၃၆နှစ်အရွယ်ရှိ မင်းသားသည် ယခုအပတ်အတွင်း ဆစ်ဒနီမြို့ရှိ၄င်း၏စံအိမ်၌ အဆိုပါ ရိုမေးနီးယားနိုင်ငံဖွား မင်းသမီးမက်ဒလီနာနှင့်အတူ တွဲလျက်တွေ့ရှိရကြောင်း ဩစတြေးလျ ဒေးလီးမေးတယ်လီဂရပ်ဖ်သတင်းစာကဖော်ပြသည်။ လီယိုနာဒိုသည် ယခုအခါ ဩစတြေးလျနိုင်ငံတွင် ၎င်း၏ ရုပ်ရှင်သစ် The Great Gatsby ကိုရိုက်ကူးနေခြင်းဖြစ်သည်။

လီယိုနာဒိုသည်မကြာသေးမီကပင် အခြားဟောလိဝုဒ်မင်းသမီးတစ်ဦးဖြစ်သည့် ဘလိတ်ခ်လစ်ဗလီနှင့် လမ်းခွဲထားသူဖြစ်သည်။ ၎င်းနှင့် ဘလိတ်ခ်တို့သည် ငါးလကျော်ခန့် လက်တွဲပြီးနောက် လမ်းခွဲခဲ့ခြင်းဖြစ်သည်။

—Ref: Showbizspy


## ရည်းစားမရှိသေးဘူးလို့ ပြောလိုက်တဲ့ တေလာဆွစ်ဖ်

**လော့စ်အန်ဂျလိစ်၊ အောက်တိုဘာ - ၂၅**

ငယ်ငယ်ရွယ်ရွယ်နှင့် ကျော်ကြားသည့် ကန်းထရီးအဆိုတော် တေလာဆွစ်ဖ်က လက်ရှိအချိန်၌ သူမတွင် ရည်းစားလုံးဝမရှိသေးကြောင်း တွေ့ဆုံခန်းတစ်ခု၌ အတည်ပြုပြောကြားသည်။

အသက် ၂၁နှစ်အရွယ်ရှိ ချောမောသည့် တေလာဆွစ်ဖ်သည် မကြာသေးမီက ပြုလုပ်ခဲ့သည့် အယ်လင်ဒီဂျင်းနာရတ်စ်ရုပ်သံရှိုး၌ ယခုကဲ့သို့ပြောကြားခဲ့ခြင်းဖြစ်သည်။ သူမက "ကျွန်မမှာရည်းစားရှိတယ်ဆိုရင် သိကြမှာပါပဲ။ တကယ်ပဲ ကျွန်မမှာ ရည်းစားတစ်ယောက်မှမရှိတာပါ။ ပြီးတော့ကျွန်မကလည်း ရည်းစားတစ်ယောက်ပြီးတစ်ယောက် အစားထိုးဖို့ လိုအပ်နေတဲ့ မိန်းကလေးမျိုးမဖြစ်ချင်ဘူး။ ကျွန်မက ချစ်မိလို့ရှိရင် တကယ့်အချစ်စစ်ဖြစ်ပြီး အဲဒါဟာခိုင်မြဲရမယ်။ ရှားပါးတဲ့အရာဖြစ်ရပါမယ်"ဟုပြော သည်။ တေလာဆွစ်ဖ်သည် ယခုနှစ်ဆန်းပိုင်းက ထွက်ရှိခဲ့သော ဗယ်လင်တိုင်းဒေးရုပ်ရှင်တွင်လည်း အခြားဟောလိဝုဒ်မင်းသမီးများ နှင့်ပူးတွဲပါဝင်ထားခဲ့ပြီး လက်ရှိတွင် အမေရိကန်ကျေးလက်ဂီတလောက၌ အအောင်မြင်ဆုံးအဆိုတော်တစ်ဦးအဖြစ်ရပ်တည်နေသူ ဖြစ်သည်။

—Ref: Showbizspy





ဓာတ်ပုံ - စောပြည့်စုံ

## သားစိုးပြောတဲ့ အပြောင်းအလဲ အကြောင်း

ချမ်းခိုက်ခိုက်

**မြန်မာ့နတ်ဒိုးကို ခေတ်ပေါ် အီလက်ထရိုဂီတနဲ့ပေါင်းစပ်ခဲ့ပြီး ဂီတပုံစံသစ်တစ်ခုကို ဖန်တီးခဲ့တဲ့ သားစိုးက လက်ရှိမှာ မြန်မာနိုင်ငံရဲ့အပြောင်းအလဲတွေအကြောင်းကိုကဏ္ဍပေါင်းစုံနဲ့ချိတ်ဆက်ပြီးပြောပြခဲ့ပါတယ်။ အပြောင်းအလဲတွေ ပေါ်မှာ သူဘယ်လိုခံယူထားတယ်၊ သူကိုယ်တိုင်လည်း ဂီတနယ်ပယ်မှာ ဘယ်လိုအပြောင်းအလဲတွေကို လုပ်သွားမယ်ဆိုတာကိုလည်း ဒီကဏ္ဍကနေ ဖတ်ရှုရမှာဖြစ်ပါတယ်။**

အပြောင်းအလဲဆိုတာကိုကျွန်တော်က နိုင်ငံရေးနဲ့စပြီး ပြောချင်တယ်။ အခု ထင်သာ မြင်သာရှိတာက ဧရာဝတီမြစ်ဆုံ ပေါ့။ တိုင်းပြည်အကျိုးအတွက် ဒီစီမံကိန်းရပ်ဆိုင်းလိုက်တဲ့အပေါ် လှိုက်လှဲစွာကြိုဆိုတယ်။ နောက်တစ်ခုက ဘယ်တုန်းကမှ ပေါ်ပေါ် ထင်ထင်မြင်ခွင့်မရခဲ့တဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဓာတ်ပုံတွေကို ဂျာနယ်တွေပေါ်မှာတွေ့မြင်လာရတယ်။ ကျွန်တော့်သက်တမ်းမှာ ဘယ်တုန်းကမှ ဒေါ်အောင် ဆန်းစုကြည်ပုံတွေကို ဒီလိုပေါ်တင်မြင်ခွင့်မရခဲ့ဖူးဘူး။ နောက်တစ်ခုက ကျွန်တော်က စာသမားလည်းဖြစ်တော့ စာပေစိစစ်ရေး အပြောင်းအလဲအကြောင်း ပြောချင်တယ်။ အရင်တုန်းက ပိတ်ခံထားရတဲ့ စာအုပ် တချို့ကို ပြန်ဖတ်ခွင့်ရလာတယ်။ ဥပမာ ဦးသန့်နဲ့ ပတ်သက်တဲ့ကိစ္စ၊ ဗိုလ်ချုပ်အောင်ဆန်းနဲ့ပတ်သက်တဲ့ စာအုပ်တွေဖတ်လာရတယ်။ ဒီလိုပြောင်းလဲလာတာတွေကို ကြိုဆိုရမယ်။ ဒါပေမဲ့ အပြောင်းအလဲကို မြင်ရုံမကဘဲ ဒီအပြောင်းအလဲနောက်က လုပ်ငန်းစဉ်တွေကိုပါ တကယ်ဖြစ်အောင် တစ်စိုက်မတ်မတ်လုပ်တာကိုပိုလိုချင်ပါတယ်။ ခုဆို ကျွန်တော်တို့တိုင်းပြည်ဟာ အရှေ့တောင်အာရှမှာဆို ခေတ်အနောက်ကျဆုံး တိုင်းပြည်ဖြစ်နေပြီ။ ကျွန်တော်ဆို အမေရိက၊ အင်္ဂလန် စသဖြင့် နိုင်ငံတော်တော်များများမှာ နေခဲ့ဖူးတယ်။ အင်္ဂလန်မှာဆိုရင် ဘတ်စ်ကားစီးရင်း၊ ရထားစီးရင်း စာဖတ်တယ်။ စာအရမ်းဖတ်တဲ့အတွက် အရည်အချင်းရှိတဲ့လူတွေဖြစ်ပြီး ကောင်းမွန်လှပတဲ့၊ ပြည့်စုံတဲ့ တိုင်းပြည်ကို ထူထောင်နိုင်မယ်။ ပြည်သူလူထုက ဗဟုသုတ အသိဉာဏ်ပြည့်စုံမှ ဒီမိုကရေစီအစိုးရကို ထူထောင်နိုင်မယ်။ စာမဖတ်တဲ့သူ၊ စာမဖတ်တဲ့တိုင်းပြည် ဘယ်တော့မှ တိုးတက်မှာ မဟုတ်ဘူး။ အဲဒီနိုင်ငံတွေမှာ ဒီမိုကရေစီရဲ့ အရသာ၊ လူတစ်ဦးချင်းရဲ့ ကိုယ်ပိုင်လွတ်လပ်ခွင့်၊ လူသားအရသာကို ကျွန်တော်တို့ပြည့်ပြည့်ဝဝခံစားခဲ့ရဖူးတော့ ကိုယ့်တိုင်းပြည်မှာလည်း ဒါမျိုးဖြစ်စေချင်တယ်။ ခုဆိုကျွန်တော်တို့တိုင်းပြည်က လမ်းဆုံလမ်းခွကိုရောက်နေပြီ။ ကျွန်တော်တို့ အပေါ်ကိုတက်မလား၊ အောက်ကိုဆင်းမလားပဲ စဉ်းစားရတော့မယ်။


ကျွန်တော်က မြန်မာ့ရိုးရာ သီချင်းတွေကို ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုးရဲ့ရိုးရာဂီတကို ဖော်ထုတ်ချင်လို့ ပြန်ဖန်တီးတယ်။ တချို့က ဂီတကိုဖျက်ဆီးတယ်လို့ပြောကြတယ်။ အခုလို ဂီတကို မြန်မာအယူအဆနဲ့ထွင်သလိုမျိုးပဲ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးမှာလည်း လက်ရှိ အပြောင်းအလဲမှာ မြန်မာ့အယူအဆနဲ့ ပြုပြင်ပြောင်းလဲလို့မရဘူးလား။ ထွင်လို့ရတဲ့ အချိန်မှာ ထွင်ကြပါ။ ထွင်မှလည်း ကိုယ့်ကို ကမ္ဘာက လေးစားလာမှာပါ။ မထွင်ဘူးဆိုရင် ကမ္ဘာကကိုယ့်ကို အသိအမှတ်ပြုမှာ မဟုတ်ဘူး။

ကျွန်တော်အရင်က တီဗီသတင်းတွေမကြည့်ဘူး။ ခုဆို လွှတ်တော်သတင်းတွေကို ပုံမှန်ကြည့်တယ်။ ဘာတွေပြောကြမလဲ၊ ဆွေးနွေးကြမလဲ၊ တကယ်ရောဖြစ်လာမှာလား။ ကျွန်တော်ကတော့ အကောင်းမြင်သမားမို့လို့အကောင်းဘက်ကပဲတွေးပါတယ်။

**စာ(၄၉)သို့**

7 DAY NEWS JOURNAL
Vol.10, No.33 · NOVEMBER 3, 2011

# ပလေးဘွိုင် မဂဇင်းအတွက် လင်ဆေးလိုဟန် ဓာတ်ပုံအ ိုက်ခံမည်ဟုဆို



**လော့စ်အန်ဂျလိစ်၊ အောက်တိုဘာ - ၂၅**

ဟောလိဝုဒ်မင်းသမီး လင်ဆေးလိုဟန်သည် နာမည်ကျော် ပလေးဘွိုင်မဂ္ဂဇင်းအတွက် ဒေါ်လာတစ်သန်းနီးပါးတန်ကြေးရှိစာချုပ်တစ်ရပ်ချုပ်ဆိုကာ ဓာတ်ပုံအရိုက်ခံခဲ့ကြောင်းသိရသည်။

ဟောလိဝုဒ်မှ တီအမ်ဇက်သတင်း၏ ဖော်ပြမှုအရ တရားရေးဆိုင်ရာ ပြဿနာများကြုံတွေ့နေရသော မင်းသမီးသည် မဂ္ဂဇင်းနှင့် ဒေါ်လာတစ်သန်းတန်စာချုပ်ချုပ်ဆိုခဲ့ပြီး ကနဦးအဖြစ်ဒေါ်လာခုနစ်သိန်းခွဲရရှိပြီးဖြစ်ကြောင်းဆိုသည်။ ပလေးဘွိုင်အတွက် ဓာတ်ပုံအရိုက်ခံရန် လင်ဆေးကို မဂ္ဂဇင်း၏ သူဌေးဟုချ်ဟတ်ဖနာက ကမ်းလှမ်းခဲ့ခြင်းဖြစ်ပြီး မဂ္ဂဇင်းဓာတ်ပုံရိုက်ခြင်းကို အောက်တိုဘာလကုန်ပိုင်းတွင် စတင်မည်ဖြစ်ကြောင်းဆိုသည်။

ယခုသတင်းနှင့် ပတ်သက်၍ မင်းသမီးနှင့် မဂ္ဂဇင်းဘက်ကပါမှတ်ချက်ပေးခြင်း မရှိသေးပေ။ လင်ဆေးလိုဟန်သည် ပြီးခဲ့သည့်အပတ်က တရားရုံးတွင် တားမြစ်မိန့်ချိုးဖောက်မှုဖြင့် စစ်ဆေးခံခဲ့ရပြီး ဒေါ်လာတစ်သိန်းတန် အာမခံဖြင့် ပြန်လွတ်လာသည်။ သူမသည် ပြီးခဲ့သည့်မေလကလည်း ဘင်းနစ်ကမ်းခြေရှိ သူမ၏ နေအိမ်အနီး ရတနာဆိုင်တစ်ခုမှ ဒေါ်လာ ၂,၅၀၀ တန်လည်ဆွဲတစ်ခုခိုးယူမှုဖြင့် နေအိမ်မှ အပြင်မထွက်ရပြစ်ဒဏ် ၃၅ ရက်ကျခံခဲ့ရသည်။ —Ref: AFP

# မာမီရှိန်းဇာတ်ကားအတွက်ဥပဒေကြောင်းအရ နစ်နာကြေးတောင်းမည်ဟု ဇာတ်ကားထုတ်လုပ်သူပြောကြား

**အေးသူစံ**

**ရန်ကုန်၊ အောက်တိုဘာ- ၂၅**

မာမီရှိန်းဇာတ်ကားအားတရားမဝင်ကူးယူဖြန့်ချိသူရှစ်ဦးကိုအောက်တိုဘာလ ၇ ရက်က အင်းစိန်တရားရုံးတွင် ပြစ်ဒဏ်များ အသီးသီးချမှတ်ခဲ့ပြီးနောက် ယင်းဇာတ်ကားအတွက်စီးပွားရေးအရနစ်နာဆုံးရှုံးခဲ့ရမှုများအပေါ် ဥပဒေကြောင်းအရနစ်နာကြေးတောင်းဆိုသွားရန်ရှိကြောင်း ဇာတ်ကားထုတ်လုပ်သည့် ကန်းထရီးစတားရုပ်ရှင် ထုတ်လုပ်ရေးပိုင်ရှင် ဦးမြအေးက ပြောသည်။

"မြို့ပတ်ရုံတွေမှာ ပြသနေဆဲအချိန်မှာ ခိုးကူးခွေထွက်လာတဲ့အတွက် ရုံတွေရဲ့ ဝင်ငွေထိခိုက်သွားတယ်။ နယ်တွေမှာဆိုလည်း ခိုးကူးရောက်သွားတော့ ခွေဖြန့်ဖို့ ခက်သွားတယ်။ ဗီဒီယိုပြန်ထုတ်မယ်ဆိုတော့လည်း ခိုးကူးထွက်ထားလို့ဆိုပြီး နယ်ကိုယ်စားလှယ်တွေက ဈေးနှိမ်ပြန်တယ်။



ဒါကြောင့် ထုတ်လုပ်သူအနေနဲ့ စီးပွားရေးအရ နစ်နာဆုံးရှုံးမှုတွေရှိခဲ့လို့ အခုပြစ်ဒဏ်ချခံရသူ ရှစ်ဦးဆီကနေ နစ်နာကြေးတောင်းဆိုသွားဖို့လုပ်နေပါတယ်"ဟု ၎င်းကပြောသည်။

မာမီရှိန်းဇာတ်ကားအား တရားမဝင်ကူးယူပြသခြင်းအတွက် အရေးယူခံရသူရှစ်ဦးမှာ ဗီဒီယို ဥပဒေပုဒ်မ ၃၂ (က) (ခ) အရ ပြည့်ဖြိုးမောင် ဗီဒီယိုထုတ်လုပ်ရေးပိုင်ရှင် ပြည့်ဖြိုးမောင်အား ထောင်ဒဏ်တစ်နှစ်၊ ဗီဒီယိုဥပဒေပုဒ်မ ၃၂(ခ)အရကျော်စွာမင်း(ခ) မင်းမင်း၊ မင်းကိုနိုင် (ခ) အသေးလေး(သဇင်ခွေငှားဆိုင်)၊ ကိုညီ(ခ) ညီညီထွန်း (စူပါပါဝါခွေငှားဆိုင်)၊ ဇော်ဇော်လွင်၊ ဆန်းဝင်း၊ဂျင်မီစိုးနှင့်အန်းကူ(ခ)တင်ဦးတို့အား ထောင်ဒဏ်ခြောက်လစီ ချမှတ်ခဲ့ကြောင်း သိရသည်။







7 DAY NEWS JOURNAL
Vol.10, No.33 · NOVEMBER 3, 2011

## စာ-၄၇၊ သားစိုးပြောတဲ့အပြောင်းအလဲအကြောင်း မှ

ကျွန်တော်တို့ တိုင်းပြည်ကို ဘယ်သူတွေပဲအုပ်ချုပ်အုပ်ချုပ်ကောင်းဖို့အတွက်လုပ်မယ်ဆိုရင်အုပ်ချုပ်တာကို ခံမှာပါ။

'အောင်ပါစေ' ဆိုတဲ့ သီချင်းထဲမှာတော့ လက်ရှိ အပြောင်းအလဲတွေကို ထင်ဟပ်တာတွေ ထည့်သွင်းရေးစပ်ထားတယ်။ အဓိကက ကျွန်တော်တို့တိုင်းပြည်ရဲ့ လက်ရှိအပြောင်းအလဲမှာ ဘယ်သူ့ဘယ်သူကိုမှ ဝိုင်းအပြစ်မတင်ဘဲ စည်းစည်းလုံးလုံး ညီညီညာညာနဲ့လုပ်မှ ကျွန်တော်တို့တိုင်းပြည်က ခေတ်တစ်ခေတ်ကို ပြောင်းမှာဆိုပြီးရေးထားတယ်။ ကချင်ကလည်း ကချင်၊ ရှမ်းကလည်း ရှမ်းဆိုပြီး တစ်စိတ်တစ်ပိုင်း စီကွဲထွက်နေကြရင် တိုင်းပြည်က ရှေ့ကို ရောက်တော့မှာ မဟုတ်ဘူး။ အားလုံးကတော့ အပြစ်မကင်းကြပါဘူး။ ဝေဖန်မှုတွေ၊ အမြင်တွေ အမျိုးမျိုးလည်း ရှိမှာပဲ။ အပြစ်တွေ ဝိုင်းမတင်ဘဲ လိမာပါးနပ်စွာနဲ့ ရှေ့ကို ချီတက်ဖို့ လိုနေပါပြီ။ တခြားတိုင်းပြည်က ပါလီမန်တွေ၊ ကွန်ဂရက်တွေဆိုလည်း အမြဲတမ်း ငြင်းခုံနေကြတာပဲ။ အပြင်မှာ တွေ့ရင်တော့ ပခုံးဖက်ပြီးသွားနေကြတာပဲ။ သူတို့က တိုင်းပြည်ကောင်းဖို့အတွက်ပဲလုပ်ကြတာ။ ငါပြောတာ မရတဲ့အတွက်ဒီလမ်းကြောင်းကိုမကောင်းဘူးလို့မပြောဘူး။ သူတင်ပြတဲ့လမ်းကြောင်းက ကောင်းနေရင် လက်ခံတယ်။ ကျွန်တော်တို့မှာအဲဒီစိတ်ဓာတ်တွေ ပြင်ဖို့လိုတယ်။ ငါနဲ့အမြင်မတူရင်ငါ့ရန်သူဆိုတာကိုပြင်ရမယ်။ ငါနဲ့အမြင်မတူလည်း သူ့အမြင်က ကောင်းတယ်ဆိုရင်လက်ခံပေးရမယ်။

ကျွန်တော်တို့ နိုင်ငံသားတွေဟာ တစ်စုံတစ်ရာသောအကြောင်းနဲ့ ကြုံကြိုက်လာရင် ငွေကြေးအကျိုးအမြတ်ကိုမကြည့်ဘဲနဲ့ သေချာလေ့လာစုံစမ်းသင့်တယ်။ခုဆိုတိုင်းပြည်ကမွဲနေတော့ ဘာမှမထုတ်နိုင်ဘူး။ တခြားတိုင်းပြည်ကိုသွားပြီး သူများမလုပ်ချင်တဲ့အလုပ်တွေလုပ်နေရတဲ့အလုပ်ကြမ်းသမားတွေပို့တဲ့တိုင်းပြည်ဖြစ်နေပြီ။

ဥပဒေအထက်မှာ ဘယ်သူမှ မရှိရဘူးဆိုတဲ့ စကားလည်း ကျွနတော်သိထားပါတယ်။ အဲဒီတိုင်းလည်း တကယ်ပဲဖြစ် သင့်ပါတယ်။ ဘယ်လိုအကြောင်းကြောင်းကြောင့်မှ အခွင့်ထူးခံလူတန်းစားဆိုတာမရှိသင့်တော့ပါဘူး။

ခုဆို နေပြည်တော်မှာ ဘယ်တုန်းကမှမကျင်းပဖူးတဲ့ ဒီမိုကရေစီနေ့ကျင်းပတယ်။ လူ့အခွင့်အရေးကော်မရှင်တွေ ပေါ်ပေါက်လာတယ်။ ဒါက အပြောင်းအလဲကောင်းတစ်ခုဆီဦးတည်ပြီး ချဉ်းကပ်နေပါပြီ။ ဒီအချိန်မှာ အပြစ်တွေ မတင်စေချင်တော့ဘူး။ သူများလုပ်တာကို ခြေမထိုးဘဲ ပံ့ပိုးပေးတာမျိုးလိုချင်ပါတယ်။ တစ်ယောက်နဲ့တစ်ယောက် စိတ်သဘောထားချင်းမတိုက်ဆိုင်တာနဲ့ လမ်းခွဲပစ်တာမျိုးမလုပ်ဘဲနဲ့ တိုင်းပြည် ကောင်းဖို့အတွက် နောက်လာမယ့် မျိုးဆက်တွေကို နေရာပေးဖို့ လုပ်စေချင်ပါတယ်။ နောင်လာမယ့် အနှစ်ငါးဆယ်တစ်ရာမှာ တိုင်းပြည်ခေါင်းဆောင်မယ့်မျိုးဆက်တွေအတွက် ပညာရေးအုတ်မြစ်အခြေခံကောင်းရဖို့ ပံ့ပိုးပေးစေချင်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ကတော့ တိုင်းပြည်ကောင်းဖို့အတွက်ဆို ဘယ်အရာမဆိုလုပ်ပေးမယ်လို့ ကျွန်တော်ယူဆတယ်။ ဒါကြောင့်မို့ သူဟာလက်ရှိအစိုးရနဲ့နီးကပ်လာတယ်။ တိုင်းပြည်ကောင်းဖို့အတွက်ရှေးရှုလာတယ်။ လက်တွဲလာတယ်လို့ ကျွန်တော်ယူဆတယ်။

ဘာတွေပဲပြောင်းလဲပြောင်းလဲ ကျွန်တော်ကတော့ ကြိုဆိုတယ်။ အရင်က ကျွန်တော်တို့မှာ ဘာမှမရှိခဲ့ဘူး။ သုညကနေ စခဲ့ရတာ။ အခု သုညကနေ တစ်ဘက်ကိုရောက်လာပြီ။ တစ် ကနေ နှစ်၊ သုံး၊ လေး၊ ငါး စသဖြင့် အပေါင်းဘက်ကိုသွားဖို့ ကြိုဆိုရမှာ။

ကျွန်တော့်အမြင်ကတော့ လူတိုင်းမှာ နိုင်ငံရေးစိတ်ဓာတ်ရှိမှ တိုင်းပြည်ကတိုးတက်မှာ။ ကျွန်တော်တို့ချည်းပဲ အမျိုးချစ်နေလို့၊ နိုင်ငံရေးစိတ် ရှိနေလို့ မရဘူး။ နိုင်ငံကိုချစ်တဲ့စိတ်ရှိမှ နိုင်ငံကိုထူထောင်လို့ရမှာ။ နိုင်ငံရေးစိတ် မဝင်စားပါဘူးကွာ။ နိုင်ငံရေးက ယုတ်ညံ့တယ်။ ညစ်ပတ်တယ်လို့ ပြောနေရင် ပြောတဲ့သူကိုယ်တိုင်ရဲ့စိတ်ကိုက ညစ်ပတ်လို့နေမှာပဲ။

အခု အပြောင်းအလဲမှာ အရင်ကထက်လွတ်လပ်လာတာလေးတွေကိုပဲ အကောင်းမြင်ပေးစေချင်တယ်။ အခု အပြောင်းအလဲအပေါ် အမျိုးမျိုးမြင်နေကြတယ်လေ။ ရလာတဲ့ အခြေအနေပေါ်မှာ မူတည်ပြီးတော့ ဖြည်းဖြည်းချင်းပြောင်းလဲသွားတာမျိုးကိုပဲလိုချင်ပါတယ်။ ချက်ချင်းကြီးတော့ ဘယ်သူကမှလည်း ပေးမှာမဟုတ်ဘူး။

ဘေးထိုင်ဘုပြောနေလို့ ဘာမှထူးမှာမဟုတ်ဘူး။ ပုဆိုးခြုံထဲက လက်သီးပုန်းပြနေလို့လည်း မထူးဘူး။ နိုင်ငံအပြင်ကိုရောက်နေတဲ့နိုင်ငံရေးသမားတွေလည်း နိုင်ငံရေးသမားတွေလည်း ပြည်တွင်းကိုပြန်လာပြီးလုပ်စေချင်တယ်။ လက်ရှိအစိုးရကိုလည်း တကယ့်ကိုထင်သာမြင်သာရှိတဲ့ လုပ်ရပ်တွေကို ပိုလုပ်စေချင်တယ်။ ခုဆို ပြည်ပရောက်နေတဲ့ မြန်မာတွေကို ပြန်ခေါ်နေပြီ။ လူတွေအနေနဲ့ ဒါကို ယုံကြည်ချင်မှလည်းယုံမယ်။ ဒါကိုလည်း အစိုးရကသက်သေပြရမယ်။ အချိန်က သက်သေပြသွားမှာပါ။

ပရိသတ်တွေရော၊ အစိုးရကိုရော သားစိုးက လက်ရှိအပြောင်းအလဲတွေကြားမှာ အောင်ပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်။



ဓာတ်ပုံ-နေလင်းထွန်း

# ဈေးပေါပေါဖြင့် ဝင်ခွင့်ရတဲ့ အိုင်စီနဲ့အိုကီတို့ရဲ့ပွဲ

**နေလင်းအောင်**

"အိုင်စီရှိုးပွဲလက်မှတ်များကို တစ်စောင်လျှင် ငါးထောင်ကျပ်နှုန်းဖြင့် ရောင်းချပေးနေပါသည်" မျှော်စင်ကျွန်းအဝင် မုခ်ဦးအနားမှာ ခုံတစ်လုံးချပြီး လက်မှတ်ရောင်းဖို့ ကြော်ငြာတဲ့သူက ဒီစကားကိုပဲ ထပ်ထပ်ပြီး အော်နေတယ်။ ပွဲစီစဉ်တဲ့သူတွေ ရောင်းနေတာဖြစ်ပုံရပါတယ်။

သူ့လိုပဲ အဲဒီနားမှာ တဆာဆာ အော်နေတဲ့သူတွေက မနည်းမနောပါပဲ။

"သုံးထောင်၊ သုံးထောင်ပဲ၊ ရှိုးပွဲလက်မှတ် သုံးထောင်နဲ့ရမယ်" သူတို့အော်တဲ့အသံက တရားဝင်ရောင်းတဲ့သူရဲ့အသံကိုဖုံးမလောက်ပါပဲ။ ဘယ်ကနေ ဘယ်လိုလက်မှတ်တွေရကြတယ်မသိ။ မှောင်ခိုတွေ လက်ထဲမှာ လက်မှတ်တွေ အထပ်လိုက်၊ အထပ်လိုက်ပါပဲ။

အသံနှစ်ခုကြားပြီးတော့ ဘယ်လိုစဉ်းစားရမှန်းမသိတော့။ ပုဂံနဲ့ စာချုပ်ချုပ်ပြီးတဲ့တစ်လျှောက် ကြုံဖူးသမျှ ဈေးအပေါဆုံးကြားရတဲ့အသံဖြစ်နေတယ်။ ဆပ်ပြာဘူးတွေ အများကြီးဝယ်ပြီး လက်မှတ်နဲ့ လဲထားရတဲ့လူတွေ သနားစရာပဲလို့တွေးမိပါတယ်။ ယခုလ ၂၆ ရက်နေ့မှာ လုပ်ခဲ့တဲ့ အိုင်စီရှိုးပွဲက အိုကီဆပ်ပြာက Organize လုပ်ပြီး ဆပ်ပြာဝယ်ရင် ရှိုးပွဲလက်မှတ်ရတဲ့အစီအစဉ်ဆိုတော့ အစကထင်ထားတာ လူအသင့်အတင့်လောက်ပဲရှိမယ်ပေါ့။ ဒါပေမဲ့ ရှိုးပွဲလာတဲ့ လမ်းတစ်လျှောက်နဲ့ ကရဝိက်ဉယျာဉ်ကမ္ဘာထဲရောက်မှ တကယ်တက်စင်အောင် လွဲမှန်းသိလိုက်ရပါတယ်။ **စာ(၃၀)သို့**

## စာ-၄၇၊ ကျွန်မ၏ သစ်ပင်ကို အသက်သွင်းတော့မယ့် စိုင်းစိုင်းခမ်းလှိုင် မှ

ရိုက်ကူးမည့် ဒါရိုက်တာနှင့် ပါဝင်မည့်သရုပ်ဆောင်များကို စဉ်းစားနေပြီး သေချာပြီဆိုမှ အားလုံးကို အသိပေးသွားမည်ဖြစ်ကြောင်း စိုင်းစိုင်းခမ်းလှိုင်ကပြောသည်။ ၂၀၁၂ ခုနှစ်တွင် ကျင်းပမည့် အကယ်ဒမီပေးပွဲ၌ 'အာဒမ်ရယ် ဧဝရယ် ဒသရယ်' ရုပ်ရှင်ကားဖြင့် အကောင်းဆုံးအမျိုးသားဇာတ်ပို့ဆုရရှိနိုင်သည်ဟု ခန့်မှန်းထင်ကြေးများထွက်ပေါ်နေသည့်အပေါ် စိုင်းစိုင်းခမ်းလှိုင်၏ အကယ်ဒမီရင်ခုန်သံကို မေးမြန်းရာ "ကျွန်တော့်ရဲ့ သရုပ်ဆောင် အတွေ့အကြုံနဲ့တော့ အကယ်ဒမီကိုမမှန်းရဲသေးပါဘူး။ တစ်ချိန်ချိန်မှာတော့ မျှော်လင့်လို့ရတဲ့သရုပ်ဆောင်တစ်ယောက်ဖြစ်အောင် ကြိုးစားသွားပါမယ်။ ပရိသတ်တွေဆီက အရင်တုန်းက သရုပ်ဆောင်ချာတူးလန်နေတာပဲဆိုတဲ့အဆင့်ကနေ ခုချိန်မှာ စိုင်းစိုင်း သရုပ်ဆောင်တာ မဆိုးပါဘူး။ နောက်ပြီး သဲသဲလှုပ်အားပေးကြတဲ့အမာခံပရိသတ်တွေဆီက ဆုတွေ၊ ဘာတွေရပါစေလို့ ပြောလာကြတဲ့အတွက် အရမ်းဝမ်းသာပါတယ်"ဟုပြောကြားသည်။


## TOP 10 MOVIES IN AMERICA

ယခုတစ်ပတ်အတွင်း အမေရိကန်တွင်ဝင်ငွေအကောင်းဆုံး ရုပ်ရှင်ကားများ

| စဉ် | ဇာတ်ကားအမည် | ဖြန့်ချိသည့်ကုမ္ပဏီ | စုစုပေါင်းဝင်ငွေ (ကန်ဒေါ်လာ) | ပြသသည့် ရက်သတ္တပတ်ပေါင်း |
|---|---|---|---|---|
| ၁။ | Paranormal Activity 3 | Paramount Pic. | ၅၂,၅၆၈,၁၈၃ | ၁ |
| ၂။ | Real Steel | DreamWorks | ၆၆,၇၃၂,၁၅၂ | ၃ |
| ၃။ | Footloose | Paramount Pic. | ၃၀,၃၆၄,၂၃၈ | ၂ |
| ၄။ | The Three Musketeers | Summit Entertainment, LCC | ၈,၆၇၄,၄၅၂ | ၁ |
| ၅။ | The Ides of March | Sony Picture | ၂၉,၁၁၂,၃၇၇ | ၃ |
| ၆။ | Dolphin Tale | Warner Bros. | ၆၄,၄၀၇,၉၃၅ | ၅ |
| ၇။ | Moneyball | Sony Pictures | ၆၃,၆၄၀,၇၄၆ | ၅ |
| ၈။ | Johnny English Reborn | Universal Pic: | ၃,၈၃၃,၃၀၀ | ၁ |
| ၉။ | The Thing | Universal Pic: | ၁၄,၀၄၉,၂၂၀ | ၂ |
| ၁၀။ | 50/50 | N/A | ၂၈,၈၂၀,၇၄၈ | ၄ |

## Movie Review

### 13



Vince Ferro တစ်ယောက် ငွေကြေးအကျပ်ရိုက်နေရာမြန်မြန်ဆန်ဆန်ပိုက်ဆံရနိုင်မည့်အလုပ်တစ်ခုလိုအပ်နေသည်။ အမှတ်မထင်ပင် ငွေကြေးအမြောက်အမြားရနိုင်မည့်အခွင့်အရေးတစ်ခုရရှိရာ လက်လွှတ်မခံဘဲမိမိ၏အမည်ကို လိမ်လည်စာရင်းပေး၍ ၎င်းအလုပ်ကိုလက်ခံလိုက်သည်။ သို့သော် ၎င်းလက်ခံလိုက်သောအလုပ်မှာ ရုရှားနိုင်ငံမှ လူချမ်းသာများက သေနတ်သမားများအား တစ်ဦးကိုတစ်ဦး ဇီဝိန်ချွေစေသော ကစားနည်းဖြစ်ကြောင်းသိရှိလာပြီး တစ်ဦးတည်းသာ ရှင်ကျန်နိုင်မည့်အခြေအနေဖြစ်ရာ Ferro ၏ကံကြမ္မာ မည်သို့ရှိမည်ဆိုသည်မှာ. .

စွန့်စားခန်း၊ အက်ရှင်၊ သည်းထိတ်ရင်ဖိုဇာတ်ကားတွင် Jason Stathm၊ Sam Riley၊ 50 Cent၊ Mickey Rourke တို့ပါဝင်သရုပ်ဆောင်ထားပြီး ဒါရိုက်တာ Gela Babluani က ရိုက်ကူးထားသည်။ ၂၀၁၁ ခုနှစ် အောက်တိုဘာ ၂၈ရက်နေ့တွင် ထွက်ရှိလာမည်ဖြစ်သည်။

Sports
7 DAY NEWS JOURNAL
Vol.10, No.33 · NOVEM 3, 2011

၂၀၁၁ ခုနှစ်ကုန်ဆုံးရန် တဖြည်းဖြည်းနီးကပ်လာချိန်တွင် ဒေသတွင်း အရှေ့တောင်အာရှနိုင်ငံများမှ အားကစားသမားများ ယှဉ်ပြိုင်ဆင်နွှဲရန် ဆီးဂိမ်းပြိုင်ပွဲကြီးလည်း မကြာမီစတင်တော့မည်ဖြစ်သည်။

ဆီးဂိမ်းပြိုင်ပွဲကို အင်ဒိုနီးရှားနိုင်ငံတွင် နိုဝင်ဘာလ ၁၁ ရက်၌ စတင်ကျင်းပမည်ဖြစ်သော်လည်း အမျိုးသားဘောလုံးပြိုင်ပွဲကို နိုဝင်ဘာလ ၃ ရက်တွင်စတင်ကျင်းပမည်ဖြစ်သည်။

# မြန်မာ့ဘောလုံးအဆင့်အတန်း မှတ်ကျောက်တင်မယ့်ပြိုင်ပွဲ

ဗိုလ်ဗိုလ်ဝင်း


လေ့ကျင့်ရေးကွင်းမှ ယူ–၂၃လက်ရွေးစင်ကစားသမားများ

(ဓာတ်ပုံ - ဖိုးသူရအောင်စိုး)

အုပ်စုခွဲဝေမှုများ ထွက်ပေါ်လာချိန်တွင် မြန်မာယူ-၂၃ ဘောလုံးအသင်းမှာ ကံကောင်းထောက်မစွာဖြင့် ဒေသတွင်းထိပ်သီးအသင်းအများစုနှင့် တစ်အုပ်တည်း မကျခဲ့။ မြန်မာအသင်းသည် အုပ်စု(ခ)တွင် ဗီယက်နမ်၊ လာအို၊ ဘရူနိုင်း၊ ဖိလစ်ပိုင်၊ တီမောအသင်းများနှင့် ကျရောက်လျက်ရှိသည်။ အုပ်စု(က)တွင် လက်ရှိချန်ပီယံ မလေးရှား၊ အိမ်ရှင် အင်ဒိုနီးရှား၊ ထိုင်း၊ ကမ္ဘောဒီးယားအသင်းများပါဝင်လျက်ရှိသည်။

ထို့ကြောင့် မြန်မာအသင်းကို အုပ်စုချောင်သည်ဟုသတ်မှတ်ခဲ့ကြသော်လည်း တစ်ဖက်အုပ်စု အနေအထားထက် လွယ်ကူမည်ဟုထင်မြင်ချက်သာဖြစ်ပြီး လက်ရှိမြန်မာအသင်း အနေအထားအရ အုပ်စုအဆင့်မှတက်ရန်ပင် ရုန်းကန်ရမည့် အခြေအတွင်ရှိနေသည်။

ဆီးဂိမ်းပြိုင်ပွဲမတိုင်မီ အကြိုပြိုင်ပွဲအဖြစ် ဗီယက်နမ်နိုင်ငံတွင် ကျင်းပခဲ့သည့် VFF Cup ဖိတ်ခေါ်ပြိုင်ပွဲ၌ မြန်မာအသင်းသည် ပွဲတိုင်းရှုံးနိမ့်ခဲ့သည်။ မလေးရှား၊ ဥဇဘက်ကစ္စတန်အသင်းတို့အား ၁-၂ ဂိုးဖြင့် ရှုံးနိမ့်မှုက မဆိုးလှသော်လည်း ဗီယက်နမ်အသင်းအား ငါးဂိုးပြတ်ရှုံးနိမ့်မှုကတော့ အလွန်ဆိုးရွားသည့်အနေအထားပင်ဖြစ်သည်။

ဗီယက်နမ်အသင်းထံမှ သင်ခန်းစာများစွာ ရရှိခဲ့သည်ဟုဆိုခဲ့သော မြန်မာအသင်းနည်းပြချုပ် စတီဗင်ဟန်ဆန်အနေဖြင့် လာမည့် ဆီးဂိမ်းအုပ်စုပွဲစဉ်တွင် ထပ်မံတွေ့ဆုံရမည့်ဗီယက်နမ်အသင်းနှင့်ပွဲစဉ်အတွက် အတိုင်းအတာတစ်ခုအထိ ပြင်ဆင်ခွင့်ရရှိနိုင်မည်ဟုမျှော်လင့်ရသည်။

သို့သော် မြန်မာအသင်း၏ လက်ရှိအနေအထားအရ ဗီယက်နမ်အသင်းထံမှ ရှေ့ပွဲစဉ်များထက် ဂိုးရလဒ်နည်းနည်းဖြင့် ရှုံးရန်သာ ဖြစ်နိုင်ခြေအများဆုံးဖြစ်နေပြီး

စာ(၅၁)သို့



အားကစားကြယ်ပွင့်

# ဂရင်းဆလင်းချန်ပီယံဆု မရသေးပေမယ့် တစ်နှစ်ကျော်ကြာ ကမ္ဘာ့နံပါတ်တစ်ဖြစ်နေဆဲ ဒိန်းမတ်တင်းနစ်မယ် ဝေါ့ဇ်နီယက်ကီ

ကိုအေးမြတ်

ကာရိုလိုင်းဝေါ့ဇ်နီယက်ကီဟာ လက်ရှိမှာ WTA ရဲ့ အဆင့်သတ်မှတ်ချက်အရ ကမ္ဘာ့နံပါတ်တစ် အမျိုးသမီးတင်းနစ်ကစားသမားအဖြစ် ရပ်တည်နေသူဖြစ်ပါတယ်။ ၂၀၁၁ အောက်တိုဘာ ၂၄ ရက်အထိ ကမ္ဘာ့နံပါတ်တစ်နေရာမှာ ၅၄ ပတ်ဆက်တိုက် ရပ်တည်နေခဲ့သူဖြစ်ပြီး သူမဟာ စကင်ဒီနေးဗီးယန်းနိုင်ငံများ(နော်ဝေး၊ ဆွီဒင်၊ ဒိန်းမတ်)မှ ကစားသမားများထဲမှာ ယခုလို ထိပ်တန်းအဆင့် ရပ်တည်နိုင်သူ ပထမဆုံးကစားသမားအဖြစ်လည်း စာရင်းဝင်နေပါတယ်။

ဝေါ့ဇ်နီယက်ကီဟာ WTA တင်းနစ်ပြိုင်ပွဲကို ၂၀၀၅ ခုနှစ်က စတင်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး နှစ်စဉ်နှစ်တိုင်း အဆင့်တွေတိုးတက်ရရှိလာခဲ့တဲ့ ကစားသမားတစ်ဦးဖြစ်ပါတယ်။ သူမက ပြီးခဲ့တဲ့ဩဂုတ်လအထိ မှတ်တမ်းများ အရ WTA တစ်ဦးချင်းတင်းနစ်ချန်ပီယံဆု ၁၈ ဆု အထိရရှိထားပြီး ၂၀၀၉ ယူအက်စ်အိုးပင်းနဲ့ ၂၀၁၀ WTA Tour ချန်ပီယံရှစ်ပွဲတွေမှာတော့ ဒုတိယရထားပါတယ်။ လက်ရှိမှာ သူမဟာ ကမ္ဘာ့နံပါတ်တစ်အဖြစ် တစ်နှစ်ကျော်ရပ်တည်နေပေမယ့် အဓိက ဂရင်းဆလင်းပြိုင်ပွဲကြီးတစ်ခုမှာမှ ဗိုလ်စွဲဖူးခြင်းမရှိသေးတာဟာလည်း ထူးခြားချက်တစ်ရပ်ဖြစ်နေပါတယ်။

**တင်းနစ်ဘဝဖြတ်သန်းမှု**

ဝေါ့ဇ်နီယက်ကီဟာ အငယ်တန်းပြိုင်ပွဲတွေမှာ စတင်ဝင်ပြိုင်စဉ်ကပဲ အနိုင်ရခဲ့ဖူးသူဖြစ်ပါတယ်။ သူမဟာ ပထမဆုံး WTA Tour ပြိုင်ပွဲ ကွာတားဖိုင်နယ်ကိုတော့ ၂၀၀၆ မှာ ရောက်ရှိခဲ့ပြီး ဆွီဒင်မှ ဆိုဖီယာအာဗစ်ဆင်ကို ရှုံးနိမ့်ခဲ့ရတယ်။ ဒါပေမဲ့ သူမရဲ့ အငယ်တန်းအဆင့် နောက်ဆုံးချန်ပီယံဆုတွေကိုတော့ အိုဆာကာမြို့တော်ဝန်ဖလားပြိုင်ပွဲမှာ တစ်ဦးချင်းအနေနဲ့ရော နှစ်ယောက်တွဲပြိုင်ပွဲမှာပါ ရရှိခဲ့ပါတယ်။ ဒီနောက် သူမဟာ ပထမဆုံး စီနီယာအဆင့် အကြီးတန်းပြိုင်ပွဲ ချန်ပီယံအဖြစ် အစ္စတန်ဘူလ် TIF ပြိုင်ပွဲမှာ တက်ဂျာနာမာလက်ကို အနိုင်ရခဲ့ပါတယ်။ ဒါ့ကြောင့် ၂၀၀၇ ခုနှစ်အတွင်း အောင်မြင်မှုများ အခြေခံလို့ ဝေါ့ဇ်နီယက်ကီကို ဒိန်းမတ်ယဉ်ကျေးမှုဝန်ကြီးဌာနက ဒိန်းမတ်အငယ်တန်းတင်းနစ်သံတမန်အဖြစ် ခန့်အပ်ဂုဏ်ပြုခဲ့ပါတယ်။

စာ(၅၁)သို့



7 DAY NEWS JOURNAL
Vol.10, No.33 · NOVEMBER 3, 2011

## စာ(၅၀) - မြန်မာ့ဘောလုံးအဆင့်အတန်းမှတ်ကျောက်တင်မယ့်ပြိုင်ပွဲ မှ

အလွန်ကံကောင်းမှသာ သရေရလဒ်မျှော်မှန်းနိုင်မည်ဖြစ်သည်။

ထို့ကြောင့် မြန်မာအသင်း အုပ်စုအဆင့်မှ ကျော်လွန်ရန် ဒုတိယနေရာအတွက် ယခုနှစ်ပိုင်းအတွင်း ခြေတက်လာသော လာအို၊ ဖိလစ်ပိုင်အသင်းများနှင့် အဓိကယှဉ်ပြိုင်ရဖွယ်ရှိသည်။ ဘရူနိုင်း၊ တီမောအသင်းတို့မှာ အိမ်ဖြည့်အသင်းအနေအထားပင်ရှိသေး၍ မြန်မာအသင်းအနေဖြင့် အလွယ်တကူအနိုင်ယူနိုင်လိမ့်မည်ဟုယူဆရသည်။

ပွဲစဉ်ရေးဆွဲထားမှုအရ မြန်မာအသင်း ပထမပွဲဦးထွက်ယှဉ်ပြိုင်ရမည့်အသင်းမှာ လာအိုအသင်းဖြစ်ပြီး ၎င်းပွဲစဉ်ရလဒ်က မြန်မာအသင်းအသင်းအတွက် အလွန်အရေးကြီးသည်ဟုဆိုရမည်ဖြစ်သည်။

လာအိုနှင့်ပွဲစဉ်တွင် မြန်မာအသင်းအနေဖြင့်မဖြစ်မနေအနိုင်ရရှိရန် လိုအပ်နေသည်။ သရေရလဒ်ပေါ်ထွက်ခဲ့လျှင် အမြင့်ဆုံးလာအိုအသင်းနှင့် ရမှတ်တူအနေအထားဖြစ်ပေါ်ခဲ့ပါက ဂိုးကွာခြားချက်ယှဉ်ပြိုင်ရလျှင် အဆုံးသတ်အားနည်းသော မြန်မာတိုက်စစ်မှူးများ၏အနေအထားအရ လာအိုအသင်းအား အသာရရှိရန်မသေချာပါ။

ပြီးခဲ့သည့် ၂၀၀၉ ဆီးဂိမ်းပြိုင်ပွဲ အဖွင့်ပွဲစဉ်တွင်လည်း မြန်မာအသင်းသည် လာအိုအသင်းနှင့်ယှဉ်ပြိုင်ခဲ့ရပြီး ၁-၁ ဂိုးသရေကျခဲ့သည်။ ထိုစဉ်က မြန်မာအသင်းအား အုပ်စုအဆင့်မှာ ချန်ထားခဲ့သော လာအိုအသင်းအား နည်းပြချုပ် ဩစတြီးယားလူမျိုး အဲဖရက်ရီဒယ်ကပင် ယခုနှစ်ပြိုင်ပွဲကိုဆက်လက်ကိုင်တွယ်မည်ဖြစ်သည်။

ပြိုင်ပွဲတိုင်း၏ ပွဲဦးထွက်ပွဲစဉ်များတွင် အထနှေးတတ်သော မြန်မာအသင်း၊ မြန်မာဘောလုံးသမားများအကြောင်း ကောင်းကောင်းသိသည်ဟု ယူဆရသော ဆွီဒင်လူမျိုး စတီဗင်ဟန်ဆန်မည်သို့ကိုင်တွယ်မလဲဆိုသည်ကို စောင့်ကြည့်ရမည်ဖြစ်သည်။

ဖိလစ်ပိုင်အသင်းတွင်လည်း ဥရောပအခြေစိုက်ကစားသမားပါဝင်ကြောင်းသိရပြီး ဆီးဂိမ်းပြိုင်ပွဲမတိုင်မီ ဂျပန်နိုင်ငံသို့ သွားရောက်လေ့ကျင့်ပြင်ဆင်နေသည့်အသင်းဖြစ်သည်။ ၂၀၁၀ ဆူဇူကီးဖလားပြိုင်ပွဲတွင် မြန်မာအသင်းအား ခြေအသာဖြင့် ဖိကစားကာ ဂိုးမရှိသရေရလဒ်၊ ယခုနှစ် ရန်ကုန်တွင်ပြုလုပ်ခဲ့သည့် AFC



လေ့ကျင့်ရေးကွင်းမှ မြန်မာယူ-၂၃ အသင်းသားများကိုတွေ့ရစဉ်

Challenge Cup ခြေစစ်ပွဲတွင် ဖိလစ်ပိုင်အသင်းက ဦးဆောင်ဂိုးရယူပြီး မြန်မာအသင်းအနေဖြင့် နောက်မှအသည်းအသန် လိုက်ကစားကာ ၁-၁ ရလဒ်များက မြန်မာအသင်းကို ခြောက်လှန့်နေဆဲဖြစ်ပြီး ယခု ဆီးဂိမ်းပွဲစဉ်တွင်လည်း မြန်မာအသင်းအနေဖြင့် ဖိလစ်ပိုင်အသင်းအား ခက်ခက်ခဲခဲ ရင်ဆိုင်ရဖွယ်ရှိနေသည်။ မြန်မာအသင်း အနေဖြင့် စတုတ္ထမြောက် ယှဉ်ပြိုင်ရမည့် ဖိလစ်ပိုင်နှင့်ပွဲစဉ်အတွက် ဖိအားကင်းကင်းဖြင့် ကစားနိုင်ရန်မှာ ရှေ့ပွဲစဉ်များတွင် ရလဒ်ကောင်းရန်လိုအပ်မည်ဖြစ်သည်။

မြန်မာဘောလုံးအသင်းသည် ဆီးဂိမ်း(ယခင် ကျွန်းဆွယ်)ပြိုင်ပွဲသမိုင်းတွင် ငါးကြိမ်ဗိုလ်စွဲထားပြီး အအောင်မြင်ဆုံးအသင်းအဖြစ် တတိယနေရာ၌ ရပ်တည်နေသည်။ သို့သော်ထိုကဲ့သို့သမိုင်းအစဉ်အလာမသေးလှသော်လည်း လက်ရှိအနေအထား ခြေစွမ်းအရ မြန်မာဘောလုံးအသင်းအား ပရိသတ်များ အမြင့်ဆုံးမျှော်လင့်နေသည်မှာ တည်ငြိမ်သော ခြေစွမ်း၊ နိုင်ငံအတွက် ပေးဆပ်လိုသည့်စိတ်ဓာတ်ပိုင်း၊ နိုင်သင့်နိုင်ထိုက်သည့် အသင်းများကို အနိုင်ယူရန်သာဖြစ်သည်။

မြန်မာ့ဘောလုံးတိုးတက်ဖွံ့ဖြိုးရန် ရည်ရွယ်ချက်ဖြင့် ၂၀၀၉ ခုနှစ်မှစတင်၍ ငွေကြေးကျပ်သန်းပေါင်းများစွာ ကုန်ကျခံကျင်းပခဲ့သည့်မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ၊ အပျော်တမ်းစနစ်မှ ဆုကြေးစားစနစ်သို့ ပြောင်းလဲလိုက်သည့် လက်ရှိအချိန်အထိ ရလဒ်ပိုင်းဆိုးရွားနေဆဲဖြစ်သည်။ ပြိုင်ပွဲစုံတွင် လက်ရွေးစင်အသင်း ရလဒ်ပိုင်းဆိုးရွားမှုကြောင့် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲအပေါ် ပရိသတ်စိတ်ဝင်စားမှုနည်းလာသည်။ ပရိသတ်စိတ်ဝင်စားမှုလျော့နည်းလာကာ ဆက်လက်ရပ်တည်ရန်ခက်ခဲလာနိုင်သည့် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲနှင့် ၂၀၁၁ ခုနှစ်အတွင်း ကန်လိုက်တိုင်းရှုံးသည့် လက်ရွေးစင်မြန်မာဘောလုံးအသင်းတို့၏ အနာဂတ်အတွက် အင်ဒိုနီးရှား ဆီးဂိမ်းပြိုင်ပွဲဝင် မြန်မာယူ-၂၃ အသင်းသည်နောက်ဆုံးမျှော်လင့်ချက်ဖြစ်လာနိုင်သည်။

ထို့ကြောင့် ယခုဆီးဂိမ်းပြိုင်ပွဲတွင် ရလဒ်ကောင်းရန် လက်ရွေးစင်အသင်း၌ အကြိမ်ရေများစွာ ရွေးချယ်ခံထားရသော ဝါရင့်လက်ရွေးစင်ဘောလုံးသမားအချို့ပင် ယူ-၂၃ အသင်း၌ သွေးသစ်လောင်းထားသည်။ ထိုသို့ ကစားသမားများ ပါဝင်လျက် ဆီးဂိမ်းပြိုင်ပွဲတွင် ရလဒ်မကောင်းပါကမူ ယူ-၂၃ အသင်း လက်ရွေးစင်အသင်းနည်းပြ၊ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ၊ ဘောလုံးအဖွဲ့ချုပ်၊ အဖွဲ့ချုပ်ဥက္ကဋ္ဌတို့အတွက် ဖိအားတိုးလာမည်သာဖြစ်သည်။

## စာ(၅၀) - အားကစားကြယ်ပွင့် မှ

### ၂၀၀၇ မှ ၂၀၁၀ ပြည့်နှစ်အထိ

၂၀၀၇ ကနေ ၂၀၁၀ အထိ သုံးနှစ်တာကာလကလည်း သူမအတွက် အောင်မြင်မှုကာလတွေပါပဲ။ ၂၀၀၇ နှစ်ဆန်းပိုင်း ဖေဖော်ဝါရီမှာပဲ သူမဟာ ITF တစ်ဦးချင်းချန်ပီယံဆုစတင်ရခဲ့တယ်။ ဒီနောက် ပထမဆုံး WTA Tour ပြိုင်ပွဲရဲ့ ဆီမီးအဆင့် တက်ရောက်နိုင်ခဲ့ပြီး ဗီးနပ်စ်ဝီလီယံကို ရှုံးနိမ့်ခဲ့ရတယ်။ ဒါပေမဲ့ တင်ရှုယာလာဆင်ပြီးနောက် ၁၉၈၆ ကစလို့ WTA Tour ရဲ့ ဆီမီးအဆင့်ရောက်ရှိသူ ပထမဆုံး ဒိန်းမတ်တင်းနစ်မယ်အဖြစ်တော့ မှတ်တမ်းဝင်ခဲ့ပါတယ်။ ၂၀၀၈ ထဲမှာတော့ သူမဟာ ပထမဆုံး ဂရင်းဆလင်းပြိုင်ပွဲအဖြစ် ဩစတြေးလျအိုးပင်းကိုဝင်ခဲ့ပြီး ထိုစဉ်က ချန်ပီယံဖြစ်သွားတဲ့ အန်နာအီဗင်နိုဗစ်ကို ရှုံးထွက်အဆင့်မှာရှုံးနိမ့်ခဲ့တယ်။ ဒီနောက် ပြင်သစ်အိုးပင်းမှာလည်း ပထမဆုံးဦးစားပေးအဆင့်(ဆီဒင်)ရခဲ့ပေမယ့် ထိုစဉ်က ကမ္ဘာ့နံပါတ်နှစ် အီဗင်နိုဗစ်ကိုပဲ တတိယအဆင့်မှာ ထပ်ရှုံးခဲ့ရပြန်ပါတယ်။ ဒါပေမဲ့ ဝေါ့ဇ်နီယက်ကီဟာ ပထမဆုံး WTA Tour ချန်ပီယံဆုကို Nordic Light Open ပြိုင်ပွဲမှာ စတင်ရရှိခဲ့လို့ ဒုတိယမြောက် WTA Tour ပြိုင်ပွဲ ချန်ပီယံဘွဲ့ကို နယူးဟေဗင်မှာ ပြုလုပ်တဲ့ Pilot Pen Tennis ပြိုင်ပွဲမှာ ထပ်ရခဲ့တယ်။ ဒီနောက် China Open ပြိုင်ပွဲ နှစ်ယောက်တွဲပြိုင်ပွဲမှာ မက်ဒီနာဂါရီဂူနဲ့တွဲကာ ချန်ပီယံဖြစ်ခဲ့သလို AIG ဂျပန်အိုးပင်းတင်းနစ်ချန်ပီယံပွဲမှာလည်းထပ်နိုင်ခဲ့လို့ ၂၀၀၈ ကို WTA သရဖူသုံးခုနဲ့ပွဲသိမ်းနိုင်ခဲ့ပြီး ကမ္ဘာ့အဆင့်-၁၂ ရခဲ့တယ်။ ဒါ့အပြင် WTA က ချီးမြှင့်တဲ့ ၂၀၀၈ အကောင်းဆုံးကစားသမားသစ်ဆုကိုပါ ဆွတ်ခူးနိုင်ခဲ့တယ်။

၂၀၀၉ ထဲမှာတော့ သူမဟာ အောင်မြင်မှုတွေအဖြစ် MPS Group ချန်ပီယံရှစ်၊ Eeastbourne ချန်ပီယံရှစ်၊ Pilot Pen တင်းနစ်ပြိုင်ပွဲတွေရဲ့ ချန်ပီယံဖြစ်ခဲ့ပြီး ယူအက်စ်အိုးပင်းဖိုင်နယ်အထိရောက်ရှိကာ ကင်မ်ကလစ်စတာကို ရှုံးပြီး ဒုတိယနဲ့ကျေနပ်ခဲ့ရတယ်။ ဒါပေမဲ့ ဒိန်းမတ်တင်းနစ်မယ်တွေထဲက ပထမဆုံးသော ဂရင်းဆလင်းဖိုင်နယ်ရောက်သူ အဖြစ်တော့ မှတ်တမ်းဝင်ခဲ့တယ်။ ဒီနောက်



၂၀၁၀ ထဲမှာတော့ သူမဟာ ဩစတြေးလျအိုးပင်းကို ဝင်ခဲ့ပြီး စတုတ္ထအဆင့်မှာ လီနာကိုရှုံးခဲ့ပေမယ့် ကမ္ဘာ့နံပါတ်သုံးနေရာတော့ ရောက်ခဲ့တယ်။ နောက်ထပ်ပြိုင်ပွဲတစ်ခုဖြစ်တဲ့ Family Circle Cup မှာတော့ သူမဟာ ဒူးဒဏ်ရာရခဲ့တာကြောင့် ပြိုင်ပွဲတွေကနေ ထွက်ခွာခဲ့ရပါတယ်။ ဒါပေမဲ့ ဝေါ့ဇ်နီယက်ကီဟာ ၂၀၁၀ အတွင်း ပြင်သစ်အိုးပင်း၊ ယူအက်စ်အိုးပင်းတို့မှာ ဝင်ပြိုင်ခဲ့တာတွေကြောင့် ချိုင်းနားအိုးပင်းပြီးနောက် ဒဏ်ရာကြောင့် အနားယူနေတဲ့ ဆရီနာဝီလီယံနေရာကို အစားဝင်ကာ ကမ္ဘာ့နံပါတ်တစ်ဖြစ်လာပါတယ်။ ဒါ့အပြင် ဧည့်သည် ဂရင်းဆလင်းချန်ပီယံဆု တစ်ခါမှမရသေးဘဲ နံပါတ်တစ်ဖြစ်နေရာရလာခဲ့တဲ့ ငါးဦးမြောက် တင်းနစ်မယ်အဖြစ်လည်း မှတ်တမ်းဝင်ခဲ့ပါတယ်။ ၂၀၁၀ ထဲမှာနောက်ထပ်မှတ်တမ်းကောင်းတစ်ခုကတော့ သူမဟာ WTA တစ်ဦးချင်း ချန်ပီယံဆုခြောက်ဆုကို တစ်နှစ်တည်းရခဲ့ပြီး တစ်နှစ်တည်းမှာ WTA ဆုအများဆုံးရသူကစားသမားဖြစ်လာတာပါပဲ။

### ၂၀၁၁

၂၀၁၁ အစမှာတော့ သူမဟာ ဩစတြေးလျအိုးပင်းရှုံးနိမ့်မှုကြောင့် ဖေဖော်ဝါရီ ၁၄ မှာ ကင်မ်ကလစ်စတာနောက် နံပါတ်နှစ်နေရာ ပြန်ကျသွားခဲ့ပါတယ်။ ဒါပေမဲ့ ဒူဘိုင်းချန်ပီယံရှစ်မှာ ဗိုလ်စွဲနိုင်ခဲ့တာကြောင့် နောက်တစ်ပတ်အကြာမှာပဲ နံပါတ်တစ်နေရာ ပြန်ရောက်ခဲ့တယ်။ ဒီနောက် Indian Wells ပြိုင်ပွဲ၊ Family Circle Cup နဲ့ ဘရပ်ဆဲလ်အိုးပင်းတို့မှာ အနိုင်ရခဲ့တယ်။ ဒါပေမဲ့ ပြင်သစ်အိုးပင်း၊ ဝင်ဘယ်ဒန်အိုးပင်းနဲ့ ယူအက်စ်အိုးပင်းတို့မှာ ရှုံးနိမ့်ခဲ့ပြီး ယူအက်စ်အိုးပင်းမှာဆို အမြင့်ဆုံးဆီမီးဖိုင်နယ်အဆင့်ထိပဲရောက်ခဲ့တယ်။ ဒါပေမဲ့ ကျင်းပသမျှပွဲတွေမှာ ထိပ်တန်းဦးစားပေးအဆင့် သတ်မှတ်ခံရတာရယ် WTA ချန်ပီယံရှစ်မှာ ကွာတားဖိုင်နယ်အထိတော့ ရောက်ခဲ့တာရယ်ကြောင့် နံပါတ်တစ်နေရာမှာ ဆက်လက်ရပ်တည်နိုင်ခဲ့ပြီး WTA ပွဲစဉ်တွေကနေ ရှာရာပိုဗာနုတ်ထွက်သွားပြီးနောက် ၂၀၁၁ ကို ဒုတိယမြောက် ကမ္ဘာ့အဆင့်တစ်နေရာ ဆက်လက်ဆွဲကိုင်နိုင်တဲ့နှစ် အဖြစ် ဖြတ်သန်းဖို့ သေချာခဲ့တယ်။

### ဝေါ့ဇ်နီယက်ကီရဲ့ ကစားဟန်

ဝေါ့ဇ်နီယက်ကီဟာ ခြေထောက်ရွေ့လျားမှုကောင်းမွန်ပြီး ခံစစ်ကစားဟန်ပိုင်နိုင်တယ်လို့ သတ်မှတ်ခံရပါတယ်။ သူမရဲ့ လက်ပြန်ရိုက်ချက်တွေဟာ အကောင်းဆုံးဖြစ်ပြီး တစ်ဖက်ကွင်းစည်းနားကျအောင် ရိုက်နိုင်တာမို့ ခံစစ်ကနေ တိုက်စစ်ကို အလျင်အမြန်ပြောင်းလဲစေနိုင်တယ်လို့ဆိုပါတယ်။ သူမရဲ့ ခံစစ်ကစားဟန်ကို ပြိုင်ဘက်တွေကတော့ အကောင်းဆုံးတန်ပြန်တိုက်စစ်သမားရယ်လို့ သတ်မှတ်ထားကြပါတယ်။

### ပုဂ္ဂိုလ်ရေးဘဝ

ဝေါ့ဇ်နီယက်ကီဟာ ဒိန်းမတ်နိုင်ငံသူဖြစ်ပေမယ့် မိဘတွေက ပိုလန်ကနေ ပြောင်းရွှေ့လာတဲ့ ပိုလန်လူမျိုးတွေဖြစ်ပါတယ်။ သူမရဲ့ဖခင် ပီယိုတာဝေါ့ဇ်နီယက်ကီဟာ ပရော်ဖက်ရှင်နယ်ဘောလုံးသမားတစ်ဦးဖြစ်ပြီး ဒိန်းမတ်ကို ပြောင်းရွှေ့လာရာမှာ ဒိန်းမတ်နိုင်ငံသားခံယူခဲ့တာပါ။ ဝေါ့ဇ်နီယက်ကီဟာ ဘောလုံး၊ ရေကူးနဲ့ စန္ဒရားတီးရတာတွေနှစ်သက်ပြီး အင်္ဂလန်လီဗာပူးအသင်းပရိသတ်ဖြစ်ပါတယ်။ သူမဟာ ၂၀၁၁ မှာ Forbes မဂ္ဂဇင်းရဲ့ သတ်မှတ်ချက်အရ ကမ္ဘာ့ဒုတိယဝင်ငွေအများဆုံး အမျိုးသမီးအားကစားသမားဖြစ်ပါတယ်။ သူမဟာ လက်ရှိမှာ နာမည်ကျော် ဥရောပဂေါက်သီးကစားသမားတစ်ဦးဖြစ်သူ ရော်ရီမက်အီရွိုင်းနဲ့ လက်တွဲနေတယ်လို့ သိရပါတယ်။

**ဆီးဂိမ်းပြိုင်ပွဲဝင် မြန်မာ ယူ-၂၃ အသင်း လူစာရင်း**

**အုပ်ချုပ်သူ**-ဦးတင်အောင်၊ **နည်းပြချုပ်**-စတီဗင်ဟန်ဆန်၊ **နည်းပြ**- ဦးတင်မြင့်အောင်၊ **လ/ထနည်းပြ**-ဦးစိုးမိုး၊ ဂိုးနည်းပြ-ဦးမျိုးချစ်၊ **ဂိုး**- သီဟစည်သူ၊ ကျော်ဇင်ထက်၊ ဟိန်းကျော်သူ၊ **နောက်တန်း**-ရန်အောင်ဝင်း၊ ဇော်ဇော်ဦး၊ ဇော်မင်းထွန်း၊ မိုးဝင်း၊ အေးဆန်း၊ ဉာဏလွင်၊ ရွှေလှိုင်ဝင်း၊ ကျော်ကျော်မျိုး၊ **အလယ်တန်း**-မင်းမင်းသူ၊ ရန်အောင်ကျော်၊ ကြည်လင်း၊ ပြည့်ဖြိုးဦး၊ ကျော်ဇေယျာဝင်း၊ အောင်မြင့်အေး၊ **ရှေ့တန်း**-မိုင်းအိုက်နိုင်၊ ကျော်ကိုကို၊ မင်းမင်းထွန်း။

**မြန်မာအသင်း၏ဆီးဂိမ်းပွဲစဉ်များ**

| | | | |
|---|---|---|---|
| နိုဝင်ဘာ ၃ ရက် | လာအို | - | မြန်မာ |
| နိုဝင်ဘာ ၅ ရက် | မြန်မာ | - | ဗီယက်နမ် |
| နိုဝင်ဘာ ၉ ရက် | မြန်မာ | - | ဘရူနိုင်း |
| နိုဝင်ဘာ ၁၃ ရက် | ဖိလစ်ပိုင် | - | မြန်မာ |
| နိုဝင်ဘာ ၁၅ ရက် | မြန်မာ | - | တီမော |

7DAY NEWS JOURNAL
Vol.10, No.33 · NOVEMBER 3, 2011

# ဖူလ်ဟမ်–စပါး လန်ဒန်ဒါဘီနဲ့ အိုးထရက်ဖို့ဒ်မှာ ဆန်းဒါးလန်းကို နိုင်ပွဲရှာမယ့် မန်ယူ

## ပရီးမီးယားလိဂ်ပွဲစဉ်(၁၁) ပွဲကြိုခန့်မှန်းချက်

**ကိုအေးမြတ်**

ဒီတစ်ပတ်ရဲ့ ပရီးမီးယားလိဂ်ပွဲစဉ် (၁၁)မှာတော့ ဖူလ်ဟမ်-စပါး လန်ဒန်ဒါဘီပွဲစဉ်တစ်ပွဲ ထပ်မံပါဝင်နေပြီး ဆန်းဒါးလန်းကို အိမ်ကွင်းမှာနိုင်ပွဲရှာမယ့် မန်ယူနဲ့ ချယ်လ်ဆီးကို ကပ်နိုင်ထားဖူးတဲ့ ကျူပီအာကို သတိထားရင်ဆိုင်ရမယ့် မန်စီးတီးတို့ရဲ့ ပွဲစဉ်တွေက စောင့်ကြိုနေမှာပါ။ အာဆင်နယ်၊ လီဗာပူးတို့ကတော့ အိမ်ကွင်းမှာ ဝက်စ်ဘရွန်း၊ ဆွမ်ဆီးတို့နဲ့ အသီးသီးရင်ဆိုင်ရမှာမို့ အခက်အခဲမရှိလောက်ပါဘူး။



**၅၊ နိုဝင်ဘာ၊ စနေ။**

**ည ၇း၁၅ နာရီ**

**နယူးကာဆယ်-အဲဗာတန်**

**ယမန်နှစ်ရလဒ် ၁-၂**

ယမန်နှစ်က နယူးကာဆယ်တို့အခြေအနေဆိုးခဲ့ပြီး အိမ်ကွင်းမှာတောင် အဲဗာတန်ကို အရှုံးပေးခဲ့ရတယ်။ ဒါပေမဲ့ ဒီနှစ်မှာတော့ နယူးကာဆယ်ဟာ အိမ်ကွင်းငါးပွဲကစားထားပြီး သုံးပွဲနိုင်၊ နှစ်ပွဲသရေကျထားတာမို့ အိမ်ကွင်းရလဒ်အကောင်းဆုံးတစ်သင်းပါပဲ။ ဒမ်ဘာဘာ၊ အိုဘာတန်၊ ဂူတီယာရက်စ်တို့ရဲ့ အိမ်ရှင်နယူးကာဆယ်ကပဲ ဂိုးအနည်းနဲ့ ကပ်နိုင်ဖွယ်ရှိတယ်။

**ည ၉း၃၀ နာရီ**

**အာဆင်နယ်-ဝက်စ်ဘရွန်း**

**ယမန်နှစ်ရလဒ် ၂-၃**

အာဆင်နယ်ဟာ ယမန်နှစ်က အံ့ဩဖွယ်ကောင်းလောက်အောင်ပဲ ဝက်စ်ဘရွန်းကို နှစ်ကျော့စလုံး တစ်ကြိမ်မှမနိုင်ခဲ့ဘူး။ ဒါပေမဲ့ ဒီရာသီ အိမ်ကွင်းစွမ်းဆောင်မှုမှာ အာဆင်နယ်တို့ ကောင်းမွန်ဆဲဖြစ်တာမို့ နိုင်ခြေများပါတယ်။ ချာမက်၊ ဂါဗင်ဟို၊ ဗန်ပါစီတို့ရဲ့ ဂိုးတွေနဲ့ အာဆင်နယ် နိုင်မှာပါ။ သွင်းဂိုးမများလောက်ပါဘူး။

**ဗီလာ-နော့ဝစ်ချ်**

**ယမန်နှစ်ရလဒ် - မရှိ**

ဒီနှစ်သင်းနောက်ဆုံးတွေ့ဖူးတာ ၂၀၀၅ ပရီးမီးယားလိဂ်မှာဖြစ်ပါတယ်။ ဗီလာတို့ ဒီရာသီအိမ်ကွင်းရှုံးပွဲတစ်ပွဲသာ ရှိသေးတာမို့ တန်းတက်နော့ဝစ်ချ်ကို အိမ်ကွင်းမှာကျော်ဖြတ်နိုင်မှာပါ။ နော့ဝစ်ချ်တို့အဝေးကွင်းရလဒ်သိပ်မကောင်းတတ်တာမို့ အမြင့်ဆုံး သရေပဲမှန်းနိုင်မယ်။ ဗီလာဂိုးနည်းနည်းနဲ့ နိုင်မယ့်ပွဲပါ။

**ဘလက်ဘန်း-ချယ်လ်ဆီး**

**ယမန်နှစ်ရလဒ် ၁-၂**

ဘလက်ဘန်းတို့ ဇယားအောက်ခြေမှာရောက်နေတာမို့ ပုံမှန်အားဖြင့် ညှော်သည်ချယ်လ်ဆီးက အများကြီးသာနေတယ်။ ဒါပေမဲ့ ဒီရာသီမှာ ချယ်လ်ဆီးတို့ အဝေးကွင်းရလဒ်အကောင်းဆုံး အနေအထားမရောက်သေးတာကြောင့် ဂိုးအများကြီး မှန်းဖို့တော့ မလွယ်ပါဘူး။ တောရက်စ် ပြန်လည်ပါဝင်လာရင် မာတာ၊ မိုင်ရဲလက်စ်၊ လမ်းပတ်တို့ရဲ့ အလယ်တန်းအင်အားနဲ့ ချယ်လ်ဆီး နှစ်ဂိုးလောက်တော့ ရနိုင်ခြေရှိတယ်။

**လီဗာပူး-ဆွမ်ဆီး**

**ယမန်နှစ်ရလဒ် - မရှိ**

လီဗာပူးအတွက် အိမ်ကွင်းနိုင်ပွဲရဖို့ အများကြီးအခြေအနေကောင်းပါတယ်။ လက်ရှိမှာ လီဗာပူး အိမ်ကွင်းငါးပွဲကစားပြီး နှစ်ပွဲနိုင်၊ သုံးပွဲသရေရထားတယ်။ မထင်မှတ်ဘဲ သရေကျမလားစိုးရိမ်ရတယ်။ လီဗာပူးကိုတော့ မဖြစ်မနေပဲ ရွေးချယ်ရမှာပါ။ ဂိုးနည်းဖို့ရှိတယ်။

**မန်ယူ-ဆန်းဒါးလန်း**

**ယမန်နှစ်ရလဒ် ၂-၀**

အဲဗာတန်နဲ့ ရင်ဆိုင်အပြီးမှာ မန်ယူအတွက် အိမ်ကွင်းနိုင်ပွဲပြန်ရအောင် ဂရုစိုက်ကစားရမယ့်ပွဲပါပဲ။ ဆန်းဒါးလန်းဟာ အိုးထရက်ဖို့ဒ်မှာ မန်ယူကိုနိုင်ဖို့မလွယ်ပေမယ့် မထင်မှတ်ဘဲ သရေရအောင် ခံစားသွားနိုင်တယ်။ မန်ယူတို့ အမြင့်ဆုံး နှစ်ဂိုးလောက်နဲ့ပဲ နိုင်မယ့်ပွဲပါ။

**၆၊ နိုဝင်ဘာ၊ တနင်္ဂနွေ။**

**နံနက် ၀၀း၀၀ နာရီ**

**ကျူပီအာ-မန်စီးတီး**

**ယမန်နှစ်ရလဒ် - မရှိ**

ဇယားကို ဦးဆောင်နေတဲ့ မန်စီးတီးတို့ ဂရုစိုက်ကစားမှ အဝေးကွင်းနိုင်ပွဲရမှာဖြစ်ပါတယ်။ ကျူပီအာဟာ ချယ်လ်ဆီးကို အိမ်ကွင်းမှာအခက်တွေ့အောင်ကစားနိုင်ခဲ့တာကြောင့် မန်စီးတီးခံစစ်ပိုင်း ဂရုစိုက်ရပါမယ်။ မန်စီးတီးဂိုးအရင်သွင်းနိုင်ရင်တော့ ဂိုးများသွားဖို့ရှိတယ်။ ညှော်သည်အသင်းဘက်က မဖြစ်မနေရပ်တည်ရမယ့်ပွဲပါပဲ။

**ည ၈း၀၀ နာရီ**

**ဝုလ်-ဝီဂန်**

**ယမန်နှစ်ရလဒ် ၁-၂**

နှစ်သင်းစလုံး ဇယားအောက်ခြေပိုင်းက အသင်းတွေဖြစ်နေပါတယ်။ ဝုလ်တို့ အိမ်ကွင်းရှုံးပွဲများနေသလို ဝီဂန်ကလည်း ယနေ့အထိ အဝေးကွင်းနိုင်ပွဲမရှိသေးဘူး။ စိတ်ကြိုက်တွေ့မိတာကတော့ ဝုလ်ပဲဖြစ်တယ်။ အပြန်အလှန်သွင်းဂိုးတွေနဲ့ ဝုလ်နိုင်ဖို့များတယ်။

**ည ၉း၃၀ နာရီ**

**ဘော်လ်တန်-စတုတ်စီးတီး**

**ယမန်နှစ်ရလဒ် ၂-၁**

ပြီးခဲ့တဲ့ဧပြီက အက်ဖ်အေဖလားမှာ စတုတ်တို့ ဘော်လ်တန်ကို သူ့အိမ်ကွင်းမှာပဲ လေးဂိုးပြတ်နိုင်ခဲ့တာ မေ့မထားသင့်ပါဘူး။ လက်ရှိဇယားမှာ ရပ်တည်မှုအရ ဘော်လ်တန်တို့ အောက်ခြေအသင်းဖြစ်နေပြီး စတုတ်နဲ့ အဆင့်ကွာနေတယ်။ ဒါပေမဲ့ ညှော်သည်စတုတ်တို့ အဝေးကွင်းရှုံးပွဲများနေတာကြောင့် ဒီပွဲကို ပိတ်ကစားဖွယ်ရှိပါတယ်။ သရေဖြစ်နိုင်သလို ဘော်လ်တန် ကပ်နိုင်ခြေရှိတယ်။

**ဖူလ်ဟမ်-စပါး**

**ယမန်နှစ်ရလဒ် ၁-၂**

ဒီပွဲလည်း လန်ဒန်ဒါဘီပွဲတစ်ပွဲပါပဲ။ ဖူလ်ဟမ်ဟာ ပြီးခဲ့တဲ့ ဇန်နဝါရီ အက်ဖ်အေဖလားမှာ စပါးကို အိမ်ကွင်းမှာပဲ လေးဂိုးပြတ်နိုင်ထားခဲ့တယ်။ လက်ရှိမှာ ဖူလ်ဟမ်တို့ အိမ်ကွင်းသရေပွဲများနေတာ စဉ်းစားရမယ့်အချက်ပါ။ ဗန်ဒါဗတ်၊ ပက်ဗလျူချင်ကိုတို့ရဲ့ လန်ဒန်ထိပ်သီးစပါးကိုပဲ အားပေးရမှာပါ။ စပါးဂိုးပြတ်ဖို့တော့မရှိပါဘူး။



7DAY NEWS JOURNAL
Vol.10, No.33 · NOVEMBER 3, 2011

# စတိဗ်ဂျော့ဘ်အတ္ထုပ္ပတ္တိစာအုပ် တ ုတ်နိုင်ငံတွင် အထူးရောင်းကောင်း



Photo- Getty Images

**ရှန်ဟိုင်း၊ အောက်တိုဘာ-၂၅**

Apple ကုမ္ပဏီ ပူးတွဲတည်ထောင်သူ စတိဗ်ဂျော့ဘ်၏ အတ္ထုပ္ပတ္တိစာအုပ်ကို ၎င်းကွယ်လွန်အပြီး သုံးပတ်အကြာတွင် အမေရိကန်နိုင်ငံနှင့် တစ်နေ့တည်း တရုတ်နိုင်ငံတွင်လည်း တရုတ်ဘာသာပြန် ရောင်းချခဲ့ရာ စာအုပ်များ အထူးရောင်းကောင်းခဲ့ကြောင်းသိရသည်။

'စတိဗ်ဂျော့ဘ်'ဟု ရိုးရှင်းစွာ အမည်တပ်ထားသည့် ယင်းစာအုပ်ကို အောက်တိုဘာလ ၂၄ ရက်တွင် တရုတ်နိုင်ငံ မြို့ပေါင်း ၂၀ ကျော်၌စတင်ရောင်းချခဲ့ခြင်းဖြစ်သည်။ မြို့တော်ဘေဂျင်းရှိ CITIC Press ပုံနှိပ်တိုက်မှ ဈေးကွက်ဒါရိုက်တာကောင်ယန်က "စာအုပ်ဟာ အထူးရောင်းအားကောင်းခဲ့ပါတယ်။ မြို့ပေါင်း ၂၁ မြို့က စာအုပ်စတိုးဆိုင် ၃၀ မှာ ရောင်းခဲ့ပြီး အများစုကို မနေ့ကပဲ ရောင်းချပြီးပါပြီ"ဟုပြောသည်။

Apple အမှတ်တံဆိပ် ဒစ်ဂျစ်တယ်ပစ္စည်းများသည် တရုတ်နိုင်ငံတွင် လူကြိုက်များသော ထုတ်ကုန်များဖြစ်ပြီး သုံးစွဲသူများသည် Apple ၏ နောက်ဆုံးထွက် ထုတ်ကုန်များ ရောင်းချတိုင်း ရက်ပေါင်းများစွာ တန်းစီစောင့်ဆိုင်း၍ အလုအယက်ဝယ်ယူလေ့ရှိသည်။

ချိုင်းနားဒေးလ်လီသတင်းစာ၏ အဆိုအရလည်း ရှန်ဟိုင်းမြို့မှ အကြီးဆုံးစာအုပ်ဆိုင်တစ်ဆိုင်တွင် စတိဗ်ဂျော့ဘ်အတ္ထုပ္ပတ္တိစာအုပ် အုပ်ရေ ၁,၀၀၀ တင်ရောင်းခဲ့ပြီး တစ်အုပ်လျှင် ၆၈ ယွမ် (ဒေါ်လာ ၁၀ ဒသမ ၇၀)ဖြင့် ရောင်းခဲ့ကြောင်းသိရသည်။ ဤစာအုပ်ကို ယခင် တိုင်းမ်မဂ္ဂဇင်းအယ်ဒီတာဟောင်း ဝေါ်တာအစ်ဆက်ဆင်က ၂၀၀၉ ခုနှစ်မှစ၍ ရေးသားခဲ့ခြင်းဖြစ်သည်။

၎င်းသည် စာအုပ်အတွက် စတိဗ်ဂျော့ဘ်အပါအဝင် မိသားစုဝင်များ၊ မိတ်ဆွေများ၊ လုပ်ဖော်ကိုင်ဖက်များ၊ ပြိုင်ဘက်များကိုပါ အကြိမ်ရာချီ၍ အင်တာဗျူးပြုလုပ်ကာ ရေးသားထားခြင်းဖြစ်သည်။ ယခုစာအုပ်ကို ၂၀၁၂ ခုနှစ်တွင်မှ ထွက်ရှိရန် မူလက လျာထားခဲ့သော်လည်း ဂျော့ဘ် ကွယ်လွန်ခဲ့ပြီးနောက် သုံးပတ်အကြာ အောက်တိုဘာလ ၂၄ ရက်တွင် ထုတ်ဝေရန်ပြောင်းလဲခဲ့ခြင်းဖြစ်သည်။

—*Ref: AFP*

# ကင်ညာမြို့တော် နိုင်ရိုဘီတွင် ဒုတိယအကြိမ် ပေါက်ကွဲမှုဖြစ်ပွား

**နိုင်ရိုဘီ၊ အောက်တိုဘာ - ၂၅**

ကင်ညာနိုင်ငံမြို့တော် နိုင်ရိုဘီဘတ်စ်ကားမှတ်တိုင်တစ်ခုတွင် ပေါက်ကွဲမှု ဖြစ်ပေါ်ခဲ့ရာ အနည်းဆုံးလူတစ်ဦးသေဆုံးသွားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ ယင်းမတိုင်မီ ၎င်းမြို့ရှိနိုက်ကလပ်တစ်ခုတွင်လည်း ပေါက်ကွဲမှုဖြစ်ပေါ်ခဲ့ရာ လူ ၁၂ ဦးဒဏ်ရာရရှိခဲ့သည်။

အိမ်နီးချင်း ဆိုမာလီယာနိုင်ငံမှ စစ်သွေးကြွများ ကင်ညာနိုင်ငံတွင် တိုက်ခိုက်မှုများ ပြုလုပ်တော့မည်မှာ ထင်ရှားကြောင်း ကင်ညာနိုင်ငံရှိ အမေရိကန်သံရုံးက သတိပေးပြောကြားပြီး နှစ်ရက်အကြာ ယခုပေါက်ကွဲမှုဖြစ်ပေါ်လာခြင်းဖြစ်သည်။

သို့သော် နိုက်ကလပ်တိုက်ခိုက်မှုမှာ ဆိုမာလီယာစစ်သွေးကြွအုပ်စု အယ်လ်ရှာဘတ်အဖွဲ့နှင့် ဆက်စပ်နေသည်ဆိုသည့် အထောက်အထား မတွေ့ရှိရကြောင်း ကင်ညာရဲမင်းကြီး မက်သရူးအီတာရီက ပြောသည်။

ဆိုမာလီယာစစ်သွေးကြွများသည် ၎င်းတို့နိုင်ငံထဲတွင် ပြန်ပေးဆွဲမှုများ ပြုလုပ်နေသည်ဟုစွပ်စွဲ၍ စစ်သွေးကြွများကို လိုက်လံတိုက်ခိုက်ရန် ကင်ညာအစိုးရတပ်ဖွဲ့များကို ဆိုမာလီယာနိုင်ငံတွင်းသို့ စေလွှတ်ထားသည်။

ဆိုမာလီယာနိုင်ငံတောင်ပိုင်းနှင့်အလယ်ပိုင်းဒေသအများစုကို ထိန်းချုပ်ထားသော အယ်လ်ရှာဘတ်စစ်သွေးကြွများကမူ ပြန်ပေးဆွဲမှုများမှာ ၎င်းတို့နှင့် မသက်ဆိုင်ကြောင်း ငြင်းဆန်ပြီး ကင်ညာတပ်ဖွဲ့များအား ဆိုမာလီယာနိုင်ငံမှ မရုပ်သိမ်းပါက ကင်ညာနိုင်ငံတွင် လက်တုံ့ပြန်တိုက်ခိုက်မှုများပြုလုပ်သွားမည်ဟု သတိပေးပြောကြားထားသည်။

—*Ref: BBC*

# ပျားအုံတင်ထရပ်ကားတိမ်းမှောက် ပျားကောင်ရေ ၂၅သန်းလွတ်မြောက်

**စိန့်ဂျော့(ယူတားပြည်နယ်)၊ အောက်တိုဘာ - ၂၅**

အမေရိကန်နိုင်ငံ ယူတားပြည်နယ်အာဏာပိုင်များက ပြည်နယ်အတွင်း စိန့်ဂျော့မြို့ရှိ အဝေးပြေးလမ်း အမှတ် ၅ ပေါ်တွင် ပျားအုံများတင်ဆောင်လာသော ထရပ်ကားတစ်စီး တိမ်းမှောက်၍ ပျားကောင်ရေ ၂၅သန်းခန့် လွတ်မြောက်သွားခဲ့ရကြောင်းပြောသည်။

ယူတားပြည်နယ် အဝေးပြေးလမ်း ထိန်းချုပ်ရေးအဖွဲ့၏ အဆိုအရ ထိုထရပ်ကားမှာ ပျားအုံခြင်းပေါင်း ၄၆၀ ခန့် သယ်ဆောင်ခဲ့ကြောင်း၊ အောက်တိုဘာ ၂၃ ရက်တွင် အဝေးပြေးလမ်းပေါ်၌ ကားမှောက်ခဲ့ပြီး ပျားများ လွတ်မြောက်သွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ကားမှောက်ရခြင်း အကြောင်းရင်းကိုမူ စုံစမ်းဆဲဖြစ်ကြောင်း ဆောလ့တ်လိတ်ခ်ထရီဗျွန်းသတင်းစာတွင် ဖော်ပြသည်။

ကားမှောက်ခဲ့ပြီးနောက် ပျားတုပ်ခံရ၍ ထရပ်ကားမောင်းသူနှင့် ၎င်း၏ဇနီးတို့ ဒဏ်ရာအသီးသီးရခဲ့ပြီး ဆေးရုံတင်ထားရသည်။ အာဏာပိုင်များသည် ယခုအခါ လွတ်မြောက်သွားသော ပျားများကို ပြန်ဖမ်းရေးအတွက် ပျားမွေးမြူရေးပညာရှင်များ၏ အကြံဉာဏ်များရယူထားကြောင်း သိရသည်။

—*Ref: UPI*



7DAY NEWS JOURNAL
Vol.10, No.33 · NOVEMBER 3, 2011

## ဂျပန်နိုင်ငံတွင် သံရုံးများ၌ ဆိုက်ဘာတိုက်ခိုက်မှုများ ဖြစ်ပေါ်

**တိုကျို၊ အောက်တိုဘာ - ၂၆**
ဂျပန်နိုင်ငံ၏ နိုင်ငံခြားသံတမန်ရုံး အများအပြားမှ ကွန်ပျူတာများအားဆိုက်ဘာတိုက်ခိုက်မှု ခံခဲ့ရကြောင်း သိရသည်။ ပါလီမန်အားပစ်မှတ်ထား၍ ဆိုက်ဘာတိုက်ခိုက်မှုများ ဖြစ်ပေါ်ခဲ့ကြောင်း ထုတ်ပြန်ပြီး နောက်တစ်ရက်မှာပင် ယခုသတင်းထွက်ပေါ်လာခြင်းဖြစ်သည်။

နွေရာသီကာလအတွင်း နိုင်ငံပေါင်းကိုးနိုင်ငံမှ သံရုံးများရှိ ကွန်ပျူတာများတွင် ဗိုင်းရပ်စ်များ ဝင်ရောက်ခဲ့ကြောင်း ယိုမီယူရီသတင်းစာက ဖော်ပြခဲ့သည်။

နိုင်ငံခြားရေးဝန်ကြီးဌာန တာဝန်ရှိသူတစ်ဦးကမူ ကန့်သတ်သတင်းအချက်အလက်များ ခိုးယူခံရခြင်းမရှိခဲ့ကြောင်း၊ ဗိုင်းရပ်စ်ကိုက်ခြင်းမှာ သာမန်ထက်ထူးထူးခြားခြား ပို၍ဖြစ်ပေါ်ခြင်းမဟုတ်ကြောင်းပြောသည်။

ဗိုင်းရပ်စ်များကို အင်တာနက်မှ ချိတ်ဆက်နိုင်သည့် Open စနစ်တွင်တွေ့ရှိရခြင်းဖြစ်ပြီး သံတမန်ရေးလျှို့ဝှက်ချက်များကို Close စနစ်တွင်ကိုင်တွယ်ဆောင်ရွက်ခြင်းဖြစ်သည်ဟု ၎င်းအရာရှိကပြောသည်။

သံရုံးကွန်ပျူတာများတွင် ဗိုင်းရပ်စ်ဝင်ရောက်နေသောနိုင်ငံများ၌ ပြင်သစ်၊ နယ်သာလန်၊ အမေရိကန်၊ ကနေဒါ၊ တရုတ်နှင့် တောင်ကိုရီးယားနိုင်ငံတို့ ပါဝင်ကြောင်း ယိုမီယူရီသတင်းက ဖော်ပြသည်။ ကွန်ပျူတာများတွင် ဝင်ရောက်နေသော ဗိုင်းရပ်စ်များ၌ အဝေးမှ ဟက်ကာတစ်ယောက်က ကွန်ပျူတာစနစ်ထဲ ဝင်ရောက်အသုံးပြုနိုင်သည့် အနောက်ဘက်တံခါးဗိုင်းရပ်စ်ကူးစက်မှုလည်း ပါဝင်ကြောင်း ယိုမီယူရီသတင်းတွင် ဖော်ပြသည်။

—*Ref: AFP*







## နေတိုးစစ်ဆင်ရေးအား နှစ်ကုန်ပိုင်းအထိ ဆက်လက်လုပ်ဆောင်ရန် လစ်ဗျားကြားဖြတ်အစိုးရခေါင်းဆောင် ပြောကြား



Photo- Reuters

**ဒိုဟာ၊ အောက်တိုဘာ - ၂၇**
နေတိုးအဖွဲ့၏ စစ်ဆင်ရေးအား နှစ်ကုန်ပိုင်းအထိ ဆက်လက်ထားရှိရန် လစ်ဗျားကြားဖြတ်အစိုးရအဖွဲ့ခေါင်းဆောင် မူစတာဖာဂျာလီလ်က ပြောကြားသည်။သေဆုံးသွားပြီဖြစ်သော ကဒါဖီ၏သစ္စာခံများမှာ နိုင်ငံအတွက် ဆက်လက်ခြိမ်းခြောက်မှုရှိနေသောကြောင့်ဟု ၎င်းကပြောဆိုသည်။

ကဒါဖီ၏ အလောင်းကို လေးရက်ကြာအများပြည်သူအားပြသပြီးနောက် လျှို့ဝှက်သောနေရာတစ်နေရာတွင် အမှောင်ထုကို အကာအကွယ်ယူ၍ မြှုပ်နှံလိုက်ပြီး နောက်တစ်ရက်၌ မူစတာဖာက ယင်းသို့ပြောကြားခြင်းဖြစ်သည်။ အမျိုးသားအသွင်ကူးပြောင်းရေး ကောင်စီ၏ စစ်ဘက်မဟာမိတ်များ ကွန်ဖရင့်ကို ဒိုဟာမြို့၌ ပြုလုပ်စဉ် လစ်ဗျားခေါင်းဆောင်ကပြောကြားခဲ့ခြင်းဖြစ်သည်။



Photo- AP

"ကျွန်တော်တို့နဲ့ အိမ်နီးချင်းနိုင်ငံတွေအတွက် နေတိုးအဖွဲ့က အနည်းဆုံး နှစ်ကုန်ပိုင်းအထိ တော့ သူတို့ရဲ့စစ်ဆင်ရေးကိုဆက်လက်လုပ်ဆောင်မယ်လို့ကျွန်တော်တို့မျှော်လင့်ပါတယ်"ဟု မိတ်ဆွေများကော်မတီကွန်ဖရင့်တွင် မူဆာဖာကပြောကြားသည်။

အိမ်နီးချင်းနိုင်ငံများသို့ လက်နက်များဝင်ရောက်မှုမရှိစေရန်နှင့် အနီးအနားနိုင်ငံများသို့ ထွက်ပြေးသွားသော အကြွင်းအကျန် ကဒါဖီတပ်ဖွဲ့များ၏ရန်မှ လစ်ဗျားနိုင်ငံသားအား ကာကွယ်ရန် ယင်းသို့ တောင်းဆိုရခြင်းဖြစ်ကြောင်း မူစတာဖာက ပြောကြားရင်း လစ်ဗျားနိုင်ငံ၏ ကာကွယ်ရေးနှင့်လုံခြုံရေးစနစ်များ ဖွံ့ဖြိုးတိုးတက်ရန်အတွက်လည်း အကူအညီကို တောင်းခံခဲ့သည်။

—*Ref: AFP*



7DAY NEWS JOURNAL
Vol.10, No.33 · NOVEMBER 3, 2011

# ငွေကြေးကျပ်တည်း၍ ဝီကီလိခ်လုပ်ငန်းများ ရပ်ဆိုင်းထား

**လန်ဒန်၊ အောက်တိုဘာ - ၂၅**

ရန်ပုံငွေအသစ်များ ထပ်မံရရှိရန် ကြိုးစားနေစဉ် ကာလအတွင်း လျှို့ဝှက်အကြောင်းအရာများကို ဖောက်သည်ချလေ့ရှိသည့် ဝီကီလိခ်ဝက်ဘ်ဆိုက်အနေဖြင့် ၎င်းတို့၏လုပ်ငန်းများကို ရပ်ဆိုင်းထား၍ ပုံနှိပ်ဖော်ပြခြင်းများ ဆိုင်းငံ့ထားမည်ဖြစ်ကြောင်း ဝီကီလိခ်တည်ထောင်သူ ဂျူလီယန်အက်ဆန် ကပြောကြားသည်။

ဘဏ်များ၏ ပိတ်ဆို့တားဆီးမှုများကြောင့် ၎င်းတို့အဖွဲ့မှာ ဝင်ငွေ ၉၅ ရာခိုင်နှုန်းထိခိုက်ခဲ့ကြောင်း သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် အက်ဆန်းကပြောသည်။


Photo- Reuters

ယမန်နှစ်အတွင်း အမေရိကန်နိုင်ငံနှင့်ပတ်သက်သည့်သံတမန်ရေးနှင့်စစ်ရေးစာရွက်စာတမ်း အမြောက်အမြား ဖွင့်ချခဲ့သော ဝက်ဘ်ဆိုက်အား Bank of Americ၊ ဗီဆာကတ်၊ မာစတာ ကတ်၊ အင်တာနက်မှ ငွေပေးချေစနစ်နှင့် Western Union စသည့် ဘဏ်လုပ်ငန်းများက ဥပဒေမဲ့၊ မတော်မတရားပိတ်ဆို့မှုများပြုလုပ်ခဲ့၍ ငွေကြေးနည်းပါးနေကြောင်း အက်ဆန်းကပြောသည်။

ဆက်လက်ရှင်သန်ရန် ရုန်းကန်နေရစဉ် ပုံနှိပ်ခြင်းကို ဆိုင်းငံ့ထားမည်ဖြစ်ကြောင်း၊ ဥပဒေမဲ့ဘဏ္ဍာရေးပိတ်ဆို့မှုကိုတိုက်ပွဲဝင်နေသည်မှာ တစ်နှစ်ရှိပြီဖြစ်ကြောင်း၊မိမိတို့အိတ်ကပ်ထဲမှငွေအားမည်သို့သုံးစွဲမည်ဆိုသည်ကို အမေရိကန်ဘဏ္ဍာရေးလုပ်ငန်းကြီးများက မဆုံးဖြတ်စေသင့်ကြောင်း ဝီကီလိခ်ဝက်ဘ်ဆိုက်တွင် ရေးသားထားသည်။


Photo- Getty Images

၎င်းတို့လက်ခံရရှိသော အလှူငွေမှာ ၂၀၁၀ ပြည့်နှစ်က ၁၃၉,၀၀၀ ဒေါ်လာရှိခဲ့ရာမှယခုနှစ်အတွင်း တစ်လလျှင်ပျမ်းမျှ ဒေါ်လာ ၈,၄၀၀ မှ ၉,၈၀၀ ကြားသာရရှိတော့ကြောင်း ဂျူလီယန်အက်ဆန်းကပြောသည်။

—*Ref: UPI*

# ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ပြန်လည်စတင်ရန် လေးပွင့်ဆိုင်အဖွဲ့ ကြိုးပမ်း

**ဂျေရုဆလင်၊ အောက်တိုဘာ - ၂၇**

ရပ်တန့်နေသော နှစ်ဖက်ငြိမ်းချမ်းရေးဆွေးနွေးပွဲများပြန်လည်စတင်နိုင်ရန် အရှေ့အလယ်ပိုင်းလေးပွင့်ဆိုင်အဖွဲ့၏ ညှိနှိုင်းမှုများအဖြစ် အစ္စရေးနှင့် ပါလက်စတိုင်းကိုယ်စားလှယ်များနှင့်ဂျေရုဆလင်မြို့တွင် တွေ့ဆုံစည်းဝေးမည်ဖြစ်ကြောင်း သိရသည်။

ယင်းဆွေးနွေးပွဲတွင် လေးပွင့်ဆိုင် အထူးကိုယ်စားလှယ် တိုနီဘလဲ၊ အမေရိကန်ကိုယ်စားလှယ်ဒေးဗစ်ဟေး၊ အီးယူမှ ဟယ်လ်ဂါရှမစ်၊ ကုလသမဂ္ဂမှ ရောဘတ်ဆယ်ရီနှင့် ရုရှားနိုင်ငံမှ ကိုယ်စားလှယ်တစ်ဦးသည် ပါလက်စတိုင်း ညှိနှိုင်းရေးမှူးဆာအက်အီရီကတ်နှင့် တွေ့ဆုံမည်ဟုမျှော်လင့်ရသည်။

လေးပွင့်ဆိုင်အဖွဲ့သည် နောက်တစ်ရက်တွင် အစ္စရေးဝန်ကြီးချုပ်၏ အထူးကိုယ်စားလှယ် ယစ်ဇယ်မယ်လ်ကိုနှင့် တွေ့ဆုံမည်ဖြစ်သည်။

အစ္စရေးနှင့် ပါလက်စတိုင်းတို့အား တစ်ဖက်နှင့်တစ်ဖက် အပေးအယူညှိနှိုင်းမှုများ ပြန်လည်စတင်ရန် ရည်ရွယ်၍ ယခုဆွေးနွေးပွဲများကို ကျင်းပခြင်းဖြစ်သည်။ ၂၀၁၂ နှစ်ကုန်ပိုင်းတွင် သဘောတူညီချက်တစ်ရပ်ရရှိရေးအတွက် ကုလသမဂ္ဂ၊ ဥရောပသမဂ္ဂ၊ အမေရိကန်နှင့် ရုရှားနိုင်ငံတို့ပါဝင်သော လေးပွင့်ဆိုင်အဖွဲ့ကအခြေခံလုပ်ငန်းစဉ်များချမှတ်ထားသည်။

ကြိုတင်သတ်မှတ်ချက်များ မထားရှိဘဲ ဆွေးနွေးပွဲများပြန်လည်စတင်ရေး လေးပွင့်ဆိုင်အဖွဲ့၏ တိုက်တွန်းမှုကို အစ္စရေးဘက်က ထောက်ခံသော်လည်း အစိမ်းရောင်မျဉ်းကျော်လွန်၍ အိမ်ရာအခြေချခြင်းကို အစ္စရေးကရပ်တန့်ထားရန်နှင့် ၁၉၆၇ ခုနှစ် မတိုင်မီ နယ်စပ်ကို သဘောတူရေးအခြေခံထားရမည်ဟု ပါလက်စတိုင်းတို့ဘက်က ပြောကြားသည်။

—*Ref: UPI*



7DAY NEWS JOURNAL

# International

Vol.10, No.33 · NOVEMBER 3, 2011

## အမေရိကန် အရှေ့ဘက်ကမ်းရိုးတန်းဒေသတွင် နှင်းမုန်တိုင်းကျရောက်ပြီးနောက် နေအိမ်သုံးသန်းကျော် လျှပ်စစ်မီးပြတ်တောက်

**နယူးယောက်၊ အောက်တိုဘာ - ၃၁**

အမေရိကန်နိုင်ငံအရှေ့ဘက်ကမ်းရိုးတန်းဒေသများတွင် အချိန်အခါမဟုတ် နှင်းမုန်တိုင်းများ စောစီးစွာကျရောက်ခဲ့ပြီးနောက် နေအိမ်ပေါင်းသုံးသန်းခန့်မှာ လျှပ်စစ်မီးပြတ်တောက်ခဲ့ကြောင်းသိရသည်။ မုန်တိုင်းကြောင့် ဆီးနှင်းများ ထူထပ်စွာကျရောက်ခဲ့သောမက်ဆာချူးဆက်ပြည်နယ်ရှိ အချို့ဒေသများတွင် နှင်းထုမှာ ၂၇ လက်မအထိမြင့်တက်ခဲ့သည်။



နှင်းမုန်တိုင်းကြောင့် လူခြောက်ဦးသေဆုံးခဲ့သည်ဟု တာဝန်ရှိသူများကပြောကြားပြီး နေအိမ်ပေါင်းသုံးသန်းကျော်တွင်လည်း လျှပ်စစ်မီးပြတ်တောက်ခဲ့ကြောင်းနှင့် နောက်ထပ် ရက်ပေါင်းများစွာ လျှပ်စစ်မီး ဆက်လက်ပြတ်တောက်နေဖွယ်ရှိကြောင်း သိရသည်။

နယူးဂျာဆီ၊ မက်ဆာချူးဆက်၊ ကွန်နက်တီကတ်နှင့် နယူးယောက်ပြည်နယ်အချို့ဒေသများတွင် အရေးပေါ်အခြေအနေကြေညာထားသည်။ နိုင်ငံမြောက်ပိုင်းသို့ရွေ့လျားသွားသောမုန်တိုင်းမှာ ပိုမိုဆိုးရွားလာပြီး မက်ဆာချူးဆက်အနောက်ပိုင်းဒေသများရှိ လူများသည် မုန်တိုင်းဒဏ် အဆိုးရွားဆုံးခံခဲ့ရသည်။ မက်ဆာချူးဆက်ပြည်နယ်နန်တပ်ကက်ဒေသတွင် လေတိုက်နှုန်းမှာ တစ်နာရီ ၆၉ မိုင်အထိရောက်ရှိခဲ့ကြောင်း အမျိုးသားရာသီဥတုဌာနကပြောကြားသည်။ စာ(၄၅)သို့



ကမ္ဘာ့လူဦးရေသန်း ၇၀၀၀ မြောက် ကလေးဖြစ်ဖွယ်ရှိသော ဒယ်နီကာ မေ ကမာချိုအား မိခင် ကာမီလီ၏ ရင်ခွင်၌ ပျော်ရွှင်ချမ်းမြေ့စွာတွေ့ရစဉ်။ ဒယ်နီကာ မေ အား ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ ဟိုဆေးဖာဘီလာ အစိုးရဆေးရုံတွင် အောက်တိုဘာ ၃၁ ရက် နံနက်အစောပိုင်းက မွေးဖွားခဲ့သည်။ Photo- AP

## ကမ္ဘာ့လူဦးရေ သန်း ၇၀၀၀ မြောက် ဖြစ်ဖွယ်ရှိသောကလေးကို ဖိလစ်ပိုင်ကြိုဆို

**မနီလာ၊ အောက်တိုဘာ - ၃၁**

ကမ္ဘာ့လူဦးရေ သန်း ၇,၀၀၀ မြောက်အထိမ်းအမှတ်အဖြစ် မွေးဖွားသည့်ကလေးတစ်ဦးဖြစ်ဖွယ်ရှိသော ကလေးငယ်တစ်ဦးကို မနီလာမြို့ ဆေးရုံတစ်ရုံတွင် စိတ်လှုပ်ရှားစွာ ကြိုဆိုခဲ့ကြောင်း ဒေသခံမီဒီယာများကဖော်ပြသည်။

## ကြွေးမြီအကျပ်အတည်း ကြုံတွေ့နေသော ဥရောပသို့ တရုတ်သမ္မတ သွားရောက်




Photo- Reuters

**ဗီယာနာ၊ အောက်တိုဘာ-၃၁**

ကြွေးမြီအကျပ်အတည်း ကြုံတွေ့နေသည့်ဥရောပသမဂ္ဂအားတရုတ်နိုင်ငံက အကူအညီပေးလိမ့်မည်ဟူသော မျှော်လင့်ချက်များရှိနေစဉ်မှာပင် တရုတ်သမ္မတ ဟူကျင်တောင်သည် ပြင်သစ်နိုင်ငံတွင်ကျင်းပမည့် ဂျီ-၂၀ ထိပ်သီးဆွေးနွေးပွဲမစတင်မီ ဩစတြီးယားနိုင်ငံ ဗီယာနာမြို့သို့ရောက်ရှိလာသည်။

ပိုမိုဆိုးရွားလာသည့် ကြွေးမြီအကျပ်အတည်းအား ကျော်လွှားနိုင်ရန် ထူထောင်ထားသော ဥရောပရန်ပုံငွေတွင် တရုတ်နိုင်ငံက ရင်းနှီးမြှုပ်နှံရန် ယခင်သီတင်းပတ်အတွင်း ဥရောပခေါင်းဆောင်များကပန်ကြားခဲ့ပြီးနောက် တရုတ်သမ္မတသည် တစ်နှစ်အတွင်း ဥရောပသို့ ယခုဒုတိယအကြိမ်မြောက်သွားရောက်ခြင်းဖြစ်သည်။

စာ(၄၅)သို့

## ကြွေးမြီအကျပ်အတည်း အဆုံးသတ်ရေး ဂျီ-၂၀ အဖွဲ့အား ဥရောပခေါင်းဆောင်များ တိုက်တွန်း



Photo- Getty Images

**ဘရပ်ဆဲလ်၊ အောက်တိုဘာ - ၃၁**

ဥရောပကြွေးမြီ အကျပ်အတည်းအား အဆုံးသတ်နိုင်ရန် ဥရောပဇုန်က ယခင်သီတင်းပတ်အတွင်း နောက်ဆုံး ဖောင်ဖျက်သည့်အစည်းအဝေးများပြုလုပ်ခဲ့ပြီး အရေးယူမှုများပြုလုပ်ခဲ့သော်လည်း ယင်းမှာ မလုံလောက်သေးကြောင်းနှင့် မကြာမီကျင်းပမည့် ဂျီ- ၂၀ ထိပ်သီးအစည်းအဝေးတွင် ကြွေးမြီအကျပ်အတည်းကိစ္စကို ကိုင်တွယ်သွားသင့်ကြောင်း ထိပ်တန်းဥရောပခေါင်းဆောင်များက တိုက်တွန်းခဲ့သည်။

ဂျီ-၂၀ ခေါင်းဆောင်များသို့ပန်ကြားခဲ့သည့်စာလွှာတွင်ဥရောပကော်မရှင်ဥက္ကဋ္ဌ ဟိုဆေးမယ်နျူရယ်ဘာရိုဆိုနှင့် ဥရောပကောင်စီဥက္ကဋ္ဌ ဗန်ရွန်ပေးတို့က အောက်တိုဘာလ ၂၈ ရက်က ယူရိုဇုန်အစည်းအဝေး၌ သဘောတူညီခဲ့သည့်အကြောင်းအရာများကို အနှစ်ချုပ်တင်ပြထားသည်။ စာ(၄၅)သို့

## ဘန်ကောက်ရေလွှမ်းမိုးမှု ဆိုးရွားနေဆဲ




Photo- Getty Images

**ဘန်ကောက်၊ အောက်တိုဘာ - ၃၁**

ထိုင်းနိုင်ငံတွင် ဖြစ်ပေါ်နေသည့် ရေကြီးရေလွှမ်းမိုးမှုများသည် ယခုအချိန်ထိ မြို့တော်ဘန်ကောက်နေရာအများအပြား၌ သက်သာရာရနေသေးသော်လည်း လိုအပ်ပါက ရွှေ့ပြောင်းနိုင်ရန် အာဏာပိုင်များက ဘန်ကောက်မြို့မြောက်ပိုင်း တူးမြောင်းများအနီး နေထိုင်သူများကို သတိပေးထားသည်။

စာ(၄၅)သို့



7DAY NEWS JOURNAL
Vol.10, No.33 · NOVEMBER 3, 2011

# သ/မက ငွေချေးထားသူ အကြွေးမကျေမီ သေဆုံးပါက ကျန်ငွေများ မယူတော့ဟုဆို

ကျော်သီဟ

**ရန်ကုန်၊ အောက်တိုဘာ - ၂၅**

သမဝါယမအသင်းခွဲများ၏ အသေးစားချေးငွေအဖွဲ့ခွဲများတွင် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းအတွက် ချေးငွေများ ထုတ်ချေးမှုများပါဝင်ပြီး ငွေချေးသူမှာ အကြွေးမကျေမီ သေဆုံးသွားပါက ကျန်ရှိသောအကြွေးများအားလုံး လျှော်ပစ်မည်ဖြစ်ကြောင်း ဗဟိုသမဝါယမအသင်း အထွေထွေမန်နေဂျာဦးမြင့်စိုးက 7Day News သို့ပြောသည်။

“ပြီးခဲ့တဲ့ရက်ပိုင်းက ရခိုင်ပြည်နယ်၊ မောင်တောမှာဖြစ်ပွားတဲ့မုန်တိုင်းကြောင့် အဲဒီက ချေးငွေ ချေးထားတဲ့ကြွေးမြီတွေကို အားလုံးလျှော်ပေးတယ်။ သဘာဝဘေးဒဏ်ကြောင့် အိမ်ခြေရာခြေတောင် မဲ့နေတဲ့အပေါ်မှာ ကျွန်တော်တို့အသင်းရဲ့ ကြွေးမြီဝန်ထုပ်မပိစေချင်လို့ပါပဲ”ဟု အထက်ပါပုဂ္ဂိုလ်ကပြောသည်။

ထို့အပြင် သမဝါယမအသင်းခွဲများ၏ အသေးစားချေးငွေအဖွဲ့ခွဲများမှာ ကြွေးမြီရှိသူတစ်ဦး သေဆုံးသည့် အခါတွင်လည်း ကျန်ရှိအကြွေးများအား ချေဖျက်လျှော်ပစ်ခြင်းပြုလုပ်ပေးသည့်အပြင် နာရေးကူညီမှုအတွက် သေဆုံးသူတစ်ဦးလျှင် ကျပ်သုံးသောင်း ကူငွေထည့်ပေးသည်ဟုဆိုသည်။ ငွေချေးသူ မသေဆုံးမီက အသင်းတွင် ကြွေးမြီဆပ်ရင်း စုဆောင်းထားသော ကျန်ငွေများကိုလည်း ကျန်ရစ်သူမိသားစုများအား ကျန်ရှိအကြွေးများနှင့် မနှိမ်ဘဲ ပြန်လည်ပေးအပ်ခြင်း စသည်တို့လုပ်ပေးသည်ဟုဆိုသည်။

ဗဟိုသမဝါယမအသင်းလီမိတက်၏ အသေးစားချေးငွေလုပ်ငန်းသည် ပြည်နယ်၊ တိုင်းဒေသကြီးကိုးခုတွင် လုပ်ကိုင်လျက်ရှိသည်။ မြို့နယ်ပေါင်း ၈၄ မြို့နယ်တွင် အသေးစားချေးငွေလုပ်ငန်းအဖွဲ့ပေါင်း ၆၆ ဖွဲ့၊ အသေးစားချေးငွေလုပ်ငန်း သမဝါယမအသင်း ၆၆ သင်းတို့က လူဦးရေ ၆၂,၉၈၅ ဦး၊ ချေးငွေပေါင်း ကျပ် ၃၀၈,၄၆၂ ဒသမ ၃၅ သိန်း ထုတ်ချေးထားကြောင်းသိရသည်။

# ဘဏ်ဝန်ထမ်းတစ်ဦး ချက်လက်မှတ်များတွင် ပိုင်ရှင်များ၏လက်မှတ်အတုထိုးကာ ကျပ်သိန်း ၉၀ ကျော် အလွဲသုံးစားလုပ်

အိဖြူလွင်

**ရန်ကုန်၊ အောက်တိုဘာ - ၂၆**

မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်(MICB)မှ ဘဏ်ဝန်ထမ်းတစ်ဦးက ချက်လက်မှတ်များတွင် စာရင်းပိုင်ရှင်များ၏ နာမည်ဖြင့် ငွေ ၉၁ သိန်းကျော်ကို လိမ်လည်ထုတ်ယူခဲ့ကြောင်း စုံစမ်းတွေ့ရှိရသဖြင့် ဗိုလ်တထောင်ရဲစခန်းတွင် အမှုဖွင့်အရေးယူထားကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှသတင်းရရှိသည်။

အဆိုပါ ဘဏ်ဝန်ထမ်းသည် လက်ထောက်မန်နေဂျာအဆင့်ရှိသူဖြစ်ပြီး ချက်လက်မှတ်များတွင် စာရင်းပိုင်ရှင်များ၏ လက်မှတ်အတုများရေးထိုးပြီး တံဆိပ်တုံးအတုများကိုအသုံးပြုကာ ပြည်တွင်းဘဏ်လုပ်ငန်းဌာနမှ လိမ်လည်ထုတ်ယူခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

ထိုသို့ထုတ်ယူခဲ့ခြင်းကို ဘဏ်၏ ဌာနဆိုင်ရာ စုံစမ်းစစ်ဆေး ရေးအဖွဲ့က စစ်ဆေးတွေ့ရှိခဲ့ခြင်းဖြစ်သည်။ အဆိုပါဝန်ထမ်းကို အရေးယူရန် စစ်ဆေးဆောင်ရွက်နေပြီး ဗိုလ်တထောင်ရဲစခန်းတွင် (ပ)၁၄၈/၂၀၁၁၊ ပုဒ်မ-၄၂၀/၄၆၈ ဖြင့် အမှုဖွင့်ဆောင်ရွက်နေသည်။



ဆိပ်ဖြူမြို့နယ်မှ ရေဘေးသင့်တောင်ရွာမရွာမှ ကယ်ဆယ်ရေးစခန်းကို တွေ့ရစဉ်။
ဓာတ်ပုံ - အေးမြကျော်

# ရေဘေးသင့်သူများအတွက် ဂျပန်နှင့်အင်ဒိုနီးရှားနိုင်ငံများ ကူညီ

အေးမြကျော်

**ရန်ကုန်၊အောက်တိုဘာ- ၃၀**

ဂျပန်အစိုးရနှင့် အင်ဒိုနီးရှားအစိုးရတို့က မြန်မာနိုင်ငံအလယ်ပိုင်းရေဘေးသင့်ပြည်သူများအတွက် ကယ်ဆယ်ရေးပစ္စည်းများနှင့် ငွေကြေးများ ကူညီထောက်ပံ့ခဲ့ကြောင်း သက်ဆိုင်ရာသံရုံးများမှ သိရသည်။

ဂျပန်နိုင်ငံအစိုးရမှ မကွေး၊ မန္တလေးနှင့်စစ်ကိုင်းတိုင်းဒေသကြီးများရှိရေလွှမ်းမိုးမှုဒဏ်ခံခဲ့ရသော ရေဘေးသင့်သူများအတွက်ယန်း ၁၀ သန်း(အမေရိကန်ဒေါ်လာတစ်သိန်းသုံးသောင်း) တန်ဖိုးရှိ ရွက်ဖျင်တဲ၊ မွေ့ရာ၊ စောင်၊ မီးစက်၊ ရေသန့်စက်၊ ဝါယာကြိုးခွေစသောအရေးပေါ်လိုအပ်သည့် ကယ်ဆယ်ရေးပစ္စည်းများကို မီးသတ်ဦးစီးဌာနမှတစ်ဆင့် လှူဒါန်းခဲ့ကြောင်း ရန်ကုန်ဂျပန်သံရုံးမှ သတင်းထုတ်ပြန်သည်။

အင်ဒိုနီးရှားနိုင်ငံအစိုးရအနေနှင့်လည်းမြန်မာနိုင်ငံမှရေဘေးသင့်ဒုက္ခသည်များကိုကူညီရန် အမေရိကန်ဒေါ်လာလေးသိန်းကို ပေးလှူခဲ့ကြောင်း မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားသံအမတ်ကြီးကပြောကြားသည်။ အောက်တိုဘာလ ၁၉ရက်နှင့် ၂၀ရက်များတွင် 02B မုန်တိုင်းအရှိန်ကြောင့်ရွာသွန်းခဲ့သော မိုးများကြောင့် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများရှိကျေးရွာများ ချောင်းရေများလွှမ်းကာ လူပေါင်း ၁၀၀ ကျော်အသက်ဆုံးရှုံးခဲ့ရပြီး အိုးအိမ်များပျက်စီးခဲ့သည်။

# မြို့တော်ခန်းမအတွင်း တွေ့ရသောဗုံး အောင်မြင်စွာဖျက်ဆီး

ဥက္ကာကိုကို

**ရန်ကုန်၊ အောက်တိုဘာ- ၃၁**

ရန်ကုန်မြို့၊ မြို့တော်ခန်းမအတွင်း အောက်တိုဘာ ၃၀ရက် ညပိုင်းတွင် ဗုံးတစ်လုံးတွေ့ရှိခဲ့ရာ မြို့တော်ခန်းမပတ်ပတ်လည်အား ပိတ်ဆို့ကာ လုံခြုံရေးအထပ်ထပ်ချထားပြီး အဆိုပါဗုံးကို ည၉နာရီငါးမိနစ်တွင် အောင်မြင်စွာ ဖျက်ဆီးပစ်လိုက်နိုင်ကြောင်း သတင်းရရှိသည်။

အဆိုပါဗုံးကိုညနေ လေးနာရီခန့်ကပင်တွေ့ရှိခဲ့သည်ဟုသိရပြီး ညနေ ခြောက်နာရီ ၁၀ မိနစ်တွင် မြို့တော်ခန်းမဘေးတစ်ဝိုက်တွင် လုံခြုံရေးအထပ်ထပ်တင်းကျပ်လိုက်သည့်အပြင် မဟာဗန္ဓုလလမ်းမကြီးကိုပါ ယာဉ်အသွားအလာ ပိတ်လိုက်သည်။ သို့သော် မြို့ခံလူများအသွားအလာမပြတ်ဘဲဖြတ်သန်းနေကြသည်ကိုတွေ့ရသည်။

ဗုံးမှာ အန္တရာယ်ရှိနေသည့်အတွက် ဖောက်ခွဲဖျက်ဆီးခြင်းကို နှစ်ဆင့်ပြုလုပ်ခဲ့ရကြောင်း သတင်းရရှိသည်။

ပထမအဆင့်မှာ ယမ်းကိုစမ်းသပ်ဖောက်ခွဲခြင်းဖြစ်ကာ ကားဘီးပေါက်သံမျှသာ ကျယ်လောင်ခဲ့ပြီး ညနေ ၇ နာရီ ၅ မိနစ်ခန့်တွင် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ဖောက်ခွဲဖျက်ဆီးသည့်နေရာမှာ မြို့တော်ခန်းမရှေ့ပေါ်တီကို ဆင်ဝင်အောက် ညာဘက်ခြမ်းခြံစည်းရိုးအနီးတွင် ဖြစ်ပြီး ဗုံးထားရှိရာနေရာကို သဲအိတ်များ၊ ကားတာယာများဖြင့် လေးပေခန့်အမြင့်ကာရံသည်ကိုမြင်တွေ့ရသည်။ ၈ နာရီကျော်ခန့်အချိန်တွင် မီးသတ်ကား နှစ် စီးရောက်ရှိလာပြီး မီးသတ်ပိုက်များဖြင့် အဆင်သင့် စောင့်ဆိုင်းနေ ကြသည်ကိုလည်း တွေ့ရသည်။

ည ၈ နာရီခွဲခန့်တွင် ခန်းမရှေ့လမ်းပေါ်၌ နေရာယူတန်းစီထားကြသော ကားနှစ်စီးစာအပြည့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် စည်ပင်ရဲများကို ခန်းမနှင့် ဝေးရာနေရာသို့ ပြောင်းရွှေ့စေပြီး ထိုအချိန်မှစ၍ လူအသွားအလာကိုပါ တားမြစ်လိုက်သည်။

မြို့တော်ခန်းမပေါ်တီကိုအောက်၌ လူသူရှင်းလင်းသွားပြီး ကျယ်လောင်သော အသံကြီးဖြင့် သဲအိတ်များ၊ ကားတာယာများမှာ မြို့တော်ခန်းမထိပ်အထိ ကျော်လွန်မြောက်တက်သွားခဲ့သည်ကို တွေ့ရသည်။

လွင့်စဉ်သွားသော ကားတာယာများနှင့် သဲအိတ်အစအနများမှာ မြို့တော်ခန်းမရှေ့ရှိ လမ်းမကြီးပေါ် သို့ပင် ပြန့်ကျဲသွားသည်။

ထို့နောက်အရပ်ဝတ်အချို့နှင့် ရဲအချို့က ခန်းမပြင်ပလမ်းမပေါ် ထွက်ကာ ဗုံးအစအနများကို လိုက်လံကောက်ယူသိမ်းဆည်းလျက် မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကြသည်။ ဗုံးဖောက်ခွဲဖျက်ဆီးခြင်းကို ညကိုးနာရီခွဲခန့်တွင် အောင်မြင်စွာရုပ်သိမ်းခဲ့သည်။ ယာဉ်အသွားအလာကို သုံးနာရီကျော်ကြာတားမြစ်ခဲ့သောကြောင့် လိုင်းကားများ အခက်အခဲတွေ့ခဲ့ကြသည်။

# ပုဇွန်တောင်ချောင်းအတွင်း ငါးများ မူးဝေရခြင်း အကြောင်းရင်းအဖြေရှာနေ

သန်းဌေး

**ရန်ကုန်၊ အောက်တိုဘာ - ၂၅**

ပုဇွန်တောင်ချောင်းအတွင်းရှိ ငါးများ မူးဝေကာ ရေပေါ်တွင် တစ်နာရီခန့် မျောပါနေသောဖြစ်စဉ်တစ်ခု အောက်တိုဘာ ၂၄ရက်နံနက် ၉နာရီဝန်းကျင်ကဖြစ်ပေါ်ခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူ တစ်ဦးကပြောသည်။

ပုသိမ်ညွန့်ရပ်ကွက်နှင့် သာကေတသို့ ဆက်သွယ်ဆောက်လုပ်ထားသော တံတားဟောင်းအောက်ဘက်ပုဇွန်တောင်ချောင်းအတွင်း၌ဖြစ်ပေါ်ခဲ့ကြောင်း မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးကလည်းပြောသည်။

“သေလုမျောပါးဖြစ်နေတဲ့ ငါးနမူနာတွေရယ်၊ ရေနမူနာရယ် ယူထားပြီး ဓာတ်ခွဲခန်းမှာ စစ်ဆေးနေပါတယ်”ဟု တိုင်းငါးလုပ်ငန်းဦးစီးမှူးကပြောသည်။

ယခုဖြစ်စဉ်မှာ ရေအပူချိန်ပြောင်းလဲလာသောကြောင့်လား၊ စက်ရုံအချို့မှ စွန့်ပစ်ရေကြောင့်လား၊ မိကျောင်းရန်ကြောက်၍ (သို့မဟုတ်) ဆေးဖျန်းထားသောကြောင့်လား စသဖြင့် အမျိုးမျိုးထင်ကြေးပေးနေကြသည်။

အဆိုပါပြောဆိုချက်များမှာ မှန်းဆပြောဆိုမှုများသာဖြစ်ပြီး ဓာတ်ခွဲခန်းအဖြေထွက်မှသာ အကြောင်းရင်းမှန်ကို တိတိကျကျသိရမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးကပြောသည်။

“တံငါသည်တွေကတော့ ‘ရေနာ’တယ်ပြောကြတယ်။ ဆိုလိုတာက ရေအရည်အသွေးကျပြီး ရေထဲမှာအောက်ဆီဂျင်ပါဝင်နှုန်း လျော့ကျသွားတာဖြစ်မယ်”ဟု မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်က အောက်တိုဘာ ၂၅ရက်တွင်ပြောသည်။

ငါးစင်ရိုင်း၊ ငါးခွေလျှာနှင့် ငါးသံလုံး စသည့်ငါးမျိုးစုံတို့သည် အဆိုပါနေ့ နံနက် ၉နာရီခန့် ရေစစ်ချိန်မှ ရေတက်ပြီး ၉နာရီခွဲခန့်အထိ အထက်ပါအတိုင်းဖြစ်ပေါ်ခဲ့ကြောင်း အောက်တိုဘာ ၂၆ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများတွင် အတည်ပြုဖော်ပြထားသည်။

ခရမ်းမြို့နယ်တွင် အလားတူဖြစ်ရပ်မျိုးကို မသမာသူတစ်ဦးက ချောင်းအတွင်း ပိုးသတ်ဆေးလောင်းထည့်သဖြင့် ကြုံတွေ့ခဲ့ရဖူးကြောင်း ဦးဝင်းကြိုင်ကပြောသည်။

ယခုကဲ့သို့ဖြစ်ပေါ်ခဲ့သောကိစ္စအား ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် နိုင်ငံတော်နှင့်လုံခြုံရေးအဖွဲ့များ(နိုင်/လုံ) အသီးသီးသို့ အစီရင်ခံတင်ပြမည်ဖြစ်ကြောင်း တာဝန်ရှိသူများထံမှ သတင်းရရှိသည်။

7DAY NEWS JOURNAL
Vol.10, No.33 • NOVEMBER 3, 2011

# ကားအရောင်းစင်တာများ သတ်မှတ်ဈေးထက်ပိုရောင်းပါက လိုင်စင်ပိတ်သိမ်းခံရမည်

**အောင်သူရ**

**နေပြည်တော်၊ အောက်တိုဘာ- ၂၆**

ကားအရောင်းစင်တာများတွင် သတ်မှတ်ထားသော ဈေးထက်ပိုရောင်းသည်ကို သိရှိပါက ထိုအရောင်းစင်တာအား ချက်ချင်းပိတ်သိမ်းမည်ဟု အမှတ်(၁)နှင့်အမှတ်(၂)စက်မှုဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက ပြောသည်။

ရန်ကုန်၊မန္တလေးနှင့်နေပြည်တော်တို့တွင် ဖွင့်လှစ်ခွင့်ပြုမည် Use car sale centre များအား ဆိပ်ကမ်းအရောက် (CIF) ကားတန်ဖိုး၏ ၅ရာခိုင်နှုန်းထက်မနည်း၊ သော ၁၀ရာခိုင်နှုန်းထက်မများ ဈေးနှုန်းဖြင့်သာ ရောင်းချရမည်ဖြစ်သည်။

"ပြည်သူလူထုကို သက်သာဖို့ စီစဉ်ပေးတာ စီးပွားရေးသမားတွေကိုအမြတ်ကြီးရအောင်ဆောင်ရွက်ပေးတာမဟုတ်ဘူး" ဟု ဦးအောင်မင်းကပြောသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ အောက်တိုဘာ ၂၅ ရက်ထိ အရောင်းစင်တာဖွင့်လှစ်ခွင့်လျှောက်ထားသူ ၆၀ ကျော်ရှိကြောင်း ဒုတိယဝန်ကြီးဒေါက်တာပွင့်ဆန်းကဆိုသည်။

ထိုအရောင်းစင်တာဖွင့်လှစ်ရန် လျှောက်ထားသူများနှင့် တာဝန်ရှိသူများ နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးရုံးတွင် အောက်တိုဘာ ၁၇ ရက်တွင် တွေ့ဆုံခဲ့ကြသည်။

"အဲဒီတွေ့ဆုံပွဲမှာ သတ်မှတ်ထားတဲ့ အချက်ငါးချက်နဲ့ ပြည့်စုံတဲ့သူ ဘယ်သူ့ကိုမဆိုပေးမယ်လို့ပြောလိုက်ပြီး ပြန်ဆက်သွယ်မှုမရှိသေးဘူး"ဟုဒေါက်တာပွင့်ဆန်းကဆိုသည်။

ထိုကဲ့သို့အရောင်းစင်တာများ မဖွင့်လှစ်နိုင်သေးခင် ကားဝယ်ယူသူများ အဆင်ပြေစေရန် စလစ်ရှိသူများအား မြန်မာမီနီဆလွန်းအား ဒေါ်လာ ၆,၀၀၀ဖြင့် ရောင်းချပေးမည်ဟု ဦးစိုးသိန်းက ဆိုသည်။

# ဘဏ်ခြောက်ခု နိုင်ငံခြားငွေကိုင်ဆောင်ခွင့်ရတော့မည်

**ပြည်သိမ်း**

**ရန်ကုန်၊ အောက်တိုဘာ-၃၁**

ငွေလွှဲကောင်တာ ပထမဆုံးဖွင့်လှစ်ခဲ့သည့် ဘဏ် ၆ ခုကို နိုင်ငံခြားငွေ ကိုင်ဆောင်လဲလှယ်နိုင်ရန်အတွက် ကြိုတင်ပြင်ဆင်ထားရန် မြန်မာနိုင်ငံတော် ဗဟိုဘဏ်က အကြောင်းကြားထားကြောင်း ကမ္ဘောဇဘဏ်လီမိတက် ဒုဥက္ကဋ္ဌ (၂)ဦးသန်းလွင်က ပြောသည်။



*နိုင်ငံခြားငွေတရားဝင်ကိုင်ဆောင်ခွင့်ရမည့် ဘဏ် ၆ ခုထဲမှ ကမ္ဘောဇဘဏ် (တောင်ကြီးဘဏ်ခွဲ)*

အဆိုပါ ဘဏ် ၆ ဘဏ်မှာ မြဝတီဘဏ်လီမိတက်၊ အင်းဝဘဏ်၊ မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ် မြန်မာ့အရှေ့တိုင်းဘဏ် (MOB)၊ သမဝါယမ (CB) ဘဏ်နှင့် ကမ္ဘောဇဘဏ်တို့ဖြစ်သည်။

ထိုသို့ခွင့်ပြုပါက ပြည်ပ၌ဖြစ်ပေါ်နေသော ဟွန်ဒီကဲ့သို့ တရားမဝင်ငွေဈေးကွက်မှာ ပြည်တွင်းသို့ ပြန်လည်ရောက်ရှိလာမည်ဟုဆိုသည်။ တရားမဝင်ဈေးကွက်မှတရားဝင်ဈေးကွက်သို့ကြိုးပမ်းသည့်အတွက် ဟွန်ဒီလုပ်ငန်းများမှာ နောက်ပိုင်း၌ လျော့နည်းသွားမည်ဟု ငွေကြေးဈေးကွက်ကျွမ်းကျင်သူအချို့က ပြောသည်။ ထို့အပြင်ပြည်ပမှနိုင်ငံတွင်းသို့စီးဝင်နေသည့် နိုင်ငံခြားငွေ ပမာဏကိုလည်း အနီးစပ်ဆုံးထိန်းချုပ်နိုင်ပြီး ငွေကြေးဈေးကွက်တည်ငြိမ်မှုကို ဆောင်ရွက်ရန် များစွာအထောက်အကူပြုကြောင်း ဦးသန်းလွင်ကဆိုသည်။

"နောက်ပိုင်းဆိုရင်ပြည်ပမှာသွားလုပ်နေသူတွေရော၊ သင်္ဘောသားတွေပါ ဘဏ်တွေက တိုက်ရိုက်ငွေလွှဲလို့ရလာမယ်"ဟုအထက်ပါပုဂ္ဂိုလ်က ပြောသည်။

နိုင်ငံခြားငွေကိုင်ဆောင်ခွင့်ရရှိပါက အိမ်နီးချင်း နိုင်ငံခြားဘဏ်များနှင့်ချိတ်ဆက်ပြီးဆောင်ရွက်နိုင်သည်။ ထို့ကြောင့် နိုင်ငံခြား၌ရှိနေသောငွေလွှဲလိုသူသည် ပြည်တွင်းဘဏ်များနှင့်ချိတ်ဆက်ထားသည့်ပြည်ပဘဏ်မှတစ်ဆင့် စာရင်းဖွင့်ငွေလွှဲနိုင်မည်ဖြစ်သည်။

ပြည်ပသို့ သွားရောက်လုပ်ကိုင်နေသူများ၊ သင်္ဘောသားများသည် လက်ရှိအချိန်တွင် ဟွန်ဒီများဖြင့်သက်ဆိုင်ရာကုမ္ပဏီများမှတစ်ဆင့်လွှဲနေရသဖြင့် နစ်နာမှုများရှိနေသည်။

"ကုမ္ပဏီက ဈေးတက်ရင်မပေးဘူး။ ဈေးကျမှ ကျဈေးနဲ့ထုတ်ပေးတယ်။ အမြဲပဲတစ်ဒေါ်လာတစ်ဆယ်၊ တစ်ဆယ့်ငါးကျပ်နစ်နာနေရတယ်" ဟု သင်္ဘောသားတစ်ဦးကဆိုသည်။

ပုဂ္ဂလိကဘဏ်များနိုင်ငံခြားငွေကိုင်ဆောင်ခွင့်ရပါကပြည်တွင်းငွေလဲနှုန်းကိုလည်း ထိန်းနိုင်ရန်အထောက်အကူများ ရနိုင်သည်။

နိုင်ငံခြားငွေ အဝင်အထွက်ကို သိရှိနိုင်သဖြင့် ဈေးကွက်တွင်းဖြစ်ပေါ်နေသောငွေလဲနှုန်းကိုရုတ်တရက်အပြောင်းအလဲကြီးမားသွားအောင်မလုပ်နိုင်ကြောင်း စီးပွားရေး လုပ်ငန်းရှင်တစ်ဦးကဆိုသည်။

## ဂျပန်အမျိုးသမီးသတ်သည့်တရားခံအား သေဒဏ်ချမှတ်

**အေးမြကျော်** **ရန်ကုန်၊ အောက်တိုဘာ- ၃၁**

ဂျပန်ခရီးသည်အမျိုးသမီးအား မုဒိမ်းပြုကျင့်ကာ သတ်ဖြတ်ခဲ့သည့်တရားခံကိုမြင်းခြံခရိုင်တရားရုံးက အောက်တိုဘာ ၁၈ ရက်တွင် သေဒဏ်စီရင်ချမှတ်ခဲ့သည်။

စက်တင်ဘာ ၂၈ ရက်က ကျောက်ပန်းတောင်းမြို့နှင့် ညောင်ဦးမြို့အကြားဖြစ်ပွားခဲ့သော ဆိုင်ကယ်ယာဉ်မောင်းကြောင့် ဂျပန်အမျိုးသမီးသေဆုံးမှုကို ကျောက်ပန်းတောင်းရဲစခန်း၌ (ပ) ၂၃၃/၁၁ ဖြင့်ပြစ်မှု(၃၀၂)ဖြင့် အမှုဖွင့်စစ်ဆေးခဲ့ပြီး အောက်တိုဘာ ၄ ရက်မှစတင်ကာ မန္တလေးတိုင်းဒေသကြီးမြင်းခြံခရိုင်တရားရုံးတွင် ရုံးတင်စစ်ဆေးခဲ့သည်။ သေဒဏ်ချမှတ်ခံရသူကျော်ပန်းတောင်းမြို့တွင်နေထိုင်သောအသက် ၃၉ နှစ်အရွယ်ရှိမင်းသိုက်ဆိုသူဖြစ်ပြီး သူသည် ခရီးသည် ဂျပန်အမျိုးသမီးကို ကျောက်ပန်းတောင်းမြို့နှင့်ညောင်ဦးအကြား ပဲစင်းငုံခင်းတစ်ခုအတွင်းသို့ခေါ်ဆောင်သွားကာ မုဒိမ်းပြုကျင့်ခဲ့ပြီး လည်ပင်းကို ကျောပိုးအိတ်ကြိုးဖြင့်ညှစ်ရာမှ လက်လွန်ကာ ဂျပန်အမျိုးသမီးသေဆုံးခဲ့ရသည်။

## CCTV Channel အချို့အား MRTV-4 နှင့် Sky Net တွင် ကြည့်ရှုနိုင်မည်

**သီဟ**

**ရန်ကုန်၊ အောက်တိုဘာ – ၂၇**

တရုတ်နိုင်ငံ နိုင်ငံတော်အသံလွှင့်၊ ရုပ်ရှင်နှင့်ရုပ်မြင်သံကြား အထွေထွေဗျူရို (CCTV) မှ ထုတ်လွှင့်လျက်ရှိသည့် Channel များအနက်မှ CCTV News, CCTV 4 နှင့် CCTV 9 Doucmentery Channel များ Forever Group နှင့် Sky Net တို့မှ ထုတ်လွှင့်ပြမည်ဖြစ်ကြောင်း ယနေ့ကျင်းပသည့် CCTV Official Launch အခမ်းအနားမှသိရသည်။

အဆိုပါ အခမ်းအနားသို့ တရုတ်နိုင်ငံမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် မြန်မာနိုင်ငံမှ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးစိုးဝင်းတို့ တက်ရောက်ကြသည်။ အဆိုပါအခမ်းအနားတွင် ထုတ်လွှင့်မည့် Channel သုံးခုနှင့် ပတ်သက်၍ မည်သို့မည်ပုံ ဝယ်ယူကြည့်ရှုနိုင်သည်ဆိုသည်ကိုမူ ပြောကြားခြင်းမရှိပေ။

## ဆိပ်ဖြူတွင် ရေလွှမ်းမိုးမှုကြောင့် ကြက်သွန်နီပိဿာချိန် သိန်းနှင့်ချီ၍ ပျက်စီး

**အေးမြကျော်**

**ရန်ကုန်၊ အောက်တိုဘာ-၃၁**

ရေလွှမ်းမိုးမှုကိုဆိုးရွားစွာခံခဲ့ရသောကြောင့် ကြက်သွန်နီအဓိကစိုက်ပျိုးရာ ဆိပ်ဖြူမြို့နယ်တွင်းတွင် သိုလှောင်ထားသောကြက်သွန်နီများပိဿာချိန်သိန်းချီကာရေစိုပျက်စီးခဲ့ကြောင်း ဒေသခံကြက်သွန်စိုက်တောင်သူများနှင့် ဆိပ်ဖြူမြို့ကြက်သွန်ပွဲစားများကပြောသည်။

အောက်တိုဘာ ၁၉ ရက်ညသန်းခေါင်ကျော်အချိန်က ဆိပ်ဖြူမြို့နယ်ရှိ ကျေးရွာပေါင်း ၂၅ ရွာသို့ ယောချောင်းနှင့် ချစ်ချောင်းများမှ ချောင်းရေများလျှံကာ ရေလွှမ်းမိုး ခဲ့ရာ ထိုကျေးရွာများထဲတွင်ကြက်သွန်အဓိကထွက်ရှိသော ရွာကြီး၁၆ ရွာပါဝင်သည်။ ထိုရွာများတွင် ရိတ်သိမ်းပြီးသိုလှောင်ထားသော ကြက်သွန်ပိဿာပေါင်းမြောက်မြားစွာမှာရေစိုပျက်စီးခဲ့ရသည်ဟု ဆိပ်ဖြူမြို့မှ ကြက်သွန်နီကုန်သည်များက ပြောကြားသည်။

ဆိုက်ခမ်း၊ချောင်းမကြီး၊ တူရွှင်းမျော၊တောင်ရွာမ၊မြောက်ရွာမ၊ ဒေါင်းသာ စသည့်ကျေးရွာများအပါအဝင် ရေဘေးသင့်ကျေးရွာ ၁၆ ရွာတွင်သိုလှောင်ရုံများတည်ဆောက်ကာ သိုလှောင်ထားရာ ရေမှာအမြင့်ပေ ၁၅ ပေလောက်အထိတက်သဖြင့် ကြက်သွန်အားလုံးနီးပါး ရေစိုပျက်စီးခဲ့သည်။

"ကျွန်တော်တို့ရွာတစ်ရွာတည်းတင်ကိုပိဿာချိန်တစ်သိန်းကျော်လောက်ပျက်တယ်။ အခုမြို့ကပွဲစားတွေကရေစိုကြက်သွန်တစ်ပိဿာ၆၀၀ဈေးနဲ့ဆင်းဝယ်နေတယ်" ဟု တောင်ရွာမရွာမှ ကြက်သွန်စိုက်တောင်သူတစ်ဦးက ပြောသည်။ ရေမြုပ်ပြီးပြီးချင်းရက်ပိုင်း များတွင် ကြက်သွန်ဈေးမှာ တစ်ပိဿာလျှင် ၁,၄၀၀၊ ၁,၅၀၀ အထိ ဈေးမြောက်ခဲ့သော်လည်း ယခုရက်ပိုင်းများတွင် ရန်ကုန်ဈေးကွက်သို့ရေစိုကြက်သွန်များဝင်ရောက်လာပြီးနောက်ဈေးပြန်ကျခဲ့ကြောင်း ကြက်သွန်ကုန်သည်များထံမှ သိရသည်။

# ကျပ်သိန်း ၅၀၀ ထီပေါက်သူထံမှ ထီလက်မှတ်လိမ်ယူ၍ ဆုငွေရရန် ကြိုးပမ်းသူများအား ဖမ်းမိ

**နေလင်းအောင်**

**ရန်ကုန်၊ အောက်တိုဘာ – ၂၉**

အောင်ဘာလေထီ ကျပ်သိန်း ၅၀၀ ဆုပေါက်သူ တစ်ဦးထံမှ ရောင်းချသူက ထီလက်မှတ်လိမ်လည်ရယူ၍ ဆုငွေထုတ်ယူရန်ကြံစည်မှုအား မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှဖမ်းဆီးဖော်ထုတ်နိုင်ခဲ့ကြောင်း သတင်းရရှိသည်။

ဖြစ်ပွားပုံမှာ သနပ်ပင်မြို့နယ် ပဲခူးမြို့ ရုပ်ရှင်ရုံအဝင် ၁၁ လမ်းထိပ်မှ မိုးယံရွှေလမင်းနှင့်မြတ်ဆုကုဋေထီဆိုင်မှ ထီရောင်းသူနှင့် အပေါင်းအပါနှစ်ဦးတို့က ကျပ်သိန်း ၅၀၀ ထီဆု ပေါက်ထားသော ပိုင်ရှင် ဦးမောင်ထွန်း၏ နေအိမ်သို့သွားရောက်ခဲ့ကြပြီး ဦးမောင်ထွန်း၏ဇနီးဖြစ်သူထံမှ ထီလက်မှတ်များ ရယူခဲ့ကြခြင်းဖြစ်သည်။

ထိုသို့ထီလက်မှတ်များ ရယူရာတွင် ဦးမောင်ထွန်း၏ ဇနီးဖြစ်သူအား အဆိုပါထီလက်မှတ် (ဏ)အက္ခရာမှ (ဘ)အထိ ၁၀ စောင်တွဲ (၇၂၃၃၆၄)လက်မှတ်များအား တွတ်ရရှိသည်ဟုပြောဆို၍ လိမ်လည်ရယူသွားခဲ့ခြင်းဖြစ်သည်။

အဆိုပါလက်မှတ်ပိုင်ရှင်မှ လိုက်လံစုံစမ်းသောအခါ ကျပ်သိန်း ၅၀၀ ဆုပေါက်ထားသည့်လက်မှတ်ဖြစ်ကြောင်း သိရှိခဲ့ရသဖြင့် သနပ်ပင်ရဲစခန်းသို့ တိုင်တန်းခဲ့သည်။

ယင်းအမှုတွက်သက်ဆိုင်ရာရဲစခန်းမှ ထီဆိုင်သို့ဆက်သွယ်၍ ဆုငွေထုတ်ယူသူအား အကြောင်းကြား သတင်းပို့ရန်ညွှန်ကြားခဲ့ပြီး ယခုလ ၅ ရက်တွင် ဆုငွေလာရောက်ထုတ်ယူသူ စိုးထွေးအား ဖမ်းဆီးမိခဲ့သည်။

ဖမ်းဆီးခံရသူ၏ ဝန်ခံချက်အရ ၎င်းအား မိတ်ဆွေဖြစ်သူ ပဲခူးမြို့နေ ထွန်းလင်းလတ်က ထီဆုထုတ်ယူရန် အကူအညီတောင်းခံခြင်းကြောင့် ထုတ်ယူကြောင်းသိရှိရပြီး ထွန်းလင်းလတ်အား အောက်တိုဘာ ၆ ရက်တွင် ထပ်မံဖမ်းဆီးခဲ့သည်။ ဆက်လက်၍ ထွန်းလင်းလတ်ကို စစ်ချက်ယူသောအခါ အဆိုပါလက်မှတ်များအား သနပ်ပင်မြို့ ရုပ်ရှင်ရုံအနီး မိုးယံရွှေလမင်းနှင့် မြတ်ဆုကုဋေထီဆိုင်မှ ထီရောင်းသူ မအေးအေးဝင်းက ယူဆောင်လာပြီး ယင်းလက်မှတ်များကို ထွန်းလင်းလတ်မှတစ်ဆင့် စိုးထွေးအား ထုတ်ယူခိုင်းခဲ့သဖြင့် ယင်းနေ့တွင်ပင် မအေးအေးဝင်း(၃၆ နှစ်) အား ထပ်မံဖမ်းဆီးမိခဲ့သည်။

အဆိုပါဖြစ်ရပ်များကြောင့် မူရင်းထီလက်မှတ်ပိုင်ရှင်ထံမှ ထီလက်မှတ်များ မသမာသောနည်းဖြင့် လိမ်လည်ရယူခဲ့သည့် ပဲခူးမြို့နေ ထွန်းလင်းလတ်(ခ)နေရှင်နယ် (၃၆ နှစ်)၊ မအေးအေးဝင်း(ခ) ခိုင်စံပယ်(၃၆ နှစ်)နှင့် ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်နေ စိုးထွေး (၄၀ နှစ်)တို့သုံးဦးအား သနပ်ပင် ရဲစခန်းမှ ပြစ်ဒဏ်ချမှတ်ရန် ဆောင်ရွက်နေသည်။

7 DAY NEWS JOURNAL
Vol.10, No.33 · NOVEMBER 3, 2011

## တကာစီယာဉ်ပေါ်တွင် ပေါက်ကွဲမှုတစ်ခုဖြစ် ယာဉ်မောင်းသေဆုံး

ကျော်သီဟ

**ရန်ကုန်၊ အောက်တိုဘာ - ၂၈**

ရန်ကုန်မြို့ စံပြဈေးအနီး တက္ကစီယာဉ်တစ်စီးပေါ်တွင် အောက်တိုဘာ ၂၅ရက်ညနေ ၆နာရီဝန်းကျင်၌ ချိန်ကိုက်ဗုံးပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့ရာ ယာဉ်မောင်းမှာနေရာတွင် ပွဲချင်းပြီးသေဆုံးခဲ့သည်။

သဃ်န်းကျွန်းမြို့နယ်၊ စံပြဈေးအနီး၊ ကညနရုံးရှေ့ ငမိုးရိပ်ရပ်ကွက် သံသုမာလမ်းတွင် ယာဉ်အမှတ်(သ/၁၇၅၂) အငှားယာဉ်ပေါ်တွင် ချိန်ကိုက်ဗုံး ပေါက်ကွဲမှုဖြစ်ကြောင်း သက်ဆိုင်ရာမှ အတည်ပြုပြောကြားခဲ့သည်။ ယာဉ်မောင်း ခင်မောင်သင်း(အသက် ၄၂နှစ်)မှာ ယင်းပေါက်ကွဲမှုကြောင့် သေဆုံးသွားခဲ့သည်။

ခရီးသည်အဖြစ်စီးနင်းလိုက်ပါလာသူနှစ်ဦးမှာ ဒဏ်ရာရရှိ၍ စိုးရိမ်ဖွယ်ရာ မရှိကြောင်း ဆေးရုံများမှ သိရသည်။ ဖြစ်စဉ်တွင် အငှားယာဉ်အား နေ့မောင်း ညမောင်းနှစ်ဆိုင်းခွဲထားရာ သေဆုံးသူယာဉ်မောင်းမှာ ညမောင်းဖြစ်ပြီး နေ့မောင်းအား ခေါ်ယူစစ်ဆေးမှုအရ အောင်မင်္ဂလာအဝေးပြေးဂိတ်မှ ကားစတင်ငှားရမ်းလာသည်ဟု သံသယရှိကြောင်းနှင့် နေ့ယာဉ်မောင်းအား ယခင် ဖောက်ခွဲရေးမသင်္ကာသူများ၏ဓာတ်ပုံများပြသရာကျောက်တံတားမြို့နယ်ရှိ စီးတီးစတားဟိုတယ် အောက်ထပ်၌ ဖွင့်လှစ်ထားသော စတားနက် အင်တာနက်ဆိုင်တွင် လက်လုပ်မိုင်းတွေ့ရှိမှုဖြစ်စဉ်၌ စီစီတီဗီမှတ်တမ်းမှ ရရှိသည့် သံသယရှိသူ တရားခံနှင့် ပုံသဏ္ဌာန်တူနေကြောင်းသိရှိရ၍ အမှုမှန်ပေါ်ပေါက်ရေးကို သက်ဆိုင်ရာမှ (ပ)၅၁၂/၂၀၁၁ ပုဒ်မ ၃၃၈/၃၀၄(က)ဖြင့် စုံစမ်းစစ်ဆေးလျက်ရှိသည်။

အဆိုပါကိစ္စရပ်အားသဃ်န်းကျွန်းရဲစခန်းသို့စုံစမ်းမေးမြန်းရာ တာဝန်ကျရဲဝန်ထမ်းတစ်ဦးကဖြစ်စဉ်အားဖြေကြားရန်ငြင်းဆိုခဲ့သည်။

## လိင်တူဆက်ဆံမှုကြောင့် အိတ်ချ်အိုင်ဗီကူးစက်ခံရသူများနှင့် ပတ်သက်သည့်စီမံချက် မြို့ကြီးငါးမြို့တွင် ပြုလုပ်မည်

မြတ်စုမွန်

**ရန်ကုန်၊ အောက်တိုဘာ - ၂၉**

ရန်ကုန်နှင့်မန္တလေးမြို့တွင်ရှိသော အိတ်ချ်အိုင်ဗီပိုးကူးစက်ခံရသူများအနက် ၂၂ဒသမ၃ရာခိုင်နှုန်းမှာယောကျ်ားချင်းလိင်တူဆက်ဆံသူများဖြစ်၍ ပြည်တွင်း၊ပြည်ပ အင်န်ဂျီအိုများထံမှ ၎င်းတို့ရရှိထားခဲ့သည့် အိတ်ချ်အိုင်ဗီ/အေအိုင်ဒီအက်စ် ကူးစက်ပြန့်ပွားမှုနှုန်းလျှော့ချရေးဆိုင်ရာ ဝန်ဆောင်မှုများနှင့်ပတ်သက်သည့် တုံ့ပြန်ချက်များအား ပြန်လည်ဆန်းစစ်သည့်စီမံချက်တစ်ခုကို ယင်းမြို့နှစ်မြို့အပါအဝင် မြန်မာနိုင်ငံရှိမြို့ကြီးငါးမြို့တွင် လာမည့်နိုဝင်ဘာလ၌ စတင်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ်မှ သတင်းရရှိသည်။

အဆိုပါစီမံချက်ကို ရန်ကုန်၊ မန္တလေး၊ ပဲခူး၊ ပြည်နှင့် ပုသိမ်မြို့များတွင်ပြုလုပ်သွားမည်ဖြစ်ပြီး ၎င်းတို့ရရှိခဲ့သည့် အိတ်ချ်အိုင်ဗီ ကူးစက်ခံရမှုမှ ကာကွယ်ရေးနှင့် ပတ်သက်သည့်ဝန်ဆောင်မှုအခြေအနေများ၊ တုံ့ပြန်မှုများကိုပြန်လည်ဆန်းစစ်ရန်လိုအပ်နေသော အချက်များကိုသိရှိနိုင်စေရန် ရည်ရွယ်ကြောင်း ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ်(UNDP) မှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးကပြောသည်။

“UNDP အနေနဲ့က ငွေကြေးထောက်ပံ့မယ်။ စီမံချက်ကိုPSIကလုပ်မှာပါ။ ဒီလိုစီမံချက်မျိုးကိုရန်ကုန်မှာတစ်ခါလုပ်ဖူးတယ်။ ဒီနှစ်ထဲမှာလုပ်တာ။ ရလဒ်ကတော့ မထွက်သေးဘူး။ မြန်မာနိုင်ငံမှာ ယောကျ်ားချင်းလိင်တူဆက်ဆံလို့အိတ်ချ်အိုင်ဗီကူးစက်ခံရတဲ့သူတွေအတွက် လုပ်ပေးခဲ့ကြတာတွေက ဘယ်လိုထိရောက်မှုရှိတယ်ဆိုတာ ပြန်ဆန်းစစ်မှာပါ” ဟုကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ်မှ အိတ်ချ်အိုင်ဗီ/အေအိုင်ဒီအက်စ်ကာကွယ်လျှော့ချရေး အမျိုးသားစီမံချက်ညှိနှိုင်းရေးမှူး ဒေါက်တာဝင်းမာက 7Day News သို့ပြောသည်။

National AIDS Program ၏ ၂၀၀၉ ခုနှစ် ထုတ်ပြန်ချက်အရ ရန်ကုန်နှင့် မန္တလေးမြို့နှစ်မြို့တွင် ယောကျ်ားချင်းလိင်တူဆက်ဆံသူများ၌ အိတ်ချ်အိုင်ဗီကူးစက် ခံရမှုနှုန်းမှာ ၂၂ ဒသမ ၃ရာခိုင်နှုန်းရှိကြောင်းသိရသည်။

မြန်မာနိုင်ငံတွင် အိတ်ချ်အိုင်ဗီပိုးကူးစက်ခံထားရသူ ၂၅၀,၀၀၀ ခန့်ရှိပြီး ၎င်းတို့အနက် အေအာရ်ဗီဆေးဝါးလိုအပ်နေသူ ၇၄,၀၀၀ခန့်ရှိကာ ဆေးဝါးထောက်ပံ့မှုရရှိသူဦးရေမှာ ၂၀,၀၀၀ ခန့်သာရှိသေးကြောင်း ကုလသမဂ္ဂ၏ တရားဝင်ထုတ်ပြန်ချက်များအရ သိရှိရသည်။

## မျှော်စင်ကျွန်းအငြိမ့် ကွင်းလုံးပြည့်ပရိသတ်များပြားခဲ့သော်လည်း ယခင်ပွဲလောက် ကျေနပ်အားရမှုမရှိဟုဆို

အေးသူစံ

**ရန်ကုန်၊ အောက်တိုဘာ ၃၁**



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

သီးလေးသီးဆေးရောင်စုံ အငြိမ့်အဖွဲ့မှအဖွဲ့ဝင်များဖြစ်သည့် လူရွှင်တော်ဂေါ်ဇီလာ၊ စိန်သီး၊ ဇီးသီး၊ ချောစုမျိုးနှင့် ရွှေထွက်မင်း သမီးသစ်သစ်လွင်တို့ ပါဝင်သော မျှော်စင်ကျွန်းအငြိမ့်သည့်အောက်တိုဘာ ၂၉ ရက်က မျှော်စင်ကျွန်းတွင် ကပြခဲ့ရာ လာရောက်အားပေးသော ပရိသတ် များပြားခဲ့သော်လည်း ၂၀၀၇ ခုနှစ်က နောက်ဆုံးကပြခဲ့သော သီးလေးသီးဆေးရောင်စုံအငြိမ့်လောက်အားရကျေနပ်မှုမရှိကြောင်း သွားရောက်ကြည့်ရှုခဲ့သည့်ပရိသတ်များထံမှ သိရသည်။

“မျှော်စင်ကျွန်းအငြိမ့်က ပရိသတ်တွေလည်း များပါတယ်။ ဘယ်လောက်တောင်များလဲဆိုရင် ကြည့်ချင်တဲ့သူတချို့ဆိုဝင်လို့တောင်မရဘူး။ ကွင်းပြည့်ကွင်းလျှံလို့ပြောနိုင်တယ်။ ပရိသတ်တွေရဲ့ဝေဖန်သံကို ပြောရရင်တော့ ၂၀၀၇မှာပြက်ခဲ့တဲ့ပြက်လုံးတွေ ၂၀၀၇မှာဖြစ်ပျက်ခဲ့တဲ့အခြေအနေတွေနဲ့ အခု ၂၀၁၁ မှာဖြစ်ပျက်နေတဲ့ အခြေအနေတွေက တူမှမတူတော့တာ။ ကျွန်တော်တို့က တကယ့်လက်ရှိဖြစ်ပျက်နေတဲ့ အဖြစ်အပျက်ကိုသရော်တာလေ။ ဒါပြက်လုံးရဲ့ သဘောတရားပဲ။ ၂၀၀၇ တုန်းက ဂမ်ဘာရီကို ပြက်တယ်။ အခု ၂၀၁၁ မှာ ဂမ်ဘာရီကို ပြက်လို့ဘယ်ရတော့မလဲ။ အားမရဘူးဆိုတဲ့ပရိသတ်ကိုပြောချင်တာက ပုဂ္ဂိုလ်ရေးထိခိုက်တာတွေကိုမပြက်ဘူး။ တကယ့်လက်ရှိအခြေအနေတွေပေါ်ကို ကျွန်တော်တို့ပြက်ခဲ့တာပါ” ဟု အငြိမ့်တွင် ပါဝင်ဖျော်ဖြေခဲ့သည့် လူရွှင်တော်ကင်းကောင်ကပြောသည်။

“အငြိမ့်က အရင်ပွဲလောက်ကြည့်မကောင်းဘူး။ ပါးပါးလေးလောက်ပဲ ပြက်သွားတာ တွေ့ရတယ်။ ကျွန်တော့်အမြင်တော့သူ-တို့ဆီမှာ ဖိအားတစ်ခုခု ရှိနေသလိုပဲ” ဟုပွဲသို့သွားရောက်ကြည့်ရှုခဲ့သူတစ်ဦးကပြောသည်။

ယင်းနေ့ပွဲတွင်မျှော်စင်ကျွန်းအငြိမ့်အဖွဲ့ကိုရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက ငွေကျပ်ဆယ့်ငါးသိန်းဆုချခဲ့ကြောင်းလည်း သိရသည်။ “ဝန်ကြီးရဲ့ချီးမြှင့်မှုကိုကျေးဇူးတင်ပါတယ်။ အရင်က ကျွန်တော်တို့က မီးရထားက ဝန်ထမ်းတွေမို့ ကျွန်တော်တို့ကို ဆုချတာမဟုတ်ပါဘူး။ နိုင်ငံခြားကနေပြန်လာပြီး ပထမဆုံးကတဲ့ပွဲမှာ အားပေးတဲ့သဘောပါ။ အဲဒီနေ့က ဆုကြေးငွေစုစုပေါင်း သိန်း ၂၀ လောက်ရခဲ့ပါတယ်” ဟု လူရွှင်တော်ဂေါ်ဇီလာကပြောသည်။

“၂၀၀၇ တုန်းကထက် ပရိသတ်ပိုများတယ်။ တကယ်တမ်းဒီတစ်ခေါက်အငြိမ့်ကို အရင်တစ်ခေါက်ကထက်ပိုအားရပါတယ်။ ပြက်လုံးတွေကတော့ အရင်အငြိမ့်ထက်ပြက်လုံးတွေပိုများပါတယ်။ ဒါပေမဲ့ ပရိသတ်တွေအားမရဘူးလို့ပြန်ကြားရတော့ ကျွန်တော်တို့ကြိုးစားဖို့ လိုသေးတာပေါ့” ဟု ဂေါ်ဇီလာက ပြောကြားခဲ့သည်။

## မြန်မာနေရှင်နယ်လိဂ် ဒိုင်လူကြီးများ နားကြပ်တပ်ဆင်တော့မည်

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ အောက်တိုဘာ- ၂၆**

၂၀၁၂မြန်မာနေရှင်နယ်လိဂ်ဘောလုံးပွဲစဉ်များတွင် ဒိုင်လူကြီးများအနေဖြင့် အချင်းချင်းဆက် သွယ်နိုင်သည့် စကားပြောကိရိယာ (နားကြပ်)များ တပ်ဆင်အသုံးပြုတော့မည်ဖြစ်ကြောင်း သတင်းရရှိသည်။

“ကျွန်တော်တို့ဆီမှာ စကားပြောကိရိယာ နားကြပ်နှစ်စုံ၊(တစ်စုံလျှင် လေးခုပါရှိသည်)ဝယ်ယူထားပြီးပါပြီ။ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)ကိုတော့ အကြောင်းကြားဖို့ လိုပါဦးမယ်။ ဖီဖာကခွင့်ပြုရင် လာမယ့်နှစ် မြန်မာနေရှင်နယ်လိဂ်မှာ စတင်အသုံးပြုသွားမှာပါ”ဟု မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ ဒိုင်လုပ်ငန်းဌာန ဒါရိုက်တာဦးထွန်းလှအောင်ကပြောသည်။

တစ်စုံလျှင်ဒေါ်လာခုနစ်ထောင်တန်ဖိုးရှိသော၎င်းစကားပြောကိရိယာ(နားကြပ်)နှစ်စုံသာရှိသေးသည့်အတွက် တစ်ပြိုင်နက်ပွဲစဉ်နှစ်ပွဲကိုသာ အသုံးပြုနိုင်ဦးမည်ဖြစ်သည်။ အရေးကြီးပွဲစဉ်များအတွက် ဦးစားပေးသွားမည်ဖြစ်ကြောင်းနှင့် နောက်ပိုင်းတွင် ဘဏ္ဍာရေးအခြေအနေအရ ထပ်မံတိုးချဲ့ဝယ်ယူသွားဖြစ်ကြောင်း ၎င်းကဆက်ပြောသည်။

“ဒီလိုခေတ်မီနားကြပ်ကိရိယာတွေ တပ်ဆင်ကိုင်တွယ်ရမယ့်အတွက် ဒိုင်လူကြီးတွေအနေနဲ့လည်း အရင်ကထက် အမှားပိုနည်းလာမယ်လို့ ယုံကြည်ပါတယ်” ဟု ဦးထွန်းလှအောင်က ပြောသည်။

## ဆိပ်ဖြူရေဘေးသင့်ကျေးရွာများတွင် စောင်နှင့် ကျောင်းသုံးစာအုပ်များလိုအပ်

အေးမြကျော်

**ဆိပ်ဖြူ၊ အောက်တိုဘာ- ၃၀**

ရေလွှမ်းမိုးမှုဒဏ်ကိုဆိုးရွားစွာခံခဲ့ရသောဆိပ်ဖြူမြို့နယ်အတွင်းမှ ကျေးရွာများတွင် မူလတန်း၊ အလယ်တန်းများတွင်တက်ရောက်ပညာသင်ကြားလျက် ရှိသော ကျောင်းသားများ၏ကျောင်းသုံးစာအုပ်များ ရေထဲမျောပါသွားခဲ့သဖြင့် လိုအပ်လျက်ရှိကြောင်း ရေဘေးသင့်ကျေးရွာများမှ ဒေသခံများကပြောကြားသည်။

ရေဘေးသင့်ဒေသများတွင် မကြာမီဆောင်းရာသီသို့ရောက်ရှိတော့မည်ဖြစ်သဖြင့် ရာသီဥတုအေးလာတော့မည်ဖြစ်ရာထိုဒေသသည် ဆောင်းတွင်းတွင် အချမ်းပိုသည့် ဒေသဖြစ်သည့်အတွက် စောင်များကိုပါ လှူဒါန်းသင့်ကြောင်းလည်း ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်နေသောလူမှုရေးအဖွဲ့အစည်းများက အကြံပြုကြသည်။

“လှူတဲ့အထဲမှာ အရေးပေါ်လိုအပ်တဲ့အစားအသောက်နဲ့ဆေးဝါးတွေများတယ်။ ကျောင်းသားတွေရဲ့ ကျောင်းသုံးဖတ်စာတွေရော၊ဗလာစာအုပ်တွေရော၊ကျောင်းသုံးပစ္စည်းတွေပါ ရေထဲမျောသွားတော့ အဲဒါတွေလိုအပ်နေသေးတယ်”ဟု ဆိပ်ဖြူမြို့နယ်မှ လူမှုကူညီရေးအဖွဲ့တစ်ဖွဲ့မှ စေတနာ့ဝန်ထမ်းတစ်ဦးက ပြောသည်။

အောက်တိုဘာ၁၉ နှင့် ၂၀ ရက်များတွင်ဖြစ်ပွားခဲ့သော ရေလွှမ်းမိုးမှုကြောင့် ဆိပ်ဖြူမြို့နယ်အတွင်းမှ ကျေးရွာပေါင်း ၂၅ ရွာမှာ ဆိုးရွားစွာပျက်စီးခဲ့ပြီး အိမ်ခြေစုစုပေါင်း ၃,၆၀၀ ကျော်ထဲမှ အချို့မှာလုံးဝ ပျက်စီးခဲ့ကာ၊ အချို့မှာ ရေစီးဖြင့် မျောပါသွားခဲ့သည်။ ရေများပြန်ကျချိန်တွင် အသုံးအဆောင်ပစ္စည်းများမှာ ရေစိုပျက်စီးပြီး နွံများတွင် နစ်မြုပ်နေသဖြင့် ပြန်လည်အသုံးပြုနိုင်ခြင်း မရှိကြောင်းဒေသခံရေဘေးဒုက္ခခံစားရသူများက ပြောကြားသည်။

7DAY NEWS JOURNAL
Vol.10, No.33 · NOVEMBER 3, 2011

Opinion

# မြန်မာနိုင်ငံ အာဆီယံဥက္ကဋ္ဌရာထူးရယူဖို့ အရည်အချင်းရှိရဲ့လား

မဟာဇော်



ဓာတ်ပုံ - အောင်သူရ

**နိဒါန်း**

အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး၏ မြန်မာနိုင်ငံခရီးစဉ်ကို ထောက်ရှု၍ ကန့်ကွက်သူက ကန့်ကွက်ကြလျက် ထောက်ခံသူတို့က ထောက်ခံကြသည်။ အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး ဘာကြောင့် မြန်မာနိုင်ငံကိုလာရောက်၍ ဆန်းစစ်အကဲဖြတ်ရသနည်း။ အခြားအာဆီယံနိုင်ငံများ၏ အလှည့်တွင် တစ်ခါမျှ မကြားဖူးသော ဆောင်ရွက်ချက်တစ်ရပ်ဖြစ်၍လည်း ထူးဆန်းနေသည်။ အမှန်စင်စစ် နောက်ကွယ်မှ ပါဝါဂိမ်းများ၏ အကျိုးဆက်သာဖြစ်ပေသည်။ သို့သော် ယင်းပါဝါဂိမ်းများကို မမြင်ဘဲ ကိုယ့်နိုင်ငံအပေါ် ပြန်လည်၍ ဂုဏ်သိက္ခာချကြသူများကိုလည်း စိတ်မကောင်းဖွယ်ရာ တွေ့ရှိရပေသည်။

**အမေရိကန်ဆီးနိတ် ကြားနာပွဲ**

၂၉-၇-၂၀၁၁ ရက်တွင် ဆီးနိတ်နိုင်ငံခြားဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဂျွန်ကယ်ရီအမှူးပြု၍ ဒဲရက်မစ်ချယ်၏ ကြားနာပွဲကို ဆောင်ရွက်ခဲ့သည်။ ယင်းကြားနာပွဲတွင် ကော်မတီဥက္ကဋ္ဌ ဂျွန်ကယ်ရီက အမေရိကန်ပြည်ထောင်စု၏ မြန်မာနိုင်ငံဆိုင်ရာမူဝါဒတွင် ကျန်ရှိသော နိုင်ငံတကာ အသိုင်းအဝိုင်းတစ်ခုလုံး ယင်းတို့မူဝါဒအတိုင်းဘုံရပ်တည်ချက်၊ ဘုံတောင်းဆိုချက်များဖြင့် နိုင်ငံစုံပူးပေါင်းဆောင်ရွက်မှု အသွင်သဏ္ဌာန်ဖော်ဆောင်ရန်၊ အာဆီယံနိုင်ငံများအနေဖြင့်လည်း ၂၀၁၄ အာဆီယံဥက္ကဋ္ဌ ရယူရေးနှင့် သိသာထင်ရှားသော နိုင်ငံရေး တိုးတက်မှုများဖြစ်ပေါ်ရေးကို အလဲအထပ်ဆောင်ရွက်၍ မြန်မာနိုင်ငံအပေါ် ဖိအားပေးလာစေရန် လမ်းညွှန်သွားခဲ့ကြောင်း တွေ့ရှိရသည်။

ဒဲရက်မစ်ချယ်၏ ရှင်းလင်းတင်ပြချက်များတွင် အဓိကအချက်များအဖြစ် မြန်မာနိုင်ငံနှင့် ပတ်သက်၍ နိုင်ငံတကာဘုံရည်မှန်းချက်များ Common International Objectives များဖြစ်ပေါ်လာရန် ပေါင်းစပ်ညှိနှိုင်းသွားမည်၊ လက်ရှိအချိန်တွင် နိုင်ငံတကာအသိုင်းအဝိုင်းမှ အဓိကနိုင်ငံများအနေဖြင့် မြန်မာနိုင်ငံအပေါ် ချဉ်းကပ်မှု နည်းလမ်း အမျိုးမျိုး ကွဲပြားနေပြီး မူဝါဒအဖုံဖုံဖြစ်နေသည်၊ ယင်းအနေအထားကို ပြောင်းလဲလိုက်ပြီး နိုင်ငံတကာ ဘုံရည်မှန်းချက် ဖြစ်ပေါ်လာစေရန် ကြိုးပမ်းသွားမည်၊ ဘုံရည်မှန်းချက်များ ဖြစ်ပေါ်လာလျှင် မြန်မာနိုင်ငံအပေါ် ဖိအားပေးမှုများ ပိုမိုထိရောက်အောင် မြင်လာမည်၊ ထိုသို့ဖြစ်ပေါ်လာရန်လည်း ကွန်ဂရက်၊ အိမ်ဖြူတော်၊ နိုင်ငံခြားရေးဝန်ကြီးဌာနများသို့တိုးတက်ဖြစ်ပေါ်မှုများ စဉ်ဆက်မပြတ်ပြန်လည်သတင်းပို့၍ ဆောင်ရွက်သွားမည်ဟူ၍ တွေ့ရှိရပေသည်။

အာဆီယံဥက္ကဋ္ဌ ပေးရေးနှင့် မြန်မာ့နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုများ တိုးတက်ဖြစ်ပေါ်ရေးတို့ကို ချိတ်ဆက်၍ ဆောင်ရွက်နေသည့် ပတ်သက်ဆက်နွှယ်မှုများကို အထက်ပါကြားနာပွဲတွင် ရှင်းရှင်းလင်းလင်း တွေ့မြင်နိုင်သည်။ သို့ဆိုလျှင် အာဆီယံဥက္ကဋ္ဌနေရာပေးရေးနှင့် အာဆီယံနိုင်ငံများ၏ ဖိအားပေးမှုတို့ မြစ်ဖျားခံရာ ဇစ်မြစ်ကို သိရှိနိုင်ပြီဖြစ်သည်။ ဤသည်၏ အကျိုးဆက်အားဖြင့် အာဆီယံနိုင်ငံများအကြားတွင် တစ်ခါမျှ မရှိဖူးသော ဥက္ကဋ္ဌတာဝန်ရယူထမ်းဆောင်ရန် အဆင်သင့် ဖြစ်၊ မဖြစ်ကို လေ့လာစေသော အင်ဒိုနီးရှားနိုင်ငံ၏ မြန်မာနိုင်ငံခရီးစဉ် ပေါ်ပေါက်လာခြင်းဖြစ်ပေသည်။

**ပါဝါဂိမ်းများအကြားမှ အာဆီယံ**

မည်သို့သော နိုင်ငံရေးဖိအားများ၊ ဆူပါ ပါဝါ တောင်းဆိုချက်များရှိသည်ဖြစ်စေ ထွက်ပေါ်လာသည့် မေးခွန်းမှာ မြန်မာနိုင်ငံသည် အာဆီယံဥက္ကဋ္ဌရာထူးရယူရန် အရည်အချင်းရှိရဲ့လားဟူ၍ ဖြစ်နေသည်။

စူပါ ပါဝါကြီးကလည်း ဖိအားပေးသည်။ အာဆီယံကလည်း စူပါဝါပါအလိုကျ မြန်မာနိုင်ငံကို ဖိအားပေးသည်။ ဤတွင် အာဆီယံသမိုင်းကြောင်းတစ်လျှောက် မရှိခဲ့ဖူးသော ဥက္ကဋ္ဌရာထူးတာဝန်နှင့် သင့်လျော်ခြင်း ရှိ၊ မရှိ ဆန်းစစ်လေ့လာအကဲဖြတ်သည့် ခရီးစဉ်တစ်ခုလည်း ပထမဦးဆုံးအကြိမ် အာဆီယံတွင်ပေါ်ပေါက်လာခဲ့သည်။ အာဆီယံ၏ အစဉ်အလာသစ်တစ်ခု မွေးဖွားခြင်းသည် မြန်မာနိုင်ငံအပေါ် နှိမ့်ချခြင်းနှင့်ဒွန်တွဲလာသဖြင့် နိုင်ငံသားတစ်ယောက်၏ ခံပြင်းအမျက်မှာ စာရေးသူရင်တွင်း ပြင်းထန်စွာ ဖြစ်ပေါ်လာရသည်။ အာဆီယံသည် ယဉ်ကျေးမှု၊ အစဉ်အလာ၊ သမိုင်းကြောင်း အမျိုးမျိုး အဖုံဖုံ ကွဲပြားနေသော နိုင်ငံ ၁၀ နိုင်ငံ ပေါင်းစည်းထားမှုကို ကိုယ်စားပြုနေသည်။

မြန်မာ့နိုင်ငံရေးသမိုင်းလည်း ပြန်တွင် ဗဟိုဦးစီးစနစ်အောက်၌ နှစ်ပေါင်း ၃၀ ကျော် ဖြတ်သန်းလာခဲ့ရသော မြန်မာနိုင်ငံသည် ယခုမှ ဒီမိုကရေစီလမ်းကြောင်းသစ်ကို လျှောက်လှမ်းနေဆဲဖြစ်သည်။ အမှားအယွင်းပြုလုပ်၍ မရသလို အမြန်နှုန်းကိုလည်း ထိန်းညှိရန် လိုသည်။ မြန်မာနိုင်ငံသည် ကမ္ဘာ့ပါဝါဂိမ်း၌ အဓိကနေရာကို ရောက်ရှိလာသည်မှာ တရုတ်နိုင်ငံ အရှိန်အဟုန်ဖြင့် ကမ္ဘာ့စင်မြင့်အပေါ် တက်လှမ်းလာခြင်းနှင့် တိုက်ရိုက်သက်ဆိုင်နေသည်။ တရုတ်နိုင်ငံ ထိန်းချုပ်ရေးကို တစ်ဖက်မှ ဖော်ဆောင်လျက် တစ်ဖက်ကလည်း အမေရိက ဘွန်းများထိန်းချုပ်ထားခြင်းကြောင့် စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်သော နှစ်လမ်းသွားမူဝါဒကို ဆောင်ရွက်နေကြောင်း တွေ့ရှိနိုင်သည်။

အာရှဒေသ၏ ပါရာဒိုင်းသည် နိုင်ငံတကာ၏ အနာဂတ်ဖြစ်လာနေသော မျက်မှောက်ကာလတွင် အာဆီယံသည်ကမ္ဘာ့နိုင်ငံအားလုံး၏ ဗဟိုပြုရာရပ်ဝန်းဒေသ ဖြစ်လာနေသည်။ ကမ္ဘာ့အင်အားကြီးနိုင်ငံများ၏ ထီးပြိုင်နန်းပြိုင် အားပြိုင်မှုသည် ပစိဖိတ်သမုဒ္ဒရာမှ အိန္ဒိယသမုဒ္ဒရာသို့ ရွှေ့ပြောင်းလာနေသည်မှာ ယခုနောက်ပိုင်းတွင် ပို၍ပို၍ ထင်ရှားလာနေသည်။ ဥရောပနိုင်ငံများ၏ ထီးနန်းလက်လွှတ်ရမှု၏ အခြားတစ်ဖက်တွင် အာရှနိုင်ငံများ၏ ထီးရိပ် နန်းရိပ် ပိုမိုကြီးမားကျယ်ပြန့်လာနေသည်။ ယင်းပါဝါဂိမ်းများတွင် အာဆီယံသည် ကစားကွင်းဖြစ်လာနေရာ အိမ်ရှင်အာဆီယံထက်ညွှေ့သည်နိုင်ငံကြီးများ၏ ကစားကွက်က ပိုမိုပြင်းထန်လာနေသည်။ ဤတွင် အာဆီယံ၌လည်း သူ့ဘက်ကိုယ့်ဘက် ဆွဲဆောင်မှုများအကြား၌ အာဆီယံဗဟိုချက်ကျမှု ASEAN Centrality ကို မနည်းတောင့်ခံထားကြရကြောင်း တွေ့ရှိရသည်။

ပထဝီနိုင်ငံရေး၊ ပိုင်နက်နက်မြေ အငြင်းပွားမှု၊ အမျိုးသားအကျိုးစီးပွားများ တိုးတိုက်မှုစသည်တို့၏ အစွန်းထွက်အနေဖြင့် အမေရိက၏ လုံခြုံရေးထီးရိပ်ကို ရပ်ခံတောင်းဆိုကြသည့်နိုင်ငံများ ရှိနေကြသလို နိုင်ငံရေး၊ စီးပွားရေးအရလည်း စူပါ ပါဝါနိုင်ငံကြီးအပေါ် မှီခိုအားထားနေကြသည့် နိုင်ငံများလည်း ရှိနေသဖြင့် အာဆီယံ၏ ပေါင်းစည်းမှုသည် Tips of the Iceberg ဖြစ်နေကြောင်း တွေ့ရှိနိုင်သည်။

**National Interest**

မြန်မာနိုင်ငံ၏ အာဆီယံဥက္ကဋ္ဌ ရယူရေးသည် မည်သည့်နိုင်ငံ၏ National Interest ဖြစ်ပါသနည်း။ အစိုးရသစ်လက်ထက်ဒီမိုကရေစီနှင့် လွတ်လပ်ပွင့်လင်းသော နိုင်ငံရေးစနစ်ကို ဦးတည်ဆောင်ရွက်လာသည့်မြန်မာနိုင်ငံသည် နိုင်ငံရေးစနစ်အရ အိန္ဒိယနှင့် ပိုမိုနီးစပ်လာမည့် အလားအလာဖြစ်ပေါ်လာသလိုMyanmar Effect တစ်နည်းဆိုရလျှင် Myanmar Factor သည်တရုတ်နိုင်ငံဘက်သို့လည်း ရိုက်ခတ်မှုရှိနေသည်။

ဒီမိုကရေစီ ချန်ပီယံဖြစ်သော အမေရိကန်အနေဖြင့်Gray Zone မှ လွတ်ထွက်နိုင်ရန် ကြိုးပမ်းနေသော မြန်မာနိုင်ငံကို စည်းပြုတ်စေရန်ကြိုးပမ်းလာသည်။ သို့သော် ယင်းတို့မဟာဗျူဟာမှာ စေ့စပ်ညှိနှိုင်းမှုနှင့်ပိတ်ဆို့အရေးယူမှု ဒွန်တွဲဆောင်ရွက်သော Dual Track ဖြစ်သည်။ မီးစတစ်ဖက်၊ ရေမှုတ်တစ်ဖက်ဟူသော ယင်းနည်းလမ်းသည် အမှန်စင်စစ် Risk ယူထားခြင်းသာဖြစ်သည်။ ဤသည်ပင် စူပါပါဝါ၏ National Interest ပင်ဖြစ်သည်။

တရုတ်ထောက်ကွက်အပြင် အာရှ-ပစိဖိတ်ဒေသ ဩဇာဖြန့်ကြက်ရေး၌ ပထဝီနိုင်ငံရေးအရ မြန်မာနိုင်ငံသည် ပစ်မှတ်ဖြစ်လာနေသည်။ အာဆီယံနိုင်ငံများကလည်း မည်သည့်အတွက်ကြောင့် ယင်းအလိုကျ မြန်မာနိုင်ငံကို ဖိအားပေးကြရသနည်း။ ယင်းတို့၏ National Interest ပင် ဖြစ်သည်။ အာဆီယံနိုင်ငံများတွင် တရုတ်ဩဇာလွှမ်းမိုးလာမှုနှင့်အတူ ကြုံတွေ့လာရသော စိန်ခေါ်မှုများမှာ အမျိုးမျိုးအဖုံဖုံ ရှုပ်ထွေးစွာ တည်ရှိနေကြောင်း တွေ့ရှိရသည်။ အာဆီယံ၏ ဗဟိုချက်ကျမှုဟူ၍ ကြွေးကြော်နေကြသော်လည်း အာဆီယံရပ်တည်ချက် ကိုယ်နှိုက်ကပင် ခပ်ယဲ့ယဲ့ဖြစ်နေသည်။

အာဆီယံဥက္ကဋ္ဌ ရယူရေးသည် မြန်မာနိုင်ငံ၏ National Interest လည်း မည်ပေသည်။ ဤသည်မှာ အာဆီယံအဝန်းအဝိုင်းသို့ မြန်မာနိုင်ငံအသစ်က ဂုဏ်ရည်တူ ဝင်ဆံ့ပြခြင်းဟုဆိုနိုင်သည်။ ဤအတွက်လည်း မြန်မာနိုင်ငံအနေဖြင့် သံခင်းတမန်ခင်း တိုက်ပွဲဝင်ရမည်။ ဆန်းမစ်ဒစ်ပလိုမေစီတွင် ပြတ်ပြတ်သားသား မေးခွန်းထုတ်ရမည်။ အကြောင်းရင်းမှာ အာဆီယံတွင် အစဉ်အလာမရှိခဲ့ဖူးသော ဆန်းစစ်သုံးသပ်ချက်ကို ခံယူရခြင်းကြောင့် ဖြစ်သည်။ အာဆီယံအနေဖြင့် မြန်မာနိုင်ငံကို တန်းတူရည်တူ အဆင့်ဖြင့် ဆက်ဆံနိုင်ခြင်း၊ လက်ခံနိုင်ခြင်း မရှိသည်လော မေးခွန်းထုတ်ကြရပါလိမ့်မည်။

မြန်မာနိုင်ငံကို အထင်သေးခြင်း၊ နှိမ့်ချဆက်ဆံခြင်းတို့ကို အမျိုးသားရေးစိတ်ဓာတ်ရှိသူ မည်သည့် နိုင်ငံသားကမျှ လက်ခံနိုင်မည်မဟုတ်။ သို့သော်မြန်မာနိုင်ငံ၏ စီးပွားရေးအနေအထားအရ ပြည်ပနိုင်ငံများသို့သွားရောက်၍ အလုပ်လုပ်နေကြရသည်။ သူများနိုင်ငံသားများ မလုပ်ချင်သော၊ မလုပ်လိုသော အလုပ်များကိုမြန်မာများ လုပ်ကိုင်နေကြရသည်။

အကျိုးဆက်အားဖြင့်မြန်မာနိုင်ငံဆိုလျှင် ပြည်ပနိုင်ငံများက နှိမ့်ချဆက်ဆံလာကြသည်။ ဤအခြေအနေကို အစိုးရသစ်လက်ထက် စတင်ပြောင်းလဲနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရ၍ ဝမ်းမြောက်ဝမ်းသာဖြစ်မိသည်။ ယခုသက်တမ်းတွင် အတိုင်းအတာ တစ်ရပ်အထိ ပြောင်းလဲနိုင်မည်ဟု မျှော်လင့်မိသည်။ ကမ္ဘာပေါ်ရှိ ဘယ်နိုင်ငံ၊ ဘယ်ဒေသရောက်ရောက်'မြန်မာ' ဟူသည်နှင့် တလေးတစား ဆက်ဆံကြသော ဆက်ဆံရေးအသစ်များ တိုးတက်ဖြစ်ပေါ်လာစေလိုသည်။ ။

## ကျောက်မျက်ပြပွဲတွင် ကွမ်မင်း-နေပြည်တော်၊ ကွမ်မင်း-ရန်ကုန် စင်းလုံးငှားလေယာဉ် ပျံသန်းရန်စီစဉ်

**အောင်သူရ**

**ရန်ကုန်၊ အောက်တိုဘာ - ၂၈**

ယခုနှစ်ကုန်ပိုင်းတွင်ကျင်းပမည့် ကျောက်မျက်ပြပွဲ၌ တရုတ်နိုင်ငံကွမ်မင်းမြို့မှ ရန်ကုန်နှင့် နေပြည်တော်မြို့များသို့ စင်းလုံးငှားလေယာဉ် ၁၃ ခေါက်ပျံသန်းရန်စီစဉ်နေကြောင်း အပြည်ပြည်ဆိုင်ရာ မြန်မာ့လေကြောင်းလိုင်း၏ သတင်းထုတ်ပြန်ချက်အရ သိရှိရသည်။

"ကျောက်ပွဲရက်တော့ အတိအကျမသိရသေးပါဘူး။ ကျွန်တော်တို့ကတော့ နိုဝင်ဘာလကုန်ပိုင်းမှာ ပျံဖို့စီစဉ်ထားတာပါ"ဟု အဆိုပါလေကြောင်းလိုင်းမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။ ပုံမှန်အားဖြင့် ကျောက်မျက်ပြပွဲများအား လေးလတစ်ကြိမ်ကျင်းပလေ့ရှိပြီး ၂၀၁၀ နိုဝင်ဘာလကလည်း ကျင်းပခဲ့ကာ ယခုနှစ်ဇူလိုင်လတွင်လည်း ကျောက်မျက်ပြပွဲပြုလုပ်ခဲ့သည်။ ထိုကဲ့သို့ ကျောက်မျက်ပြပွဲကျင်းပပြီး ကျောက်မျက်ရောင်းရငွေများဝင်လာသည့်အချိန်တွင် မြန်မာကျပ်ငွေနှင့် အမေရိကန်ဒေါ်လာလဲလှယ်သည့်နှုန်းများကျဆင်းခဲ့သည်။

ယခုရက်ပိုင်းမှစ၍ အမေရိကန်ဒေါ်လာနှင့် မြန်မာကျပ်ငွေလဲလှယ်သည့်နှုန်းမှာ အောက်တိုဘာ ၁ ရက်က ဈေးနှင့်နှိုင်းယှဉ်ပါက တစ်ဒေါ်လာလျှင် ၃၅ ကျပ်ခန့်ကျဆင်းသွားခဲ့ပြီး ငွေလဲကောင်တာများတွင် အမေရိကန် တစ်ဒေါ်လာလျှင် ၇၉၅ ကျပ်သာရှိတော့သည်။ ထိုကဲ့သို့ ကျောက်မျက်ပြပွဲပြုလုပ်တိုင်း အပြည်ပြည်ဆိုင်ရာ မြန်မာ့လေကြောင်းလိုင်းက ကွမ်မင်းမှ နေပြည်တော်နှင့်ရန်ကုန် မြို့များသို့ စင်းလုံးငှားလေယာဉ်ပျံသန်းပေးခဲ့သည်။